

No.93, February 2015
ဂမ္ဘီရလောက
ဖဲသမားအကြံက ကတိသစ္စာပျက်သောအခါ
မောင်ညိုမှိုင်း (သန်လျင်)
မြေပြင်ကနေက ချစ်ဓာတ်လမ်း
မောင်မှူးကြီးသိန်းဝင်း
သရဲပုံပြင်
ဇေယျမင်းသျှင်
ရှုတ်ချိုးနေတဲ့ ကဏ္ဍပြင်
နှင်းမိုးကြယ်
စိတ်ဝိညာဉ်ပုံရိပ်လွှာ
မိုးဝေ
ဝင်းကျော်တာလောင်ကန်းမှ ခြေလှမ်းများ
ငှက်တောင်မှူး (မင်းကျွန်း)
ကွင်းသက်ကျိုးတဲ့မရှုတဲ့ အမှောင်ညပုံပြင်
ကိုမိုး (ရွှေပြည်သာ)
လူသေကောင်စားသူ
မင်းဘုန်းသိဒ်သူ
မုန်တိုင်း ရေလှိုင်း ဝိညာဉ်ဝိုင်း
မင်းရဲကျော်
တမလွန်မှ စောင့်ရှောက်ခြင်း
ဝင်းနိုင် (ရွှေပြည်သာ)
အွန်လိုင်းချစ်သူ
ကောင်းသုဓ
ကိုယ်ပျောက်ဆေးရ
ခင်မမလင်း (ကလော)

Quality Publishing House

အမှတ် - ၅၀၈/၅၁၂(၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆...

ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော

စစ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့




ဗိုလ်တေဇ
ဘဝကဗျာ
ရသတန်အတ္ထုပ္ပတ္တိ

Quality စာတည်းအဖွဲ့




ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)





# ဂမ္ဘီရလောက


ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

## No.93, February, 2015


ဖဲသမားဘက်က ကတိသစ္စာပျက်သောအခါ
မောင်ညီမိုး (သန်လျင်) ၆

အွန်လိုင်းချစ်သူ
ကောင်းသုခ ၂၇

မြေ့စင်ကန်က ချစ်ဇာတ်လမ်း
ထောင်မှူးကြီးသိန်းဝင်း ၄၁

ကိုယ်ပျောက်စောရ
ခင်မမလင်း (ကလော) ၆၉

သရဲပုံပြင်
ဝေယျမင်းချို ၈၂

မုန်တိုင်း ရေလှိုင်း ဝိညာဉ်ဝိုင်း
ဝင်းနိုင်ချို ၁၂၇

စိတ်ဝိညာဉ်ပုံရိပ်လွှာ
ဝိုးဝေ ၁၄၁

ဇင်းကျိုက်တောင်တန်းမှ ခြေလှမ်းများ
ငှက်တောင်ပျံ (ဇင်းကျိုက်) ၁၆၀

ရက္ခစိုးနေတဲ့ ကုက္ကိုပင်
နန္ဒာမိုးကြယ် ၁၉၉

ကွင်းဆက်ချိတ်မရတဲ့ မဟူရာညပုံပြင်
ကိုမိုး (ရွှေပြည်သာ) ၂၁၂

တမလွန်မှ စောင့်ရှောက်ခြင်း
ဝင်းနိုင် (ရွှေပြည်သာ) ၂၂၀

လူသေကောင်စားသူ
မင်းဘုန်းသိဒ္ဓိ ၂၄၂

Next Month Preview ၅

# ဂမ္ဘီရလောက


**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**အုပ်ချုပ်မှု အယ်ဒီတာ**
မခင်မာရွှေ

**တာဝန်ခံအယ်ဒီတာ**
ဝေလွှင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
[illegible]

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ [illegible]

**မျက်နှာဖုံး**
ဉာဏ်လင်းထက်

**အတွင်းသရုပ်ဖော်**
[illegible]

**ကွန်ပျူတာနှင့် ဗလင်**
Quality

**ပုံနှိပ်သူ**
[illegible]

**တန်ဖိုးချုပ်**
[illegible]
အုပ်ရေ - ၅၀၀
[illegible] - ၁၅၀၀

**စာတည်းအဖွဲ့ နှင့် ဖြန့်ချိရေးရုံးခန်း**
[illegible]


ိုးခမည် အာဇာနကတဲ့ပေ

မောင် ညို မြင့် သိန်း (ထွေး)



ဝေဝေ…

ရေ ယု မင်း သွင်



ညောင်ပင်တစ္ဆေဝေလေလေ နှင့် တယောက်ကိုင်းမှာနေ

မင်း ဘုန်း သိ န် သူ





ထျှန်တော် ဝတ္ထုရဖြစ်ရပ်ဆန်းကြယ်အကြောင်းများ ရေးသည့်
စာရေးသူ တစ်ဦး ဖြစ်လာသောအခါ ဝတ္ထုရဖြစ်ရပ်ဆန်းကြယ်အကြောင်းများ
ပိုမို လေ့လာလိုက်စားစူးစမ်းမှုများ ပြုလုပ်လာခဲ့တယ်။
အောက်လမ်းဆရာဆိုသူထံလည်း ရောက်ခဲ့ဖူးတယ်။
ခုလတ်(အလယ်အလတ်) ဆရာတွေထံလည်း ရောက်ခဲ့တယ်။
အထက်လမ်းဆရာကြီးများထံလည်း ရောက်ခဲ့ဖူးပါတယ်။



ရွှေရင်ကျော်ဆရာကြီးအချို့ထံမှာ ပညာရပ်များကိုလေ့လာဆည်းပူး၏။ အံ့သြစရာတွေ မြင်တွေ့ခဲ့ရတယ်။

မနောစိတ္တပူဇာတဂိုဏ်းက ဆရာဖြစ်ပုဂ္ဂိုလ်တို့နှင့်လည်း ကျွမ်းဝင်မေးမြန်း လေ့လာ၏။

တရားကျင့်နေသည့် ဆာဓူးကြီးနှင့်လည်း တွေ့ဖူးတယ်။

"အဖေကြီး" ဆိုသည့်ပုဂ္ဂိုလ်နှင့်လည်း ကြုံဖူးသလို ဆေးဘုန်းတော်ကြီး၊ အင်းဘုန်းတော်ကြီးအချို့နှင့်လည်း ကြုံဖူးမေးမြန်း လေ့လာဖူးပါတယ်။

ထိုထိုသော ဂမ္ဘီရပညာရှင်များ၊ ဆေးဆရာကြီးများ၊ အင်းစမဆရာဝိဇ္ဇာကြီးများနှင့် မတွေ့ခင်က အောက်လမ်းဆရာ၊ ဆရာနှစ်ဦးနှင့် ကြုံဆုံလို့ သူတို့ပညာအချို့ကို လက်တွေ့ဖြစ်ခဲ့ရဖူးတယ် ခင်ဗျာ။

တစ်ဦးက ကိုကြိုင် (ဆရာကြိုင်)တဲ့။

သည်တုန်းက လမ်းစဉ်ပါတီခေတ်။

ကိုကြိုင်က သိမ်ဇရပ်သား။

တပ်မတော်စစ်ဆင်ရေးတစ်ခုမှာ ပေါ်တာအထမ်းသမားအဖြစ် စစ်ဆင်ရေး ပြီးဆုံးသည်အထိ လိုက်ပါခဲ့ရပြီး ...

စစ်ဆင်ရေးပြီး၍ ကိုယ့်အရပ်ကိုယ် ပြန်ခွင့်ရတော့ အထူးစရိတ်သွားလက်မှတ်ယာဉ်စီးခွင့် အခမဲ့နှင့် မည်သူ့အစိုးရလုပ်ငန်းမှာမဆို သင့်လျော်ရာ အလုပ်တစ်ခု လုပ်ကိုင်ခွင့်ပေးရန်ဆိုသည့် ထောက်ခံချက်လက်မှတ် ပေးလိုက်တာကိုး။

စစ်ဆင်ရေးမှာ အထမ်းသမားအဖြစ်တာဝန်ကျေပြွန်စွာ လိုက်ပါဆောင်ရွက်သူတိုင်းကို သည်အချိန်တုန်းက သက်ဆိုင်ရာ တပ်မတော်အရာရှိက အခွင့်ထူးပေးခဲ့ခြင်း ဖြစ်တယ်။

သူနှင့် ကျွန်တော် သန်လျင်ရေနံချက် စက်ရုံပစ္စည်းဟောင်းရှာဖွေရေးဌာနမှာ နေ့စားဝန်ထမ်းအလုပ် အတူရခဲ့ကြတယ်ခင်ဗျ။ သူလည်း သိမ်ဇရပ်ကို မပြန်သေးပဲ ကြုံရာစက်ရုံမှာ ဝင်လုပ်နေတာပေါ့။



ကျွန်တော်တို့ လုပ်ရသည့်အလုပ်က အလုပ်သမားခေါင်း(မယ်ဇလီ လူကြီး)နှင့် ရေနံလုပ်ငန်းရဲ့ တောရျှုအုံကြားမှာ ပြန်လည်အသုံးပြုလို့ရနိုင်တဲ့ သံထည်ပစ္စည်းသင့်တာတွေ ရှာရတဲ့အလုပ် ဖြစ်တယ်။

ဘောက်ဆိုက်ထဲမှာ အင်္ဂလိပ်ခေတ်၊ အင်္ဂလိပ်အစိုးရ စစ်ပြေးရတော့ သန်လျင်ရေနံချက်စက်ရုံကို မိုင်းထောင်ဖျက်ဆီးခဲ့တယ်လေ။ အဲဒီ့စက်ပစ္စည်းဟောင်းတွေက ပျက်စီးယိုယွင်းပြီး စက်ရုံပိုင် တောဧရိယာထဲက ချုံနွယ်သစ်ပင် မြေကြီးထဲ နစ်မြုပ်တိုးအောင်းဖြစ်နေတာ ခင်ဗျ။

လုပ်အားခက တစ်နေ့မှ သုံးကျပ်ဆယ့်ငါးပြားပဲ ရတယ်။ သည်တုန်းက ကျွန်တော်ရယ်၊ ကိုပါရယ်၊ ကိုကြိုင်ရယ်ဟာ စားအတူ၊ သွားအတူ ရှိကြသလို။

သုံးဦးစလုံးကလည်း ဖဲရိုက်တာ ဝါသနာပါကြတယ် ခင်ဗျာ။

တစ်နေ့ - ကိုကြိုင်(သိမ်ဇရပ်)က မေးတယ်။

"ကိုရွှေတင်နှင့်ကိုပါ - ခင်ဗျားတို့ ဖဲဝိုင်းကြီး ရိုက်ဖူးလား"

"ဝိုင်းကြီးတော့ မဟုတ်ဘူး - ကိုကြိုင်။ အလယ်အလတ်ဝိုင်းလောက်တော့ ရိုက်ဖူးတယ်ဗျာ။ ဘာဖြစ်လို့တုံး"

"ဖဲရိုက်တော့ရော အနိုင်ရှိရဲ့လား"

"ရှုံးတာများတယ် - ကိုကြိုင်"

"ဖဲလိမ်ရိုက်စံရင်လည်း ကိုယ်က မသိရင် ရှုံးတာပဲ - ကိုပါ"

"နိုင်အောင် လုပ်တဲ့နည်း မရှိဘူးလား - ကိုကြိုင်"

"ရှိတာပေါ့ - ကိုရွှေတင်ရ"

"ရှိရင်လုပ်ပါ - ကိုကြိုင်ရာ။ ပွဲကောင်းတစ်ပွဲလောက် နွှဲချင်လို့ပါ။ ကျွန်တော်တို့ရှုံးထားတဲ့ငွေတွေ ပြန်ရရင် ကျေနပ်ပါပြီဗျာ။ ဘယ်လိုလုပ်ပေးနိုင်လဲ - ကိုကြိုင် - ဟင်"

"လုပ်ရမှာ နည်းနည်းလက်ဝင်တယ် - ကိုပါ"

"ပြောလေ - လုပ်နိုင်ရင် လုပ်မှာပေါ့ဗျာ။ ပြောသာ ပြောပါ"

"အောက်လမ်းနည်းနဲ့ စီရင်ရမယ်"

"ဗျာ"

"ဘယ်လို - အောက်လမ်းနည်း - ဟုတ်လား - ကိုကြိုင်"

"ဟုတ်တယ် - ဖဲမှော်သွင်းတာတော့ မဟုတ်ဘူး။ ဖဲခေါ်အကူအညီတောင်းရမှာပေါ့။ လုပ်ရမယ့်အလုပ်က လတ်လတ်ဆတ်ဆတ် သေထားတဲ့သူ၊ အစိမ်းသေဆို ပိုကောင်းတယ်"

"ဘယ်လို လုပ်ရမှာတုံး"

"ညဥ့်သန်းခေါင်မှာ သင်္ချိုင်းကုန်းကို သွားရမယ်၊ စောစောက လတ်လတ်ဆတ်ဆတ်သေသွားသူရဲ့မြေပုံပေါ်မှာ အမဲသားဟင်း၊ ထမင်း၊ မိန်းမဆို အချိုရည်၊ ယောက်ျားမသာဆိုရင် အရက်ပေါ့၊ သေသူရဲ့ဝိညာဉ်ကိုခေါ်ပြီး ကျွေးရမယ်၊ စီးကရက်၊ ဆေးပေါ့လိပ်လည်း ပါတယ်နော်။ ပြီးရင် - သူ့ဆီက အကူအညီ တောင်းရမယ်၊ ကျုပ်တို့ ဖဲရိုက်ရင် နိုင်အောင်ကူညီဖို့ပေါ့"

"ဒါဆို - နိုင်ရောလား - ကိုကြိုင်"

"ကတိထားရသေးတယ်"

"ဘယ်လိုထားရမှာတုံး"

"ကိုယ်ပါတဲ့ငွေရဲ့ဆယ်ဆနိုင်ရင် ရပ်ပါမယ်၊ နိုင်ရင်လည်း အမဲသားဝါး တဆွဲ လာကျွေးပါ့မယ်လို့ ကတိပြုမယ်"

"လုပ်မယ်ဗျာ - ကိုကြိုင်ရာ"

"သေချာတယ်နော် - ကိုကြိုင်"

"သေချာပါတယ်၊ ကျုပ် လုပ်ဖူးလို့ ပြောတာပါ"

"ဘယ်နေ့လုပ်ရင် ကောင်းမလဲ - ရွှေတင်ကြီး"

ကိုပါက ကျွန်တော့်ကိုကြည့်ပြီး မေးတယ်ခင်ဗျ။

"လစာထုတ်တဲ့ရက် အကောင်းဆုံးပေါ့ - ကိုပါ"

"ကိုကြိုင် - လုပ်ဗျာ၊ ကုန်ကျစရိတ် ကျွန်တော်တို့ နှစ်ဦး တာဝန်ယူတယ်"



စီရင်သူ ကိုကြိုင်က တောင်းထဲက အမဲသားအိုးကိုဖွင့်ပြီး ကွယ်လွန်သူ ကိုဝိတ်စရဲ့ မြေပုံပေါ် တင်လိုက်တယ်။ မြေစလောင်းဖုံးထဲ ထည့်ထားတဲ့ ထမင်းကိုလည်း မြေပုံပေါ် တင်လိုက်တယ်။ ဟင်းနဲ့ ကြိုင်နေတာပဲဗျ။ ပြီး - မြေပန်းကန်ပေါ်မှာ ကွမ်းယာနှစ်ယာ၊ စီးကရက်တစ်လိပ်ကို မီးညှိ၊ ဖယောင်းတိုင်ထွန်း၊ အရက်ပုလင်းကိုဖွင့်ပြီး မြေပန်းကန်လုံး အပြည့်ငှဲ့လို့ ထည့်လိုက်တယ်။



"ဒါဆို - ပြီးရော"

ကျွန်တော်တို့သုံးဦး ညှိ[illegible]ပြီးနောက်မှာ ကိုကြိုင်က ထပ်ပြီး စကားဆိုလာတယ် ခင်ဗျ။

"ကိုပါ ..."

"ပြော - ကိုကြိုင် - ဘာလိုသေးလို့လဲ"

"ထပ်ပြောစရာ ရှိလို့ပါ"

"ပြောလေ - ဘာလုပ်ပေးရဦးမှာလဲ - ပြော"

"ကတိတော့ တည်ကြနော်"

"ဘာလဲ – ဖဲနိုင်ရင် – သချိုင်းက ပရသားကို ကျွေးဖို့လား၊ စိတ်ချပါဗျာ၊ သူ့ကိုကျွေးတာ ကုန်လှ ငွေငါးဆယ်ပေါ့ဗျာ – ရပါတယ်"

လမ်းစဉ်ပါတီခေတ်တုန်းက ...

ပြည်သူ့ဆိုင်ကပေးတဲ့ ဆန်တစ်ပြည်ဈေးနှုန်းမှာ နှစ်ကျပ်နှင့် ပြားနှစ်ဆယ်ပဲ ရှိတယ်။

ရွှေဘဲဆေးပေါ့လိပ်ရှယ်မှ တစ်လိပ်တစ်မတ်၊

"ကျွေးတာကို ပြောချင်တာမဟုတ်ဘူး၊ ကတိကဝတ်ဆိုတာက ကိုပါတို့၊ ကိုရွှေတင်တို့က ငွေငါးရာရင်းပြီး ဖဲကစားတယ်၊ ဝိညာဉ်ပရသားရဲ့အကူအညီကိုယူတယ်၊ အရင်းရဲ့ဆယ်ဆငါးထောင်ရရင်ကစားတာရပ်ရမယ်နော်၊ ဒါက အစီအရင်ရဲ့ထုံးစံနော်၊ မရပ်ပဲ ဆက်ကစားရင် ခင်ဗျားတို့ အရင်းပါ ကုန်မှာ၊ အဲဒီကျရင် – ကျုပ် စီရင်လုပ်ကိုင်ပေးတာ မဟုတ်လို့ဆိုတာမျိုး အပြစ်မပြောနဲ့ဗျ"

"စိတ်ချပါ – ကျုပ်တို့ ကတိတည်မှာပါ – ကိုကြိုင်ရာ"

"ကတိတည်ရင် ပြီးရော ..."

**ဒီလိုနဲ့ လတုန်ရက် ရောက်လာခဲ့တယ်၊**

**ကျွန်တော်တို့သုံးယောက် ပေါင်းငွေက စုစုပေါင်း ခြောက်ရာရှိတယ်၊**

**အဲဒီတုန်းက ငွေခြောက်ရာဆိုတာ သုံးလစာငွေပဲ၊**

**အခြေတင်ဝန်ထမ်းက (၁၈၂)ကျပ် ရတယ်၊**

**ရုံးစာရေး (၈၂)ကျပ်ဝန်းကျင် ရတာကိုး၊**

**ထားတော့ ...၊**

ငွေခြောက်ရာအနက်က အမဲသား၊ အရက်၊ စီးကရက်၊ ဖယောင်းတိုင်ဝယ်လိုက်တာ (၁၅)ကျပ်လောက် ကုန်သွားတယ်၊ အရက်က အရက်ဖြူ၊

တစ်ပက်ကို ပြားသုံးဆယ်ပဲရှိတယ်၊



ကျွန်တော်တို့ သောက်ဖို့က အရက်တစ်လုံး၊

အမဲသား တစ်ပိဿာကို ကျကျနန – ကိုပါ့မိန်းမက ချက်တယ်ဗျ၊ ကိုကြိုင်က ချက်နေတုန်း လှမ်းပြောလိုက်တယ်၊

"ကိုပါ့ – မိန်းမရေ"

"ရှင် – ဦးကြိုင်"

"ဟင်းချက်ရင် မမြည်းနဲ့နော်"

"ဟုတ်ကဲ့ပါ – ဦးကြိုင်"

ကိုပါ့မိန်းမ မချစ်မေ ဟင်းထမင်းချက်နေတုန်း ကျွန်တော်တို့က အရက်ကို ပဲလှော်သုပ်၊ ကဏန်းမီးဖုတ်နဲ့ သောက်နေကြတာပေါ့၊

ဟင်းထမင်း ကျက်ပြီဆိုတော့ ...

သချိုင်းကုန်းကို ယူသွားဖို့ မြေအိုးနဲ့ ချက်ထားတဲ့ အမဲသားအိုးရယ်၊ မြေစလောင်းဖုံးကြီးထဲမှာ ထည့်ထားတဲ့ထမင်းရယ်ကို သီးသီးသန့်သန့် ဖယ်ထားလိုက်တယ်၊

နေဝင်တော့ ...

ကျွန်တော်တို့လည်း အခြားဟင်းနဲ့ ထမင်းစားကြတာပေါ့၊

ညဥ့်ကိုးနာရီလောက်မှာ ကိုပါ့ မိန်းမနဲ့ ကလေးနှစ်ယောက်လည်း အိပ်သွားကြပြီ၊

သန်းခေါင်နီးတော့ ...

ကျွန်တော်တို့ သုံးဦး ဝါးနက်ကုန်းသချိုင်းကို လာခဲ့လိုက်ကြတယ်၊ သချိုင်းစောင့်လည်း အရက်တစ်လုံးပေးထားတာမို့ သချိုင်းစောင့် စက္ကာလည်း သိနေတယ်ပေါ့၊

"မောင်ပါတို့လားဟေ့"

သချိုင်းစောင့် ကိုဖရုံက လှမ်းမေးတယ်ဗျာ၊

"ဟုတ်တယ် – ဦးဖရုံရေ၊ ဟိုကိစ္စလေး လုပ်မလို့"

"အေး – အေး – လုပ် – လုပ်"

ကိုပါကား လက်နှိပ်မီးသေးသေးနဲ့ ငွေတွေမြေပုံတွေ ကျော်ကြွပြီး ရှေ့ကသွားရဲ့ဗျ။

ကျွန်တော်လည်း ကိုယ့်သဘောနဲ့ကိုယ်ဆို ဒီလိုမျိုး ညဥ့်နက်သန်းခေါင်သင်္ချိုင်းကုန်းထဲ မလာရဲပေါင်ဗျာ၊

အရက်ကလေးက ထွေထွေ၊

အဖော်လည်းကောင်းတော့ ဖြစ်ချင်ရာဖြစ် လိုက်ခဲ့လာတာပေါ့၊ ယုံလွန်းလို့ မဟုတ်ပေမဲ့ မမြင်ဘူး၊ မကြုံဘူးတော့၊ ဟုတ်ခဲ့ရင် အံ့သြစရာပဲလေနော၊

ဘယ်လိုလဲ သိချင်တယ်၊

**ဒီလိုနဲ့ လတ်လတ်ဆတ်ဆတ် မြေပုံတစ်ခုနားမှာ ကိုပါက ရပ်လိုက်တယ်၊**

"ဒီမြေပုံက မနေ့က မြှုပ်တာဗျ – ကိုကြိုင်ရ"

"ကောင်းတာပေါ့ကွာ၊ ယောကျ်ားမြေပုံ – ဟုတ်တယ်နော် – ကိုပါ"

"ဒီမှတ်တိုင်ကစာကို ဖတ်ကြည့်ဗျာ"

မြေပုံမို့မို့ခေါင်းရင်းက မှတ်တိုင်ကို ကိုပါက လက်နှိပ်မီးအသေးစားနဲ့ ထိုးပြတယ်၊

"တိုပိတ်စ"

**အသက်(၅၆)နှစ်၊**

**"ဒီတိုပိတ်စတာ နာမည်ကြီးဖဲသမားဗျ"**


**"ဟုတ်လား – ဟန်ကျလိုက်လေ – ကိုပါရာ၊** ငါ့လူက တယ်နပ်တာပဲကိုး၊ **ဖဲသမားမြေပုံမှာ** လုပ်ရတော့ အိုကေပြီပေါ့ကွာ၊ ကိုင်း – စကြစို့ပေါ့"

**စီရင်သူ** ကိုကြိုင်က တောင်းထဲက အမဲသားအိုးကို ဖွင့်ပြီး ကွယ်လွန်သူ ကိုပိတ်စရဲ့မြေပုံပေါ် တင်လိုက်တယ်၊

မြေစလောင်းဖုံးထဲ ထည့်ထားတဲ့ ထမင်းကိုလည်း မြေပုံပေါ် တင်လိုက်တယ်၊ ဟင်းနဲ့ ကြိုင်နေတာပဲဗျ၊



ကျွန်တော်တို့ ဘိုကုန်းရပ်ကွက်က အသုဘ(နာရေး)အိမ် ရောက်တဲ့ အထိ အပုဝ်နဲ့က လိုက်ပါလာတာဗျ။ ပိုဆိုးတာက ကျွန်တော်တို့သုံးယောက်ကို ကြည့်ပြီး လမ်းထဲက ခွေးတွေ တ အူလိုက်ကြတာနယ်။ ဟယ်ဆက်နေတာပဲ။ မကောင်းဆိုးဝါးမြင်လို့ အူနေတာမျိုးဗျာ။ အချို့အိမ်တွေက 'ဟဲ့ခွေး' လို့ အော်ငေါက်ကြ။ အသုဘအိမ်ကို ရောက်လာပြီ။



ပြီး – မြေပန်းကန်ပေါ်မှာ ကွမ်းယာ[illegible]၊ စီးကရက်တစ်လိပ်ကို မီးညှိ၊ ဖယောင်းတိုင်ထွန်း၊၊

အရက်ပုလင်းကိုဖွင့်ပြီး မြေပန်းကန်လုံး အပြည့်ငှဲ့လို့ ထည့်လိုက်တယ်၊

သည့်နောက် ...

ဖဲထုပ်အသစ်ကို ဖွင့်လိုက်ပြီး ...

မြေပုံပေါ်မှာ ဂျက်ဖဲသုံးချပ်၊ ကင်း(King)ဖဲသုံးချပ်၊ ကွင်း(Queen) သုံးချပ်၊ သုံးသုံးလုံးသုံးချပ်၊ တစ်သုံးလုံးသုံးချပ်စီ ခပ်ရွှာရွှာခင်းလိုက်တယ်၊

ဖဲသမားအခေါ်ဆိုက်ရင် (ဗိုက်)ခေါ်တာပေါ့၊

နိုင်ဖဲ(ဗိုက်)ကြီးတွေပေါ့၊ ငွေဖဲပွင့်လို့ ခေါ်တယ်၊

ပြီးပြီဆိုတော့မှ ပါးစပ်ကနေ ပြောတော့တယ်၊

"ဖဲချိုးကြီး ဦးပိတ်စ ခင်ဗျား"

"ဖဲချိုးကြီး ဦးပိတ်စ ခင်ဗျား"

"ညီဘွားတူသားများက ကွယ်လွန်သူ ဖဲချိုးကြီး ဦးပိတ်စရဲ့ဝိညာဉ် အကူအညီကို အလိုရှိပါ၍ ဦးပိတ်စ မြေပုံရှေ့မှောက် ရောက်ခဲ့ပါပြီ ခင်ဗျာ၊

"ဖဲချိုးကြီး၊ ဖဲသမ္မာကြီး ကြိုက်နှစ်သက်မယ်လို့ယူဆပြီး ထမင်း၊ဦးခေါင်း၊ အမဲသားဟင်း၊ အရက်၊ ကွမ်းယာ၊ စီးကရက်များ လာရောက်ကျွေးမွေးပြီး အကူအညီများ တောင်းဖို့ ရောက်ပါတယ်၊ ဦးပိတ်စရဲ့ဝိညာဉ်ကိုလည်း ကျွေးပါတယ်၊ တိုက်ပါတယ်၊ မြိန်ယှက်စွာ သုံးဆောင်ပါ ခင်ဗျာ – ဟော့လူတွေ"

"ဗျာ – ဗျာ"

"ခင်ဗျားတို့လည်း ပြောဆိုကျွေးမွေးကြလေ ..."

"ဟုတ် – ဟုတ်"

ကိုကြိုင်က ဖယောင်းတိုင်သုံးတိုင်ကိုပူးပြီး မြေပုံမှာစိုက်လို့ မီးထွန်းလိုက်တယ် ခင်ဗျ၊

ကျွန်တော်တို့နှစ်ဦးကလည်း မှူးမှူးယစ်ယစ်နဲ့ ပါးစပ်က ပြောကြတာပေါ့ဗျာ၊ ကပေါက်တိ ကပေါက်ချာလည်း ဖြစ်လို့ဗျ၊

"ဦးလေးပိတ်စ – အားရပါးရ စားပါ ခင်ဗျ"

"**အရက်၊ ကွမ်းယာ၊** စီးကရက်လည်း သောက်ပါနော်၊ ဖဲနိုင်ရင် – အော့ – ဇော့ – လာ – တွေ့ဦးမှာဗျ – အော့"

**ကိုပါတာ ပြောရင်း** အော့ – ဇော့နဲ့ အရက်လေချဉ်တက်နေသေး ခင်ဗျ၊ **ကိုပါတာ မြေပုံမှတ်တိုင်ကိုမှီပြီး** ဇော့ကောင်းတုန်း၊

ဒီမှာ – ဆရာကြီး ကိုကြိုင်က ဆက်ပြောတယ်၊

"ဖဲချိုးကြီး ဦးပိတ်စ ခင်ဗျား – ကျွန်တော်တို့သုံးဦးကို ဒီနေ့ည ဖဲနိုင်အောင် မ.စကူညီပါဦး – ဦးပိတ်စ ခင်ဗျား၊ ငွေငါးရာ အရင်းတည်ပြီး ဖဲကစားပါ့မယ်၊ ငွေငါးထောင်ကျပ်ရရင် ကစားတာ ရပ်ပါ့မယ်၊ မိုးလင်းပြီးတာနဲ့ ဦးပိတ်စကို



အမဲဟင်းလျာ၊ ထမင်း၊ အရက်၊ ကွမ်းယာ၊ စီးကရက်များဖြင့် ပြန်လည်တုံ့ပြန်ကျွေးမွေး ကျေးဇူးဆပ်ပါမယ်ဗျာ၊ နိုင်ဖဲပွင့်များ မ.စပါ ခင်ဗျား"

"ယနေ့ည ဖဲနိုင်အောင် ကူညီပါ ခင်ဗျား"

"ယနေ့ည ဖဲနိုင်အောင် ကူညီပါ ခင်ဗျား"

"ယနေ့ည ဖဲနိုင်အောင် ကူညီပါ ခင်ဗျား"

ကျွန်တော်တို့သုံးဦးလည်း ပါးစပ်က သို့ကလိုပြောပြီး မြေပုံကို လက်ဝါးနဲ့ သုံးချက်စီ ပုတ်လိုက်ကြတယ် ခင်ဗျ၊

"အူ – အူ – ဝူ – ဝူ – ဝူ"

"ဝူ – ဝူ – အူ – အု – အု"

"အိန် – ဂိန် – ဂိန် – ဂိန်"

"အူ – ဝူ"

"ဂီး"

"အလိုလေးဗျာ ..."

"ဂစ် – ဂစ် – ဂစ် – ဂီ"

ကျွန်တော် ခွေးအူသံတွေ၊ ငှက်ဆိုးထိုးသံတွေကြောင့် ခေါင်းနားပန်းတွေကြီး၊ တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်း ထပါရော၊

ကိုပါလည်း မျက်လုံးကလယ်ကလယ်နဲ့ ဟိုကြည့်၊ ဒီကြည့်လုပ်ပြီး ကျွန်တော်နဲ့ ကျောချင်းလာကပ်ပါရောဗျို့၊

"ကို – ကို – ကြိုင်"

"ဘာတုံးကွ"

"ခွေး – ခွေးတွေ – အူ – အူ – ကုန်ပြီ – ဗျ – ဗျ"

"အူအူပေါ့ကွာ"

"ငှက်ဆိုး – လည်း – ထိုး – ထိုး"

"သချိုင်းကုန်းမှာ ငှက်ဆိုးထိုး၊ ခွေးအူတာ ဆန်းလို့လား – ကိုရွှေတင်ရ"

"ဟို – ဟို"

ဒီမှာပဲ – မြေပုံကနေ ပုပ်အဲ့အဲ့အနံ့ကြီး ထွက်လာသလို နံတော့တာပဲ။

"အေ့ – ဝေါ့"

"အေ့ – ဝေါ့"

"ငါရိုးမဟာ – နံလိုက်တာကွာ"

ကျွန်တော်က နံလွန်းလို့ အော့အန်ရင်းကနေ ဆဲလိုက်ရော ...

"အား – အ – ဟ – ဟ – အားမလေး"

"ရွှေတင် – ဘာဖြစ်လို့တုံး – ရွှေတင် – ဟေ့ – လူ"

"ငါ့ – ငါ့ဆံပင်ကို နောက်နေ – က – နေ – ဆွဲဆွဲ"

"ဟင် – ဘယ်သူဆွဲတာတုံး – ဟင်း – ဟင်"

"မ – မ – သိဘူး"

"ခင်ဗျား – မူးနေပြီလား"

"မ – မ – မူးဘူး။ ဆံပင်ကိုဆွဲလို့ ကျုပ် ဇက်လန်ကျသွားတာဗျ – ဗျ"

ဒီမှာ ကိုကြိုင်က –

"ဟေ့လူ – နောက်မဆဲနဲ့"

"အင်း – အင်းပါဗျာ။ ဟိုး – ဟို – မ – မပြီးသေးဘူးလား – ကို – ကိုကြိုင်"

"ပြီးပြီ – ပြန်မယ်"

ကိုပိတ်စမြေပုံနံဘေးကနေ ပြန်အလှည့်မှာ ကိုကြိုင်က မြေပုံကိုကြည့်ပြီး ပြောလိုက်တယ်ဗျား

"ဓနိုးကြီး ဦးစိတ်စ – ဖဲဝိုင်းအထိလိုက်ပြီး ဖဲနိုင်အောင် ကူညီပါဗျာ နော။ ကျုပ်တို့ တတိမရုတ်စေရပါဘူးဗျာ"

သည့်နောက် ကျွန်တော်တို့ သင်္ချိုင်းကုန်းထဲကနေ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်တော့ ...

အလို – ပုပ်အဲ့အဲ့အနံ့ကြီး နောက်ကနေ ပါလာပါရော။

"ကိုပါ – ပုပ်စော်မနံဘူးလား"

"နံတယ်ကွ"



"ကိုကြိုင် – ခင်ဗျားရော ပုပ်စော်နံ့ ရလားဟင်"

"ရတယ် – သူ – လိုက်လာပြီ"

"ဗျာ – သူ – သူ – လိုက်လာတယ် – ဟုတ်လား – ကိုကြိုင်"

"လိုက်လာရမှာပေါ့။ လိုက်လာမှ ခင်ဗျားတို့ ဖဲနိုင်မှာလေ"

"အမလေး ..."

ကျွန်တော်တို့ ဘိုကုန်းရပ်ကွက်က အသုဘ (နာရေး) အိမ် ရောက်တဲ့အထိ အပုပ်နံ့က လိုက်ပါလာတာဗျ။

ပိုဆိုးတာက ကျွန်တော်တို့သုံးယောက်ကိုကြည့်ပြီး လမ်းထဲက ခွေးတွေက အူလိုက်ကြတာနယ်။ ဖယ်ဆက်နေတာပဲ။

မကောင်းဆိုးဝါးမြင်လို့ အူနေတာမျိုးဗျာ။

အချို့အိမ်တွေက "ဟဲ့ခွေး" လို့ အော်ငေါက်ကြ။

အသုဘအိမ်ကို ရောက်လာပြီ။

ဒီအသုဘအိမ်က ဟိုလူကြီး ကွယ်လွန်တဲ့အိမ် မဟုတ်ဘူး။

အခြားအသုဘအိမ်၊ နက်ဖြန်ဆို ရက်လည်။

ခွေးအူသံတွေကြားလို့ အသုဘအိမ်ဝန်းထဲက လူအချို့ထွက်ကြည့်ကြတယ်။

"ဘယ်သူတွေတုံးဟေ့"

"ကျုပ်တို့ပါ – ကိုပါတို့ပါဗျ"

"ဩော် – ပေါ်တို့ကလား။ ညဥ့်နက်လှချီလားကွ – ဟေ"

"အရက်ဆိုင်မှာ အချိန်ကုန်နေလို့ပါဗျာ၊ ဗိုင်းကောင်းရဲ့လား ကိုမောင်ဝင်း"

"ကောင်းတယ်ဟေ့ – ကိုသောင်းနဲ့ ကြေညတ်တို့ နိုင်နေသကွ – ဝင်ကြ။ ဟေ – ဟင် – ဘာနံ့ကြီးလဲဟ – အေ့ – အေ့"

"အေ့ – ဝေါ့"

"ဝေါ့ – ဝေါ့"

အသုဘအိမ်ရှေ့ငါးချပ်ဆွဲနေတဲ့ (၂၁) ပေါက်ဝိုင်းနားကကြားထိုးအချို့က နံလို့ အော့အန်ကြရော။

ကျွန်တော်တို့ကတော့ သိလိုက်ပြီပေါ့။

ကိုကြိုင် စီရင်ပေးလို့ ဦးပိတ်စကြီး အသုဘအိမ်ကို လိုက်လာပြီလို့ ...။

ကိုပါ ဦးဆောင်ပြီး အိမ်ပေါ်က ကိုးမီးဝိုင်းရှိရာကို ကျွန်တော်တို့ ရောက်သွားရော၊ ဖဲသမားတွေ နှာခေါင်း တရှုံ့ရှုံ့ဖြစ်ကြလို့၊

"ဟော့ကောင် - ငပါ"

"ဘာတုံး - ငပါ"

"ဘာတုံးဗျ - ကိုသောင်း"

"မင်းတို့လာမှ ပုပ်အဲ့အဲ့ နံလိုက်တာကွာ၊ မင်းတို့ ဘယ်ချောင်များ တိုးလာတုံး - ငပါ"

"ကိုသောင်း ထင်လို့ပါဗျာ၊ ကျုပ်တို့ မမြကျင်အရက်ဆိုင်က ထလာတာပါဗျာ"

"ဗွီ - နံလိုက်တာနယ်၊ သေသွားတဲ့ အိမ်ရှင်မမြစိန်များ ရောက်လာလို့လား မသိဘူး၊ မမြစိန်ရေ - ခင်ဗျားရောက်နေရင်လည်း ဖဲဝိုင်းနား မလာပါနဲ့ဗျား၊ မုန့်ဟင်းခါးချက်နေတဲ့ ရွှေပြည်သာတို့အဖွဲ့ဆီကို သွားပါတော့ဗျို့ - ဗွီ"

"ငပါ - ကစားမလို့လား"

"ကစားမလို့ လာတာပေါ့ဗျာ"

"မောင်ညို - ဖယ်ပေးလိုက်ဟေ့"

လက်သန်းစာ မောင်ညိုဆိုသူ ထပေးလို့ ကိုပါက ဝင်လိုက်တယ်၊ ကျုပ်တို့တာ တိုင်ပဲ့နောက်ကပေါ့၊ ကျွန်တော်လည်း ဖဲဝိုင်းကလူတွေကို အကဲခတ်လိုက်တော့ ...

ညက်သမားတွေ ပါနေတာကို မြင်ရတယ်၊

ကိစ္စမရှိပါဘူးလေ ...။

ကျွန်တော်တို့ကလည်း ကိုယ့်အစီအမံနဲ့ကိုယ် လာတာပါ။



တိုကိုပြောကြစို့ဗျာ၊

ကျွန်တော်တို့လူ ကိုပါက ဖဲကို ကုလားဖန်ထိုးတယ်၊ ဒိုင်ကိုသောင်းက ပြန်ဖျက်တယ်၊ လက်ထိပ်က ကိုသောင်းရဲ့လူ မြဒွေးက ဖဲချိုးတယ်၊

ဒိုင်ကိုသောင်းက ဖဲကို ဆင်ပြီး နတ်ကြောင်းပေးထားတာ၊

အဲဒီနတ်ကြောင်းကို သူ့လူ မြဒွေးက ချိုးတာ၊

ဖဲဝေတယ်၊

ငွေထိုးတယ်၊

ဒိုင်က ပြောတယ်၊ "လပ်" မရှိရင် အကုန်တင်တဲ့၊

လက်ထိပ်၊ လက်သူကြွယ်၊ လက်ခလယ် သုံးအိမ် တင်လိုက်တယ်၊ အလို - ကျွန်တော်တို့နားက ပုပ်စော်နံလှချေကလား၊ အော့ - ဝေါ့၊

"ငပါ - မင်း - ဖဲခင်း"

"ရော့ ..."

ကုလားသုံးကောင်ဗျာ၊ အဖွင့်မှာပဲ နိုင်ပါရောဗျာ၊ ကိုကြိုင်ကလည်း ပြုံး၊ ကျွန်တော်လည်း ဝမ်းသာ၊ နောက်တစ်လှည့် ဖဲဝေတယ်၊

ငွေထိုးတယ်၊

ဖဲကိုင်ပြီး ပွတ်ကြတယ်၊ ဒိုင်က စောစောစီးစီး ဖဲသုံးချပ် ခင်းပြတယ်၊ ဂျက်၊ ကင်း၊ ကွင်း၊ ဝိုင်းလုံးကျွတ်စားတဲ့ ဖဲပဲဗျာ၊

ကျန်လူသုံးဦး ဖဲတင်တယ်၊ ဒိုင်က စားတယ်၊

"ငပါ - ပွတ်တုန်းပဲလား၊ ရှုံးရင်တင်လိုက်"

ဖဲပွတ်ပြီးနောက် ကိုပါ ဖဲသုံးချပ် ခင်းလိုက်တယ်၊ ကင်းဖဲသုံးချပ်၊ ကုလားသုံးကောင် (သို့မဟုတ်) မင်းကြီးသုံးပါး၊ ဖဲအခေါ် "ဝိုက်"၊

"ဟာကွာ"

ကိုပါကို လျော်ရပြန်ပြီ၊

ကိုကြိုင်က ကျွန်တော့်ကို လက်ကုတ်ပြီး - "တွေ့လား - ဦးပိတ်စ - လုပ်ပေးနေပြီ" တဲ့၊

ဒီလိုနဲ့ ဒိုင်ကိုသောင်းဖဲက "ဂျက်" သုံးလုံး (ဝိုက်) ဖြစ်နေရင် ကိုပုံ့ဖဲက (ကွင်း) သုံးကောင်။ နိုင်ပြန်ပါရော – လျှော်စမ်း။

တစ်ခါ – ဒိုင်ကိုသောင်းက ဖဲကိုအမျိုးမျိုး ကုလားဖန်ထိုးပြီး ဖျက်တယ်ဗျ။ လိပ်ပြာတောင်ပုံ၊ ယပ်တောင်ပုံ၊ ဖဲသုံးပုံထပ်၊ ဖဲထုပ်အံဆွဲ၊ အပေါ်အောက် ဖဲနှစ်ရျက်ဆွဲ၊ သုံးပုံထပ်၊ နှစ်ပုံထပ်၊ အမျိုးမျိုး ဖဲကို ကုလားဖန်ထိုးပြီးဖျက်တယ်။

ပြီး – လိုတဲ့ဖဲကို သွင်းတယ်။ ဥုံတွေ၊ အင်းတွေ လုပ်လိုက်သေးတယ်၊ နတ်ကြောင်းပေးတယ်၊

ဖဲပညာ အကုန်ထုတ်သုံးတယ်။ အလို – ငွေပုံထိုးခါမှ၊

ဒိုင်က သုံးသုံးလုံး (ဝိုက်) ကျပါရောဗျာ – ဒုက္ခပဲဗျို့

ဒီသုံးသုံးလုံး (ဝိုက်) က ဝိုင်းလုံးကျွတ် စားတဲ့ဖဲဗျ။

ကိုပါက သူ့ရှေ့က ဖဲသုံးချပ်ကို လှန်မကြည့်သေးဘူး၊

ကျန်ထိုးသားတွေ ဖဲတင်ကုန်ပြီ။

ဒိုင်က ငွေပုံတွေ စားသွားပြန်ပြီ၊ ကျွန်တော်တို့ကိုပါ ထိုးထားတဲ့ငွေက လည်း တစ်ထောင်ကျပ်ခန့် ရှိတယ်ဗျို့

ရွှေတစ်ကျပ်သား သုံးရာ့ငါးဆယ်ကျပ်ခေတ်မှာ ငွေတစ်ထောင်ဆိုတာ ရွှေသုံးကျပ်သား ဝယ်လို့ရတဲ့ငွေလေဗျာ၊

ကျွန်တော်လည်း ရင်တမမ၊

ကိုကြိုင်တစေတော့ တစ်စုံတစ်ဦးကို တစ်ခုခုပြောနေဟန်မျိုး၊ ခေါ်ပြောနေ တဲ့တန်မျိုး လှုပ်လှုပ်နေရဲ့ခင်ဗျ၊ အလှည့်တိုင်း နိုင်နေပုံထောက်ရင် ...

တော်တော်မှလွဲရောဗျာ၊

သိမ်ဖရပ်သား အောက်လမ်းဆရာ ကိုကြိုင် သချိုင်းကုန်းမှာ စီရင်ကျွေး မွေးခေါ်ဆောင်လာတဲ့ ကွယ်လွန်သူ ဖဲချိုးကြီး ဦးပိတ်စရဲ့ဝိညာဉ်က လိုက် ကူညီမ,စနေရဲ့တူပဲ့၊

ကျွန်တော်နဲ့ကိုပါ ဖဲဝိုင်းတွေမှာ အကြိမ်များစွာကို ကစားခဲ့တာပါဗျာ။



ဘူ၊ တစ်၊ နှစ်၊ သုံး – ဒီအပွင့် မတက်ဘူး၊

ရှုံးခဲ့တာလည်း မနည်းဘူး၊

ဖဲဝိဇ္ဇာတွေ ချွေးသုတ်နေကြတယ်၊ ညစ်နေကြပြီလေ၊

ပင်းထားတဲ့ တပည့်တွေလည်း ရေရွတ်နေကြလို့၊

ဒီအချိန်မှာပဲ ကိုပါက ဖဲသုံးချပ်ကို မလှန်ပဲ ဘယ်လက်ဝါးပေါ် မှောက် ထားရာကနေ ညာလက်ဝါးနင့်အော်ပြီး ရိုက်ချလိုက်တယ်၊

"ကိုင်း – သုံးသုံးလုံးဝိုက်ကို ချစ်ပြုံးပြုံးလေးနဲ့ "စိုက်" သွားအောင် – ဦးပိတ်ရေ၊ တစ်သုံးလုံး "ဝိုက်" ပေးပါဦးဗျာ"

"ဖျောင်း"

"ဟာ"

"ဟင်"

"ဘုရားရေ..."

ကြည့်စမ်း – ဘယ်လိုမှ မျှော်လင့်မထားတဲ့ဖဲဗျာ၊

တစ်သုံးလုံး ဝိုက်ကြီး – လျော်စမ်း – ကိုသောင်း၊ လျော်အပြီးမှာ ကိုကြိုင် တ ငွေစက္ကူတွေကို အမြန်ရေတွက်လိုက်တယ်၊

ငွေငါးထောင် စွန်းသွားပြီ၊

ဦးပိတ်စနဲ့ ဖဲမော်သွင်းသလို စီရင်ကတိပြုထားခဲ့တဲ့ငွေ ရည်မှန်းချက် ပြည့်သွားပြီ၊

ကိုပုံ့ကို တိုးတိုးလေး ကပ်ပြောလိုက်တယ်၊

"ထတော့ – ကိုပါ"

"တစ်လှည့်တည်းပါ – ကိုကြိုင်ရာ – တစ်လှည့်တည်းပါ"

"ငါတို့ ဦးပိတ်စကို ပြောထားတဲ့အတိုင်း ငါးရာဆယ်ဆ၊ ငါးထောင်ပြည့် သွားပြီ – ထတော့ – သိမ်းတော့"

"တစ်လှည့်တည်းပါဗျာ၊ တစ်လှည့်ပြီးရင် ထပ့်မယ် – ကိုကြိုင်ရာ – နော"

"ဟူး - ခက်တဲ့လူပဲကိုး"

ကိုပါ အလှည့်တိုင်း နိုင်နေတော့ ဘဝင်မြင့်သွားပြီဗျ။ ကျွန်တော်တို့ကပ် ပြောလည်း မထဘူး။ ဆက်ရိုက်တယ်၊ ကိုကြိုင်က ကျွန်တော့်ကိုကြည့်ပြီး စိတ်ညစ်စွာ ခေါင်းယမ်းပြတယ်ဗျာ။

ဖဲဝေတယ်၊ ငွေထိုးတယ်၊ ကိုပါ - ပုံပြီးလောင်းတယ်။

ဒိုင်က ဖဲကို ခင်းပြတယ်၊

တစ်ပွင့် ...

"မိန်းမပါ ပေါင်ရလိမ့်မယ် - ကိုသောင်းရေ"

ကျွန်သုံးအိမ် လျော်ရတာပေါ့။ ကပ်လျော်လေးတွေဗျာ၊

နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့်၊

ကိုသောင်း ဒူးရောလက်ရော တုန်နေတယ်၊ ကိုပါကိုရှုံးရင် လျော်ရမည့် ငွေက နှစ်ထောင်ကျော် ခင်ဗျ။

ကိုပါ ပြုံးနေတယ်၊

"ကိုသောင်း - လျော်နိုင်ရဲ့လားဗျာ"

ခနဲ့လိုက်၊ ရိလိုက်သေးဗျာ။ ကြည့်စမ်း၊

"လိုရင် - အိမ်နဲ့ခြံ ရောင်းလျော်မှာပေါ့ - မောင်ပါရာ"

"ကိုင်း - လာစမ်း - နှစ်ပွင့်"

"ဖြောင်း"

"ဟာ"

"တယ်"

"သေပြီ - ဆရာ"

ကိုပါ မျက်လုံးပြူးသွားသလို ကျွန်တော်ရော ကိုကြိုင်ပါ ရင်ကို ဖိလိုက် ကြတယ်၊

ကိုပါ့ဖဲသုံးချပ်က ဆယ်ဖဲသုံးချပ်၊ "ဘူ" ...၊

"ဝေး - ကိုသောင်းကွ။ ဆွဲထား - ဆရာရေ့"



"ကိုပါ - ထ"

"နေဦးဗျာ - ပြန်ရအောင် ရိုက်မယ်"

တားလို့မရဘူး၊ ဆက်ကစားနေတယ်။ ပုပ်အဲ့အဲ့အနံ့လည်း ဖဲဝိုင်းဝန်း ကျင်မှာ မနံတော့ဘူး။ ဒိုင်အဖွဲ့လည်း နိုင်သွားလို့ လန်းနေ၊ ရွှင်နေပြီ။ မခံချင် အောင် ထေ့၊ ရယ်၊ လှောင်နေကြပြီ၊

တိုတိုပဲ ပြောကြပါစို့ဗျာ။

နောက်ထပ် နှစ်လှည့်ပဲ ကစားလိုက်ရတယ်၊

ငွေငါးထောင် အနိုင်ကနေ ရှုံးလိုက်တာရယ်၊

အရင်းငွေ ငါးရာပါ ပါပြီး ပြောင်သွားတော့တာပဲ၊

"ဘူ" နှစ်လှည့် ဆက်ကျသွားတယ်။

ကျွန်တော်နဲ့ကိုကြိုင် ဖဲဝိုင်းကနေ အလျင်စွာပြီး ခြံပြင်ကို ထွက်ခဲ့ကြ တယ်။ အသုဘအိမ်ရှေ့မှာ အပုပ်နံ့နံ့ရာကနေ ဝေးဝေးသွားပါရောလား၊

"ကိုရွှေတင်"

"ပြောပါ - ကိုကြိုင် - ပြောပါ"

"ကိုယ့်လူ - သဘောပေါက်ရဲ့လား"

"ပြောပါ - ကိုကြိုင်၊ ကျွန်တော် နားထောင်နေပါတယ်ဗျာ"

"ဖဲမှော်စီရင်တယ်လို့ပဲပြောပြော၊ ဖဲသမားတစ္ဆေဝိညာဉ်နဲ့ အပေးအယူ ကတိကဝတ်ပြုစီရင် အောက်လမ်းနည်းနဲ့ ကစားတယ်လို့ပဲ ဆိုချင်ဆို ကျုပ် တို့ မကောင်းတာ၊ စီရင်လုပ်ကိုင်ကြတာပဲ - ကိုရွှေတင်၊ သို့ပေမဲ့ - တစ္ဆေ ဖဲသမား ဦးပိတ်စက သူ့ကို ကျွေးမွေးလို့ သူ့ကတိသူ အလုပ်အတိုင်း ကျုပ်တို့ ရည်မှန်းထားတဲ့ နိုင်ကြေးငါးထောင်ကျပ်ရအောင် အလှည့်တိုင်း မ,စကူညီ ခဲ့တယ် - ကိုရွှေတင်၊ သို့သော် - ခင်ဗျားသူငယ်ချင်း ကိုပါက ကတိမတည် ဘူး၊ လောဘတက်ပြီး ဆက်ကစားတယ်၊ မြင်တဲ့အတိုင်းပဲ သုံးလှည့်စလုံး "ဘူ" ကျပြီး တက်တက်စင်အောင် ပြောင်သွားခဲ့ရတယ်၊ ရှင်းရှင်းပြောရရင် ဦးပိတ်စ တစ္ဆေ တာဝန်ကျေတယ်။ သူ့ကို ကျွေးရ၊ တိုက်ရတာ တန်တယ်။

ကျုပ်တို့ လူက ကတိမတည်ဘူး”

“နောက်နေ့ ပြန်စီရင်ကျေးမွေးပြီး ကတိတည်တည် ပြန်လုပ်ရင် ကျုပ်တို့ ရှုံးငွေ ပြန်မရနိုင်ဘူးလား – ကိုကြိုင်”

“တော်ပြီ – ကိုရွှေတင်၊ ဒီလိုကတိသစ္စာမတည်တဲ့လူစားမျိုး၊ တစ္ဆေဝိညာဉ်မပြောနဲ့ ရုက္ခစိုးဝင်ကူလည်း ရှုံးမှာ သေချာပြီးသားပါပဲဗျာ၊ ကိုင်း – သူ့ကို စောင့်မနေနဲ့တော့၊ ဖဲသမားဟာ ဖဲဝိုင်းမှာပဲ မိုးလင်းပြီး မျက်နှာသစ်တယ်၊ ကျုပ်တို့ ပြန်အိပ်ကြစို့”

(မှတ်ချက် – ဖော်ပြပါအဖြစ်အပျက်သည် အမှန်တကယ်ဖြစ်ရပ်မှန် ဖြစ်ပါသည်၊ သိမ်ဖရပ်သား ကိုကြိုင်လည်း နောင်မတွေ့ရတော့ပါ၊ ကိုပါကား ယခုနေ့တိုင် (    ) ရွာမှာ အသက်ရှင်လျက်ရှိပြီး ....)

⟶ ➔ မောင်ညီမြိုင်း(သန်လျင်)


## စာမူရှင်များသို့

'ဂန္ဓီရလောကမဂ္ဂဇင်း' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာမပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်စုံစမ်း၍ မရရှိခြင်း စသည့်အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့်လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂန္ဓီရလောကမဂ္ဂဇင်း




# အွန်လိုင်းချစ်သူ

[illegible]

လောကတွင် ကျွန်တော် အလွန်မုန်းတီးသော သူတစ်ယောက် ရှိ[illegible] ထိုသူမှာ ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်၏၊ မည်သည့်အချိန်က စတင်၍ ကျွန်တော် မုန်းမိသည်ကို သတိမပြုမိ၊ သို့သော် - သတိပြုမိသောအခါ[illegible] ထိုကျွန်တော်ဟုခေါ်သော "ထက်မြတ်နိုင်" ကို ကျွန်တော် မုန်းတီးနေမိ[illegible] ဖြစ်၏၊ ထိုအတူ မိမိကိုယ်မိမိ ပြိုင်ဖက်တစ်ဦးဟု သဘောထားနေမိ၏၊ ရန်သူ[illegible] အဖြစ် သတ်မှတ်နေမိပြီဖြစ်၏၊ သဝန်တို၊ မနာလိုရသော ရန်သူတစ်ဦးအဖြစ်[illegible] ထင်မှတ်နေမိပြီ ဖြစ်၏၊ ခွင့်လွှတ်၍ မရနိုင်သော ကျူးလွန်သူအဖြစ် ဖွဲ့မှတ်[illegible] နေပြီးဖြစ်၏၊ ထိုသို့ ကျွန်တော့်ကိုယ်ကျွန်တော် မုန်းတီးနာကျင်မိစေ[illegible] အဓိက တာဝန်ရှိသူမှာလည်း ကျွန်တော် ကိုယ်တိုင်ပင်ဖြစ်၏၊ သို့သော်[illegible] နောက်ထပ်အပေါင်းပါတစ်ဦးလည်း ရှိ၏၊ ထိုအပေါင်းပါ ရန်သူအားဖော်[illegible] လူပုဂ္ဂိုလ်မဟုတ်၊ သက်ရှိမဟုတ်၊ သက်ရှိများစုဝေးရာ အမှတ်နေရာထ[illegible] သာဖြစ်၏၊ ထိုအမှတ်နေရာသည် စနစ်တစ်ခုလည်းဖြစ်၏၊ ရှင်းလင်းစွာ[illegible] မှ I.T ဟုခေါ်သော Information Technology ခေတ်၏ အသုံးပြုသော[illegible]



နစ်ဖြစ်၏၊ ထိုအရာကား အများသူငါ အသုံးပြုနေကြသော Face book ဟု ခေါ်သည့် လူမှုကွန်ယက်စာမျက်နှာ တစ်ခုပင်ဖြစ်၏၊ ထိုသို့အင်တာနက်စနစ် ဖြင့် ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများတွင်အသုံးပြုနိုင်သော Face book ဟုခေါ်သည့် အသုံးပြုစနစ် Application ကို ဆောင်ယူလာသူမှာ ကိုကံကြီး မောင်ဟုခေါ်သော မိတ်ဆွေပင်ဖြစ်၏၊ စင်စစ် ကျွန်တော့်အနေဖြင့် နေ့ည အားမလပ် ဆေးရုံ၊ ဆေးခန်းများတွင် ပြေးလွှားနေရသူသာ ဖြစ်၏၊ အလုပ် သင်ဆရာဝန် ပြီးဆုံးသောကာလမှစ၍ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နေရပြီး အချိန်ပိုအချိန်အား နည်းပါးလှ၏၊ ဖခင် ဖြစ်သူ မှာ ဆေးကုမ္ပဏီတစ်ခုပိုင်ဆိုင်ပြီး မိခင်ကလည်း အထူးကုဆရာဝန်ကြီး တစ်ဦးဖြစ်သည်နှင့် အားလျော်စွာ အချိန်ပြည့် မအားမလပ်နိုင်သူ ဖြစ်၏၊ ထိုသို့ မအားလပ်သည့် အချိန်များထဲမှ ရှားရှားပါးပါး Night Duty ပြီး၍ နေ့ခင်းဘက် အပြင်ထွက်ချိန်တွင် ဆေးကုမ္ပဏီ၏ ကိုယ်စားလှယ် တာဝန် ထမ်းဆောင်နေသူ ကိုကံကြီးမောင်က ထို Face book ဟုခေါ်သော အရာနှင့် မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်၏၊ ကိုကံကြီးမောင်က ကျွန်တော့်အား သူ၏ Samsung လက်ကိုင်ဖုန်းတို့ပြရင်း ...

"ထက်မြတ် - ဟောဒါကလေးကို ဟောဒီလိုနှိပ်၊ ဟောဒီလိုဖွင့်၊ ဟော ဒါက မိတ်ဆွေသူငယ်ချင်းတွေ မိတ်ဖွဲ့တာ၊ ဟောဒါက သူတို့ ရေးတင်တဲ့ အတွေး ပုံတွေ၊ Wall, Time Lime ပေါ့ကွာ၊ ဟောဒါက မင်းရေးချင်တာရေး [illegible]ပြန်အလှန် Message ပို့လို့ရတဲ့ Chat Box ၊ ဟောဒါက မင်းက အပြန် [illegible] ပုံတွေပို့လို့ရတဲ့ Messager ၊ ဟောဒါက ..."

"တော်ပါတော့ - ကံကြီးမောင်ရာ၊ မင်းဘာသာ မင်းလုပ်စမ်းပါ၊ ငါ [illegible]တော့သားလို့တောင် Skineal ဆေးမလိမ်းအားဘူးကွာ၊ စိတ်လည်း မဝင် [illegible] အချိန်ကုန်တယ်"

"ဒါဆို - မင်းက အင်တာနက် မသုံးဘူးပေါ့"

"သုံးပါတယ် - ငါသိချင်တဲ့ အချက်အလက်ကို ဖွင့်ပြီး ရှာလိုက်တာပေါ့

သွား၊ မင်းပြောတဲ့ Face book ကို ထမင်းစားပြီးပြီးလား၊ ဖျင်းလိုက်တာ၊ အိမ်သာတက်ဦးမယ်၊ အသည်းတွေ ကွဲပြီဆိုတဲ့ တောင်စဉ်ရေမရ ရေးတာတွေ တော်ပို့၊ ရေးဖို့ အချိန်မရဘူးလို့ ပြောတာကွ"

"အံမယ် - အံမယ် - မင်းက တော်တော်အပြောကောင်းပါလား၊ မင်း - သုံးတဲ့ အင်တာနက်ကကော အသုံးဝင်တာတွေပါသလို အနှစ်သာရမရှိတာတွေ မပါဘူးလား"

"ပါချင်ပါမှာပေါ့ကွ၊ ငါက ဆေးပညာနဲ့ ပတ်သက်တဲ့ Website တွေပဲကြည့်တာ၊ မင်းလို မတော်တရော်ပုံတွေရှာပြီး အရသာခံနေတာ မဟုတ်ဘူး"

"တော်စမ်းပါကွာ - Face book ထဲမှာလည်း အပြန်အလှန် မိတ်ဆွေဖွဲ့ ခင်မင်၊ အပြန်အလှန်ရင်ဖွင့်၊ စာနာ၊ နားလည်ရတာ၊ သဘောထား၊ အတွေး အခေါ် သတင်း စသည်ဖြင့် မျှဝေတင်ပြတာတွေရှိတာပဲကွ၊ အကောင်း၊ အဆိုးဆိုတာ နေရာတိုင်းရှိတာပေါ့ ငတိရဲ့"

"ဒါပေမဲ့ကွာ - မင်းတို့ Face book က သူများဓာတ်ပုံတွေ၊ တိရစ္ဆာန်ပုံ၊ ပန်းပုံတွေနဲ့ ကိုယ့်နာမည် အချက်အလက်ကို အမှန်အတိုင်းမဟုတ်ဘဲ ဖွင့်ထားပြီး မဟုတ်တာတွေပြော၊ မဟုတ်တာတွေ ရေးနေတာလည်း ရှိနေတာပဲ၊ အတုတွေ ပေါ်များလှတယ်လို့ ကြားပါတယ်"

"ဒါတော့ - မင်းပဲ စဉ်းစားကြည့်လေ၊ ဒါက သူ့ခံယူချက်အတိုင်းပဲ၊ မင်းရွေးချယ်နိုင်တာပေါ့"

"တော်ပါကွာ - ဝန်ကြီးပြောင်ရာ၊ ငါ Night Duty ကျတာ မအိပ်ရသေးဘူးကွ"

မည်သို့ပင် သူငယ်ချင်းဖြစ်သော ကံကြီးမောင်ကို တွန်းထုတ်စေကာမူ ကျွန်တော့်အတွက် Face book account တမျက်နှာတစ်ခုကို ကျွန်တော့်



အား ဖွင့်ပေးခဲ့၏၊ သို့သော် နှစ်လကြာသည့်တိုင် ထိုတမျက်နှာကို ဖွင့်လှစ်အသုံးပြုခြင်း မရှိခဲ့၊

အလွန်ပျင်းရိဖွယ်ကောင်း၍ အလုပ်ပါးသွားပြီး ညတာဝန်ထမ်းဆောင်နေရသော မိုးဖွဲနေသည့်တစ်နေ့၌ ဆရာဝန်များနားနေရာအခန်းတွင် ဖတ်စရာ စာအုပ်မရှိတော့သည့်အတွက် ထို Face book ကို ဖွင့်ကြည့်မိလေ၏၊ ထိုသို့စတင်၍ခလုတ်ကလေးကိုနှိပ်မိသည်မှာ ကျွန်တော်၏ ပထမအမှားပင်ဖြစ်လေ၏၊ Face book ပေါ်တွင် ကောင်းဆိုးနှစ်တန် ရောမွှေနေသော မိတ်ဆွေများ၏ ရင်ခုန်သံ၊ မှတ်ချက် - ရင်ဖွင့်သံမျိုးစုံကို အပျင်းပြေဖွင့်ကြည့်ရင်း နောက်နေ့များတွင် တစ်လှမ်းချင်း တစ်လှမ်းချင်း ထိုကွန်ယက်အတွင်း ချဉ်းနင်းဝင်ရောက်မိ၏၊ ဝါသနာတူ၊ အတွေးတူသူချင်း စကားဖလှယ်ရင်း မိတ်ဆွေသစ်များလည်း တိုးပွားလာ၏၊ ပထမအစတွင် Hi! Good morning! Have a nice day ! Have a sweat dream ! စသော နှုတ်ခွန်းဆက်စကားမျိုးပြောရာမှ ရင်းနှီးခင်မင်စွာ ပြောဆိုရင်ဖွင့်လာမိကြ၏၊ အစ်ကို၊ ကိုကြီး၊ ညီမလေး စသည်ဖြင့် ခင်မင်လာ၏၊ ထိုခင်မင်မှုများစွာမှ ခင်နှင်းပွင့်ဖြူဟု ခေါ်သော မိန်းကလေးတစ်ဦးနှင့် ရင်းနှီးလာခဲ့၏၊

ခင်မင်မှုအစတွင် တစ်ဦးနှင့်တစ်ဦး မြင်တွေ့ရသော ပုံရိပ်အစစ်အမှန်များဖြစ်ပုံပင် သိကျွမ်းခဲ့ပြီး၊ တစ်ဦးကိုယ်ရေးကိုယ်တာများကိုပါ ရင်ဖွင့်လာခဲ့ကြ၏၊ စက်ရုံတွင် အလုပ်လုပ်နေသော ထိုညီမလေးအရွယ် မိန်းကလေး၏ ဘဝအမောများကို အစ်ကိုအရင်းသဖွယ် စာနာနစ်သိမ့်ပေးခဲ့၏၊ မိမိ၏ ပင်ပန်းနွမ်းနယ်မှုများကိုလည်း ရင်ဖွင့်ခဲ့၏၊ ထိုသို့ နေ့စဉ်ရက်ဆက် စကားခွန်းဆက်ရာမှ သံယောဇဉ်ကြိုးက တင်းလာခဲ့၏၊ သို့သော် - ကနဦးအစကတည်းကပင် "မောင်နှမလို ခင်ပါသည်" ဟူသော နှုတ်ခွန်းဆက်တတိ

စကားက စည်းသားထားသလို ဖြစ်နေခဲ့၏၊ ထိုစည်းကို မကျော်ဖြတ်ရဲသဖြင့် ရင်မှာဖြစ်သော နောင်ကြိုးကို ဖွင့်မပြနိုင် ဖြစ်ခဲ့ရ၏၊ တစ်ဖက်မိန်းကလေး၏ ရုပ်ပုံလွှာများ၊ ချိုမြသော စကားသံများ၊ အားပေးမှုများသည် အမှန်ပင် ညီမ တစ်ဦး၏ ရိုးသားသော ဆက်ဆံမှု ဖြစ်ပါသလား၊ သို့မဟုတ် သူလည်း သမုဒယ သံယောဇဉ်ဖြင့် မိမိကို တွယ်တာနေသူလား၊ မခွဲခြားနိုင်ခဲ့၊ သို့သော် - ထိုပုစ္ဆာကို အဖြေထုတ်ရန် အကြံပေးပုဂ္ဂိုလ်ကို ကံကြီးမောင်ကပင် အဆိုပြုလာခဲ့လေ၏၊

"မင်းကလည်း ညံ့ပါ့ကွာ၊ မင့်ကို ချစ် မချစ် စိစစ်ချင်ရင် လွယ်ပါတယ်၊ နောက်ထပ်ပြီး မင်းနာမည်မဟုတ်ဘဲ နာမည်တစ်ခုရ၊ ပုံရိပ်တစ်ခုရ၊ အချက်အလက်အတုတွေနဲ့ Account အသစ်တစ်ခု ဖွင့်လိုက်ပေါ့ကွာ၊ Face book ပေါ်မှာ နာမည်ရင်း အချက်အလက်မှန် မဟုတ်တဲ့သူတွေ အများကြီးပါကွာ၊"

"ဖွင့်ပြီးတော့ ဘာလုပ်ရမလဲ"

"ဖွင့်ပြီးတော့ အဲဒီအကောင့်ထဲကနေ ကောင်မလေးကို ပုံစံသစ်နဲ့ ချဉ်းကပ်ပေါ့ကွာ"

"ဟာ - မဟုတ်သေးပါဘူး၊ သူ့ကို ငါက လက်ရှိ ငါ့ကိုပဲ ချစ်စေချင်တာကွ"

"အေးလေ - ဘယ်လိုဖြစ်ဖြစ် မင်းက ဒုတိယ အကောင့်ကနေပြီး ရင်းနှီးအောင် ချဉ်းကပ်၊ ရင်းနှီးလာရင် ချစ်ရေးဆိုလိုက်ပေါ့၊ လက်ခံရင် မင်းလည်း သူ့အချစ်ကို ရပြီ၊ အဲ - သူက ဒုတိယအကောင့်ကို လက်မခံချင်ဘဲ မူလပထမ မင့်ကိုပဲ ချစ်ရင် သူက ရင်ဖွင့်လာလိမ့်မယ်၊ သူ့ကို တစ်စုံတစ်ယောက်က ချဉ်းကပ်နေပြီဆိုတာပေါ့၊ အဲဒီအချိန်ကိုက် မင်းက ရင်ဖွင့်လိုက်ရင် O.K မင်းအတွက် နှစ်ဖက်စလုံးက O.K နေပြီ"



တုတ်ပါတယ် - ဆရာ။ ကျွန်တော့်ကိုယ် ကျွန်တော် မနာလိုဝန်တို ဖြစ်ရတယ် ခင်ဗျာ။ သူများကြားရင်တော့ ရယ်စရာကြီးပါ။ ဒီအက် Account က ထက်မြတ်နိုင်က သေလုအောင် လွမ်းပြနေတာကို မကြည့်ဘဲ ဟိုဘက် Account က ကောင်းဆက်နိုင်အနေနဲ့ လွမ်းလိုက်တာ၊ သတိရနေပါတယ် ဟာ။ အိပ်မပျော်ဘူး။ နေ့တိုင်း တွေ့ချင်တယ်ဆိုတဲ့ ကျွန်တော့်ရဲ့မူယာမာယာ အလိမ်အညာတွေကိုတော့ သဘောကျပြီးတော့ အစ်ကိုနေကောင်းအောင် နေပါနော်။




"နှစ်ဖက်စလုံးကို မကြိုက်ရင်ကော ကွာ"

"ဟာ - လဲသေလိုက်ပေါ့၊ မင်းက ပစ်မှ မပစ်ရသေးဘူး၊ မီးဖွင့်ပုံမလား စိုးရိမ်နေပြီ၊ ဘာလို့မဖြစ်နိုင်တာပဲ တွေးနေရတာလဲ၊ ဒါဆို ဒီထက်ကောင်းတဲ့ အကြံဉာဏ် မင်းမှာရှိလား"

"မရှိဘူး"

"ဒါဆို ငါပြောတာ နားထောင်စမ်းပါကွာ"

ဤသို့ဖြင့် ပထမအကောင့်ဖြစ်သော ကျွန်တော် ထက်မြတ်နိုင်က ဒုတိယ အကောင့်ဖြစ်သော ကျွန်တော် ကောင်းဆက်နိုင်ကို စတင်ဖွင့်လှစ်၍ ခင်နှင်းပွင့်ဖြူ၏ နှလုံးသားလွင်ပြင်ကို ကျူးကျော်ရန် Face book စစ်မြေပြင်တွင် အချစ်ဇာတ်လမ်းဖွင့်ရန် ကြိုးစားခဲ့ရ၏။ ဤသည်မှာ ဒုတိယအမှားပင် ဖြစ်လေ၏။

ကျွန်ုပ်သည် ဟောခန်းအတွင်း၌ ဗေဒင်မေးရန် ရောက်ရှိနေသည့် ထက်မြတ်နိုင်ဟုခေါ်သော လူငယ်ကလေးအား သေချာစွာ စေ့စေ့စပ်စပ်ကြည့်လိုက်လေ၏။

"ဆက်ပါဦး - မောင်ထက်မြတ်နိုင်။ အဲဒီလို Face book မှာ ထက်မြတ်နိုင်နဲ့ ကောင်းဆက်နိုင် ဖြစ်လာပြီးတော့ အခြေအနေက ဘာဆက်ဖြစ်လာသလဲ"

ထက်မြတ်နိုင်က ဝေသီသော မျက်လုံးများဖြင့် ...

"ထက်မြတ်နိုင်ဆိုတာကတော့ ကျွန်တော့်ဓာတ်ပုံ အချက်အလက်အမှန်နဲ့ ခင်နှင်းပွင့်ဖြူကို ရိုးသားစွာ ပြသဆက်ဆံတာပါ၊ ကောင်းဆက်နိုင်ဆိုတဲ့ နာမည်နဲ့ကတော့ ဓာတ်ပုံနေရာမှာ ကိုရီးယားမင်းသား "ဝူဒွန်မြို" နဲ့ တင်ထားတာပါ၊ ဒါကလည်း နှလိုပဲ ကိုယ့်ပုံမတင်ဘဲ ပန်းပွင့်၊ အဆောက်အအုံ၊ မင်းသား၊ မင်းသမီးပုံတင်တာတွေလည်း အများကြီးပါ၊ အချက်အလက်တွေမှာလည်း နေရပ်၊ မွေးနေ့၊ အလုပ်အကိုင်တွေ၊ ပညာအရည်အချင်းတွေကို တစ်လွဲတွေပဲ တင်ထားတာပါ၊ အဲဒီနာမည်နဲ့ သူ့ကိုမိတ်ဆက်နှုတ်ဆက်စကား ပြောပါတယ်၊ သူကလည်း ပထမပိုင်းမှာ သာမန်တုံ့ပြန်ပါတယ်၊ မိတ်ဆွေလို ဖြစ်လာတော့ ကျွန်တော်က ကဗျာတွေ၊ စာတွေ သူ့စာမျက်နှာပေါ် တင်ပါတယ်၊ သူကလည်း လက်ခံအားပေးပါတယ်၊ နောက်တော့ ချစ်ရေးဆိုသလိုလို အရိပ်ပြ၊ နိမိတ်ပြတဲ့ စာတွေ၊ ကဗျာတွေ၊ ပုံတွေ တင်ပါတယ်၊ ဒါလည်း သူက Like ဆိုတာနှိပ်ပြီး လက်ခံပါတယ်"

"အေးလေ - အဲဒါက ဘာမှားလို့လဲ၊ မိတ်ဆွေသူငယ်ချင်းတွေဆိုရင် အဲဒီလိုပဲ မဟုတ်လား"

"ဟုတ်တော့ - ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ - ထက်မြတ်နိုင်က သူ့ကိုစောင့်နေရင်း သူက Face book က ထက်မြတ်နိုင် စာမျက်နှာမှာ မပေါ်လာဘူး၊ ကောင်းဆက်နိုင်ရဲ့ စာမျက်နှာမှာ သွားပြီးနှုတ်ဆက်နေတယ်"

"ဒါကတော့ သတိမပူမိလို့ နေမှာပေါ့ကွာ"

"မဟုတ်ဘူး - ဆရာ၊ တစ်ခါတလေ ထက်မြတ်နိုင်ရဲ့ Account မှာ သူ့ကိုစောင့်နေပြီး မျှော်နေပေမယ့် သူက ကောင်းဆက်နိုင်ဆိုတဲ့ Account စာမျက်နှာပေါ်မှာ စကားတွေပြော၊ အဲ - စကားတော့ ပြောတာမှုတ်ဘူး၊ စာတွေ message တွေပို့ပြီး ပျော်နေတယ်၊ ဒီဘက်က စောင့်နေရတဲ့ ထက်မြတ်နိုင်ကို ဖြတ်ချပြီး ဒီဘက်က ထက်မြတ်နိုင်ကို ပြန်ခေါ်မလားဆိုပြီး စောင့်နေပေမယ့် မလာဘဲ ဝိတ်သွားတာမျိုးလည်း ရှိတယ်ဆရာ"

ကျွန်ုပ်လည်း သူ ပြောသောစကားများကို မရှင်းလင်းလှသဖြင့် —

"နေပါဦး - အဲဒီလို နှစ်ယောက်ကို တစ်ပြိုင်နက် တစ်နေရာက ပြောလို့ရလား၊ ဘာနဲ့ ဘယ်လိုလုပ်တာလဲ"

"ဒါကတော့ ဖုန်းနဲ့ဖြစ်ဖြစ်၊ ကွန်ပျူတာနဲ့ ဖြစ်ဖြစ်၊ Account နှစ်ခုကို တစ်ပြိုင်နက်ဖွင့်ပြီး ဆက်သွယ်လို့ရပါတယ်၊ ဒီတော့ တစ်ဖက်က စောင့်နေရတာကလည်း ကျွန်တော်ပဲ၊ ပြောနေရတာလည်း ကျွန်တော်ပဲ၊ ကျွန်တော့်ကိုတော့ ဂရုစိုက်တာပါးလာပြီး ဟိုဘက်က ကျွန်တော့်ကိုတော့ အလေးပေးပြီး ခင်နေတယ်"

ကျွန်ုပ်သည် ထက်မြတ်နိုင်၏ စကားကိုကြားသောအခါ ရယ်ချင်သလိုလို ဖြစ်လာသော်လည်း သူက ခံစားချက်အပြည့်ဖြင့် ပြောနေသဖြင့် ကြိတ်မှိတ်မျိုသိပ်နေလိုက်ရလေ၏။ ထက်မြတ်နိုင်က . . .

"ခုအတိုင်းသာ ဆက်သွားရင်မကြာခင် ကျွန်တော် ထက်မြတ်နိုင်က သူ့သူငယ်ချင်းလို၊ အစ်ကိုလိုပဲ ခင်မင်နေရပြီး ဟိုဘက်က ကောင်းဆက်နိုင်က ညတုတု၊ ချွဲတဲတဲပြောတဲ့နောက်ပါပြီး ရည်းစားဖြစ်တော့မှာပဲ၊ ဆရာ"

ကျွန်ုပ်မှာ ဟန်မဆောင်နိုင်တော့သဖြင့် အနည်းငယ်ပြုံးလိုက်ပြီး -

"အေးလေ - အဲဒီတော့လည်း နှစ်ယောက်စလုံးက မောင်ထက်မြတ်နိုင်ပဲ မဟုတ်လား။ အဆင်ပြေရင် ပြီးပြီပေါ့၊ နှစ်ယောက်စလုံးနဲ့ အဆင်မပြေဖြစ်မှာသာ စိုးရိမ်ရမှာ မဟုတ်လား"

"ဒါပေမဲ့ - ဆရာရယ်၊ ထက်မြတ်နိုင်ကိုပဲ သူ ချစ်ရမှာပေါ့၊ ဟိုကောင် ကောင်းဆက်နိုင်က အပြောကောင်းတာနဲ့ အရမ်းလွမ်းတာပဲ၊ သိပ်သတိရတာပဲလို့တော့ ပြောမနေသင့်ပါဘူး"

ကျွန်ုပ်မှာ ပို၍ပင် ထိန်းမထားနိုင်သဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး . . .

"လက်စသတ်တော့မောင်ထက်မြတ်နိုင်ကကိုယ့်ဘာသာတစ်ယောက်တည်း ကောင်းဆက်နိုင်ကို သဝန်တိုနေတာပါလား၊ ထူးဆန်းလိုက်တာကွာ"

"ဟုတ်ပါတယ် - ဆရာ၊ ကျွန်တော့်ကိုယ်ကျွန်တော် မနာလိုဝန်တိုဖြစ်ရတယ်ခင်ဗျာ၊ သူများကြားရင်တော့ ရယ်စရာကြီးပါ၊ ဒီဘက် Account က ထက်မြတ်နိုင်က သေလုအောင် လွမ်းပြနေတာကို မကြည့်ဘဲ ဟိုဘက် Account က ကောင်းဆက်နိုင်အနေနဲ့ လွမ်းလိုက်တာ၊ သတိရနေပါတယ်ဟာ၊ အိပ်မပျော်ဘူး၊ နေ့တိုင်းတွေ့ချင်တယ်ဆိုတဲ့ ကျွန်တော့်ရဲ့မူယာမာယာ အလိမ်အညာတွေကိုတော့ သဘောကျပြီးတော့ အစ်ကို နေကောင်းအောင်နေပါနော်၊ ဒီကလည်း သတိရနေတာပါရှင်ဆိုတာမျိုးပြန်ပြောရင် စိတ်ထဲမှာ



မပျော်တဲ့အပြင် ကိုယ့်ရည်းစားက နောက်တစ်ယောက်နဲ့ သစ္စာဖောက်နေတာ မြင်ရသလို ဆတ်ဆတ်ခါနာကျင်ရတယ် ဆရာရယ်၊ အဲဒီ ကောင်းဆက်နိုင်ဆိုတာ ကျွန်တော့် ရန်သူပါပဲ ခင်ဗျာ"

ကျွန်ုပ်အနေဖြင့် နားထောင်စဉ်မှာပင် ထက်မြတ်နိုင်၏ ထူးခြားသော ခံစားမှုအတွက် များစွာစာနာမိလေ၏၊ အနီးတွင်ရှိနေသော ရှာလီဆွေသက်မှာလည်း ထက်မြတ်နိုင်၏ ထူးဆန်းသော ဝေဒနာကို ငေးမောနားထောင်နေလေ၏၊ ကျွန်ုပ်ကလည်း . . .

"ကောင်းပါပြီကွာ - မင်း သူငယ်ချင်း ကံကြီးမောင်ဆိုတာကလည်း အရင်ကတည်းက ဆရာနဲ့ ခင်မင်ရင်းနှီးတဲ့ သူပါ၊ သူက ဖုန်းဆက်လိုက်ပြီး သူ့သူငယ်ချင်းထက်မြတ်နိုင်က အညာဘုရားဖူးလာရင်း ကံဇာတာလေး စစ်ပေးစေချင်ပါတယ်လို့ ပြောပါတယ်၊ ဒါကြောင့် မောင်ထက်မြတ်နိုင်အနေနဲ့ ဘာမှမပူပါနဲ့၊ ဒီပြဿနာကို ဆရာရှင်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် - ဆရာ၊ ကျွန်တော်က ရှေ့တိုးရခက်ပြီး ဘာဆက်လုပ်ရမှန်း မသိပါဘူး၊ ထက်မြတ်နိုင်ကိုတော့ မောင်နှမလိုပဲ ဆက်ဆံနေပြီး ကောင်းဆက်နိုင်က ချစ်ခွင့်ပန်လိုက်လို့ ခေါင်းညိတ်ပြီး ချစ်ပါတယ်ပြောလိုက်ရင် ခက်ပြီပေါ့ - ဆရာ"

ထိုစကားကြားသောအခါ တပည့်ကျော် ရှာလီဆွေသက်က ...

"အေးဗျာ - ချစ်သူက ချစ်ပါတယ်ဆိုလို့ပျော်နေပြီး တစ်ဖက်က အသည်းကွဲနေရတာမျိုး ခံစားရတော့ အဆိပ်သင့်ပျားရည်သောက်နေရသလိုပါပဲ၊ အငိုမျက်လုံး အပြုံးမျက်နှာပေါ့ဗျာ" ဟု ပြောလေ၏၊

ကျွန်ုပ်သည် ရှာလီဆွေသက်၏ မှတ်ချက်စကားမှာ လူငယ်တစ်ဦး၏ စာနာခံစားချက်ဖြစ်နေသဖြင့် ကန့်ကွက်ခြင်းမပြုနိုင်ဖြစ်ရလေ၏၊ ထို့ကြောင့် ထက်မြတ်နိုင်အား လိုအပ်သည်များ တွက်ချက်၍ ဟောပြောရလေ၏၊ ထက်မြတ်နိုင်လည်း လိုအပ်သည်များ မေးမြန်း၍ထွက်၍ သွားလေ၏၊

နောက် (၃) လခန့်ကြာသောအခါ ဒေါက်တာထက်မြတ်နိုင်နှင့် မခင်နှင်းပွင့်ဖြူတို့ထံမှ မင်္ဂလာဦး ကန်တော့သော လူကြုံဖြင့် ပေးပို့သည့် ပိုးလုံချည် တစ်ထည်နှင့် ကော်လံခေါင်းတုံးရှပ်ဖြူတစ်ထည် ရောက်ရှိလာလေ၏။

တပည့်ကျော် ချာလီဆွေသက်က ဝမ်းသာအားရ ဖွင့်ကြည့်ရင်း ...

"အံ့မယ် - ဆရာက မင်္ဂလာလက်ဖွဲ့မပေးရဘဲ ဇနီးမောင်နှံအသစ်စက်စက်ပို့တဲ့ လက်ဆောင်ရနေပြီပေါ့၊ ကိုထက်မြတ်နိုင်တို့ ဘယ်လိုအဆင်ပြေသွားသလဲ မသိဘူး၊ သိချင်တယ်"

"ဘယ်လို အဆင်ပြေရမလဲကွာ၊ ထက်မြတ်နိုင်ကို ဒီမှာ ဟောလိုက်တော့ တားရော့ကတ် ဘာထွက်လာသလဲ"

"မှတ်မိပါတယ်ဆရာ - No.6 Lovers ဆိုတဲ့ကတ်ပါ"

"အဲဒီကတ်က ဘာအဓိပ္ပာယ်လဲကွဲ့"

"အချစ်ရေးမှာ ဆိုရင်တော့ အထစ်အငေါ့လေးဖြစ်ပြီး ပြေလည်သွားမယ်လို့ ဟောနိုင်ပါတယ်၊ ရွေးချယ်မှုတွေ တွေ့ရမယ်"

"O.K-Right ဟုတ်တယ်"

"ဒါကြောင့် - သူတို့အချစ်ရေး ပြေလည်မယ်လို့ ဟောနိုင်တာပေါ့၊ ဟုတ်လား - ဆရာ"

"မဟုတ်ဘူး"

"ဗျာ - ဆရာကလည်း ဘာက ဟုတ်ပြီး ဘာက မဟုတ်တာလဲ"

"ဒီလိုပါကွာ - တကယ်က ထက်မြတ်နိုင်ရဲ့မိန်းကလေး ခင်နှင်းပွင့်ဖြူက စင်ကာပူက ဟိုတယ်မှာ Supervisor လုပ်နေတာပါ၊ ဒါကို ကံကြီးမောင်က ရအောင် စုံစမ်းနိုင်တယ်၊ စုံစမ်းလို့ရတော့ ခင်နှင်းပွင့်ဖြူနဲ့ တစ်ခန်းတည်းနေတဲ့ကောင်မလေးကိုပါ သိလာတယ်၊ ကံအားလျော်စွာ အဲဒီကောင်မလေးက ဆေးဝါးကျွမ်းကျင်သင်တန်း အတူတက်ခဲ့ဖူးတဲ့ ကံကြီးမောင် သူငယ်ချင်းပါ၊ ဒါနဲ့ တီးခေါက်ကြည့်တော့ ခင်နှင်းပွင့်ဖြူကလည်း ထက်မြတ်နိုင်ကို စိတ်ဝင်စားနေတယ်၊ ဒါနဲ့ ကံကြီးမောင်ကပဲ တမင်တကာ ကောင်းဆက်နိုင်နဲ့ ဖာတ်လမ်းသစ် ခင်းပေးလိုက်တာပါပဲ၊ နောက်တော့မှ ခင်နှင်းပွင့်ဖြူက ကောင်းဆက်နိုင်ဆိုတာ ထက်မြတ်နိုင်လို့ သိပြီးသားမို့ ကောင်းဆက်နိုင်ကို လက်ခံနေတာပါ၊ ဒါပေမဲ့ - ငါတို့ ဖာတ်လိုက်ကြီးက နှစ်ကိုယ်ခွဲပြီး တစ်ကိုယ်တည်း မနာလို အူတိုဖြစ်နေရရှာတယ်၊ နောက်ဆုံးတော့ ခင်နှင်းပွင့်ဖြူကပဲ ထက်မြတ်နိုင်ကို ကောင်းဆက်နိုင်ဆိုတာ အစ်ကိုပါပဲလို့ ကျွန်မ သိပါတယ် ပြောလိုက်တော့မှပဲ ငါတို့ လူလည်း ကျေနပ်ပြီး ချစ်ရေးဆို၊ ရင်ဖွင့် နှစ်ကိုယ်တူ မျှသွားတော့တာပါပဲကွာ၊ ဒါကြောင့် - Card No.6 အရ The Lovers ဆိုတဲ့ ကတ်ကြောင့် ဟောတာမှန်ပါတယ်၊ ဒါတစ်ခုတည်းတော့မဟုတ်ဘဲ ဖာတ်သိမ်းကို ကြိုသိနေလို့ သူတို့ အချစ်ရေးပြေလည်မှာပါလို့ အပိုင်ပြောနိုင်တာပေါ့ကွာ"

"ဒါဆို - ပညာရပ်သက်သက် မဟုတ်ဘူးပေါ့"

"မင်းကလည်း ဒုံးဝေးပါ့ကွာ၊ ပညာရပ်ကော၊ လက်တွေ့ဘဝကော ထပ်တူကျနေပါတယ်လို့ ပြောနေတာ သဘောမပေါက်နိုင်ဘူး"

"ဟုတ်ပါတယ် - ဆရာ၊ Online Face book ပေါ်မှာ အတုအယောင်တွေ ပေါသလို တကယ်မေတ္တာစစ်နဲ့ ချစ်သူတွေလည်း ရှိတာပါပဲ၊ ကျွန်တော့် Face book Account ပေါ်မှာလည်း သိကျွမ်းနေတဲ့ မိန်းကလေး ရှိနေပါတယ်"

"မိန်းကလေး မဟုတ်ပါဘူးကွာ၊ အသက် (၄၅) နှစ်လောက်ရှိတဲ့ ဈေးထဲက အမဲသားရောင်းတဲ့ အာရှာဘီဆိုတဲ့ ကုလားမကြီးပါ၊ သူက သူ့နာမည်ကို "ဒေဝီ" ဆိုပြီး တက်လာတာကို မင်းကလည်း ချာလီဆိုပြီး ပြန်ညှိလိုက်တယ်လေ၊ နောက်ပြီး ချိန်းတွေ့တော့မှ မတွေ့ရဲလို့ ပြန်လစ်လာတာပါကွာ၊ မင့်ဖာတ်လမ်းကို ကွမ်းယာဆိုင်က ကောင်မလေးတွေ ပြန်ပြောလို့ ငါသိပြီးသွားပြီ၊

ကျွန်ုပ်၏စကားကြားသောအခါ ချာလီဆွေသက်မှာ တုတ်ကွေးမိသော လဒအားလှည်းနင်းသွားသကဲ့သို့ မျက်လုံးမျက်ဆန်ပြူးပြီး စကားမပြောနိုင် ဖြစ်နေသဖြင့် အားပါးတရ ရယ်မောလိုက်ရပါတော့သည်။

စာဖတ်သူတွင် တားရော့ကတ် တစ်ထုပ်ရှိပြီး ဝါသနာအရ မိမိမေးခွန်း အတွက် ကတ်တစ်ကတ်ကို ဆွဲကြည့်သောအခါ No.6 The Lovers ဟူ သော ကတ်ထွက်ရှိလာပါက အောက်ပါအတိုင်း ဟောပြောနိုင်ပါသည်။

(၁) အချစ်ရေးအဆင်ပြေမည်၊ ပျော်ရွှင်ရမည်။

(၂) နစ်ယောက်ဖြစ်နေပြီး ရွေးရမည်။

(၃) အထစ်အငေါ့တစ်ခုတွေ့ပြီး အဆင်ပြေသွားလိမ့်မည်။

(၄) မရရှိသေးသော လက်ဆောင် အသုံးအဆောင်ဖြစ်ပါမည်။

(၅) ခရီးကောင်း ရှိပါသည်။

→→ ကောင်းသုခ

## စာရှုသူများသို့

ရွေးချယ်သောစာစုများကို ပြန်လည်ဝေမျှ
ညီတော်တို့၏ မိတ်ဆွေများထားပြောပါရန်။

အယ်ဒီတာအဖွဲ့
ဂျူရီလောကာ မဂ္ဂဇင်း



# မြေ့စင်ကန်က ချစ်ဇာတ်လမ်း

ထောင်မှူးကြီး ထိန်းဝင်း

မြေ့စင်ကန်ဆိုတာ ဆင်ဖုန်၊ မဒ (၂)ရွာကြားမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းပိုင် သောက်ရေကန်ကြီး ဖြစ်ပါသည်။ ဆင်ဖုန်၊ မဒဆိုတဲ့ ရွာ(၂)ရွာတလည်း ရွာချင်းစပ်နေလို့ နှစ်ရွာ၊ တစ်ရွာပေါင်းထားတဲ့ ရွာကြီးဖြစ်ပါတယ်။ မိုးရိပ်ချောင်းရဲ့ အရှေ့ဘက်ကမ်းမှာရှိပြီး လယ်ကွင်းတွေနဲ့ ဓနိခြံလုပ်ငန်းရှိတဲ့ရွာတွေပါ။ အဲဒီဘက်ကမ်းမှာပဲ စစ်ပင်ဆိုတဲ့ ရွာကြီးလည်း ရှိတယ်။ ရွာတွေဟာ တစ်ရွာနဲ့တစ်ရွာ အတော်လှမ်းပါတယ်။ ကွင်းရွာတွေဖြစ်လို့ လယ်ယာလုပ်ငန်း၊ လုပ်ကိုင်ကြ တဲ့ ရွာတွေပါပဲ။ မိုးရိပ်ချောင်းရဲ့အနောက်ဘက်ကမ်းမှာလည်း ကျွန်တော်တို့နေတဲ့ သယ်န်းကျွန်းကြီးရွာ၊ ပေါက်တလောက်နဲ့ ထားဝယ်ချောင်ဆိုတဲ့ ရွာတွေလည်း ရှိပါတယ်။ ကျွန်တော့်အဖေက အရောင်းအဝယ်ကုန်သည် လုပ်ပါတယ်၊ စပါး(၅၀၀)ပါ တုန်ကင်းကြီး တစ်စင်းကိုပိုင်ပြီး မိုးရိပ်ချောင်းထဲမှာ ဆန်စပါးနဲ့ဓနိကို အစုန်အဆန် သယ်ယူပြီး အုတ်ပုံဆိပ်ကမ်းလို့ခေါ်တဲ့ တောင်ဘက်စွန်းစွန်းက အရောင်းအဝယ်လုပ်တဲ့ နေရာကို ဗဟိုပြုပြီး ဓနိနဲ့ဆန်စပါးတွေကို မြို့နဲ့ ကျေးရွာတွေနဲ့ ဆက်သွယ်ပြီး ရောင်းဝယ်လုပ်ကိုင်သူပါ။ အမှန်တော့ – အဖေတို့ဟာ ကုန်သည်မျိုးရိုးတော့ပါဘူး။ လယ်သမား၊ ယာသမား၊ ကျေးရွာအုပ်၊ သူကြီးမျိုးရိုးပါ။



အဖေတို့က အင်္ဂလိပ်ခေတ်ဦး အဘိုးလက်ထက်ကတည်းက သယ်န်းကျွန်းကြီးရွာနဲ့ ပေါက်တလောက်၊ ထားဝယ်ချောင် ရွာ(၃)ရွာတို့ပါ အုပ်ချုပ်ရသော သူကြီးဖြစ်ပါသည့်(၃)ရွာအုပ်သူကြီးမျိုးရိုးဖြစ်ပါသည်။ အင်္ဂလိပ်လက်ထက်က နှစ်လုံးပြူးသေနတ်ကြီးနှင့် ရွှေစလွယ်ရ သူကြီးမျိုးရိုးဖြစ်သည်။ လယ်ဧက (၀၀၀)ကျော်၊ မိသားစုပိုင်ဖြစ်ပြီး ကျွဲ၊ နွားများနှင့် ဓနိခြံများလည်း များစွာပိုင်သောကြောင့် တောသူဌေးဘွဲ့နှံ၊ တောရွာလူကုထံများ ဖြစ်ကြပါသည်၊ ထိုအထဲကမှ ကျွန်တော်တို့အဖေက သူကြီးမလုပ်လိုဘဲ ဈေးသွားလာရခြင်းကို နှစ်မြို့က်သဘောကျသောကြောင့် ကုန်သည်လုပ်နေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ အမေနဲ့အဖေ အိမ်ထောင်ကျတော့ အမေ့ဘက်မှ မိဘများက ဆင်ဖုန်ရွာတွင် နေထိုင်ကြပြီး ဓနိခြံများနှင့် လယ်ဧကများစွာပိုင်သောကြောင့် အဖေတို့လက်ထက်တွင် ဆန်စပါးနှင့် ဓနိခြံလုပ်ငန်းများကို တိုးချဲ့ပြီး ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် – ကျွန်တော့်အဖေနှင့် အမေတို့ လက်ထက်တွင် ပိုမိုပြီးစီးပွားဖြစ်ထွန်းသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ကျွန်တော့်အား ၁၉၄၉ – ခုနှစ်၊ လွတ်လပ်ရေးရစတွင် သယ်န်းကျွန်းကြီးရွာ၌ မွေးပါသည်။ ထိုအချိန်အခါက လွတ်လပ်ရေးရပြီးခါစ အုပ်ချုပ်သူ အစိုးရက ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သော်လည်း အုပ်ချုပ်ရေးအတွေ့အကြုံ နုနယ်သေးသောကြောင့် တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်ဟူသော စကားအတိုင်း ပြည်မကတစ်မျိုး၊ ပြည်နယ်များကတစ်မျိုး ခွဲထွက်ရန် ကြိုးပမ်းနေသောအချိန်၊ ရောင်စုံသူပုန်ခေတ် ဖြစ်ပါသည်။ ဦးနုအစိုးရက မြန်မာနိုင်ငံတစ်နံတစ်လျားကို အုပ်ချုပ်မှုအာဏာ မဖြန့်ကျက်နိုင်ဘဲ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်ကွက်ကွက်ကလေးကိုသာ အုပ်ချုပ်နိုင်သောကြောင့် ရန်ကုန် အစိုးရဟု ခေါ်တွင်နေသောအချိန် ဖြစ်ပါသည်။ ထို့ကြောင့် ဈေးသွားလာပြီး ဒေသဆိုင်ရာ လူကြီးများ၊ သူဌေးသူကြွယ်၊ ကုန်သည်များနှင့်ပေါင်းပြီး မျက်စိပွင့်နေသော အဖေက ခေတ်ကာလအခြေအနေကို တွက်ဆပြီး ရန်ကုန်မြို့လယ်ကောင်နှင့် မနီးမဝေး၊ အသွားအလာ အဆက်သွယ်ကောင်းပြီး လူနေစိပ်

သော သမိုင်းဟူသည့် ရပ်ကွက်ကြီးအတွင်းတွင် ခြံကြီးဝင်းကြီးနှင့် အင်္ဂလိပ်ခေတ်ပုံစံ၊ နှစ်ထပ်အိမ်ကြီးပါဝင်သော အိမ်ဝင်းကြီးအား ကြိုတင်၍ ဝယ်ယူထားခြင်း ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်ဝေးသော တောရွာများတွင် ရောင်စုံသူပုန်များကြောင့် ရပ်ရွာ မငြိမ်မသက်ဖြစ်ပြီး အခြေအနေမကောင်းလျှင် သမိုင်းရှိ အိမ်ကြီးသို့ မိသားစုများ ပြောင်းရွှေ့နေထိုင်ရန်နှင့် ကျွန်တော်တို့သားသမီးများ ပညာဆက်လက်သင်ကြားရေးအတွက် အဖေ၏ အမြော်အမြင်ဖြင့် လုပ်ဆောင်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်ကာလအခြေအနေအရ ကျွန်တော်တို့ညီအစ်ကိုမောင်နှမများနှင့်အမေအပြင်အဘိုးနဲ့အဘွားပါသမိုင်းရပ်ကွက်ရှိ အိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။

အဖေကတော့ သူ၏သူငယ်ချင်းများ၊ အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ ရှိသောကြောင့် ရွာမှ မခွာနိုင်သေးပါ၊ ထို့အပြင် အဖေမှာ စွန့်စားသွားလာသော ဝါသနာပါသူ ဖြစ်သည့်အပြင် သတ္တိလည်း ကောင်းသောကြောင့် ဂျပန်ခေတ် သေမင်းတမန်လမ်းမကြီး ဖောက်လုပ်ရန်အတွက် သံဖြူဇရပ်သို့ ရွေးတပ်စွဲရာ၌ပင် ဘော်လံတီယာလုပ်၍ မိမိသဘောဖြင့် လိုက်သွားပြီး အတွေ့အကြုံယူခဲ့သူဖြစ်သည်။ ထို့ကြောင့် အဖေက ထိုခေတ် ထိုအခါတွင် ခေတ်အမြင်ကျယ်ပြီး ခေတ်မီသူ၊ ပစ္စည်းဥစ္စာ ကြွယ်ဝသူတစ်ဦး ဖြစ်ပါသည်။

ကျွန်တော် ကြီးပြင်းလာတော့ အစ်ကို၊ အစ်မများ တက်ရောက်ပညာသင်ကြားခဲ့သော သမိုင်းမြို့မ ကျောင်းကြီးသို့ ဆက်လက်၍ ပညာသင်ကြားခဲ့ရပါသည်။ ကျောင်းပိတ်ရက်များတွင်တော့ ကျွန်တော် အဖေနှင့်လိုက်ပြီး အဖေ့လုပ်ငန်းတည်ရှိရာ ကျေးရွာများသို့ တစ်ရွာပြီးတစ်ရွာ ဝင်ထွက်သွားလာရသည်၊ တံ့ကင်းကြီးပေါ်သို့စပါးများတင်၍လည်းကောင်း၊ ရာသီအလိုက်၊ နှမ်းပျစ်များ တင်၍လည်းကောင်း၊ ကန်တွင်းတောဟု ခေါ်ဆိုသော သာမှုကန်တောမှ ဝါးများ တင်ဆောင်၍လည်းကောင်း သွားလာရသည်ကို ကျွန်တော် အလွန်ပျော်ပါသည်၊ ငမိုးရိပ်ချောင်းအတွင်း၌ သွားလာနေစဉ်တွင်လည်း



ကောင်း၊ ရွာများသို့ရောက်၍ အဖေနှင့် အလုပ်သမားများ တံ့ကင်းကြီးပေါ်သို့ စပါးတင်စဉ် နှမ်းပျစ်များ တင်ရိုန်၌လည်းကောင်း အားလပ်နေသော ကျွန်တော် လေးခွတစ်ချောင်းနှင့် ငှက်ပစ်ရသည်ကို အလွန်ဝါသနာပါပြီး ပျော်ရွှင်ပါသည်။

ငမိုးရိပ်ချောင်း ကမ်းစပ်တစ်လျှောက်၌ ရေဝမ်းဘဲနှင့် ဗျိုင်းအောက်၊ ရေစစ္စလီငှက်များ အလွန်ပေါများလှပါသည်၊ ဆင်ဖုန်၊ မဒရွာအနီးရှိ ခြေစင်ကန်ဟူသော သောက်ရေကန်အနီးတွင် မန်ကျည်းပင်၊ မြန်မာကုက္ကိုပင်၊ မဲဇလီပင်နှင့် ညောင်ရှဥ်ပင်ကြီးများ အရိပ်ကောင်းသည့်အပြင် ခြေစင်တန်၏ အရှေ့ဘက်လယ်ကွင်းများဖြင့် ထိစပ်နေသောနေရာ၌လည်း ကြာမျိုးစုံ ဖူးပွင့်နေသော၊ ကျွဲ၊ နွားများ သောက်သုံးရန် ရေကန်ကြီးလည်း ရှိပါသည်။ ထိုရေကန်ကြီး၏ အရှေ့ဘက်ထိပ်၌လည်း လက်ပံပင်ကြီးများရှိရာ လက်ပံပင်ကြီးများပေါ်၌ ဆက်ရက်ငှက်နှင့် ကျီးကန်းများ ကျက်စားကြပြီး ကြာကန်အတွင်း၌ ရေကြက်၊ ရေဘဲ၊ ဗျိုင်းအောက်နှင့် ရေစစ္စလီ စသော ရေပျော်ငှက်များ ကျက်စားကြရာ ငှက်ပစ်ဝါသနာပါသော ကျွန်တော့်အတွက် ချောင်းမြောင်း၍ ငှက်ပစ်ရန် အလွန်ကောင်းသောနေရာများ ဖြစ်ကြပါသည်၊ ထို့ ကြောင့်ပင် ဆင်ဖုန်၊ မဒရွာများသို့ ရောက်ရှိပြီး အဖေ စပါးနဲ့ နှမ်းလုပ်ငန်းများ လုပ်ကိုင်နေစဉ်၌လည်းကောင်း၊ ကိစ္စမပြတ်၍ အဘိုးတို့အိမ်ကြီး၌ ညအိပ်ညနေ တည်းခိုရသောအခါများ၌လည်းကောင်း ဆင်ဖုန်၊ မဒရွာများနှင့် မနီးမဝေးတွင်ရှိသော ခြေစင်ကန်ကြီးမှာ ကျွန်တော်နှင့် မစိမ်းတော့ဘဲ ကျွန်တော် ကန်ဘောင်ပေါ် မန်ကျည်းပင်ရိပ်၊ ခုံတန်းလျားများပေါ်တွင် အနားယူအပန်းဖြေရင်း ပျော်ခြင်းခဲ့ရာနေရာများ ဖြစ်ပါသည်။

ထို့ကြောင့် ဝယ်စဉ်ကတည်းက စွဲလမ်းခဲ့ပြီး ရိုးပြတ်နှံ့သင်းသော ကွင်းလေကို ရှူရှိုက်ပြီး အပန်းဖြေခဲ့ရာ အေးချမ်းသာယာသည့် နေရာကလေးဖြစ်ပါသည်၊ ထို့ကြောင့်ပင် ကျွန်တော် အဖေနှင့် ဆင်ဖုန်၊ မဒရွာများသို့ မကြာခဏ ရောက်ရှိခဲ့သော်လည်း ခြေစင်ကန်ပေါင်ပေါ်ရှိ နှစ်ချို့သစ်ပင်ကြီးများ၏အရိပ်အောက်တွင် အနားယူ အပန်းဖြေခဲ့ရသည်မှာ အကြိမ်ပေါင်းများစွာ

ရှိသောကြောင့် အများသူငါ ကြောက်လန့်၍ နေဝင်ချိန်တွင် သွားရောက်လေ့မရှိသော ဖြေစင်ကန်ပေါင်ရိုးပေါ်တွင် ကျွန်တော်တစ်ဦးတည်း နားနေရခြင်းကို အလွန်နှစ်သက်ပါသည်။ အများသူငါ ပြောကြသော ဖြေစင်ကန်ပေါ်တွင် ဥစ္စာစောင့်နှင့် သရဲ၊ တစ္ဆေများ ရှိသည်ဟု ပြောစကားများကိုလည်း ကျွန်တော် မယုံကြည်ပါ။ ထို့ကြောင့် မုဆိုးဖာတာပါသူပီပီ၊ အကြောက်အလန့်လည်း မရှိခဲ့ပါ။ လူကြီးများကလည်း ကနဦးတွင်သာ ဖြေစင်ကန်ပေါ်သို့ ညနေနေဝင်ခါနီး ရွာရိုင်းသွင်းချိန်တွင် မသွားရန် တားမြစ်ကြသော်လည်း ကြာလာတော့ ရိုးသွားဟန်ဖြင့် ကျွန်တော့်အား တားမြစ်ခြင်း လုံးဝမပြုကြတော့ပါ။ ထို့ကြောင့် ကျွန်တော် (၅)နှစ်၊ (၆)နှစ်သားခန့်ပင် ရင်းနှီးကျွမ်းဝင်ခဲ့သော ဖြေစင်ကန်ကြီးမှာ ကျွန်တော် ကြီးပြင်းလာပြီး အသက်(၁၅)နှစ်သား လူပျို ပေါက်အရွယ်တွင် ကျွန်တော့်အား စိတ်ချမ်းမြေ့မှုများကိုပေးသော အိုအေစစ်လေးသဖွယ် ကျွန်တော် မှတ်ယူထားပါသည်။

☯

ကျွန်တော့်အဖေ၏လုပ်ငန်းမှာ ခနိုးခြံများလည်း ရှိသောကြောင့် ခနိုးပျိုးများထိုးရန်အတွက်ကြသောင်းဝါးများကိုခနိုးထိုးရာသီတွင်အမြဲတမ်းလိုအပ်နေပါသည်။ ထိုဝါးများကို သဃ်န်းကျွန်းကြီးရွာ၏အနောက်ဘက်၊ ရန်ကုန် - ပြည်လမ်းမကြီး၏အနီးတွင်ရှိသော ကန်တွင်းတောခေါ် သာမုကန်တောကြီး အတွင်း၌ သွားရောက်ခုတ်ယူရပါသည်။ ကန်တွင်းတောနှင့် ကျွန်တော်တို့ သဃ်န်းကျွန်းကြီးရွာမှ (၃)၊ (၄)၊ (၅) မိုင် ဝေးပါသည်။ ထို့ကြောင့် - တစ်ခါ တောတက်လျှင် လှည်း(၁၀)စီးခန့် စီစဉ်ပြီး အဖေနှင့် သူ၏ မိတ်ဆွေများက အပျော်တမ်း အမဲလိုက်၍ ရရှိသော တောကောင်များကို ချက်ပြုတ်ကျွေးမွေးရပါသည်။ ငယ်စဉ်ကပင် အဖေ၏ပီဖပါသော ကျွန်တော် ကန်တွင်းတောအတွင်း၌ အမဲလိုက်မုဆိုးလုပ်၍ တောကောင်များကို ပစ်ခတ်ရခြင်းကိုလည်း အလွန်သဘောကျပါသည်။



ဝါးလှည်းအစီး(၁၀)စီးပြည့်ရန်အတွက် ကန်တွင်းတောသို့တက်လျှင် အနည်းဆုံး (၅)ညအိပ်၊ (၃)ရက် ကြာတတ်ပါသည်။ ဤသည်မှာလည်း ကျွမ်းကျင်သော ဝါးခုတ်သမားများပါမှသာ ဖြစ်ပါသည်။ မကျွမ်းကျင်သူများအား ခေါ်ဆောင်သွားမိပါက ဝါးရှုံရှာရသည်နှင့် ဝါးခုတ်ရသည်တို့မှာ အချိန်အလွန်ကြာတတ်သည်၊ ထို့ကြောင့် ဝါးခုတ်ရန် တောတက်ရာ၌ (၄)၊ (၅)ရက် ကြာတတ်ပါသည်၊ အချိန်ကြာသည်နှင့်အမျှ အလုပ်သမားများအား ကျွေးမွေးစရိတ်နှင့် နေ့တွက်စရိတ်မှာ ထောင်းလာတတ်ပါသည်၊ ထို့ကြောင့် အဖေတောသူ အမြဲတမ်း ငှားရမ်းသုံးလေ့ရှိသော လှည်းသမားများနှင့် ဝါးခုတ်သမားများကိုသာ ငှားရမ်းအသုံးပြုလေ့ ရှိပါသည်၊ လူဟောင်း၊ လူရင်းများဖြစ်သောကြောင့် ဝါးရှုံရှာခြင်း၊ လိုအပ်သော ဝါးအမျိုးအစားကိုသာ ခုတ်ယူခြင်းတို့အတွက် ပြောစရာမလို၊ သင်စရာမလို၊ ကျွမ်းကျင်ကြသူ ဖြစ်သောကြောင့် အချိန်မကုန်ကြပါ။ ထို့ကြောင့် - ကျွန်တော့် အဖေနှင့် အဖေ့မိတ်ဆွေ တောခေါင်းကြီး၊ ရဲအုပ်ကြီးတို့နဲ့ အတူတွဲ၍ ကန်တွင်းတောထဲ၌ အမဲလည်ရင်း ကျွမ်းကျင်သော မုဆိုးတစ်ဦး ဖြစ်လာပါသည်။ ထို့ကြောင့် ကျွန်တော့်ဘဝမှာ စာသင်ခန်းများ၌ စာသင်ကြားခြင်း၊ ကန်တွင်းတော၌ အမဲလည်ခြင်းနှင့် ငမိုးရိပ်ချောင်းအတွင်း လှည့်လည်၍ ဖြေစင်ကန်ပေါင်ပေါ်အရိပ်ကောင်းလှသည့် သစ်ပင်ကြီးများအောက်၌ အေးချမ်းစွာ အနားယူရင်း ကြီးပြင်းလာရသည်ဟု ပြောရမည် ဖြစ်ပါသည်၊

တစ်နေ့သော နေ့လယ်ခင်းတွင် ကျွန်တော်နှင့်အဖေ ဆင်ဖုန်ရွာရှိအဘိုးတို့အိမ်ကြီးတွင် ညအိပ်တည်းခိုနေထိုင်ပြီး နေ့လယ်နေ့ခင်း အားလပ်သော အချိန်တွင် ကျွန်တော်တစ်ဦးတည်း ဖြေစင်ကန်ပေါင်ပေါ်ရှိ မန်ကျည်းပင်အောက် ခုံတန်းလျားပေါ်တွင် အနားယူနေမိုက်ဖြစ်ပါသည်။ ထိုအချိန်တွင် ရွာမှ အပျိုများ ရေခပ်ဆင်းခြင်း မရှိကြပါ၊

အမျိုးသမီးတစ်ဦး ရေခပ်ဆင်းလာသည်။ တခြားအမျိုးသမီးများလို သောက်ရေအိုးကို ရွက်၍ ဆင်းလာခဲ့ခြင်း မဟုတ်ပါ။ သူ့ပုံစံက တစ်မူထူးဆန်းနေပါသည်။ သောက်ရေအိုးကို ညာလက်ဖြင့် ပိုက်ပြီး ဘယ်ပခုံးပေါ်တွင်

ခေါင်းခုလုပ်သော တဘက်ဟောင်းတစ်ထည် တင်ထား၍ ရင်လျားဖြင့်လည်း မဟုတ်။ အင်္ကျီလက်စကကို အပြည့်အစုံ ဝတ်ထားသည်။ မုန်းဆကြည့်ခြင်းဖြင့် ဆင်ဖုန်၊ မဒရွာများမှ ရေခပ်ဆင်းလေ့ရှိသည့် အမျိုးသမီးတစ်ဦး မဟုတ်မှန်းတော့ သေချာပါသည်။ ကျွန်တော်လည်း ကြည့်စရာမရှိသောကြောင့် လှုပ်ရှားမှုပြုနေသော သူမအား အမှတ်တမဲ့ ငေးစိုက်ကြည့်ရှုနေမိပါသည်။ သူမကလည်း ကျွန်တော့်ကို မြင်လျှင်မြင်မည် ဖြစ်သော်လည်း ကျွန်တော့်ဘက်သို့ လှမ်းကြည့်ခြင်းပင် မရှိပါ။ သူမအလုပ်ကိုသာ ဂရုစိုက်၍ လုပ်နေဟန်ရှိသည်။ ကန်ပေါင်ပေါ်၌ သူမစီးလာသော ပိန်းတန်းဖိနပ်ကလေးကို ချွတ်ပြီးနောက် ရေဆင်းတံတားသို့ ဆင်းသည်။ ပြီးနောက် - သောက်ရေအိုးကို ပိုက်၍ ကန်ပေါင်ပေါ်သို့ ပြန်တက်သည်။

ကန်ပေါင်ပေါ်ရှိ သူမ ချွတ်ထားခဲ့သော ဖိနပ်ကလေးအနီးတွင် သောက်ရေအိုးကို ခေတ္တချ၍ ခေါင်းခုလုပ်ရန် သူမ ပခုံးပေါ်ရှိ တဘက်ကလေးကို ခွေ၊ ခေါင်းပေါ်တင်ပြီး ဖိနပ်စီးပြီးမှ သောက်ရေအိုးကို ရွက်ဟန်ပြုသည်။ လုပ်လေ့မရှိသောပုံစံဖြင့် ခေါင်းခုတဘက်က ပြေ၍ကျသည်။ ထို့နောက် တစ်ဖန် သူမက ကြိုးစားပြန်သည်၊ သို့သော် - အဆင်မပြေဟန်မတူ။ သူမ ရေအိုးကို ခေါင်းပေါ်သို့ မ,တင်ရန် မနိုင်နင်းပါ။ ထို့ကြောင့် အမြင်မတော်သော ကျွန်တော်က အပြေးသွား၍ သောက်ရေအိုးကို သူမ၏ ခေါင်းပေါ်သို့ မ,တင်၍ ပေးလိုက်ရတော့သည်၊ သူမက စကားတစ်ခွန်းမျှ ပြောဆိုခြင်းမရှိတော့လည်း ကျွန်တော့်အား ကျေးဇူးတင်ဟန်ဖြင့် ပြုံး၍နှုတ်ဆက်ပြီး ရွာတွင်းသို့ တစ်လှမ်းချင်း ဝင်သွားပါတော့သည်၊ ထိုအမျိုးသမီးမှာ ကျွန်တော် မြင်ဖူး၊ တွေ့ဖူးနေကျ ရွာသူတစ်ဦးမဟုတ်မှန်းတော့ ကျွန်တော် ထင်မိပါသည်၊

နေ့လယ်နေ့ခင်း၌လည်း လှုရှင်းနေသော ကြာကန်အတွင်းမှ ကြက်၊ ငှက်များကို ကျွန်တော် မောင့်ဆိုင်းပြီး ချောင်းမြောင်း၍ ပစ်ခတ်သည်၊



ရေကြက်၊ ရေငှက်များ ကြောက်လန့်တကြား ပျံသန်းသွားသောအခါ၌လည်း ကြာကန်အနီးရှိ ဆက်ရက်ငှက်နှင့် ကျီးကန်းများအား ကျွန်တော် ပစ်ခတ်ပြန်ပါသည်။ ငှက်များ အတော်ရမှ အဘိုးအိမ်သို့ပြန်၍ အိမ်စောင့်၊ အဘိုး၏ တူအား ကြက်ငှက်များကို ညနေစာအတွက် ကြော်ချက်ခိုင်းပါသည်။ ညနေချမ်း နေဝင်ခါနီးအချိန် လူသူကင်းသော ဖြေ့စင်ကန်ပေါင်ပေါ်သို့ ကျွန်တော် တစ်ဦးတည်းသွားပြီး အနားယူ အပန်းဖြေပြန်ပါသည်၊

ထိုအချိန်တွင် ဖြေ့စင်ကန်ပေါင်ပေါ်၌ စပါးရိတ်သိမ်းပြီးစ ရိုးပြတ်နှံ့သင်းသော လေနုအေးကလေးကိုလည်းကောင်း၊ ငမိုးရိပ်ချောင်းအား ဖြတ်သန်းတိုက်ခိုက်လာသည့် လေအေးကလေးကိုလည်းကောင်း ရှူရှိုက်ရင်း ကျွန်တော် တစ်ဦးတည်း ကန်ပေါင်ပေါ်၌ အနားယူ အပန်းဖြေနေမိပါသည်။

ထိုအချိန်က နေဝင်ခါနီးအချိန်ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ကြီးမှာ အလွန်လှပ သာယာနေပါသည်။ တောက်ပသော နေရောင်ခြည်မှာ အလင်းရောင်နည်းပြီး မှုန်မှိုင်းသော အလင်းရောင်သာ ကျန်ရှိတော့သည်။ ထိုအချိန်မျိုးကို ကျွန်တော် အလွန်နှစ်သက်ပါသည်၊ ဖြေ့စင်ကန်ပေါ်၌ ကျွန်တော် ရောက်စက ရေခပ်ဆင်းသူ တစ်ဦး၊ နှစ်ဦးစသာ ရှိသေးသော်လည်း ယခုလို နွားရိုင်းသွင်းချိန် ခေါ်ဆိုရမည့်အချိန်တွင် တစ်စုံတစ်ယောက်မျှ မရှိကြတော့ပါ။

ထိုအချိန်တွင် နေ့လယ်က မြင်ခဲ့ရသော အမျိုးသမီးလေး ရေခပ်ဆင်းလာပြန်ပါသည်။ ထို့ကြောင့် - သူမ ရေဆင်းတံတားသို့ ဆင်း၍ ရေခပ်ပြီး ကန်ဘောင်ပေါ်သို့ပြန်တက်လာသည်နှင့် ကျွန်တော်က ကန်ပေါင်ပေါ်တွင် အဆင်သင့်စောင့်ကြိုပြီး ရေအိုးကို မ,၍ သူမ၏ခေါင်းပေါ်သို့ တင်ပေးလိုက်ပါတော့သည်၊ ထိုအခါတွင်တော့ သူမက ကျွန်တော့်အား အသေအချာ ပြုံး၍ကြည့်ပြီး ...

"ကျေးဇူးတင်ပါတယ် - အစ်ကို၊ အစ်ကို့ကို အရင်အခါများက ကျွန်မ ဒီရွာမှာ မမြင်မိပါဘူး၊ ဧည့်သည်ပဲ ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဧည့်သည်ပါ၊ ဒါပေမဲ့ - ဆေးဆရာကြီး အဘိုးဦးရွှေမွန်းရဲ့မြေးအရင်းပါ။ ကျွန်တော့်အမေက အဘိုးဦးရွှေမွန်းရဲ့သမီး

ဒေါ်မြခင်ပါ။ ကျွန်တော့်အဖေရဲ့လုပ်ငန်းက စပါးနဲ့ ခနီအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ရတာမို့ ကျောင်းပိတ်ရက်တိုင်း ကျွန်တော် ဒီရွာကို လိုက်လည်ပြီး ကျွန်တော်အလွန်နှစ်သက် သဘောကျတဲ့ ဒီကန်ပေါင်ရိုးပေါ်မှာ အေးအေးဆေးဆေး တစ်ယောက်တည်း အနားယူ အပန်းဖြေနေမိတာပါ"

"ဟုတ်ကဲ့ရှင့် - ကျွန်မကလည်း ဆင်ဖုန်ရွာသူပါပဲ။ မြို့ပေါ်မှာ ကျောင်းနေတာမို့ ကျောင်းပိတ်ရက်ကျခါမှ မိဘတွေ အိမ်ပြန်ပြီး နားရတာပါ"

"ညီမတို့က ဆင်ဖုန်ရွာ ဘယ်အပိုင်းမှာ နေတာလဲ"

"ဩော် - ကျွန်မတို့က ရွာလယ်ပိုင်းမှာပါ။ အဖေက ဦးဖိုးရှင့်၊ အမေက ဒေါ်မယ်နီလို့ ခေါ်ပါတယ်၊ ဆင်ဖုန်ရွာ ဆယ်အိမ်ခေါင်းနဲ့ လယ်သမားမျိုးရိုးပါပဲရှင့်"

"ဟုတ်ကဲ့ - အခုလိုသိရတာ ကျေးဇူးတင်ပါတယ်၊ နောင်ကျောင်းပိတ်ရက်တွေမှာလည်း ဆုံကြတာပေါ့"

"ဟုတ်ကဲ့ပါရှင့်၊ ကျွန်မလည်း လူရှင်းချိန်ကျခါမှ ရေခပ်ဆင်းလေ့ ရှိပါတယ်"

သို့နှင့် ထိုအချိန်ကစပြီး ကျွန်တော်တို့ချင်း မိတ်ဆွေဖြစ်ခဲ့ကြခြင်း ဖြစ်ပါသည်၊ သို့သော် တစ်ဦးနာမည်ကိုပင် တစ်ဦး မေးမြန်းစုံစမ်းမိခဲ့ခြင်းပင် မရှိခဲ့ပါ။

နောက်(၁)လခန့်အကြာ ဝါဆိုလပြည့်နေ့နှင့် တနင်္ဂနွေကျောင်းပိတ်ရက် ဆုံသောနေ့များတွင်လည်း ကျွန်တော်နှင့် ထိုအမျိုးသမီးကလေးတို့ ဖြောင့်ကန်ပေါင်ရိုးပေါ်၌ ဆုံတွေ့ခဲ့ရပြန်ပါသည်၊ ထိုအချိန်တွင်တော့ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ ဆက်ဆံမိခဲ့ကြပါသည်၊ ထိုအချိန်ခါမှ သူမအမည် မမြစိမ်းဖြစ်ပြီး ကျွန်တော်၏အမည် တင့်ထူးဝေ ဖြစ်ကြောင်း၊ အထက်တန်းကျောင်းသားများဖြစ်ကြကြောင်း တစ်ဦးကိုတစ်ဦး ပြောဆိုမိကြတော့သည်၊



နွေရာသီကျောင်းကြီးပိတ်တော့ ကျွန်တော်နှင့် မမြစိမ်းတို့ ဆင်ဖုန်ရွာ ဖြောင့်ကန်ပေါင်ရိုးပေါ်၌ ပြန်လည်ဆုံမိကြပြန်ပါသည်၊ ထိုအခါတွင်တော့ တစ်ဦးနှင့်တစ်ဦး မစိမ်းကြတော့ပါ။ သူမကလည်း ကျွန်တော့်အား ရင်းနှီးစွာဖြင့်ရေခပ်ဆင်းလာသောအချိန်တွင် ရေမခပ်သေးဘဲ ကျွန်တော်ရှိရာ မန်ကျည်းပင်ကြီးအောက် ခုံတန်းလျားသို့ လာပြီး စကားပြောကြသည်၊ ရေခပ်ရာ၌လည်း ယခင်အချိန်များကလို နေ့လယ်တစ်ခေါက်၊ ညနေတစ်ခေါက်သာ မဟုတ်တော့၊ ကျွန်တော့်အားကိုးဖြင့် တစ်ကြိမ်ခပ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် ရေခပ်ဆင်းတော့သည်၊ ထို့ကြောင့် ကျွန်တော်တို့ အလွန်ရင်းနှီးသော အပေါင်းအသင်းများအဆင့်သို့ ရောက်ရှိသွားကြသည်ဟု ပြောဆိုနိုင်ပါသည်၊

ထိုကျောင်းပိတ်ရက်အတွင်း မသိစိတ်က အရိပ်ထင်ပြီး ကျွန်တော်နှင့် သူမတို့ ဖြောင့်ကန်ပေါင်ရိုးပေါ်၌ ဆုံမိကြသည်၊ အကြိမ်ပေါင်းများလာတော့ ကျွန်တော်တို့နှစ်ဦး မတွေ့ရ မနေနိုင်ဖြစ်လာပြီး အလိုအလျောက် တစ်ဦးကိုတစ်ဦး နားလည်သောချစ်သူများဘဝသို့ ရောက်ရှိခဲ့ကြသည်၊ ကျောင်းကြီးဖွင့်ခါနီးတွင် ကျွန်တော်တို့ အောင်စာရင်းများ ထွက်ပြီးသည်နှင့် တက္ကသိုလ်သို့ တက်ကြရမည်၊ ကျောင်းသား ကျောင်းသူများ ဖြစ်နေကြပြီ ဖြစ်ပါသည်၊ သို့သော် - စာမေးပွဲ အောင်စာရင်းအမှတ် အခြေအနေအရ မည်သည့် တက္ကသိုလ်သို့ တက်ရောက်ကြရမည်မှန်း မသိနိုင်ကြသေးပါ၊ ထိုအချိန်မှစ၍ ကျွန်တော်တို့ချင်း မတွေ့ကြသည်မှာ အတော်ကြာသွားပါသည်၊

(၁၀)တန်းစာမေးပွဲ အောင်မြင်ပြီးနောက် အမှတ်မီရာ တက္ကသိုလ်များသို့ လျှောက်ထားပြီး တက္ကသိုလ်ကျောင်းကြီးသို့ တက်ရောက်ရန်အတွက် ပြင်ဆင်နေရသော အချိန်ဖြစ်သောကြောင့် ကျွန်တော် အဖေနှင့်မလိုက် ဖြစ်တော့ပါ၊ ခနီရာသီလည်း ကုန်ဆုံးသွားပြီး လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ရန် အချိန်ယက်ရသော ရာသီဖြစ်သောကြောင့် အဖေတို့လည်း လယ်သမားမျိုးရိုး အဖေ့ဘက်နှင့် အမေ့ဘက်မှ အမွေရသော လယ်ယာများကို ဦးစီးလုပ်ကိုင်နေရသောကြောင့် မအားလပ်သောအချိန် ဖြစ်ပါသည်၊

ထို့ကြောင့် ကန်တွင်းတောသို့ပင် အမဲလိုက်ရန် မဝင်ဖြစ်ကြဟု သိရသည့် ခေတ်အခြေအနေကလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြစ်သောကြောင့် လက်နက်များကိုအစိုးရကပြန်လည်သိမ်းဆည်းထားသောကြောင့် စစ်တပ်နဲ့ ရဲ၊ သစ်တောဘက်ဆိုင်ရာ ဝန်ထမ်းများ၏ တရားဝင်ကိုင်ဆောင်သော လက်နက်များမှအပ၊ အခြားလက်နက်များကို ကိုင်ဆောင်ခွင့်မပြုတော့သော အချိန်ကာလလည်း ဖြစ်သည်။

တက္ကသိုလ်ကျောင်းများ ပြန်ဖွင့်ကြသောအချိန်တွင် ကျွန်တော့်မှာ ရန်ကုန်ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်မြန်မာစာ အဓိကဘာသာဖြင့် ကျောင်းတက်ခွင့် ရပါသည်။ ကျွန်တော် လိုချင်သည်က သစ်တောသိပ္ပံ (သို့) စိုက်ပျိုးရေးဘွဲ့ဖြစ်သည်။ သို့သော် - အမှတ်က မီဟန်မတူ။ ထို့ကြောင့် မေဂျာဘာသာတွဲကိုသာ ရရှိခြင်းဖြစ်ပါလိမ့်မည်၊ ထိုခေတ် ထိုအခါက ဘွဲ့တစ်ခုရရန်ကို အရေးကြီးသောကြောင့် ရရာဘွဲ့၌ ထူးချွန်အောင်မြင်ရန်ကိုသာ ကြိုးစားရမည့်ဖြစ်ပါသည်၊ ထို့ကြောင့် ပထမနှစ်က ကျွန်တော် စာပေကိုသာ လုံးပမ်းနေသောကြောင့် အိမ်၌ပင် ကပ်နေပြီး ကျောင်းနှင့် အိမ်နှင့်သာ ကူးသန်းသွားလာနေမိပါသည်၊ စကားနည်းသော ကျွန်တော့်အတွက် အပေါင်းအသင်းလည်း နည်းပါသည်၊ အေးဆေးစွာနေလိုသော ကျွန်တော်သည် အပေါင်းအသင်းနည်း သည်ကိုပင် သဘောကျနေမိပါတော့သည်၊

နွေရာသီတွင်ပထမနှစ်ပြီးဆုံးသောအခါ လွန်စွာအားလပ်နေပြန်သည်၊ (University Life) ဆိုသည်မှာ ယခင်အထက်တန်းကျောင်းနေစဉ်က (၁၀) တန်း စာမေးပွဲဖြေရသလို ကြိုးစားရုန်းကန်ပြီး တာဝန်ကြီးမားခြင်း မရှိပါ၊ အလိုက်သင့် ပျော်ရွှင်စွာ စာသင်ရင်း ပထမနှစ်ဝက် စာမေးပွဲဖြေဆို၍ရသော အမှတ်နှင့် ဒုတိယနှစ်ဝက် ဖြေဆို၍ရသော အမှတ် (၂) မျိုးကို ပေါင်းခြင်းကြောင့် စာမေးပွဲဖြေရသည်မှာ ပထမအကြိမ်ညံ့ဖျင်း၍ စာမေးပွဲအမှတ်နည်းပြီး ကျရှုံးလျှင်တောင်မှ ဒုတိယနှစ်ဝက်တွင် အားကျိုးမာန်တက် ဖြေဆိုနိုင်လျှင် လွယ်ကူစွာအောင်မြင်နိုင်သော အခြေအနေ ဖြစ်ပါသည်။



ဒုတိယနှစ်တွင် ကျွန်တော် စာမတတ်သူပပျောက်ရေး (အသုံးလုံး) ကျေးသင်တန်းသို့ ပညာဒါနဖြန့်ဝေရန် လိုက်ပါမိပါသည်။ ထိုနှစ်က ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူကျောင်းသားများ တာဝန်ထမ်းဆောင်ရသည့်နေရာဒေသမှာ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ဖြစ်ပါသည်။ ထိုနေ့က ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများအဖွဲ့ ကျောက်ဆည်ဘူတာမှတစ်ဆင့် စဉ့်ကိုင်မြို့နယ်၊ အထက်တန်းကျောင်းကြီးသို့ ကားများဖြင့် စုရပ်အဖြစ် သွားကြရပါသည်။

ကျောက်ဆည်မြို့မှာ သစ်ပင် ပေါ်များသော်လည်း အညာဒေသဖြစ်ပြီး လွန်စွာမှ ပူအိုက်ပြီး ခြောက်သွေ့ပါသည်၊ ထိုကျောင်းကြီး၌ ညအိပ်ရပ်နားကြစဉ် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူအချင်းချင်း ဆုံမိကြတော့မှ ကျွန်တော်နှင့် မမြစိမ်းတို့ ပြန်လည်တွေ့ဆုံရခြင်း ဖြစ်ပါသည်၊

"ဟင် - မမြစိမ်းပါလား။ ဘယ်တက္ကသိုလ်မှာ သင်ရသလဲ၊ ကျွန်တော်တတော့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှာ မြန်မာစာအဓိကနဲ့ တက်နေပါတယ်"

"ကျွန်မလည်း ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ကပဲ၊ ရူပဗေဒဘာသာ အဓိကမို့ ဝိဇ္ဇာဘာသာနဲ့ သိပ္ပံဘာသာ အဓိကဘာသာတွေ အလှမ်းဝေးပြီး မဆုံမိကြတာနဲ့ တူပါတယ်"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်တို့ကလည်း ဝိဇ္ဇာဘာသာတွဲတွေ သင်ရတဲ့ အမရဆောင်နဲ့ ရာမညဆောင်တို့အနားမှာပဲ သွားလာနေရတော့ သိပ္ပံဆောင်တွေဘက်ကို မရောက်ဖြစ်ဘူး။ ဒါကြောင့် - မတွေ့ဖြစ်ကြတာ ထင်ပါရဲ့"

"ဟုတ်ပါလိမ့်မယ် - ကိုတင့်ထူးဝေ။ ကျွန်မက နယ်ကမို့ သီရိဆောင်မှာ နေထိုင်ခွင့် ရပါတယ်၊ ကိုတင့်ထူးဝေကရော ..."

"ကျွန်တော်ကတော့ သမိုင်းရပ်ကွက်မှာ နေရတာ၊ ရန်ကုန်မြို့ပေါ်သား ဖြစ်လို့ အဆောင်မရပါဘူး။ အိမ်ကပဲ နေ့ကျောင်းသားအဖြစ် ကျောင်းတတ်ရတာပါ"

"အဲဒါ - ကောင်းတာပေါ့ရှင်၊ ကိုယ့်အိမ်က ကိုယ်ကျောင်းတတ်ရတော့ အဆင်ပြေတာပေါ့၊ အစားအသောက်ကိစ္စအတွက်လည်း စားချင်ရာ စားလို့

ထိုနေ့ညမှာ ကျွန်တော်တို့ဇနီးမောင်နှံအသစ်စက်စက်၏
မင်္ဂလာဦးညပင်ဖြစ်ပါသည်။ ကျွန်တော် ပျော်ရွှင်နေသလောက်
မမြစိမ်းမှာ ပျော်ရွှင်ဟန် မပြပါ။ သို့သော် ထိုညက
ကျွန်တော်တို့ဇနီးမောင်နှံ နှစ်သိမ့်စွာ အိပ်ရာဝင်ခဲ့ကြပါသည်။
မနက်မိုးလင်းတော့မှ မမြစိမ်းမှာ ပြုံးရွှင်သောမျက်နှာဖြင့်
အိပ်ရာက မနိုးတော့ပါ။ ကွယ်လွန်သွားပါပြီ။



ရတာပေါ့၊ ကျွန်မတို့မှာတော့ အဆောင်ကဲကျွေးတဲ့ ထမင်းဟင်းကိုသာ အကောင်းလုပ်ပြီး စားနေကြရတာ၊ အစားအသောက် မကောင်းတဲ့နေ့တွေမှာလည်း အပြင်ထွက်စားချင်ပေမယ့် အဆောင်စည်းကမ်းအရ ယောကျ်ားလေး ဆောင်တွေ မဟုတ်လို့ အပြင်ထွက်ခွင့်လည်း မရပါဘူး၊ ဒါကြောင့် - ရွာအိမ်ပြန်ရင် အမေက လုပ်ပေးတဲ့ ငါးပိကြော်၊ ငါးခြောက်ကြော်တွေကိုသာ အားထားပြီး စားနေရတာပါ - ကိုတင့်ထွေးဝေ"



"ဟုတ်ကဲ့ပါ။ အဲ့လိုမှန်း မသိလို့ပါ - မမြစိမ်း။ ဘယ်တက္ကသိုလ်ရှုန်း ကျွန်တော် မသိခဲ့ဘူး။ မေဂျာဘာသာတွဲသာ ရမှန်းသိရင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တစ်ဝန်းထဲမှာပဲ ရှာလို့မတွေ့စရာ အကြောင်းမရှိပါဘူး။ အခုလည်း စဥ့်ကိုင် မြို့နယ်တစ်မြို့နယ်ထဲမှာပဲ တာဝန်ကျတာဆိုတော့ တော်ပါသေးရဲ့ ဒါပေမဲ့ တာဝန်ကျမယ့် ရွာချင်းက တူမှာမဟုတ်တော့ တစ်ရွာနဲ့တစ်ရွာ နီးမယ်တော့ မထင်ဘူး"

"နောက်တစ်နေ့မနက်တွင် တာဝန်ကျရာ ရွာအသီးသီးသို့ အမျိုးသား ဆရာနှင့် အမျိုးသမီးဆရာမများအား တာဝန်ခွဲပေးရာ အမျိုးသမီးဆရာမများ အား ဦးစားပေး၍ မြို့ပေါ်နှင့် မလှမ်းမကမ်း လမ်းပန်းဆက်သွယ်ရေး ကောင်း မွန်သောနေရာများတွင် တာဝန်ချထားပေးသည်၊ အမျိုးသားဆရာများကို တော့ မြို့နယ်အစွန်အဖျား ရွာကလေးများတွင် တာဝန်ချထားပေးပါသည်၊ သို့သော် - ကျွန်တော်နှင့် မမြစိမ်းတို့ကံကောင်းသည်ကတော့ မမြစိမ်းတို့က စဥ့်ကိုင်မြို့နယ်အစွန်ပိုင်း၊ ကျောက်ဆည်မြို့မှ တံတားဦးသို့သွားရာ လမ်းမပေါ် ရှိ ကြောင်ပန်းကုံးဟူသော ကတ္တရာလမ်းဘေးရွာကလေး၌ တာဝန်ကျပြီး ကျွန်တော်ကတော့ ထိုရွာကလေးမှအောက်သို့ဖဲ့ဆင်းပြီး တောလမ်းအတိုင်း အုန်းလက်ကောက်ဟူသော ရွာကလေးကိုကျော်ပြီး (၁) မိုင်ခန့်အကွာရှိ နန္ဒ တူသော ကျေးရွာအုပ်စုတွင် တာဝန်ကျပါသည်၊

ကျွန်တော် တာဝန်ကျသောရွာနှင့် မမြစိမ်းတို့ တာဝန်ကျသောရွာ ကလေးတို့မှာ (၃) မိုင်ခန့်တော့ ဝေးပါလိမ့်မည်၊ သို့သော် - ကျွန်တော်တို့ရွာ မှာ တံတားဦးနှင့် ကျောက်ဆည်မြို့သို့ သွားရာတွင် လိုင်းကားထွက်၍ စီးရ သော နေရာဖြစ်သောကြောင့် မမြစိမ်းတို့တာဝန်ကျသော ကြောင်ပန်းကုံး ရွာနှင့် ကျွန်တော်တို့တာဝန်ကျသောရွာမှာ နေ့စဥ်အဆက်အစပ်ရှိနေသည် ဟု ဆိုရမည် ဖြစ်ပါသည်၊

ထိုသို့ရွာချင်းနီးသောကြောင့် ကျွန်တော်နှင့် မမြစိမ်းသို့ အဆက်အသွယ် ရှိကြသည်၊ ကျွန်တော်တို့ရွာများတွင် ပုဂံခေတ်၊ အနော်ရထာမင်းစောလတ် ခေတ် တည်ဆောက်ကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရားများရှိသောကြောင့်

မမြစိမ်းက သူ တာဝန်ကျရာရွာမှ အဖော်များနှင့် ကျွန်တော်တို့ရွာသို့ လာရောက်လည်ပတ်သလိုကျွန်တော်တို့ကလည်းမမြစိမ်းတာဝန်ကျရာကြောင်ပန်းကုံးရွာသို့လည်းကောင်း၊ ထိုရွာမှ မဝေးသော အမရပူရ၊ အင်းဝ၊ တံတားဦးမြို့များရှိ စေတီပုထိုးဖေဟာင်းများသို့လည်းကောင်း သွားရောက်၍ ဖူးမြော်ကြည်ညိုကြရင်း ရှေးရာဇဝင်မြို့ရွာများနှင့် ဝေးကွာသောနေရာတွင် ကျွန်တော်တို့ချင်း မေတ္တာမျှကြပြီး ချစ်သူများဘဝသို့ ရောက်ခဲ့ကြပါတော့သည်။

ထို့ကြောင့်ပင် ကျွန်တော်တို့ ရန်ကုန်သို့ပြန်ရောက်ကြပြီးနောက် နှစ်ဦးနှစ်ဖက်မိဘများသို့ဖွင့်ဟတိုင်ပင်ပြီး စေ့စပ်ကြောင်းလမ်းခြင်း ပြုထားကြပြီးလက်ထပ်ရန်ကိစ္စကိုတော့ ကျောင်းကြီးပြီး၍ အလုပ်အကိုင် ကိုယ်စီရမှ ပြုလုပ်ကြရန် နှစ်ဦးသဘောတူထားကြပါသည်။ ထို့ကြောင့် ကျောင်းများပြန်ဖွင့်တော့လည်း ကျွန်တော်တို့နှစ်ဦး အလွန်ပျော်သည်။ ရန်ကုန်တက္ကသိုလ်နယ်မြေဝင်းကြီးအတွင်း၌သာမက အင်းလျားကန်နှင့် ဘုတ်ကလပ်ပတ်ဝန်းကျင်တို့ပါမကျန် ကျွန်တော်တို့ ချစ်သူနှစ်ဦး၏ ခြေရာချင်းက ထပ်နေပါသည်။ နှစ်ဖက်သောအပေါင်းအသင်းများကလည်း ကျွန်တော်တို့နှစ်ဦးကို အလွန်အားကျကြသည်။ ထိုသို့ တစ်ဦးကိုတစ်ဦး အလေးအနက်ထားကြသော်လည်း မမြစိမ်းမှာ နှစ်ဦးနှစ်ဖက် လက်ထပ်ကြရန်စကားစသည်နှင့် အချိန်များကို တရွှေ့ရွှေ့ရွှေ့ဆိုင်းရန် အကြောင်းအမျိုးမျိုး ပြတတ်သည်။

ထို့ကြောင့် – နောက်ဆုံး ကျွန်တော်တို့နှစ်ဦး အသီးသီး နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးသောအချိန်တွင် မမြစိမ်း၏ မိခင်ကြီး နလုံးရောဂါဖြင့်ရုတ်တရက်ကွယ်လွန်သွားသည်။ ဖခင်လုပ်သူကလည်း တစ်ဦးတည်းသောသမီး မမြစိမ်းအား အမွေများ လွှဲပေးပြီး ကျွန်တော်တို့နှစ်ဦးအား အမြန်ဆုံးလက်ထပ်ရန်နှင့် ဖခင်ဖြစ်သူက ရဟန်းဝတ်ရန် အလျင်အမြန် အရေးပေါ်စီစဉ်ပါတော့သည်။ ထို့ကြောင့် – မမြစိမ်းနှင့် ကျွန်တော်မှာ စေ့စပ်ကြောင်းလမ်း လုပ်ရုံသာမက အမြန်ဆုံး တရားဝင်လက်ထပ်ပြီး အမွေများဆက်ခံရျ အကြောင်းက ဖန်တီးလာပါတော့သည်။

ဤတစ်ခါတွင်တော့ မမြစိမ်းတစ်ယောက် ငြင်းပယ်ရန်မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် – ပထမခြေလှမ်းအဖြစ် ဆင်ဖုန်ရွာ သူမတို့ အိမ်တွင် ကျွန်တော်နှင့် လူကြီးစုံရာ စေ့စပ်မင်္ဂလာပြုရာ နှစ်ဖက်မိဘများက မျက်နှာကြီးများဖြစ်သောကြောင့်အလွန်စမ်းနားကြီးကျယ်သော တောရွာမင်္ဂလာဆောင်လေး ဖြစ်သွားပါသည်။

လက်ထပ်မင်္ဂလာကိစ္စကိုလည်းကျွန်တော်တို့ယောကျ်ားလေးဘက်က တာဝန်ယူပြီး ဟိုတယ်ကောင်းကောင်းတစ်ခုတွင် လက်ထပ်မင်္ဂလာပြုလုပ်ရန် စီစဉ်လိုသော်လည်း မမြစိမ်း၏ဖခင်ကြီးက အလျင်အမြန် နိုးဆော်သောကြောင့် နီးစပ်ရာ တရားရုံးတစ်ခုတွင် နှစ်ဦးအရေးပေါ် လက်ထပ်လိုက်ရပါသည်။ လက်ထပ်ပြီးနောက် မမြစိမ်း၏ဖခင်ကြီးက ရွာလူကြီးများ၊ ရှေ့နေများနှင့် စီစဉ်ပြီး ချက်ချင်းပင် သူတို့ပိုင်ဆိုင်သော လယ်ယာမြေ၊ ခြံနှင့် ကျွဲ၊ နွားများ အတွင်းပစ္စည်းများကို ကျွန်တော်တို့နှစ်ဦးအား တရားဝင်စာချုပ်စာတန်းများနှင့် လွှဲပြောင်းပေးပြီး ယောက္ခမကြီးမှာ ရဟန်းဘောင်သို့ ကူးပြောင်းဝင်ရောက်သွားပါတော့သည်။

ထိုနေ့ညမှာ ကျွန်တော်တို့ဇနီးမောင်နှံအသစ်စက်စက်၏ မင်္ဂလာဦးညခင်ဖြစ်ပါသည်။ ကျွန်တော် ပျော်ရွှင်နေသလောက် မမြစိမ်းမှာ ပျော်ရွှင်ဟန်မပြပါ။ သို့သော် ထိုညက ကျွန်တော်တို့ဇနီးမောင်နှံ နှစ်သိမ့်စွာ အိပ်ရာဝင်ခဲ့ကြပါသည်။ မနက်မိုးလင်းတော့မှ မမြစိမ်းမှာ ပြုံးရွှင်သောမျက်နှာဖြင့် အိပ်ရာထနိုးတော့ပါ။ ကွယ်လွန်သွားပါပြီ။ သူမ ကျွန်တော့်အား မကြာခဏ ပြောလေ့ရှိသော ဥစ္စာစောင့်သိုက်မှ လူဝင်စားများသည် အိမ်ထောင်ရက်သားကျပါက သိုက်မှ ပြန်ခေါ်လေ့ရှိကြောင်း၊ သူမသည် မြေစင်ကန်သိုက်ကဖြစ်သော လူဝင်စားဖြစ်သောကြောင့် အိမ်ထောင်ပြု၍ မရကြောင်း ပြောဆိုလေ့ရှိသော်လည်း ကျွန်တော် မယုံကြည်ခဲ့ပါ။ ထို့ကြောင့်လည်း သူမအနေဖြင့် အချိန်များ ဆွဲနေဟန်တူပါသည်။ သူမ၏ဖခင်ဖြစ်သူက အတင်းအကြပ်တိုက်တွန်းတော့မှ မဖြစ်မနေ ကျွန်တော်နှင့် လက်ထပ်ခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်နှင့် လက်ထပ်လိုက်သည်နှင့် သူမ၏အသက်ဆုံးရှုံးရမည်ကို သူမဘာသာကြိုတင်သိရှိပြီး ဖြစ်ပါလိမ့်မည်။ သို့သော်လည်း အချစ်အတွက် သိလျက်သားနဲ့ ဘဝကိုစွန့်လွှတ်သွားခြင်း ဖြစ်ပါသည်။ ဥစ္စာစောင့်လူဝင်စား များဟူသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျွန်တော်နှင့် စာဖတ်သူများ ပါ ကြားဖူးနားဝ ရှိကြပါလိမ့်မည်။ သို့သော် - ကျွန်တော် တကယ်ကြုံခဲ့သော ဤဇာတ်လမ်းမှာ ဥစ္စာစောင့် လူဝင်စားဇာတ်လမ်းများထဲမှ တစ်ခုသာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော် ခံစားခဲ့ရသလို စာဖတ်ပရိသတ်ကြီး ကြုံဆုံခဲ့ပါက ခံစားနိုင်စေရန် ကြိုတင်ပြုဖွယ်ရာများ ပြုနိုင်စေရန် စေတနာ မေတ္တာဖြင့် အတွေ့အကြုံအား တင်ပြရခြင်း ဖြစ်ပါသည်။

→→ ထောင်မှူးကြီး သိန်းဝင်း

## စာရှုသူများသို့

# ကိုယ်ပျောက်ဓာရ

ခင်မမလင်း (ကလော)



# ကိုယ်ပျောက်တောရ

[illegible]

မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်ကမ်းဘေးရှိ မြို့ကြီးတစ်မြို့နှင့် မိုင်တစ်ရာကျော်လောက်ဝေးသော ညောင်ဇီးဖြူရွာလေးက လှအောင်အမေ ဒေါ်မယ်စိန်ရဲ့ဇာတိရွာလေးဖြစ်သည်၊ လှအောင်အမေ မယ်စိန်က ညောင်ဇီးဖြူရွာသူစစ်စစ်၊ သို့သော်လည်း သူမ အရွယ်ရောက်လာချိန် လုံးကြီးပေါက်လှ မယ်စိန် ရှောကြောင်း၊ လှကြောင်း နာမည်ကြီးချိန်၊ မိခင်ဖြစ်သူ ဒေါ်ချမ်းသာ နောက်အိမ်ထောင် ပြုလိုက်သည်၊

ဒေါ်ချမ်းသာဆိုသော်လည်း တကယ့်ကို ဆင်းရဲသောမျိုးရိုးက ဆင်းသက်ခဲ့ပေမယ့် ဒေါ်ချမ်းသာမိဘတွေက မွေးကတည်းက ချမ်းသာခြင်းမှန် သမျှဘာတစ်ခုမှမပေးနိုင်သည်မို့ "ချမ်းသာ" ဆိုသည့်အမည်လေးတစ်ခုသာ ပေးခဲ့သည်၊

သူများလယ်ယာချောင်းမြောင်းတွေမှာ အငှားလိုက်ရသည်၊ လယ်ကန်သင်းတွေမှာ အလေ့ကျပေါက်နေတဲ့ ကန်စွန်း၊ ကနဖော့တွေ၊ ချောင်းထဲက ဖမ်းရတဲ့ ပုစွန်လုံးလေးတွေက သူတို့မိသားစုအတွက် မရှိးနိုင်တဲ့ ဟင်းလျာတွေပါ၊ တစ်ခါတလေကျတော့လည်းဖမ်းမိသမျှငါး၊ ပုစွန်လေးတွေကိုရွာထဲ လျှောက်ရောင်းပြီး ဆန်နှင့်လဲရသည်၊



သနားတတ်သူတွေ ပေးကမ်းသမျှအဝတ်အစားလေးတွေဝတ်ရိုးတော့ မီ ရွာထဲရှိ အိမ်မိုးလဲခြင်း အိမ်ပြန်လည်ပြုပြင်ခြင်းမှ အတိုအစအတောင်းများ စုဆောင်းကောက်ယူပြီး တစ်မိုးတွင်းလုံး ကောင်းမွန်စွာ အိပ်စက်နိုင်အောင် ဟိုမိုးသည်ကာ ဇာထေးရင်း လူ့ဘဝကို ဝဋ်ကြွေးတွေပေးဆပ်ဖို့ အသက်ရှင်နေသည်ဟုပင် ပြောရလောက်အောင် ဆင်းရဲခဲ့သည်။

ဤကဲ့သို့ ဒေါ်ချမ်းသာ ပထမအိမ်ထောင်ပျက်သွားပြီး နှစ်အကြာကြီး နေပြီးခါမှ ဘယ်အရပ်ဒေသက ရောက်လာမှန်းမသိသော ဦးတက်ခေါင် ဆိုသည့်လူကြီးနှင့် အိမ်ထောင်ပြုလိုက်ပြန်သည်။ မယ်စိန်မိခင်နှင့် နေ့တိုင်း ပတွေးကြောင့် စကားများပြီး အော်ဟစ်ငိုတတ်သည်။

ရွာထဲက ကြားရသူတွေ သနားကြသည်။ ဒီရွာသားတွေထဲမှာ မယ်စိန် ကို သဘောကျသူတွေရှိပေမယ့် တကယ်တမ်း လက်ထပ်ယူမလားဆိုတော့ ဘယ်သူမှ မယူရဲကြ၊ ကျမ်းစူးလို့ ဆင်းရဲနေတာလိုလို ကျိန်စာသင့်နေလို့ ဆင်းရဲနေတာလိုလို အရပ်စကားနဲ့ ဝေဝါးနေကြသူတွေ များသည်၊

တစ်နေ့တော့ မယ်စိန် ရွာမှရုတ်တရက် ပျောက်သွားသည်။ ဒေါ်ချမ်းသာ ဟိုရှာ သည်ရှာနှင့် စုံစမ်းပေမယ့် သတင်းမရခဲ့။ တကယ်တမ်း မယ်စိန် ရွာပြန် လာတော့ ရွှေအပြည့် ငွေအပြည့်နှင့် သူ့ယောကျ်ားကလည်း အသားကမည်း မည်းထွားထွားကျိုင်းကျိုင်းကြီးမို့ ရုတ်တရက်ကြည့်လိုက်လျှင် လူ့ဘီလူးကြီး အလား ထင်ရသည်။

ရွာထဲတွင် အိမ်ကြီးအိမ်တောင်းဆောက်နေထိုင်ပြီး အစားအသောက် ကလည်း ရွာထဲမှာ အမဲပေါပြီဆိုလျှင်လည်း သူတို့ မလိုချင်တာ ရွာသားတွေ စားရသည်၊ အသားကောင်းကောင်းမှန်သမျှ ဈေးကြီးပေးဝယ်တတ်သည်။ အမဲမပေါ်သည့်နေ့တွေဆိုလျှင်လည်း ရွာထဲက ဝက်ပေါက်စ ဆိတ်ပေါက်စ လေးတွေကို အကောင်လိုက် လာဝယ်တတ်သည်၊

မွေးဖို့တော့ မဟုတ်ပါ၊ အကောင်လိုက် မီးကင်စားသည်၊ ကြာလာ တော့ရွာသားတွေ ကြောက်သလို ရွံ့သလိုဖြစ်လာပြီး လမ်းမှာတွေ့လျှင်လည်း ရှောင်သွားကြသလို မယ်စိန်တို့လင်မယားနှစ်ယောက်ကလည်း ဝတ်ဝန်း ကျင် ရွာသားတွေနှင့် အရောတဝင်နေလေ့မရှိ၊ တစ်ခါတစ်ရံပြီးတတ်သွားကြ

ပြီးလက်ဝတ်လက်စားတွေရောင်း၊ ရွာတွင်ပြန်ထိုင်စား၊ သည်လိုနှင့်နှစ်လည်ခဲ့သည်။

ရောင်းစရာ လက်ဝတ်လက်စားတွေ ကုန်တော့ နောက်ဆုံးနေတဲ့အိမ်ကိုရောင်းပြန်သည်။ မယ်စိန်ကတော့ယောက်ျားဖြစ်သူ ဘာလုပ်လုပ်နိုင်းနိုင်း "ဟုတ်ကဲ့" တစ်ခွန်းသာ တုံ့ပြန်ခေါင်းညိတ်ရင်း အရက်ဝယ် အသားကင်အကုန်လုပ်သည်၊

ရွာထဲက ငွေကြေးတတ်နိုင်သူ ရွာသားတချို့က ဒီလင်မယားရွာထဲ မရှိပြီးရောသဘောနှင့် အိမ်ကို သူတို့တောင်းတဲ့ ဈေးပေးပြီး ဝယ်လိုက်သည်။ အိမ်ရောင်းပြီးသည်နှင့် မယ်စိန်တို့လင်မယား ရွာအပြင်ဘက် လယ်ကွက်တွေအဆုံး၌ ဘုရားအိုပျက်ကြီးရှိရာမှာ တဲထိုးနေတော့သည်၊

သို့ပေမဲ့ - ရွာထဲတွင် အမဲသားပေါ်လျှင်တော့ မယ်စိန်ယောက်ျား ဦးမဲလွန်း ရောက်လာတတ်ပြီး နွားပေါင်နှစ်ဖက်စလုံးအား တောင်းသမျှဈေးမဆစ်ပဲ ပေးဝယ်သည်၊

မတန်တဲ့ဈေးပေးဝယ်တော့လည်း ရွာသားတချို့က မကြာခဏ အမဲပေါ်ကြတာကြောင့် ကြာတော့ ရွာမှ လူကြီးတွေပင် တားရသည့်အထိ ဖြစ်လာသည်၊ အမဲမပေါ်သည့် ရက်တွင်လည်း ရွာထဲရှိ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ အစရှိသဖြင့် အိမ်မွေးတိရစ္ဆာန်တောင်မချန် တောင်းသမျှ ဈေးပေးဝယ်သည်၊

ညနေဘက်နေစောင်းလျှင် မယ်စိန်တို့ လင်မယားနေသော တဲလေးဆီက မီးခိုးတလူလူနှင့် အသားကင်အနံ့ကလေးနှင့်အတူ ရွာဘက်ရောက်လာတတ်သည်၊ ရွာမှာ သောင်းကျန်းဆိုးသွမ်းနေသည့် လူရမ်းကားတွေပင် ဦးမဲလွန်းကို ရင်မဆိုင်ရဲကြ၊ ဦးမဲလွန်း ရွာထဲသို့ရောက်လာလျှင်လည်း လမ်းပေါ်မှာ မသွားမဖြစ် လူကလွဲလို့ ရှောင်နိုင်သလောက် ရှောင်ကြရသည့်အချိန်ဟာ ညောင်ဇီးဖြူရွာအတွက် ထိတ်လန့်ဖွယ် ညဦးယံ အိပ်မက်ဖြစ်ခဲ့သည်၊



ဖြူဖွေးထွားကျိုင်း၍ယောကျ်ားပီသသော မျက်နှာနှင့် မယ်စိန်က သားယောကျ်ားလေးတစ်ယောက် မွေးဖွားပေးခဲ့သည်။ အဖေနဲ့မတူဘဲ မယ်စိန်ရဲ့အလှတွေ စုယူထားတဲ့အတွက် "လှအောင်" က ရွာက တခြားကလေးတွေနဲ့မတူဘဲ အတော်ချောသည်။ လှအောင် အရွယ်ရောက်သည်နှင့် ရွာထဲက အလယ်တန်းကျောင်းကို အပ်ပေးသည်၊

ဦးမဲလွန်း ရွာက ပျောက်သွားတာ နှစ်အတော်ကြာပြီး လှအောင်လေးတန်း အောင်မြင်ပြီးမှ ပြန်ရောက်လာခဲ့သည်၊ ဘုရားအိုကြီးဘေးက တဲမှာတော့ အသားညှီနံ့တွေ စွဲကပ်နေသည် ထင်ရသည်။ ကျောင်းတက်လျှင်လည်း အသန့်အပြန့်ကြိုက်တဲ့ ကျောင်းသားတွေက မောင်းထုတ်ကြသည်၊

"ဟော့ကောင် - လှအောင်၊ မင်းကိုယ်က အသားကင်းနံ့လိုလို၊ အညှီနံ့လိုလိုနဲ့ ငါတို့နဲ့ ခပ်ဝေးဝေးနေစမ်းကွာ"

"မဟုတ်ပါဘူးကွာ၊ ငါ့အဖေက အသားစားတာ၊ ငါသိပ်မစားပါဘူး။ မနေ့က မိုးရွာနေတော့ ကျောင်းဝတ်စုံတွေကို "တဲ" ထဲမှာ လှန်းထားရလို့ အသားကင်နံ့ စွဲနေတာပါ"

"အဲဒါတွေ ငါတို့မသိဘူး။ ဘာပဲဖြစ်ဖြစ် မင်း - ငါတို့နဲ့ ဝေးဝေးနေ"

သောင်းထိုက်နှင့် လှဟန်က လက်သီးရွယ်ပြတော့ လှအောင် ကျောင်းခန်းထောင့်မှာ ကပ်နေရသည်။ ဒါကြောင့် - အတန်းထဲရောက်တာနှင့် သောင်းထိုက်တို့က လှအောင်ကို တစ်နေ့တစ်မျိုး ပြဿနာရှာတော့သည်။

ကျောင်းတက်ရတာကို လှအောင် မပျော်တော့သော်လည်း သူငယ်ချင်းကျောင်းသူလေးများ ဖြစ်ကြသော စံပယ်၊ ထွေးလှ၊ အေးမာတို့နှင့် ခင်မင်ရတော့ စိတ်ချမ်းသာရသည်၊

သိပ်မကြာသည့်ကာလမှာ လှအောင်အမေ မယ်စိန် ဆုံးပါးသွားသည်။ ရွာထဲက လူတွေ သိကြပေမယ့် အသုဘကို ဘယ်သူမှ လိုက်မပို့ကြ။ ဦးမဲလွန်းကလည်း ရှည်ရှည်ဝေးဝေး စဉ်းစားတတ်သူမဟုတ်တော့၊ ဆုံးပြီး နောက်တစ်နေ့ နေ့လယ်မှာ ပဲကွင်းစပ်က ဈောက်ဆိပ်ပင်ကြီးအောက်မှာ မယ်စိန်ကို မြှုပ်လိုက်သည်။

အထီးကျန်စွာ ကျန်ရစ်ခဲ့သူက လှအောင်။ နောက်ရက်တွေ ကျောင်းတက်ပေမယ့် စာကို လုံးဝမကျက်တော့ ဘာစာမေးမေး အမှား၊ ဆရာကလည်း မရိုက်ချင်ပေမဲ့ ပညာရေးနှင့် ပတ်သက်လာတော့ ရိုက်ရပြီ။ ဒီထက်ဆိုးတာက စာမေးပွဲမှာ အမှတ်အနည်းဆုံးရသူကို အတန်းသန့်ရှင်းရေး တစ်ပတ်တိတိ လုပ်ရသည်။

မနက်စောစော ကျောင်းကိုအရောက်လာ သန့်ရှင်းရေးလုပ်၊ ညနေကျတော့လည်း နောက်ကျမှ တစ်ယောက်တည်း အိမ်ပြန်ရတော့ လှအောင် အဖော်မဲ့နေသည်။

တစ်နေ့ ညနေကျောင်းဆင်းချိန် ကျောင်းတောင်ဘက်ရှိအရင်ထုံးတွေ ပေါင်ထားဖူးသည့် တဲပျက်ထဲ အမှိုက်တောင်းသွားထားစဉ် နောက်ဘက်က ဘယ်သူချောင်းရိုက်လိုက်မှန်းမသိ။ "အောင်မယ်လေးဗျ" ဟုတစ်ခွန်းသာ အော်နိုင်ပြီး ထိုနေရာ၌ပင် ခေတ္တမေ့မြောသွားသည်။

လှအောင် သတိပြန်ရလာတော့ ကျောင်းတစ်ခုလုံး မည်းမှောင်တိတ်ဆိတ်နေပြီး ညရောက်နေပြီ၊ လွယ်အိတ်ကို ကောက်လွယ်၊ ဖိနပ်ကို လက်ကကိုင်ပြီး အမြန်ပြေးထွက်ခဲ့သည်။ ဆူးတွေ ခလုတ်တွေလည်း မသိ၊ ချောက်တွေလည်း မမြင်၊ မောဟိုက်ပင်ပန်းစွာနှင့် အိမ်ပြန်ရောက်ခဲ့သည်။ အိမ်ပြန်နောက်ကျမှုကြောင့် ရောက်ရောက်ချင်း ဒေါသတကြီး အဖေ၏ အော်ငေါက်သံကြောင့် နောက်တစ်ဖန် မေ့မြောပြီး လဲကျသွားသည်မှာ သုံးညမြောက်မှ သတိပြန်ရလာခဲ့သည်။

ခြေထောက်မှ ခြေကွဲနာများ၊ မျက်ရည်များ၊ ဆာလောင်မွတ်သိပ်မှုများနှင့် တဲငယ်တွင်းမှာ တစ်ယောက်တည်း သတိရလာသည်။ ဆာလောင်နေတာကြောင့်ဘာတွေမှမစဉ်းစားတော့ဘဲအနားတွင်တွေ့သည့်ရေတကောင်းထဲမှ ညိုညစ်ညစ်အရည်တွေကိုသောက်၊ ညှီစို့စို့အနံ့ မပျောက်သေးသည့် အသားဟင်းတွေကို အားရပါးရစားပစ်လိုက်သည်။ စောစောကလို ဆာလောင်နာကျင်တာတွေမခံစားရတာ သတိထားမိပေမယ့် တခြားဘာကိုမျှ ဦးနှောက်ထဲ စဉ်းစားမရတော့ . . .

လှအောင် နေကောင်းလာပေမယ့် ကျောင်းမတက်တော့၊ အားလျှင်တဲလေးထောင့်တွင် ခွေအိပ်နေတတ်ပြီး ဆာလာသည့်အခါ ဖခင် ကျန်



သည့် အသားအကြွင်းအကျန်ကအစ အကုန်စားသည်၊ ပြီးလျှင် - ပြန်အိပ်သည်။ သည်လိုနှင့်တဖြည်းဖြည်း လှအောင်ညဘက်တွေအိပ်မပျော်တော့၊ ညမှောင်မှ အပြင်ထွက်သည်၊ စိတ်ကလည်း အမှောင်ထဲမှာ လမ်းထွက်ချင်စိတ်တွေ ပေါ်လာတတ်သည်။

ညဘက် လူခြေတိတ်တာနှင့် လှအောင် အပြင်ထွက်ပြီး ရွာထဲ လှည့်လည်သွားလာကာ စားစရာရှာသည်၊ အိမ်တံခါးတွေ ပိတ်ထားလည်း သူကတော့ အလွယ်တကူဝင်ထွက်နိုင်သည်၊ အိုးသံခွက်သံ မကြားရအောင် စားစရာ ရှာဖွေစားသောက်ပြီး အိမ်ပြန်အိပ်တော့သည်။

ခြောက်လအကြာတွင် လှအောင် ဖခင် ဦးမဲလွန်း ရုတ်တရက် သေဆုံးခဲ့ပြန်သည်၊ သည်တော့ လှအောင် အဘွားဖြစ်သူ ဒေါ်ချမ်းသာထံ ရောက်ခဲ့ပြီ။

"သား အလုပ် လုပ်ချင်တယ်ဆိုရင်တော့ အဘွားက အသိမိတ်ဆွေတွေရဲ့ဆိတ်တွေကျောင်းဖို့ ပြောပေးမယ်၊ သား လုပ်မှာလား"

"အဘွား စီစဉ်ပေးတဲ့အတိုင်း သား လုပ်ပါ့မယ်"

လှအောင်မနက်မိုးလင်းတာနှင့် အဘွား ချက်ပေးသော ထမင်းထုပ်ကို လွယ်အိတ်ထဲထည့်၊ ဆိတ်အုပ်ကြီး မောင်းထွက်ခဲ့သည်။ ဆိတ်အုပ်ဆိုတာကလည်း တစ်အိမ်ငါးကောင် ဆယ်ကောင် စသဖြင့် အိမ်များတော့ ဆိတ်အုပ်ကြီး ဖြစ်လာသည်။

ဆိတ်ကျောင်းခငွေက မြေးအဘွား နှစ်ယောက်အတွက် ဆန်ဖိုးလေးရဦးတော့ မဆိုးလှ၊ ဆိတ်ကျောင်းအပြန် ခူးလာတဲ့ တောထွက်အသီးအရွက်တွေကလည်း နေ့စဉ်မရိုးနိုင်တဲ့ ဟင်းလျာ၊ ဆိတ်ကျောင်းရင်း ရွာထိပ်က မန်ကျည်းပင်ကြီးအောက် ထိုင်ပြီး တွေးချင်ရာတွေး၊ တစ်ခါတစ်ရံ ကျောင်းစာအုပ်အဟောင်း ထည့်သွားပြီး စိတ်ထဲရှိရာ စီကာပတ်ကုံးရေးတတ်သည်။ သည်လိုနှင့် လှအောင် ပျော်ရွှင်စွာ ဆိတ်ကျောင်းခဲ့သည်။

ညနေစောစော ဆိတ်အုပ်ကြီးကို ရွာထဲပြန်မောင်းလာပြီး အိမ်ခြံဝင်းတွေထဲအထိ ဆိတ်တွေကိုပိုင်ရှင်ထံ ပြန်အပ်ရသည်။ ကျန်သည့်အချိန်တွင် ဟိုအိမ် သည်အိမ်တွေက ခိုင်းသမျှလုပ်ပေးသည်။ နွားစာစဉ်း၊ တောက်နှီး

တိုက် ရေလိုသည့် အိမ်ရေစည်လှည်းတိုက်ပေး စသည့်အလုပ်တွေက သူ့ရဲ့ ညနေစောင်း အချိန်ပိုအလုပ်တွေ။

အလုပ်ပြီးသည်နှင့် တချို့အိမ်တွေက "ရော့ဟေ့ - လှအောင်၊ မင်း အဘွား စားရအောင် ယူသွား" ဆိုလျက် ထမင်းထုတ်ပေးတတ်သလို တချို့ အိမ်တွေကလည်း ရှိသမျှဟင်းနှင့် တစ်ခါတည်း ရှုးခပ်ကျွေးကြသည်၊ ရွာထဲ ရောက်တော့လည်း ကျောင်းတက်စဉ်က ခင်မင်ခဲ့သော မိန်းကလေး သူငယ် ချင်းများနှင့် ပြောကြဆိုကြပြန်တွေ့ရတာကြောင့် လှအောင်ပျော်သည်၊

ညောင်ဇီးမြို့ရွာထဲသို့ လှအောင် ဆိတ်ကျောင်းမလာတာ နှစ်ပတ်ရှိပြီ။

"ဆိတ်ကျောင်းအလုပ်ကို တခြားလူတစ်ယောက် ငှားလိုက်ပါတော့၊ လှအောင်က ဒီအလုပ်နားချင်လို့တဲ့"

အဘွားဖြစ်သူ ဒေါ်ချမ်းသာမျက်နှာမကောင်းစွာ လာရောက်အကြောင်း ကြားပြီးနောက် လှအောင်ကို အရိပ်အယောင်တောင် မမြင်ရတော့၊ သူငယ် ချင်းမိန်းကလေးတွေက သနားစိတ်နှင့်အကြောင်းစုံသိချင်သော်လည်း ဘာ သတင်းမှမရ၊

လှအောင် သူ့မိဘတွေနေခဲ့တဲ့ တဲကို သူတစ်ယောက်တည်း ပြောင်းနေ တယ်ဆိုတာတော့ အားလုံးသိကြသည်၊ အခြားသူတစ်ယောက်ကို အငှား ထားကာ ဆိတ်ကျောင်းခိုင်းသူတွေ ပြဿနာတက်စရာ ဆိတ်အုပ်ထဲက ဆိတ်တွေသုံးရက်တစ်ကောင် လေးရက်တစ်ကောင် ပုံမှန်ပျောက်သည်။

"မင်းကို ဆိတ်ကျောင်းခိုင်းတာ၊ ဆိတ်ဖျောက်ခိုင်းတယ်ထင်လို့လား၊ ဘယ်လိုလုပ်ပြီး ဆိတ်တွေ ပျောက်ကုန်တာလဲ"

"ကျွန်တော်လည်း နေ့ခင်းဘက် တရေးဆိုအိပ်လိုက်တာ ခဏလေးပါ ဗျာ၊ ဒါပေမဲ့ - ဆိတ်ပျောက်မှန်းတော့ မသိပါဘူး။ ခုလို အိမ်တွေ ဆိတ်ပြန် အပ်မှ ပျောက်မှန်းသိတာပါ၊ နောက်ရက်တွေ မအိပ်ဘဲ နေပါ့မယ်"

နောက်သုံးလေးရက်မှာ ဆိတ်တစ်ကောင် ထပ်ပျောက်ပြန်သည်။ ဆိတ် သူခိုးဖမ်းဖို့ ဆိတ်ပိုင်ရှင်တွေ ဆိတ်ကောင်ရေတွက်ပြီး ရွာမှ အားကောင်း မောင်းသန် ကာလသားတွေပါ ဆိတ်ကျောင်းရာ လိုက်ကြသည်၊



"ဟိတ် - ဘယ်ကောင် ဆိတ်လာခိုးမလဲ၊ သတ္တိရှိရင် လာခိုးကြည့်၊ မိလို့ကတော့ ခြေတွေလက်တွေ အကုန်ဖြတ်ပစ်မယ်"

အပြောကြီးစွာ အသံကျယ်ကျယ်အော်ရင်း စောင့်ကြသည်၊ ကျယ်ပြန့် တဲ့ ဆီးပင်တောထဲမှာ ဆိတ်တွေငြိမ်သက်စွာ အစာ စားနေကြသည်၊

နေ့လယ်ဘက်ရောက်တော့ ဆိတ်အုပ်စောင့်တွေဆာလာပြီ၊ ပါလာတဲ့ ထမင်းထုပ်ကို ဖြေပြီး ဝိုင်းဖွဲ့စားကြသည်၊ သည်လို သုံးလေးရက် စောင့်ဖမ်းရင် တစ်နေ့မဟုတ်တစ်နေ့ မိမှာပါဟုပြောသူပြော၊ ဆိတ်တွေအကောင်လိုက် စားပစ်ရအောင် ဘီလူးများ ရှိသလားဟု ထင်ကြေးပေးသူပေးနှင့် ထမင်း ဝိုင်းစားကြရင်း စားမပြီးခင် ဆီးတောအရှေ့ဘက်ယွန်းယွန်းဆီက ဆိတ်သိုး ကြီး၏ "ပဲ - အဲ့ - အဲ့" ဟု အော်သံအကျယ်ကြီး ကြားလိုက်ရပြီး တစ်ခဏ ငြိမ်သက်သွားတော့သည်၊ "လန့်လိုက်တာကွာ အသုံးမကျတဲ့ဆိတ်" ဟု ဆဲသံနှင့်အတူ ရယ်မောသံတွေ ထွက်လာသည်၊

ညနေစောင်း ဆိတ်အုပ်မောင်းပြန်ခဲ့ပြီ၊ ဆိတ်ကျောင်းသူ အပါအဝင် သီးသန့်ငှားထားသူ ကလေးတစ်ယောက် စကားတပြောပြောနှင့် ဆိတ် အုပ်ကြီးမောင်းကာ သက်ဆိုင်ရာ အိမ်တွေကို ပြန်ပို့ကြသည်၊

"ဟာ - ဟေ့ကောင်တွေ၊ ငါ့ဆိတ်မလေးကော - ထိပ်မှာအဖြူကွက် လေးနဲ့လေ၊ တခြားဆိတ်အုပ်ထဲမှာ မှားပါသွားတာလား"

"ရှာကြစမ်းဟေ့ - ရှာကြစမ်း"

ပို့ပြီးသား ဆိတ်တွေရှိရာ ရှာကြသည်၊ မတွေ့ - မမှောင်သေးခင် စား ကျက်ရှိရာ ဆီးပင်တောဘက် ပြေးရှာကြသည်၊

တစ်နေရာမှာတော့ လတ်လတ်ဆတ်ဆတ် သွေးတစိုစိုနှင့် ဆိတ်မလေး ဦးခေါင်းပိုင်းကို တွေ့လိုက်ရတော့သည်၊ ဆိတ်ရှာကြသူတွေ သတ္တိ ဘယ် လောက်ကောင်းကောင်း၊ ခြေနှစ်ချောင်း အားကုန်သုံးပြေးဖို့ကလွဲပြီး ဘာမှ မစဉ်းစားတော့၊

အပြေးမြန်သူတွေက ရှေ့က အားစိုက်ပြေး၊ နှေးသူတွေ နောက်က လိုက်၊ ဘယ်နေရာကများ ဘွားခနဲ အရိပ်မည်းကြီး ပေါ်လာမလဲဆိုတာ လှ တိုင်း အတွေးမှာရှိကြသည်၊ ရွာထဲရောက်တော့ ဖိနပ်မပါသူတွေ၊ ဖုဆိုး

ကျွတ်ခဲ့သူတွေနှင့် သည်သတင်းက တစ်မှဟုတ်ချင်း တစ်ရွာလုံး ပျံ့သွားတော့သည်။

"ရွာအပြင်မှာ ဘီလူးရှိတယ်"တဲ့။

ထိုတစ်ညမှစ၍ လယ်ယာရောင်းမြောင်း လုပ်ကိုင်ကြသူတွေ ညနေဘက် စောစောအလုပ်သိမ်းကြသည်။ ဆိတ်စားသည့် ဆီးပင်ကိုင်းများကိုလည်း လူအုပ်နှင့် သွားခုတ်ကြပြီး အစာကို အိမ်မှာပဲ ကျွေးတော့သည်။

"ကဲ - ရွာသားတွေလည်း အရှေ့ဘက်က ရွာတံခါးကိုပိတ်ထားကြတော့၊ ရွာအပြင်ဘက် ဆီးကိုင်းသွားခုတ်ရင်လည်း လူစုနဲ့သွား၊ ကိုယ့်ဘက်က အတတ်နိုင်ဆုံး သတိနဲ့ လုံခြုံအောင်နေကြ၊ ဟုတ်ပြီလား"

ရွာလူကြီး ဦးဖြူ အမိန့်အတိုင်း အရှေ့ဘက်ရွာတံခါးကို သေချာပိတ်၊ ဆိတ်တွေကိုလည်း လုံခြုံအောင် စည်းရိုးခတ်ထား၊ ရွာထဲလျှောက်မသွားစေရ၊ ဒါဆို လုံခြုံပြီတဲ့လား။

အိမ်အောက်ထဲမှာရှိတဲ့ များပြားတဲ့ဆိတ်တွေ သုံးလေးရက်ကို တစ်ကောင်နှုန်း ပျောက်နေတာ ရုတ်တရက်တော့ ဘယ်သူမှ သတိမထားမိသေး၊ နေ့စဉ် အစာပုံမှန်ကျွေးနေတာကလွဲပြီး ရေတွက်ကြည့်ဖို့ သတိမရကြတာ၊ ကြာလာမှ ဆိတ်ခြံကျယ်လာတာကို စတင်သတိထားမိတာက ဒေါ်ရွှေမိ၊

ခါတိုင်း အစာကို တိုးဝှေ့စားတတ်တဲ့ဆိတ်တွေ၊ နောက်ပိုင်း အေးအေးဆေးဆေး ပုံမှန်စားပြီး နေရာကမရွေ့၊ ရှုပ်ယှက်ခတ်နေတဲ့ ဆိတ်အုပ်မဟုတ်တော့၊ လက်ချိုးရေတွက်၍ပင် ရနိုင်ပြီ၊

ဦးဘမှုံနှင့် ဒေါ်ရွှေမိ၏ ဆိတ်ပျောက်ရာပုံတော် တစ်ရွာလုံး ဟုန်းဟုန်းထအောင် ပွက်လောရိုက်ကုန်သည်၊ အကြောင်းက တခြားအိမ်တွေက ဆိတ်ပိုင်ရှင်တွေလည်း သူတို့ပြောမှ ဆိတ်တွေပြန်ရေတွက်ကြည့်ကြသည်မို့ သုံးကောင်ပျောက်၊ လေးကောင်ပျောက်နှင့် အိမ်ပေါက်စေ့အောင် ဝင်မိုးသွားတာတဲ့၊

ကာလလေးကို ရေတွက်ကြည့်လျှင် မကြာဘူးထင်ရပေမယ့် နှစ်လနီးပါး ရှိသွားခဲ့ပြီ၊ ဖုံးအုပ်ထားတဲ့ သတင်းတွေ တစ်ယောက်စကား တစ်ယောက် ကြားပြီး အိမ်ရှိ လူကုန်သိကုန်ပြီ၊



ဒေါ်ရွှေမိတို့ အိမ်အောက်မှာ လူတွေပြည့်လို့လျှံလို့ ...

"ကျုပ်ယုန်လေးနှစ်ကောင်ဗျာ တစ်ညတည်း ပျောက်သွားတာ၊ ကလေးတွေသိရင် ကြောက်မှာစိုးလို့ မပြောပေမဲ့ လင်မယားနှစ်ယောက် ညဘက်ကောင်းကောင်းအိပ်မပျော်ဘူး"

လူလား၊ ဘီလူးလား၊ ထူးခြားတာတော့ အမှန်ပါ၊ တိရစ္ဆာန်တွေကလည်း မအော်၊ လူတွေကလည်း မနိုး၊ မိုးတဲ့ကောင်က လျှောင်ရယ်နေမလား၊ ထက်ထက်မြက်မြက်ရှိတယ်လို့ မြှောက်ပင့်ထားတဲ့ လှဟန်ကို ခေါင်းထိုက်တို့အုပ်စုက ဆရာကြီးတင်ကာ ဘယ်လိုလုပ်ကြမလဲ တိုင်ပင်ကြသည်၊

ရွာသားတွေ ဆယ့်လေးငါးယောက်စုကာ နေ့ခင်းဘက် လှအောင် နေထိုင်ရာတဲဆီ ချီတက်ခဲ့ကြသည်၊ တုတ်၊ ဓား၊ လေးခွ ရသမျှလက်နက်စွဲကိုင်ပြီး "ဟုတ်ဟုတ် - ဟုတ်ဟုတ် ဒီကောင်ကို ဆွဲထုတ်ဖမ်းခဲ့မယ်" ဆိုကာ လှဟန်က ရှေ့ဆုံးတဲထဲ ဝင်သည်၊

ငြိမ်သက်တိတ်ဆိတ်နေတဲ့ တဲတွင်းမှာ အသားကင်နံ့က မွှေးမွှေး၊ သွေးနံ့က ညှီညှီ၊ ရွာသားတွေ လန့်ကုန်၏၊

"ဆိတ်သူခိုး၊ ဆိတ်သူခိုးဟာ လှအောင်၊ ဒီကောင့်ကို တွေ့အောင်ရှာကြ၊ တဲပါ မီးနဲ့ရှို့ပစ်မယ်၊ တွေ့လို့ကတော့ အသေသတ်ကြကွာ"

ဓားတဝင့်ဝင့်တုတ်တကိုင်ကိုင်နှင့် ကျောင်းတော်က ရန်စရှိသူမို့ အသေချဖို့ ဆုံးဖြတ်ထားသည့် လှဟန် ညနေစောင်းသော်လည်း အိမ်မပြန်ကြသေး၊ အမှောင်ရောက်လာပြီ၊

တဲအပြင်ဘက်မှာ ထင်းတွေစုပုံရင်း "လှအောင် မင်းပြန်လာဘဲ မနေပါဘူး၊ အရှင်လတ်လတ် မီးရှို့သတ်မယ်၊ ဒီည ရွာထဲမင်းဝင်လာရဲရင် ဝင်လာစမ်း၊ လှဟန်အကြောင်း သိမယ်"

နှုတ်မှ မနားတမ်းပြောရင်း မှောလာမှ ထမင်းစားပြန်ကြမယ်ဆိုကာ ကာလသားတွေ စုပြန်လာကြသည်၊ ရွာလူကြီးတွေက ညဘက်ရွာ**အပြင်**ထွက်ခွင့်မပြုတာကြောင့် ထိုတစ်ည လှဟန် ဒေါသကို မျိုသိပ်ရင်း **တော်**တော်နှင့် အိပ်မပျော်၊ မေးခနဲ အိပ်ပျော်ချိန် နံဘေးမှ မိန်းမဖြစ်သူ **သန်းမြ၏** အော်ဟစ်ငိုသံ ကြားရတော့သည်၊

"အောင်မယ်လေး - လှဟန်၊ နင့်ကြောင့် ငါ့သားလေး မရှိတော့ဘူး"

လှဟန်တို့အိမ် ကမ္ဘာပျက်သလို အသံစုံတွေ ထွက်နေပေမယ့် ဘေးအိမ်တွေ တုတ်တုတ်မှမလှုပ်။ ငုတ်တုတ်ထိုင်ရင်း ကိုယ့်သားကိုယ့်မြေးတွေကို ပွေ့ထားကြ၏။

လူလား၊ ဘီလူးလား ခွဲခြားလို့မှ မရတော့တဲ့ လှအောင်၊ တချို့အိပ်မပျော်တပျော် ဖြစ်နေသူတွေက လှအောင်လို့ ထင်ပေမယ့် သေချာကြည့်တော့ ကြောက်စရာမျက်နှာကြီး။

ထိုညမှစ၍ ညတွေတိုင်းမှာ မီးခွက်မထွန်းကြ၊ တုတ်၊ ဓားမှစ၍ ပရိတ်ကြိုးတားခြင်းဖြင့် အိမ်တွေမှာ အလုပ်ရှုပ်ကုန်၏။ ထူးခြားတာက လှအောင်ဆိတ်ကျောင်းစဉ် ထမင်းထုပ် ညစဉ်ပေးလေ့ရှိသော ဦးတောက်ရှိန်အိမ်မှာတော့ အပျောက်အရှမရှိ၊ လှဟန်ရဲ့ကလေး နစ်နစ်သားလေးပျောက်ခြင်းမလှပျောက်သွားပြီး

လှဟန် စိတ္တဇနှင့် ဟိုလိုက်ရှာ သည်လိုက်ရှာနှင့် အရူးတစ်ပိုင်း ဖြစ်နေ၏။ ကာလများစွာ မကြာမီ ရွာသည် တစပြင်ကဲ့သို့ ချောက်ချားတုန်လှုပ်ဖွယ်ကောင်းသလို တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

☯

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ညောင်ဇီးဖြူရွာ၏ညတိုင်းအတွက် ဖြစ်ခဲ့သည်။ ရွာသားတချို့က လှအောင် တဲလေးကို နေ့ဘက်သွားဝိုင်းသည်။ လှအောင်ကို အရိပ်အယောင်တောင်မတွေ့ရ၊ သို့သော်လည်း တဲအတွင်းမှာတော့ လူရှိနေသလိုထင်ရသည်၊ ထမင်းနှင့်တူတာတောင်မတွေ့ရဘဲ အသားဟင်းတွေက အိုးပြည့်ခွက်ပြည့်။

ဆိတ်ပျောက်နှုန်းကလည်း ပုံမှန်ထက် များမလာသော်လည်း လျော့သွားသည်မရှိခဲ့။ ရွာလူကြီးတွေ စုပေါင်းတိုင်ပင်ကာ လူငယ်ယောကျ်ားလေးတွေ ညမအိပ်ကြဘဲ တုတ်ဓားလက်နက်များဖြင့် ရွာပတ်ပတ်လည်မှာ စောင့်စေသည်။

ရွာလမ်းထောင့်တွေမှာလည်း ထင်းမီးဖိုများ မပြတ်ဖိုကာ တစ်ရွာလုံး နေ့နှင့်မခြား အလင်းရောင်ပေးထားသည်။ အရိပ်တွေ့တာနှင့် တစ်ပြိုင်တည်း ရရာလက်နက် လူအုပ်စုနှင့် ဝိုင်းဖမ်းစေသော်လည်း အရိပ်လည်း မတွေ့၊ အကောင်လည်းမမြင်၊ အနံ့လည်း မရ။

ညတိုင်း စောင့်လို့ တစ်ပတ်အပြည့်မှာ ရွာထဲက ဆိတ်ပိုင်ရှင်တွေ ကိုယ့်ဆိတ်အုပ်ကိုယ် ပျောက် မပျောက် ပြန်စစ်ကြသည်။ စာရင်းချုပ်လိုက်တော့ လူကြီးတွေရော၊ လူငယ်တွေပါ ငိုသူတွေငို၊ ရယ်သူတွေ ရယ်ဖြစ်သွားကြသည်။

ငိုသူတွေက ဆိတ်ပျောက်သူ၊ ကြောက်လန့်သူတွေ၊ ရယ်သူတွေကတော့ ညစဉ်ညတိုင်း ရွာကို စောင့်ကြရတဲ့ ပျော်တတ်သော ကာလသားတချို့ပဲ ဖြစ်သည်။ ကြည့်စမ်းပါ၊ လူတွေ အများကြီးစောင့်ပြီး မအိပ်မနေ ဆိတ်သူခိုး စောင့်ဖမ်းတာက ခုနစ်ညတဲ့၊ ပျောက်တဲ့ဆိတ်ကလည်း ခုနစ်ကောင်လေ။

ဆိတ်သူခိုးက သူတို့တွေကို ဘာအန္တရာယ်မှ ပေးမသွားတာပဲ ကျေးဇူးတင်ရမလိုလို၊ ရွာလူကြီးတွေ ဘာဆက်လုပ်ရမှန်း မသိတော့သလို လှအောင်ကို ဘယ်လိုလိုက်ရှာရမှန်းလည်းမသိ၊ ဆိတ်ခေါင်းတွေနဲ့ ဆိတ်သားရေအပုပ်နံ့ကသာ ရွာဘက် တစ်စတစ်စ ရောက်လာသည်။

လှအောင်ငယ်သူချင်းတွေဖြစ်ကြတဲ့ အေးမာ၊ ထွေးလှနှင့်စံပယ်တို့အရဲစွန့်ပြီး လှအောင်ကို သွားတွေ့ဖို့ လူကြီးတွေကို တောင်းဆိုသည်။

အစပိုင်းက သဘောမတူသော်လည်း နောက်တစ်ကြိမ် ကြိုးစားကြည့်ခြင်းသည်။ အားလုံးအတွက် မျှော်လင့်ချက်တစ်ပိုင်းတစ်စမို့ အေးမာ အဝါအဝင် မိန်းကလေးသူငယ်ချင်း လေးဝါးယောက်နှင့် ရွာထဲက အသက်ကြီးသော်လည်း သန်မာဖျတ်လတ်သေးသည့်ဦးဘလှိုင်လို ရွာလူကြီးများခေါင်းဆောင်ကာ ရွာအပြင် ဘုရားပျက်ဘေးရှိ တဲလေးသို့ ရောက်ခဲ့သည်။

တစ်ပင်တည်းသော ဖျောက်ဆိပ်ပင်အိုကြီးပေါ်မှ ဆူညံစွာအုပ်ဖွဲ့အော်မြည်နေသော ဆက်ရက်ငှက်သံတွေမှတစ်ပါး တဲအတွင်း တိတ်ဆိတ်ငြိမ်သက်နေ၏။

"လှအောင် - လှအောင်"

တစ်ယောက်ပြီးတစ်ယောက် လှအောင် နာမည်ခေါ်ပြီး တဲအတွင်းဝင်ခဲ့ကြသည်။ မီးဖိုထဲရှိ မီးက အရှိန်ကောင်းနေတာမို့ အပူရှိန်သည် တဲထဲဝင်

လာသူတွေကိုပင် လာဟပ်သည်။ အားလုံး တညီတညွတ်တည်း "အား - ပူလိုက်တာ" ဟု ညည်းမိကြသည်။

ထိုအခိုက် အခန်းထောင့်ရှိကွပ်ပျစ်ငယ်လှုပ်ယမ်းသွားသည်။ ရှေ့ဆုံးက ရောက်နေသော ဒေါ်အေးမာက အသံကို ထိန်းရင်း "လှ - လှအောင် - နင်ရှိနေလား၊ နင့်ကို ငါတို့ လာတွေ့တာ"

ဘာမှမရှိမှန်း အားလုံးသိသော်လည်း အသံပေးရုံမှတစ်ပါး ရှေ့မတိုးရဲတော့ပါ။ ကွပ်ပျစ်ပေါ်မှာ လင်ပန်းတစ်ချပ် လင်ပန်းထဲမှာ မီးကင်ပြီးစ ဆိတ်ပေါင်တစ်ချောင်း၊ အားလုံးကြက်သီးတွေ ဖြန်းခနဲ ထသွားသည်။

"ပြန်ကြရအောင် - ငါကြောက်လာပြီ"

"ဟုတ်တယ် - ဒေါ်အေးမာ၊ ငါတို့ကို တစ်ယောက်ယောက်ကြည့်နေတယ်လို့ ခံစားရတယ်"

"နေပါဦး - ငါ အိပ်ခန်းဘက်လှမ်းကြည့်ပါရစေ၊ အထဲမဝင်ပါဘူး"

သတ္တိကောင်းသော စံပယ်က ရှေ့ဆက်ဖို့ ခြေလှမ်းပြင်လိုက်သည်။ ထိုအခိုက် ကွပ်ပျစ်ထောင့်မှ "ဗုန်း - ဗုန်း" ဆိုသော ကွပ်ပျစ်ကို လက်ဖြင့် ရိုက်သံ ထွက်လာသည်။

"အောင်မယ်လေး - ဘာသံတွေတုံး၊ ကြောက်လိုက်တာ"

တံခါးပေါက်ရှိရာ ဝရုန်းသုန်းကား ပြေးထွက်ကြသည်။ နောက်ဆုံးမှာ ရောက်နေတဲ့ ထွေးလှ အပြင်ကိုအမြန်ရောက်လိုဇောနှင့် စံပယ်ကို တွန်းပစ်ခဲ့မိ၏။

"ကယ်ကြပါဦး - ငါ့ကို လာခေါ်ကြပါ" ဟု အားပါးတရ အော်လိုက်သော်လည်း အသံက တိုးတိုးမျှသာ ထွက်တော့သည်။

သတိလစ်နေသော စံပယ်ကို ဘယ်သူသယ်လာမှန်းမသိ၊ အားလုံး မျက်စိမှိတ်ထားရာမှ ဖွင့်ကြည့်တော့ စံပယ်တစောင်းလဲလျက် သတိလစ်လဲကျနေတာ တွေ့လိုက်ရသည်။

စံပယ်အတွက် သူငယ်ချင်းတွေ ယူကြုံးမရဖြစ်ကြသည်။ အမှန်တကယ်လည်း စံပယ်သည် လှအောင်ကို ပိုသံယောဇဉ်တွယ်သည်။



လှအောင်တဲမှ သတိလစ်မေ့မြောပြန်လာပြီး ကောင်းကောင်းပြန်သတိရသည်။ စကားတွေ ပြောနေသော်လည်း သူ့စကားတွေကို သိပ်နားမလည်ကြ။

"လှအောင် ဘဝက သနားစရာကောင်းလိုက်တာ၊ သူ့ကိုတွေ့ရင် မရိုက်ပါနဲ့နော်"

ထိုစကားများပြောပြီး စံပယ် ပြင်းထန်စွာ ဖျားပြန်သည်။ သည်တစ်ကြိမ်တော့ ညလယ်ရောက်မှ စကားတွေ ယောင်ပြောပြန်သည်။

လူတွေအားလုံး ဝိုင်းဝန်းပြုစုရင်း ဆေးဆရာအစုံနှင့် ကုသရင်း တစ်ဆယ့်ငါးရက်အကြာ လကွယ်နေ့ညမှာပင် စံပယ်ကွယ်လွန်သွားခဲ့သည်။ တစ်ရွာလုံး ကြောက်လန့်ကြသည်မှာ နေစရာမရှိ၊ တချို့လူတွေ မြို့ပြောင်းရွှေ့ရန်ပင် ပြင်ဆင်ကြသည်။

သို့သော်လည်း စံပယ် မေ့မြောသည့်နေ့မှစ၍ သေဆုံးချိန်ထိ ဆိတ်ပျောက်မှု၊ ထမင်းဟင်းပျောက်မှု၊ မရှိတော့သလို လှအောင်အရိပ်အယောင် ထင်သော တဲငယ်လေးလည်း မီးခိုးတိတ်ခဲ့ပြီ။

လှအောင် ပျောက်ကွယ်ခဲ့ပြီ။ ဘယ်လိုမှန်းမသိတဲ့ ဇာတ်လမ်းတစ်ခန်း ရပ်ခဲ့သည်လား။

ညောင်ဖီးဖြူရွာ ရှင်ပြုပွဲက တစ်ရွာလုံး စုပေါင်းလုပ်ကြတာကြောင့် မီးခိုးတိတ် အိမ်ရှိလူကုန် ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး ခြေချစရာမရှိ။

စုပေါင်းရှင်ပြုပွဲမှာ လှူရှင်းစပြုပြီဖြစ်လို့ ရပ်ဝေးကကြွလာသည့် ဆရာတော်များကို လှူဖွယ်များနှင့် ပြန်ပို့ရန် လှည်းပြင်ကြသည်။

"ကဲ - ရွာက အစုရှိနေတဲ့ လူကြီးတွေနဲ့ ဦးဘလှိုင်ကို ကျုပ် စကားမိန့်ချင်တာရှိလို့ ခေါ်လိုက်ကြ"

"ပိတောက်ကုန်း" ရွာကကြွလာသည့် ဆရာတော် ဦးကောဝိဒက ထောင်မှတ်စွာ မိန့်ကြားလိုက်တာကြောင့် ပြန်တော့မယ့်ဆဲဆဲ လူကြီးတချို့တျောင်းပေါ်ပြန်တက်၊ ဆရာတော်ရှေ့ဝတ်ဖြည့်ကာ ထိုင်ကြပြီး သိလိုစိတ် ခြင်းနေ

ကြသည်။ ပစ္စည်းသိမ်း၊ ပန်းကန်ဆေးနေသည့် လူတွေလည်း ခပ်ဝေးဝေးက ငြိမ်သက်စွာ နားစွင့်နေကြသည်။

"ကဲ - ဒကာကြီး ဦးဘလှိုင်၊ ခင်ဗျားတို့ ရွာမှာ ထိတ်လန့်မှုတွေ ရှိသေးလား"

"မှန်ပါဘုရား၊ လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက ငြိမ်သွားပါပြီဘုရား"

"အေး - အေး - ငြိမ်သွားတော့ ရွာလည်း ကောင်းသွားတာပေါ့။ ဒကာကြီးတို့ ရွာသားတွေ ထိတ်လန့်နေသလို သူ့မှာလည်း လူဖြစ်ရက်နဲ့ လူ့ပတ်ဝန်းကျင်မှာ မနေရ၊ လူလိုမစားခဲ့ရရှာတဲ့ ဒကာလေးလှအောင်လည်း ဆုံးသွားရှာတာကိုး"

"ဟာ" "ဘယ်မှာလဲ ဘုရား" "တပည့်တော်တို့ ကြည့်ပါရစေ" တစ်ယောက်တစ်မျိုး စကားသံတွေကို ဆရာတော် လက်ကာတားလိုက်သည်။

"ခင်ဗျားတို့ သိချင်တာတွေ အကုန်သိရမယ်၊ ဒါပေမဲ့ - လှအောင်ကိုတော့ ကျုပ်တို့ ကောင်းကောင်းမွန်မွန် မီးသင်္ဂြိုဟ်ပေးလိုက်ပြီ၊ လှအောင်မှန်းလည်း ကျုပ်တို့ရွာက မသိကြပါဘူး။ ဒကာတို့ ရွာနဲ့ကလည်း အတော်အလှမ်းဝေးတာကိုး။ သူ့ကို သင်္ဂြိုဟ်ပေးပြီး နောက်သုံးလလောက်နေမှ လှအောင် ကိုယ်တိုင်ရေးခဲ့တဲ့ စာအုပ်လေးကို ကျောင်းအောက် တိုင်ကြားထဲက တွေ့တာ၊ သူ့သေတာကို ဒကာကြီးတို့ ရွာက တစ်ယောက်ယောက်သိသွားရင် လူတွေ လာကြည့်ကြမယ်ဆိုတာ သူ သိတယ်၊ သူ့ကို သေသွားတဲ့အထိ မတွေ့စေချင်တာလည်း ပါမှာပေါ့လေ"

"ကဲ - ရော့ - ရော့ - ဒီမှာ လှအောင်ရေးခဲ့တဲ့ စာအုပ်လေး။ ဒကာတွေထဲက တစ်ယောက်ယောက် ဖတ်ပြစမ်း၊ အားလုံးကြားရအောင်"

☯

ကျွန်တော့်နာမည် လှအောင်ပါ။

ကျွန်တော့်ရဲ့အမေက လူ့လောကထဲမှာ လူရာဝင်ဖို့အတွက် လှပတဲ့ရုပ်ရည်နဲ့ "လှအောင်" ဆိုတဲ့ နာမည်လှလှလေး ပေးခဲ့ပါတယ်။



ဒါပေမဲ့ - ကျွန်တော့်ဘဝက မလှပခဲ့ပါဘူး။ အရမ်းဆင်းရဲတဲ့ မျိုးရိုးက ဆင်းသက်လာခဲ့ရုံမက လှပတဲ့ရုပ်ရည်ကြောင့် အရွယ်ရောက်လာတဲ့အချိန် ညောင်ဇီးဖြူရွာက ကာလသားတွေရဲ့ ရန်ရှာမုန်းတီးမှု ခံခဲ့ရပါတယ်။

မိန်းကလေးသူငယ်ချင်းတွေရဲ့ ညှာတာမှု၊ ဂရုစိုက်မှုတွေရတော့ လူဖြစ်ရတာ အဓိပ္ပာယ်ရှိခဲ့ပါတယ်၊ ဒါပေမဲ့ - အဖေ့ရဲ့ အရိပ်မည်းတွေကြောင့် ကျောင်းတက်တဲ့ဘဝမှာ မျက်နှာငယ်ခဲ့ရပါတယ်။

အဖေ ဆုံးပြီး အဘွားနဲ့အတူ ဘဝကို အေးချမ်းစွာနေနိုင်ဖို့ ကျွန်တော် ထိတ်ကျောင်းတဲ့ အလုပ်ကို မရှက်မကြောက် လုပ်ခဲ့ပါတယ်။



'အမေရေ—ကယ်ပါဦး' လို့ အားကုန်အော်ဟစ်မိတဲ့ ကျွန်တော့်
အသံကြောင့် ဆက်ရက်လေးတွေ လန့်ပျံကုန်ပါပြီ။ မြဒါးပျက်မှန်လေး
ထဲမှာတောင် ကျွန်တော့် မျက်နှာဟာ ကြောက်စရာကောင်းလိုက်တာ။
မျက်နှာအသား အရေက မည်းခြောက်သွားပြီး မြေပဲစေ့လောက်၊
ပဲကြီးစေ့လောက် အဖုတွေ အလုံးတွေကလည်း မျက်နှာတစ်ခုလုံး
အပ်ချစရာတောင် မရှိတော့အောင် ပါပဲ ...

ကျွန်တော်တို့နေတဲ့ ရွာပြင်ဘုရားဓားက မြေပုံလေးတွေမှာ ရာသီပေါ် သီးနှံလေးတွေစိုက်ပြီး အများနည်းတူ အိမ်ထောင်ပြု ဘဝတစ်ခု တည် ထောင်နိုင်ပြီ စိတ်ကူးယဉ်မိတယ်။

ကလေးဘဝတည်းက အခုအချိန်ထိ ကျွန်တော့်ကို သံယောဇဉ်ကြီးကြီး နဲ့ ခင်မင်ခဲ့တဲ့စံပယ်ကို ကျွန်တော် တိတ်တဆိတ် ချစ်နေမိပါတယ်။

ကျွန်တော်ဟာ မရဘူးတဲ့ ပျော်ရွှင်မှုတွေကို မျှော်လင့်ရင်းဘဝကို ရှင် သန်ဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော့် အိပ်မက် ကျွန်တော့် စိတ်ကူးတွေနဲ့ အချိန်တွေကို အကျိုးရှိရှိ ကုန်စေခဲ့တယ်၊

ဒါပေမဲ့ – ကံကြမ္မာက ကျွန်တော့်ကို ဘယ်လိုမှ မျက်နှာသာမပေးခဲ့ပါ ဘူး။ အေးချမ်းနေတဲ့ဘဝကို လုဟာန်နဲ့ ရွာက ကာလသားတချို့က ဖျက်ဆီး ရိုက်ချိုးခဲ့ပါတယ်။ အသွားအတွက် ထမင်းထုပ်လေးနဲ့ လုပ်စပိုက်ဆံလေး ယူပြီး ပျော်ရွှင်စွာ အိမ်ပြန်လာတဲ့ ကျွန်တော့်ကို ရွာအတွက် ဆည်သောင် စောင်းက စောင့်ပြီး ရန်စပိုင်းရိုက်ကြပါတယ်၊

ကျွန်တော် ပြန်ခုခံပေမယ့် အများနဲ့တစ်ယောက် ဘယ်လိုမှ မလွတ်ခဲ့ ပါဘူး။ လုဟာန်ရဲ့သူငယ်ချင်းတွေက ကျွန်တော့်ရဲ့ခြေတွေလက်တွေကို မလှုပ်နိုင်အောင် ချုပ်ထားပြီး လုဟာန်က မျက်နှာကို ထန်းလက်ခြောက်နဲ့ အဆက်မပြတ် ရိုက်ခဲ့ပါတယ်။

မျက်လုံးကို မထိအောင် မှိတ်ထားနိုင်ပေမယ့် ကျွန်တော့်ရဲ့မျက်နှာ တစ်ခုလုံးကတော့ အကာအကွယ်မဲ့ အရိုက်ခံရတာကြောင့် သွေးအလိမ်း လိမ်းနဲ့ အရေခွံတွေ စုတ်ပြတ်ခဲ့ပါတယ်၊ နောက်ဆုံး အဲဒီနေရာမှာပဲ ကျွန် တော် မေ့မြောသွားခဲ့ပြီး ပြန်သတိရတော့ ညဦးတော်တော်နက်နေပါပြီ၊

ကျွန်တော့်ရဲ့သွေးစက်စက်ယိုစီးနေတဲ့ မျက်နှာနဲ့ ဒဏ်ရာတွေကို အဘွားမြင်တော့ ယူကြုံးမရ ဖြစ်ပါတယ်၊ အဘွားရော ကျွန်တော်ပါ ဆိတ် ကျောင်းတဲ့အလုပ်ကို နားဖို့ဆုံးဖြတ်ခဲ့ပါတယ်၊

ဒီဒဏ်ရာ ပျောက်ကင်းအောင်နေပြီး လုဟာန်တို့အုပ်စုကို ပြန်လက် တုန့်ပြန်ချင်တဲ့ ကျွန်တော့်ဆန္ဒကို အဘွားက အတတ်နိုင်ဆုံး ဖျောင်းဖျတား မြစ်ခဲ့ပါတယ်၊ ဘယ်လိုမှ တားလို့မရမှန်းသိလို့ နောက်ဆုံးအဘွား လက်



လျှော့ခဲ့ပါတယ်။ ကျွန်တော်လည်း တစ်ယောက်တည်း မီဘတွေနဲ့ အရင် နေထိုင်ခဲ့တဲ့ ဘုရားအိုဓားက တဲအိမ်လေးကို ပြန်နေခဲ့ပါတယ်၊

မျက်နှာက ဒဏ်ရာတွေကလည်း ယောင်ရမ်းနာကျင်နေပြီး သွေးစက် စက် ထွက်နေတာလည်း နာကျင်မှုကို အံကြိတ်ခံရင်း ကွပ်ပျစ်လေးပေါ်မှာ တစ်ညလုံး ထိုင်နေခဲ့တယ်၊

အချိန်ကြာလာတာနင့်အမျှ ပိုပြီးကိုက်ခဲနာကျင်လာပါတယ်၊ အဖေ ရှိစဉ်က သူ မွေးထားတဲ့ကြောင်လေး အနာဖြစ်ရင် ဆေးမှုန့်လေးတွေ သိပ် ပေးတာ ပြန်တွေးမိပြီး အဖေ နေခဲ့တဲ့အခန်းထဲကိုဝင်၊ ဆေးမှုန့်ကို ရှာပြီး ကွပ်ပျစ်ပေါ်မှာ ပက်လက်လှန်၊ မျက်နှာပေါ်က အနာတွေပေါ်ကို ဆေးမှုန့်တွေ ဖြူးမိတယ်၊

"အောင်မယ်လေးဗျ" လို့ အော်ဟစ်ညည်းညူပြီး ကျွန်တော်တစ်ကိုယ် လုံး တဆတ်ဆတ်တုန်နေပါတော့တယ်။ မျက်နှာက အကြောတွေဟာ ဟိုနေရာ သည်နေရာ သွားစုနေသလို ခံစားနေရတယ်၊

တစ်ညလုံး လူးလိမ့်ခံစားရင်း မိုးလင်းချိန်လောက်မှာ ကျွန်တော် မှေးခနဲ အိပ်ပျော်သွားပါတယ်၊

အိပ်ရာကနိုးတော့ မျက်နှာမှာ နာကျင်မှုတွေ မရှိတော့ပေမဲ့ တင်းကျပ် တဲ့ ခံစားမှုတော့ ရှိနေပါသေးတယ်၊ ဝမ်းသာအားရနဲ့ အမေရှိစဉ်က သုံးခဲ့တဲ့ မှန်လေးမှာ ကြည့်လိုက်ပါတယ်၊

"အမေရေ – ကယ်ပါဦး" လို့ အားကုန်အော်ဟစ်မိတဲ့ ကျွန်တော့်အသံ ကြောင့် ဆက်ရက်လေးတွေ လန့်ပျံကုန်ပါပြီ၊ ပြဒါးပျက်မှန်လေးထဲမှာတောင် ကျွန်တော့် မျက်နှာဟာ ကြောက်စရာကောင်းလိုက်တာ၊ မျက်နှာအသား အရေက မည်းခြောက်သွားပြီး မြေပဲစေ့လောက် ပဲကြီးစေ့လောက် အဖုတွေ အလုံးတွေကလည်း မျက်နှာတစ်ခုလုံး အပ်ချစရာတောင် မရှိတော့အောင် ပါပဲ"

မျက်လုံးမျက်စုံး ပါးစပ်ကလွဲလို့ ကျွန်တော့်ကို ကျွန်တော်တောင် မှတ် မိတော့ပါဘူး။ ကျွန်တော်ဟာ လူစင်စစ်က ဘီလူးရုပ်ဖြစ်ခဲ့ပါပြီ၊ ဒီအဖုတွေ ကို ကိုင်ကြည့်တော့လည်း ဘယ်ခါမှ ပျောက်မှာမဟုတ်တဲ့အသားလုံး အဖု တွေပါ၊

ကျွန်တော် လူတွေနဲ့ ဘယ်လိုဆက်ဆံရတော့မှာလဲ၊ မျက်နှာမြင်တာနဲ့ အော်ဟစ်ထွက်ပြေးကြတော့မယ်၊ ဘယ်လိုနေထိုင်လုပ်ကိုင်စားသောက်ရမလဲ၊ စံပယ်နဲ့ တွေ့ခွင့်တော့ ဒီဘဝမှာ ဝေးခဲ့ပါပြီ။

နှစ်ရက်နဲ့ သုံးညတိတိ ကျွန်တော် မစားမသောက်ဘဲ အိပ်ရာထဲ လဲခဲ့ရပါတယ်၊ နောက်တစ်ညမှာတော့ ဝမ်းနည်းကြေကွဲတာကို မျိုသိပ်ရင်း ဆာလောင်နေမှုကို ဖြေရှင်းဖို့ အဖေ့ကွပ်ပျစ်ခြေရင်းမှာ တွေ့တဲ့စဉ့်အိုးလေးထဲက ပျစ်ချွဲချွဲ ချိုအီအီအရည်တွေကို ဖွန်းနဲ့ ခပ်သောက်ခဲ့ပါတယ်၊ ဒီအရည်ကို အရင်ငယ်ငယ်တုန်းက တစ်ခါသောက်ဖူးပါတယ်။

ဗိုက်ထဲက ဆာလိုက်တာ၊ ခုနေများ ထမင်းဟင်းကောင်းကောင်းလေး စားလိုက်ရရင် သိပ်ကောင်းမှာပဲလို့တွေးပြီး အိပ်ပျော်ခဲ့တယ်၊ ကျွန်တော့်ဆန္ဒအတိုင်း အိပ်မက်ထဲမှာ ရွာတောင်ဘက်က အိမ်ကြီးတစ်အိမ်အပေါ်တက်ပြီး မီးဖိုထဲက ထမင်းဟင်းတွေ ခူးခပ်စားရတယ်လို့ အိပ်မက်မက်ခဲ့တယ်၊

နောက်တစ်နေ့ ညဘက်မှာတော့ ကျွန်တော့်မျက်နှာကို တတ်နိုင်သလောက် ဖုံးအုပ်ပြီး အဘွားအိမ်ရောက်ခဲ့တယ်၊ ဘာမှ မစားရသေးတဲ့ကျွန်တော့်ကို အဘွားက ရှိတာလေးတွေ ချကျွေးပေမယ့် မစားနိုင်ခဲ့ဘူး။

အိပ်မက်ထဲမှာ ထမင်းစားရတဲ့အကြောင်း ပြောပြပြီး ခုထိ ဗိုက်မဆာသေးကြောင်း ပြောပြခဲ့တယ်၊

အဘွားက ကျွန်တော့်ကို "စိတ်မကောင်းလိုက်တာ သားလေးရယ်" လို့ ပြောပြီး ဖက်ငိုပါတယ်၊ ပြီးတော့ - မင်းအဖေ ချန်ခဲ့တဲ့စဉ့်အိုးလေးထဲက ပျစ်ချွဲချွဲအရည်တွေကို သွန်ပစ်ဖို့ အဘွားမေ့သွားတယ်၊ ဒီစဉ့်အိုးလေးက မင်းအဖေ တောထဲ ဆေးမြစ်တူးသွားရင်း မြေကြီးထဲကတွေ့လို့ အိမ်ကိုယူလာပြီး ဘာလဲဆိုတာ သိချင်လို့ ယူသောက်ကြည့်မိတယ်၊

အဲဒီကစလို့ ညဘက်အိပ်ရင်း သူ့စိတ်ထဲမှာ ဖြစ်ချင်တာတွေ အိပ်မက်ထဲမှာ အတိုင်းတကယ် လက်တွေ့လည်းဖြစ်တယ်တဲ့၊ ကိုယ်ပျောက်ဆေးတဲ့၊



အဘွားရဲ့စကားအတိုင်းဆိုရင် ကျွန်တော်ဟာ ညဘက်တွေ အိပ်မက်ထဲက အိမ်တွေမှာ ထမင်းတွေ၊ ဟင်းတွေ စားခဲ့တာ တကယ်ဖြစ်ခဲ့တာပေါ့။ ဒီလိုနဲ့ နေ့ညများစွာကို ကျော်လွန်ခဲ့ပါတယ်၊ လူတွေနဲ့အတူတူ လုပ်သောက်လို့မရတဲ့ဘဝမှာ တောင်းစားရတဲ့ဘဝကိုလည်း ကျွန်တော် မရောက်ချင်ဘူး။ ညဖက်တွေ ဗိုက်ထဲမှာ ဆာလောင်လွန်းလို့ ကြာတော့ ကြိတ်မှိတ်မခံနိုင်ဘဲ ဒီစဉ့်အိုးထဲက အရေတွေကိုပဲ ဖွန်းနဲ့ ခပ်သောက်မိပြန်တယ်၊

ရွာထဲမှာ ဘာတွေဖြစ်နေပြောနေမှန်းမသိပေမဲ့ မနက်မိုးလင်းလို့ ကျွန်တော် နိုးလာတာနဲ့ တဲထဲမှာရှိတဲ့ အိုးထဲမှာ အသားဟင်းတွေ မီးဖိုပေါ်မှာလည်း ကင်ထားတဲ့အသားတွေ တွေ့ရတော့တာပဲ၊

အစပိုင်းက ဒီအသားတွေမစားဘူးလို့ တင်းထားပေမယ့် တစ်ကိုယ်လုံး ယားယံလာပြီး ကုပ်ရဖဲ့ရတာ သွေးတွေတောင် ထွက်တယ်၊ အဘွားပြောတာကတော့ အဖေက သူ့တစ်ကိုယ်လုံး ယားယံပြီး ကုပ်ဖဲ့လို့ သွေးတွေထွက်လာရင် မွေးထားတဲ့ကြောင်လေးကို လျှာနဲ့လျက်ခိုင်းမှ သက်သာတယ်တဲ့။

ကျွန်တော့်မှာတော့ ကြောင်လည်းမရှိ၊ အဖော်လည်းမရှိ၊ ယားယံလာရင် ကုတ်၊ အိုးထဲက အသားဟင်းတွေစား၊ စဉ့်အိုးထဲက အရည်တွေ ခပ်သောက်နဲ့ ကြာတော့ ဘာတွေဖြစ်မှန်းမသိတော့အောင် တစ်ခါတစ်ခါ သတိလစ်သွားတော့တယ်၊ ညဘက် အိပ်တော့မှ ရွာထဲလျှောက်သွားတယ်၊ တစ်ရွာလုံး အိပ်မောကျနေတော့ ကျွန်တော့်ကို ဘယ်သူမှ မတွေ့ကြဘူး၊ စားစရာရှိရင်လည်း ခူးခပ်စားခဲ့တာပဲ၊ ကျွန်တော် တက်လာတာ အားလုံး နှိုးနေတာမို့ မိုးစားတယ်လို့ မထင်ခဲ့ဘူး။

ဒီလိုနဲ့ တစ်ညမှာတော့ ကျွန်တော် လှဟန်အိမ်ပေါ် တက်သွားမိတယ်၊ သူတို့မိသားစု အိပ်မောကျနေတာပေါ့၊ အိပ်မက်ထဲမှာ လှဟန်ကို ကန်ကျောက်ပစ်ချင်ပေမယ့် ကျွန်တော့်ဘဝ ပျက်ခဲ့သလို သူ့နှလုံးသားကိုလည်း ရှူးပစ်ချင်တာကြောင့် အိပ်ပျော်နေတဲ့ သူ့သားလေးကို ပွေ့ချီပြီး ခေါ်သွားခဲ့တယ်၊ ရွာလယ်မှာ လမ်းလျှောက်ရင်း အိပ်မောကျနေတဲ့ကလေးကို ဘယ်အားရမှန်း စဉ်းစားမရခဲ့ဘူး။

နောက်ဆုံးတော့ အလင်းရောင်ထွက်လာခါနီးလို့ဖြတ်သွားဖြတ်လာစပြုနေတဲ့ ကားတွေထဲက ငွေကြေးချမ်းသာမယ်ထင်တဲ့ ကားသေးသေးလေးနောက်ခန်းထဲ ကလေးကို ထားပစ်ခဲ့တယ်။

နောက်ပိုင်းသူတို့တွေ ဘယ်လိုလာဖမ်းဖမ်းကျွန်တော်ကတခြားရောက်နေတာ၊ ညဘက်သာ တဲကို ပြန်လာတာ၊ ကံဆိုးချင်တော့ စံပယ်တို့ ရောက်လာမယ့်နေ့မှာတော့ ကျွန်တော် စဠ်အိုးထဲက အရည်တွေသောက်တာများသွားပြီး ကွပ်ပျစ်ပေါ်အိပ်ပျော်နေတယ်၊ ကျွန်တော် ရှိကြောင်း အသံပေးပေးမယ့် သူတို့ကျွန်တော့်ကို မတွေ့ကြရဘူး၊ ဒါတွေဟာ တကယ်လား၊ အိပ်မက်လားဆိုတာ ကျွန်တော်လည်း မသိဘူး။

နောက်ဆုံး စံပယ်အကြောက်လွန်ပြီး ကျွန်တော့်ရင်ခွင်ထဲ မေ့မြောသွားတဲ့ နောက်ရက်မကြာမီ ဆုံးသွားကြောင်း ကျွန်တော် သိလိုက်ရတယ်၊ လူ့ဘဝ ရောက်လာတာ အတိတ်ရဲ့ကောင်းကျိုးဆိုးကျိုးတွေ စံစားခံစားဖို့မါပဲ၊ နားလည်သိတတ်တဲ့အချိန်ကစလို့ ဒီနေ့ထိ ကံဆိုးခြင်းတွေ ခံစားခဲ့ပြီးပါပြီ။

တကယ်တော့ကျွန်တော်တို့မိသားစုဘဝရေကျတာလို့အဘွားကပြောပါတယ်၊

ဘာကြောင့်လည်းဆိုတော့ ကျွန်တော့်မိဘနှစ်ပါးဟာ ဆေးမြစ်တူးဖို့တောထဲဝင်ရင်း စေတီအပြိုအပျက်တွေကြားကရလာတဲ့ ရွှေငွေ ပစ္စည်းတွေကို လောဘတက် သုံးစွဲခဲ့လို့တဲ့"

ဒီဘဝ ငရဲမှာ မိဘနှစ်ပါးရဲ့သားဖြစ်တဲ့ ကျွန်တော်လည်း မဖြစ်မနေအပြစ်ခံခဲ့ရပါပြီ၊

ကျွန်တော့်အမေဟာ အမေ စိတ်ဖောက်ပြီး လည်ပင်းဓားလှီးအသတ်ခံခဲ့ရသလို အဖေကိုယ်တိုင်ကတော့ သူ့လက်ကောက်ဝတ် သွေးကြောကိုကိုယ်တိုင်လှီးဖြတ်ခဲ့တာပါ၊

နောက်ဆုံး၊ ကျွန်တော့်ရဲ့ကံတရားကို အဆုံးသတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ ဒီရွာ၊ ဒီတဲထဲမှာ ရုပ်ပျက်ဆင်းပျက် သေသွားတာမျိုးလည်း မလိုလားပါဘူး၊ ဒါကြောင့် ... အဖေ ကျန်ခဲ့တဲ့ စဠ်အိုးထဲက အရည်တွေကို သွန်လှဲပစ်ပြီး ဒီညောင်ဇီးဖြူနဲ့ ဝေးတဲ့ ပိတောက်ကုန်းရွာလေးက ဘုန်းကြီးကျောင်းမှာ အဘွားရဲ့မောင်က ကပ္ပိယလုပ်နေတာသိလို့ ကျွန်တော် အားတင်းပြီးထွက်ခဲ့ပါတယ်၊

သောက်နေကျအရည်ကို မသောက်ရ၊ အသားလည်း မစားရတဲ့အချိန်တွေ များလာတော့ ဘာကိုမှလည်း မစားချင်ဘဲ အားပြတ်လာပြီး၊ ကျွန်တော် ကျောင်းအောက်ကထောင့်မှာ ခွေနေခဲ့ပါတယ်၊ ကျွန်တော့်ဘဝရဲ့နောက်ဆုံးအချိန်ကို လိုလားတောင့်တစွာ မျှော်မိပါတယ်၊

ကျွန်တော်နဲ့ တစ်ရွာလုံး အပြန်အလှန်ထားခဲ့ကြတဲ့ နာကြည်းမုန်းတီးမှုတွေလည်း ဒီမှာတင်ရပ်ဖို့ ဘုန်းဘုန်းက တစ်ဆင့်တောင်းပန်ခဲ့ပါတယ်၊

လှအောင်

လှအောင် စာက အဆုံးသတ်ခဲ့ပြီ၊ အသက်ရှူရန်ပင် မေ့နေသော လူအုပ်ထဲမှာတော့ သက်ပြင်းချသူတွေ မျက်ရည်ကျသူတွေ ရှိနေပါသည်၊

"တဲ - ဒကာကြီးတို့ ဒီစာဖတ်ရရင် သူ့ရဲ့ဒုက္ခက ခင်ဗျားတို့ ဒုက္ခထက်အဆပေါင်းများစွာ သာပါတယ်၊ သူ့အပေါ် ခွင့်လွှတ်တယ်ဆိုရင် နု - ဒကာမတို့ လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုကို အမျှပေးလိုက်ကြပါ၊ သူ ကောင်းရာသုဂတိလားပါစေ"

ဆရာတော် မိန့်ကြားချက်ကို အားလုံးသဘောတူကြသည်၊ ကိုယ်ကျင့်သီလူးသဖွယ် ကြောက်လန့်စရာကောင်းလှသော လှအောင်ဘဝအဆုံးသတ်က ရင်နင့်စရာကောင်းသည်၊ မိသားစုအားလုံး ဘဝမလှကြသျှင်း သံသရာမှာ လူဖြစ်ခဲ့လျှင်လည်း လူ့ဘဝကို ပီသစွာရပြီး ချစ်ခင်သူများသူနဲ့ ပေါင်းသင်းနိုင်ပါစေ၊

အခုခါတစ်ဘဝသာ ကံဆိုးပါစေတော့ မောင်လှအောင် ...

→→ ခင်မလေး (ကလော)

တစ်နေ့က ကိုယ်ကိုယ်တိုင် လေးစားနှစ်ခြိုက်မိတဲ့ မဂ္ဂဇင်းတစ်စောင်က တာဝန်ခံအယ်ဒီတာ ဆရာကလေးရယ်။ အယ်ဒီတာအဖွဲ့ဝင် ဆရာမလေး တစ်ဦးတို့ရယ်နဲ့ မမျှော်လင့်ဘဲ စကားလက်ဆုံကျမိခဲ့ကြရဲ့။ ဘာရှိရဦးမ ယောင်အကြောင်း၊ ယောင်ထဲက ဇာတ်လမ်းတွေ အကြောင်းပဲပေါ့။

ဇေယျမင်းချင်



နော့ - ကိုယ်ကို တောင်မှူးကြီး လူထွက်လို့လည်း သိထားကြပြန်၊ တောင်နဲ့ ပတ်သက်တဲ့ ဝတ္ထုတိုရှည်၊ ဆောင်းပါးတွေ ရေးနေတဲ့စာရေးသူ တစ်ဦးလို့လည်း သိထားကြပြန်ဆိုတော့ရင် ကိုယ့်ဆီကကြားရဖို့ အများဆုံး မျှော်လင့်ထားတတ်ကြတာဟာ တောင်အကြောင်း၊ တောင်ဇာတ်လမ်းတွေ ရှည်းပဲ ဖြစ်နေကြတော့တာဟာ ဆန်းသေးလို့လား။

ဒီလိုလေ - လူဆိုတာမျိုးဟာ ကိုယ်နဲ့အလှမ်းဝေးပြီး မျက်စိစိမ်း၊ နားစိမ်း တဲ့ဘဝမျိုး၊ ဇာတ်လမ်းမျိုးကိုမှ စုန်ရေမက်က သွားရည်ကျဲကျဲ ချဉ်ခြင်းတက် တတ်ကြတာမျိုးကိုး။ ဟုတ်တယ်နော်၊ အဲဒါကိုက လူ့စရိုက် လူ့ဗီဇပဲလေ၊

ဗွေဆော်ဦး စကားပိုင်းတည် ဖြစ်ကြတုန်းကတော့ တောင်နဲ့ပတ်သက် တဲ့ ဟိုအကြောင်း ဒီအကြောင်း၊ တောအကြောင်း တောင်အကြောင်းတွေပါ ပဲ၊ ပြောလို့ ကောင်းကြားလို့ကောင်း တွေလာကမာတွေပလေ၊

အဲဒီမှာ အယ်ဒီတာဆရာမလေးဟာ သူ့အရေးအဖွဲ့တွေကသာ စေ့စေ့ စပ်စပ် ရှိလေသလားမှတ်တာ၊ တကယ်တမ်း အကြောင်းအရာတစ်ခုကို ထဲထဲဝင်ဝင် စိတ်ဝင်တစား စပ်စုစေ့ငုတတ်လိုက်ပုံများတာဖြင့် တယ်လည်း လက်တွပ်စိပ်သကိုး။ စာရေးသမား ညဉ့်တွင်မက အယ်ဒီတာ စိတ်အခံ ကလေးကလည်း စွက်ထားလိုက်သေးတာဆိုတော့ ပြောကြရင်း ပြောကြရင်း နဲ့ ပိုင်းကြီးစည်သွားလိုက်ကြတာများ (၃၊၄) နာရီဆိုတဲ့အချိန်တွေဟာ ဖြုတ် ခနဲ ကုန်သွားသလား အောက်မေ့လိုက်ရတယ်၊ ခဏလေးပဲ၊ ခဏလေးပဲ၊ တကယ် - တကယ်၊

ဘာတွေကိုပြောဖြစ်ကြတာလဲ၊ ဘာအကြောင်းတွေမှာ့ဲဒီလောက်ကြီး တောင် လေမိပြီး အာရှင်သွားဖြစ်ကြတာ - ဟုတ်စ၊ ပြောမယ် - ပြောမယ်၊ ထုံးစံအတိုင်း သရဲတစ္ဆေတွေအကြောင်း၊ နရသိန်လို့ခေါ်တဲ့တောင်တွေထဲက သရဲဇာတ်လမ်း၊ သရဲပုံပြင်တွေအကြောင်းပါပဲတဲ့ဗျာ - ကဲ"

"ဆရာတို့ တောင်တွေထဲမှာ တောင်ကျ၊ အချုပ်ကျနေကြရင်းက အကြောင်းတစ်ခုခုကြောင့် ကွယ်လွန်ဆုံးပါးသွားခဲ့ရင် သူ့ပြစ်ဒဏ်ကာလ စေ့တဲ့အထိ သူတို့ဝိညာဉ်တွေကို ဆက်ပြီး ချုပ်ထားရသေးတယ်ဆို၊ နောက် ပြီးတော့ - အဲဒီ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်ကောင်တွေက သရဲတစ္ဆေ တွေဖြစ်ပြီးတောင်တွေထဲမှာ ခိုကပ်ခြောက်လှန့်နေတတ်ကြတယ်ဆို - ဟုတ် လား - ဆရာ"

ဗုဒ္ဓေါရေ - ရိုကတည်းက ယဉ်သလို ဆိုသလိုပဲဗျို့ အယ်ဒီတာဆရာမ လေးက ကောက်ကာငင်ကာ စကားပိုင်းကို ပတ်မကြီး "ထိ" ခနဲ တီးပြီး ဖွင့် လိုက်တယ်။ ကျုပ်ဗျာ - ပါးစပ်နားတော့ထားတဲ့ ရေနွေးကြမ်းခွက်တောင် ဆက် မျှောမရှု ဖြစ်လိုက်တော့ပဲ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး "ဒီမေးခွန်းကို ဘာဖြစ်လို့များ မေးတာပါလိမ့်မလဲ" လို့ မနည်းကြီး အဖြေအလှွား စဉ်းစား လိုက်မိရသေးသဗျ၊

ဟုတ်တယ်၊ ဆရာမောင်ညိုမှိုင်း (သန်လျင်) ကလည်း တစ်ခါတုန်းက တားကြဲ့ မေးခဲ့ဖူးသေးတယ်၊ "ဆရာရေ - တောင်ထဲကို ရောက်လာတဲ့ ဆိုးလူမိုက်များရဲ့ ကိုယ်ပေါ်က အစီအရင် အာနိသင်တွေ ဓာတ်တွေကို ယ်ကုန်အောင် နာမ်နှိမ်ဖို့အတွက် တောင်အဝင်တံခါးမကြီးမှာ လောကီ ည်းနဲ့ စီမံထားကြတယ်ဆိုတာ ဟုတ်သလားဗျ၊ ဟို - ကျားခေါင်းအရုပ်ကြီး တွေကို တောင်တံခါးဝကြီးမှာ ချိတ်ထားကြတာဟာ အဲဒါကြောင့်ပဲ မဟုတ် " တဲ့၊

တိုင်း - အဲဒီလိုပဲ ကျုပ်တို့တောင်အကြောင်းတွေကို စပ်စုတတ်ကြတဲ့ င်းဟာ တောင်ထဲက လူမသိ၊ သူမသိ၊ ဝိညာဉ်ကိစ္စတွေ၊ သရဲတစ္ဆေတွေ ကြောင်းကို လွှတ်စိတ်ဝင်စားကြတာကိုးဗျ၊ ခဏ ခဏ မေးတတ်လား တတ်ကြရဲ့၊

"ဆရာမက ဘာလို့ အဲဒါကို မေးရတာလဲ"

"ရှင် - ဆရာ"

"ဪ - အဲဒီမေးခွန်းကို ဘာဖြစ်လို့ ဘာကို သိချင်လို့ မေးတာလဲလို့"

"အကြောင်းထူးရယ်လို့တော့ မရှိပါဘူး – ဆရာရယ်၊ ဒီလိုပါပဲ – ကြားဖူးနားဝရှိ မေးကြည့်လိုက်တာပါ"

တကယ်ဆိုရင် အဲဒီအယ်ဒီတာဆရာသမားနဲ့ ဆရာမကလေးက ရသနှယ်တဲ့ဘဝဖြစ်ရပ်မှန်အကြောင်းရပ်တွေမှာသာ ကျက်စားတတ်ပြီး တကယ့်ရသသမားစစ်စစ်တွေဗျ။ ဂမ္ဘီရ၊ လျှို့ဝှက်သည်းဖိုလိုင်းထဲက ကတ်သီးကတ်သတ် စပ်စုတတ်ကြတဲ့ တခြားလူတွေလိုပဲ ထောင်ထဲက ဒီတစ္ဆေသရဲအကြောင်းတွေကို စိတ်ဝင်စားနေတယ်ဆိုလို့ ကျုပ်က အံ့ဩမိသွားရတာ။

ဒါပေမဲ့လည်းလေ – ကျုပ်တို့ ဗုဒ္ဓဘာသာဝင်တွေမှာ သရဲတစ္ဆေဆိုတာကို မယုံကြည်တဲ့လူက မရှိသလောက် ခပ်ရှားရှားရယ် မဟုတ်လား။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ အပါယ်ဘုံဆိုပြီး ရှိရာမှာ ဘုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ မှင်စာ၊ သရဲ၊ ကျတ် စတဲ့ ဝေမာနိက ပြိတ္တာများဟာ အပါယ်လေးဘုံထဲက ပြိတ္တာဘုံသားတွေလို့ မိရိုးဖလာ ဒီအတိုင်းပဲ အရိုးစွဲလာခဲ့ကြတာ မဟုတ်လား။ ဘယ်လောက် ခေတ်မီခေတ်မီ၊ ဘယ်လောက်ပညာတွေတတ်တတ် သရဲတစ္ဆေသံကြားရင် အနည်းဆုံး ကျောကလေးတော့ စိမ့်မိ၊ အေးမိတတ်ကြသေးတာပဲလေ။ ဟုတ်ကဲ့လား ...။

"အဲဒါတွေက ထောင်အကြောင်း၊ ထောင်လုပ်ငန်းတွေ အကြောင်းကို ထဲထဲဝင်ဝင် မသိကြလို့ပါဗျာ။ ဘယ်နယ် ဟုတ်ရမှာတုံး။ ထောင်ကျအကျဉ်းသားပဲဖြစ်ဖြစ်၊ အချုပ်သားပဲဖြစ်ဖြစ် ပြစ်ဒဏ်မစေ့သေးခင် သေသွားမှဖြင့် သူသေတဲ့နေ့၊ သူသေတဲ့အချိန်ကစပြီး အပြစ်ဒဏ်ကနေ အလျဉ်းလွှတ်ပစ်လိုက်ရတော့တာပေါ့ဗျ။ ဘယ်ဆက်ချုပ်ထားလို့ ဖြစ်တော့မှာတုံး။ သေသူရဲ့ အလောင်းကောင်ကြီး (Dead Body) ကို ထောင်ပိုင်ကိုယ်တိုင် သေချာစစ်ဆေး၊ သူ့ကိုယ်ပေါ်က ထင်ရှားတဲ့ အမှတ်အသား (Identification marks) တွေကိုတစ်ခုချင်း အသေးစိတ်တိုက်စစ်ပြီးတော့ရင် အကျဉ်းသားမှတ်ပုံတင်စာအုပ်ကြီးထဲက ဖျက်၊ ထောင်လွှတ်လက်မှတ် (Released ticket) ကို ကိုယ်တိုင်လက်မှတ်ထိုးပြီး ထုတ်ပေးလိုက်ရတာ။ သေသူကို သင်္ဂြိုဟ်ပြန်တော့လည်း "ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ ဘာရောဂါနဲ့ ဘဝတစ်ပါးကို ကူးပြောင်းကွယ်လွန်ခဲ့ပြီးဖြစ်လို့မို့ အကျဉ်းထောင်က လွှတ်လိုက်ပြီ" ဆိုတဲ့အကြောင်း၊ "ထောင်နဲ့အလျဉ်းမသက်ဆိုင်တော့တာမို့ အကျဉ်းထောင်နယ်မြေထဲမှာ နေခွင့်မရှိတော့တဲ့အကြောင်း၊ သင် သွားလိုရာသို့ သွားနိုင်ပြီ" ဆိုတဲ့အကြောင်းတွေကို အမိန့်စာအပိုင်း (၁)မှာ ကျကျနနရေးပြီး သူ့ကို သင်္ဂြိုဟ်တဲ့အချိန်ကျတော့ ထောင်ကျရုံးထောင်မှူးကိုယ်တိုင် အမိန့်ပြန်ရသေးတာခင်ဗျ။ လောက သမုတိနတ်လို့ခေါ်တဲ့ အစိုးရမင်းရဲ့အမိန့်ကို ဘယ်သရဲတစ္ဆေက မနာခံဘဲ နေလို့ရလိမ့်မယ် – ဟုတ်ရဲ့နော်"

ဆရာမကလေးက တွေတွေကလေး စဉ်းစားရင်း နားထောင်နေသဗျ။ ဘာမျှဖြင့် ဝင်မပြောဘူး။ သူ့ကြားထားတာတွေနဲ့ မတူကွဲပြားနေလို့ပဲလား၊ ကျုပ်စကားကို ဘဝင်ကျကျ လက်ခံလိုက်ချင်သေးပုံဖြင့် မရမှန်း သိသာနေရဲ့။

အဲဒါတွေ ခက်နေတာဗျ။ အပြင်လောကလူတွေ သူတွေကြားထဲမှာ ထောင်အကြောင်း၊ ထောင်ဇာတ်လမ်းတွေက ဘယ်လောက်တောင် ပျံ့နှံ့စိမ့်ဝင် အမြစ်စွဲနေလိုက်လေသလဲဆိုတော့ရင် ထောင်လုပ်သက် နှစ်အစိတ်၊ သုံးဆယ်ရှိတဲ့ ကျုပ်လိုလူက ဒီလိုဒီအကြောင်းပါပဲရယ်လို့ အပ်ကျမပ်ကျကြီး ပြောပြနေတာတောင် "ဟုတ်ပါ့မလား" လုပ်ချင်လုပ်တတ်ကြသေးတာ။ မခက်ပေဘူးလား။ အလကား စွဲမိစွဲရာတွေကို လက်ဆုပ်မဖြေစတမ်း ဆုပ်ထားကိုင်ထားတတ်ကြတဲ့ တုံးပေကတ်သတ်တွေပါဆို။

ပြီးတော့ – ရှိသေးတယ်။ ကဗျာလိုင်း၊ ရသလိုင်း၊ ပေါ်လက်တိကယ်လိုင်းပေါ်ကနေ အထက်စီးကြီးနဲ့ ကြည့်တဲ့ပြီး – ဂမ္ဘီရသမား၊ သည်းထိတ်ရင်ဖိုသမားတွေကိုဆိုရင် အလကား တောင်စဉ်ရေမရ Story teller တွေပါကွာလို့ ခပ်နှိမ်နှိမ်မြင်တတ်ကြသေးတာဗျ။ သိပ္ပံနည်းကျ ဗုဒ္ဓဝါဒတို့၊ သိပ္ပံနဲ့ နည်းပညာတို့၊ ဘာတို့ ညာတို့ ဆိုတာတွေနဲ့လည်း ကိုင်ပေါက်ချင်ပေါက်တတ်ကြသေးတာ။ ဒါပေတဲ့ – မင်္ဂလိကစွဲ၊ ဖိုလ်ကိစ္စမှာ အကျိုးမဲ့အချည်းနှီးဖြစ်လို့မို့ ဘုရားရှင် မဟောကြားဘဲ ပယ်ချာလကန် ထားရစ်ခဲ့တဲ့ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး အယူဝါဒတို့၊ အကျိုးအကြောင်း ဆက်နွှယ်မှုယုတ္တိဗေဒရဲ့နယ်ကို ကျော်သွား

လွန်သွားလို့ ဂမ္ဘီရဖြစ်ရသတဲ့ဆိုတဲ့ သဘောတွေကိုတော့ဖြင့် သူတို့ သေသေချာချာ ဂဃနဏမသိဘူးဆိုတာ ဝန်မခံချင်တတ်ကြဘူး။ အဲသည်တော့ ကျုပ်တို့က ဘာပဲပြောပြော သူတို့အတွေးတွေ သူတို့ရင်ဘတ်တွေနဲ့က အံချော်လို့ရှည်း နေတော့တာပေါ့။

"ဒါဆို - ဆရာ့ရဲ့ ထောင်လုပ်သက်တစ်လျှောက်မှာ အဲဒီလို သရဲတစ္ဆေကိစ္စတွေကို မကြုံခဲ့ဖူးဘူးလား။ ဆရာ့ တကယ့်ကိုယ်တွေ့လေ၊ ဟင် - ဆရာ"

ကလေးလေးတစ်ယောက်လို သိချင်ဇောတွေနဲ့ တဖျတ်ဖျတ်လက်နေတဲ့ ဆရာမကလေးရဲ့ မျက်ဝန်းတွေထဲမှာ သူ့ရဲ့အရိုးခံစိတ်ရင်းကို မြင်နေရပါပြီ။ ဘာမှတော့ဖြင့် ဝင်မပြောဘူး။ နို့ပေတဲ့လို့ ကျုပ် ဘယ်လိုပြန်ဖြေမလဲဆိုတာကိုတော့ သူလည်း စိတ်ဝင်စားနေပုံရတယ်။

"အင်း - အဲဒါက ဘယ်လို ပြောရမလဲ"

မေးသူက မေးလာတော့မှပဲ ကျုပ်စိတ်တွေက ဟိုးနှစ်အစိတ်၊ သုံးဆယ်လောက်က အတိတ်တွေဆီကို ဟုပ်ခနဲ ပြန်ပြေးသွားမိရတော့တာကိုး ဗျ။ ကျုပ် ထောင်သက်တစ်လျှောက် ထောင်အဝန်းအဝိုင်းထဲမှာ သရဲကောင်၊ တစ္ဆေကောင်ဆိုတာတွေကို ကိုယ်တိုင် တွေ့ဖူးမြင်ဖူး ဒိဋ္ဌမွေ့ကြုံခဲ့ဖူးသလားတဲ့ - ကဲ။

"ကိုယ် တွေ့ကြုံခဲ့ဖူးတယ်ဆိုရင်ကော ဆရာမလေးတို့က ယုံကြမှာလား"

"အရင် ပြောကြည့်ဦးလေ - ဆရာ"

အလဲ့ကွယ်၊ သူတို့ခေတ် လူငယ်ကလေးတွေကို ကျုပ် သဘောကျတာ အဲဒါပဲ၊ ဘယ်တော့မှ လွယ်လွယ်မယုံတတ်ကြဘူး။ ဘာတဲ့ - ပြောကြည့်ဦးတဲ့ - ဟုတ်စ၊ အဲဒါ ကောင်းတယ်၊ အလကားပဲ တင်းနဲ့တော့ဖြင့် အညာအလှိုင်း မခံရတော့ဘူး။

အဲဒါနဲ့ပဲ - ဟော့ဒီသရဲပုံပြင်တစ်ပုဒ်ကို ပြောဖြစ်ခဲ့မိပေါ့။



ဆရာမလေးက မေးလိုက်မိတော့မှပဲ ကျုပ်ရဲ့ ထောင်ဝန်ထမ်းဘဝမှာ သရဲနဲ့ ပက်ပင်းကြုံဖြစ်ခဲ့ရတဲ့ ဖွေဆော်ဦးဇာတ်လမ်းကို ဖျတ်ခနဲ တဝေ့ဝေ့ မြင်ယောင်လာမိတော့တယ်။

ကျုပ်က အဲဒီအချိန်တုန်းက ထောင်ဝါဒါပေါက်စ လူသစ်ကလေးဗျ။ အလုပ်ဝင်တာတောင် တစ်လမပြည့်ချင်သေးဘူး။ ကျုပ်ရယ်၊ ကိုစိန်သော်ရယ်၊ သန်းစိုးရယ်၊ ကျော်လွင်ရယ်၊ စင်မောင်ထွန်း (အခုထောင်ပိုင်ကြီးဖြစ်နေတဲ့ဝတီ) ရယ် လူသစ်ငါးယောက် အလုပ်ဝင်ပြီးပြီးချင်း လက်နက်မဲ့ အခြေခံစစ်ရေးပြကို (၁၀) ရက်ပဲ အမောင်းခံထိလိုက်ရပြီး၊ လိုအပ်ချက်အရတဲ့၊



ကျားသားမိုးကြိုး အရေးအခင်းကြီးတစ်ခုက အိတ္တဲ့တွဲ့ ငိုက်မျဉ်းနေတဲ့ ကျုပ်တို့စခန်းကလေးကို ပြောင်းဆန်အောင် ကိုင်လှုပ်ပစ်လိုက်ပါရောလား။ လူသတ်မှုတဲ့ဗျ - လူသတ်မှုတဲ့။ ကျုပ်တို့ စခန်းနဲ့ တစ်ခေါ်လောက်ပဲဝေးတဲ့ ခြံယာပြင်စည်းရိုးက နဘူးချုံကြီးထဲမှာ န္တားကျောင်းသမ အပျိုမကလေး တစ်ယောက်ကို လည်ပင်းညှစ်ပြီး သတ်ထားခဲ့တာဗျ - ကိုင်း။

အသစ်ဖွင့်တဲ့ ကျောက်ထောင် (ဘဲလင်းကျောက်ထုတ်အလုပ်စခန်း၊ အမှတ် – ၂)ကို ပြောင်းပေးလိုက်ကြတာ။ ဟုတ်တယ်။ ၁၉၇၉၊ မေ့လနှောင်း ပိုင်း၊ သကြန်အပြီး ရက်တစ်ရက်မှာပေါ့။ ရန်ကုန် – မန္တလေးကားလမ်းနဲ့ မျဉ်း ပြိုင်တန်းနေတဲ့ ရွှေမြင်တင်တောင်ကြောကြီးရဲ့ကအနောက်ဘက်ခြေရင်းက ဟိုးအရင် အင်္ဂလိပ်မင်းလက်ထက် ကွာရီ (ကျောက်မိုင်း) ကြီးတွေ စီရရီတန်း ထိုးတည်ရှိနေရာ မြေနီလမ်းကျယ်ကြီးအဆုံး၊ တမာတန်းကလေးနားမှာ ကျုပ်တို့ ရဲဘက်စခန်းကလေးကို ဆောက်ထားတာ။ သံဆူးကြိုးကာ ယာယီ တဲတွေချည်းပါ။ မျောတိုင်ထူ၊ ဝါးထုထရံကာ၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုး အဆောက်အအုံတွေချည်းပါပဲ။ ရဲဘက်အကျဉ်းသား (၁၀၀၀) ထားမယ့် (က) အဆင့် အလုပ်စခန်းကြီးဗျ။ နို့ပေတဲ့လို့ – စဖွင့်ခါစဆိုတော့ ရဲဘက်က (၅၀၀) တောင် မပြည့်ချင်သေးဘူးရယ်။

ကျုပ်တို့နေရတဲ့ လူပျိုဘားတိုက်က တောမရွာနဲ့ အလယ်တောင် ကျောက်မိုင်းကြားက ဒေသခံရွာနေပြည်ထိုင်တွေ တမြတ်တနိုး ကိုးကွယ်ကြ တဲ့ "တောရကျောင်း" ကို သွားတဲ့ လမ်းကလေးနံဘေး၊ ဒဟတ်ပင်တော အုပ်အုပ်ကလေးကို ကျောပေးဆောက်ထားတာ။ ရဲဘက်စခန်းက တောမ ရွာနဲ့ (၁) မိုင်သာသာလောက်ပဲ ဝေးရဲ့။ ကြားထဲမှာ ပဲကြဲ၊ ပြောင်းကြဲ၊ နှမ်းကြဲ လောက်ပဲ စိုက်လို့ ပျိုးလို့ရတဲ့ ခြုံယာပြင်ကျယ်ကြီး ရှိသဗျ။ အင်း – တမျှော် တခေါ်ကြီးပါပဲ။ ခြုံယာကွက်တစ်ကွက်၊ တစ်ကွက်ကို (၄၊ ၅၊ ၆) ဧကလောက် ကျယ်တဲ့ ဧရာမစိုက်ခင်းပြင်ကြီးတွေ၊ ဘောင်မို့ချုံတွေ၊ ဆူးရစ် ဆူးပုတ်ချုံ တွေ၊ မိုးနံ့ချုံတွေ၊ နှစ်ရှိုတာဖောင်းပင်ကြီးတွေ နဘူးချုံကြီးတွေက စည်းစရိုး တွေမှာ ပိတ်သည်းလို့ ...။

အဲဒါပဲ – ကျုပ်တို့ ပတ်ပတ်လည်မှာ တောင်ရယ်၊ တောရယ်၊ တမျှော် တခေါ်ခြုံယာပြင်ကျယ်ကြီးတွေရယ်ပဲ ရှိတယ်။ အနီးဆုံးဆိုတဲ့ရွာက တောမ ဆိုတဲ့ အိမ်ခြေ (၁၅၀၊ ၂၀၀) လောက်ရှိတဲ့ ရွာဝယ်ဖနပုဒ်ကလေးပဲ ရှိရဲ့၊ ရွာ ကလေးနားမှာတော့ မင်းရဲ့မြောင်းက တောင်ကမြောက်ကို တိုးလျှိုပေါက်စီးနေ



တယ်။ မြောင်းကမ်းဘေးဝဲယာမှာကတော့ဖြင့် သရက်ခြံ၊ ငှက်ပျောခြံတွေ ချည်း။ စိမ်းစိုမှိုင်းညို့လို့ ...။

စခန်းက အသစ်တည်ဦးစဆိုတော့ ကျောက်မိုင်းအလုပ်ခွင့် မဝင်ကြရ သေးဘူး။ အမှတ် (၁) ကျောက်ထုတ်အလုပ်စခန်းမကြီး (ဘဲလင်း) က စခန်း ဆောက်လုပ်ရေးအပါအဝင် ခြေသိမ်းခေါက်းပိုက် လုပ်ငန်းကိုင်ငန်းတွေကို လုပ်ပေးကိုင်ပေးဖို့အတွက် တွဲဖက်ပေးလိုက်တဲ့ ဇင်ပြာဝတ်ရဲဘက်ကြီး (၅၀) ရယ်၊ မန္တလေးထောင်၊ မိတ္ထီလာထောင်နဲ့ ရမည်းသင်းထောင်တွေက တိုက်ရိုက်ပို့လိုက်တဲ့ ရဲဘက်လူသစ် (အကျဉ်းသား) ၄၅၀ ရယ်၊ ဆောက်ပြီး ခါစ သယ်ကယ်မိုး၊ ဝါးထုထရံကာ အသစ်စက်စက်ဘားတိုက် (ရဲဘက်အိပ် ဆောင်) တွေရယ်၊ ဘားတိုက်တွေကို ဝိုင်းပတ်ပြီး ကာရံထားတဲ့ လေးထောင့် စတုရန်းကျကျ သံဆူးကြိုးဝင်းကြီးရယ် – ဒါပဲ ရှိတယ်။

နေဦးဗျ – ပြောဦးမယ်။ ရဲဘက်အိပ်ဆောင်တွေကို ပတ်ပတ်လည်ကာ ထားတဲ့ သံဆူးကြိုးဝင်းကြီးက နှစ်ထပ်ခင်ဗျ။ အတွင်းအပြင် သံဆူးစည်းကြိုး ကို (၁၀) ပေ လူလျှောက်လမ်းထားပြီး နှစ်ထပ်ကာထားတာ။ အမြင့် (၁၀) ပေ ရှိတယ်။ လုံးပတ် (၈) လက်မထက် မချို့တဲ့ အမာစားသစ်မာမျောတိုင် တွေကို (၁၀) ပေခြားစိုက်၊ ကန့်လန့်ဖြတ် ကျားတန်းတွေကန်ပြီး ဘတ်ဝါယာ တွေကို စေ့နေအောင် ရိုက်ကာထားတာ။ အင်း – အောက်ခြေကနေ သူ့ အထက် (၄) ပေလောက်အထိကတော့ လူတိုးလို့မရအောင် (၃) လက်မခြား (၄) လက်မခြားရိုက်ထားပေးရတာဗျ။ ဘယ် – လူတွင်ဘယ်ကမလဲ၊ ခွေးတစ် ကောင် ကြောင်တစ်မြီးတောင်မှ တိုးဝင်ဖို့ မလွယ်ဘူး။ အဲ – အဲဒါကလေးကို မှတ်ထားဗျနော်။ နောက်ပိုင်းခါကျရင် သိသိသာသာ အရေးပါလာလိမ့် မယ်။

ဆိုတော့ဗျာ – တောင်ရယ်၊ တောရယ်၊ ခြုံယာပြင်ကြီးရယ်၊ အကျဉ်းသား ရဲဘက် တစ်ပြုံတစ်မကြီးကိုထည့်ပြီး ပိတ်လှောင်ထားတဲ့ ကျောက်ထောင် ကြီး (အလုပ်စခန်း) ရယ်။ အဲဒါတွေပဲ မကြည့်ချင်၊ မမြင်ချင်အဆုံး နို့ရော သံယောဇဉ်ဖွဲ့နေကြရတာကိုး။

အညာနွေ၊ အညာနေများကလည်း ပြင်းမှပြင်း၊ သစ်ပင်တောင် သန်သန်စွမ်းစွမ်း မပေါက်နိုင်တော့ဘဲ ကျောက်တောင်ခေါင်းတုံးတွေပေါ်မှာ တံလျှပ်တွေများ ချောင်းချောင်းထလို့။

တကယ့်ကို ပျင်းရိရိုးရွဲဖြစ်ချင်စရာ ကောင်းလိုက်ပုံနယ်။

ဒါပေတဲ့ဗျို့ - ဖြုန်းဆို - ကျားသားမိုးကြိုး အရေးအခင်းကြီးတစ်ခုက အိတွဲ့တွဲ့ ငိုက်မျဉ်းနေတဲ့ ကျုပ်တို့စခန်းကလေးကို ခြောင်းဆန်အောင် ကိုင်လှုပ်ပစ်လိုက်ပါရောလား။ လူသတ်မှုတဲ့ဗျ - လူသတ်မှုတဲ့၊ ကျုပ်တို့ စခန်းနဲ့ တစ်ခေါ်လောက်ပဲဝေးတဲ့ ခြံယာပြင်စည်းရိုးက နဘူးချုံကြီးထဲမှာ နွားကျောင်းသမ အပျိုမကလေးတစ်ယောက်ကို လည်ပင်းညှစ်ပြီး သတ်ထားခဲ့တာဗျ ကိုင်း။

ကြားကြားချင်းပဲ စခန်းကလေးတစ်ခုလုံး ဖျတ်ခြည်းငြိမ်ကျသွားတယ်၊ သို့လော - သို့လောတွေနဲ့ပေါ့လေ၊ နို့ပေတဲ့ - အဲဒီလူသတ်မှုကြီးက "ဘုန်းကြီး အမှုရှာပတ်" ဖြစ်ပြီး ကျုပ်တို့စခန်းဝင်းထဲအထိ ခြေထောက်ပေါက်ရောက်လာလိမ့်မယ်လို့ ဘယ်သူတွေက တွေးမိကြလိမ့်မလဲဗျာ၊ မှတ်ဘူးလား။

အင်း - ဒါပေတဲ့၊

အင်း - ဒါပေတဲ့လို့ အဲဒီသေမှုသေခင်းကြီးက ကျုပ်တို့ ကျောက်ထောင်စခန်းထဲအထိ ဒုတ်ဒုတ်ထိ ဒုန်းစိုင်းဝင်လာခဲ့သဗျ။

ဖြစ်ပုံက ဒီလို၊ အဲဒီနေ့ နေဝင်ရီတရော နေ့အလင်း မကွယ့်တကွယ် ထောင်မပိတ်သေးခင်ကလေးမှာ စခန်းတာဝန်ခံ၊ ထောင်ပိုင်ကြီး ဦးစိန်မောင်ရဲ့ရုံးကို ရဲတွေ တစ်လှေကြီး ရောက်လာခဲ့ကြတယ်၊ ရဲဂျစ်ကားအပြာလေးနဲ့ဗျ၊ စဥ့်ကိုင်မြို့မရဲစခန်းက စခန်းမှူးကြီး ကိုယ်တိုင်ပါတယ် ကြားတာပဲ၊ "ဆားပုလင်းနင်းမောင်ကြီး" လို့ ကျုပ်တို့က ရွှတ်တွတ်တွတ် ခေါ်ခေါ်နေကြတဲ့ ဒုရဲအုပ် ဦးစောဖေဆိုတဲ့ ရဲအိုကြီးလည်း ပါလာတာတွေ့ရဲ့၊ နယ်ထိန်းရဲတပ်ကြပ်ကြီး အောင်မောင်းရယ်၊ "ကုလားတောင်" လို့ နာမည်တွင်နေတဲ့ ခပ်ဝဝခပ်တောင့်တောင့် ဂိုက်ကောင်းကောင်း ရဲဒုတပ်ကြပ် ကိုအာမက်ကြီးတို့က ဒီဘက်နယ်အပိုင်တွေဆိုတော့ ထုံးစံအတိုင်း "ယောင်နောက်ဆံထုံးပါ" ဖတ်သီ ဖတ်သီ ပါလာကြသပေါ့။

သိပ်မကြာလိုက်ဘူး၊ ဒုတိယစခန်းတာဝန်ခံဖြစ်တဲ့ ထောင်မှူးကြီးဆရာဦးဝင်းရယ်၊ ကျောက်ဆိုဒ်တာဝန်ခံ ထောင်မှူးကြီး ဦးသောင်းမင်းရယ်၊ နောက်တန်းမှူး ထောင်မှူးဦးစောအုပ်ကောကြီးရယ်၊ သူ့လက်က သုံးတောင်ဓားမ "ပါလေရာ ငါးပိချက်" တပ်ကြပ်ကြီး ဆရာလတ်ရယ် သုတ်သုတ် သုတ်သုတ်နဲ့ စခန်းရုံးထဲ ဝင်သွားကြလေရဲ့။

ကျုပ်တို့ ထောင်ပိတ်အဖွဲ့တွေလည်း ကိုယ့်အလုပ်ကို ကိုယ်တောင် ဖြောင့်ဖြောင့် မလုပ်နိုင်ကြတော့ဘူး၊ စခန်းရုံးဘက်ဆီကိုပဲ နောက်ဆံတငင်ငင် နားတပေပေ တစွင့်စွင့်နဲ့၊ ဘယ်လိုက ဘယ်လို အိပ်ရာအောက် ရေဝင်ဖြစ်ပြီး ဒီလူသတ်မှုကြီးဟာ ကျုပ်တို့စခန်းနဲ့ လာပတ်သက်နေရတာပါလိမ့် မလဲဆိုတဲ့ မှောင့်မှောင့်ရောင့်ရောင့်အတွေးတွေကလည်း စလုံးစခုကြီးတွေနဲ့ တစ်လစ်ကြီးပေါ့ဗျာ၊ ကျုပ်တို့ အရာရှိတွေ၊ ဝန်ထမ်းတွေ တွင်လားတဲ့၊ ဘယ်ဟုတ်ပမတုံး၊ ရဲဘက်အိပ်ဆောင် (ဘားတိုက်) တွေထဲမှာ ထောင်ပိတ်ဖို့ တန်းစီထားတဲ့ ရဲဘက် (အကျဉ်းသား) တွေလည်း ရှုတ်ပွရှုတ်ပွနဲ့၊ အထူးသဖြင့် ဇင်ပြာဝတ်ရဲဘက်ကြီးတွေချည်းထားတဲ့ အိပ်ဆောင် (၅) ဘက်ကဖြင့် တစ်စက်ကမှ ဣန္ဒြေမရချင်ကြတော့ဘူး၊ ကြွက်စီကြွက်စီ ပွစိပွစိ၊ ဖြစ်ရမယ်လေ၊ သံဆူးကြိုးဝင်းအပြင်ကို ထွက်ပြီး ဟိုဟိုသည်သည် သွားလာလှုပ်ရှား အလုပ်လုပ်ခွင့်ရှိနေတာက သင်းတို့တွေချည်းပဲ ရှိတာကိုး၊ အထွေထွေဘုတ်လို့ခေါ်တဲ့ အေးကြူလေးတို့၊ ကိုတင်ငွေတို့အဖွဲ့တွေများဆိုရင် အသားစိုရိက္ခာစို၊ ရိက္ခာခြောက်ဝယ်ဖို့အတွက်တဲ့၊ သွားလိုက်၊ လာလိုက်နဲ့ ဘယ်လင်းတို့၊ တောမတို့များ၊ ချောင်းပေါက်လို့၊ အဲတော့ - သင်းတို့ချင်း သင်းတို့ ဘယ်အကောင်ရဲ့ လက်ချက်ဖြစ်ပါလိမ့်မလဲရယ်လို့ အံ့ပုန်းကြိုက် ကြည့်တွတ်ကြည့်ကွက်ဖြစ်နေကြလေရဲ့၊ "ဇ" ရှိတဲ့ နာမည်ဆိုးရှိတဲ့အကောင်တွေအနေရကျပ်တဲ့နေ့ပဲ၊ အင်း - လူတွေများနော် - လူတွေများ။

ဆိုကြစို့ရဲ့၊ မကြာခင်ဘူး – လူသတ်မှုရဲ့သတင်းပလင်းအစအနတွေကို မကြားနိုးနားကြားကြရရောဗျို့၊ ဒီလိုတဲ့ – ဗျ"

ကောင်မလေးက ဇေတာမရွာတောင်ဘက် သရက်ခြံထဲက နွားမအုပ်တွေကိုအစာစားနဲ့ကျောင်းပေးနေရတဲ့ဖိုးအေးရဲ့သမီးကလေးတဲ့၊ တရုတ်မဆိုလားပဲ၊ တရုတ်မကလေးလိုဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲကလေးမို့ ချစ်စနိုးမှည့်ပေးထားတာတဲ့၊ လူကောင်ကြီးကသာကြီးနေ၊ ထွားနေတာတဲ့၊ အသက်က (၁၇) နှစ်ကျော်ကျော် ရှိသေးဆိုပဲ – ကဲ၊ ဖိုးအေးက အမူးရှုပ်ပြီး မမာနေလို့ သင်းကလေးက သူ့အဖေကိုယ်စား ယာယီနွားကျောင်းသား လုပ်နေရတုန်း ပန်းကောင်းအညွန့်ချိုး ကိုယ်ကျိုးနည်းရ ရာရတာဆိုတယ်ကိုး၊

ဖွေအရင်နေ့တွေတုန်းကတော့ဖြင့် သင်းကလေးရဲ့အမေမြရင်မနဲ့အတူတူ သားအမိနှစ်ယောက် သွားနေကျတဲ့၊ အင်းပေါ့လေ၊ နွားမအုပ်ကလည်း အကောင် (၁၀၀) ကျော်၊ (၁၅၀) လောက် ရှိတာကလား၊ ဒီနွားအုပ်ကြီး ကိုးကုန်းကိုးကျင်းနဲ့ လျှောက်သွားလေသမျှ အရပ်လေးမျက်နှာကို ကောက်ကောက်ပါအောင် တလစေလိုက်နေရတာ ခင်ဗျားရဲ့၊ တစ်ယောက်တည်းဆိုခြေတိုကရောပေါ့၊ အဲဒီအထဲ နွားတစ်ကောင် နှစ်ကောင်လောက် ပျောက်ပေါ့ဆိုခဲ့ရင် ခေါင်းတောက်ကရောဗျို့၊ သေချင်စော်နံပါလေရော၊ ပြီးတော့ – ကောင်မလေးက ငယ်တော့တာမဟုတ်တော့ မဟုတ်မဟတ်တွေ ဖြစ်မှာလည်းစိုးလို့ သူ့အမေက တပူးတွဲတွဲ လိုက်နေခဲ့တာတဲ့၊ အဲဒီလောက် ဂရုမွေထားတဲ့ကြားထဲကပဲ ဒီလိုကြမ္မာဆိုးမျိုးကြီးနဲ့ တည့်တည့်တိုးရသေးဗျာ၊

ဖြစ်ချင်တော့ အဲဒီနေ့တစ်နေ့တည်းပဲ ခများလေးတစ်ယောက်တည်း နွားကျောင်းထွက်လာခဲ့တာတဲ့၊ အဲဒီနေ့တွင်ပဲ ဒုက္ခဆိုးနဲ့ မခေါ်ပင့်ရှေ ပက်ပင်းကြုံခဲ့ရတာပဲ၊ အင်း – အင်း – ဟုတ်ပ၊ ကံပေါ့၊ ခများကလေးရဲ့ကံကြမ္မာပေါ့၊

ဖြစ်ပုံများတော့ မကြားဝံ့ မနာသာဆိုသလိုပါပဲဗျာ၊ မိန်းကလေးကို ထင်သလိုစိတ်တိုင်းကျ မဟားတရား နားသားပါရအဓမ္မကျင့်ခဲ့ပြီးခါမှ လက်သည် မဖော်နိုင်အောင်လို့ ကိစ္စတုံး လုပ်ပစ်ခဲ့တာတဲ့ဗျ။ လူမဟုတ်တဲ့ ခွေးတိရစ္ဆာန်ကောင်က ....။



အဲ – နို့ပေတဲ့လို့၊ အရိုးတွန်ပြီး သေပန်းက ပွင့်ချင်တော့ **အဲဒီလူ့တိရစ္ဆာန်**ကောင်ရဲ့ရက်စက်ယုတ်မာမှုကို သူ့မှာရှိသမျှ အားကလေးခွန်က**လေးနဲ့ဖြစ်**လုန်ပြီး တွန်းထိုးရုန်းကန်ခဲ့ပုံရတဲ့ မိန်းကလေးရဲ့လက်ထဲမှာ အကျႌ**အိတ်ကပ်**က စုတ်ပြဲပြီး ကျန်နေရစ်ခဲ့သတဲ့၊ သေနေတဲ့အလောင်းကောင်ရဲ့လက်ဆုပ်ကို မနည်းဖြည်ကြည့်လိုက်တော့မှ တွေ့ရတာတဲ့လေ၊

ကိုင်း – ဘယ်လိုထင်သတုံး၊ ဟုတ်တယ် – အများထင်ထားတဲ့အတိုင်းပဲ၊ ကလေးမလေးရဲ့လက်ထဲမှာ စုတ်ပြဲကျန်ရစ်ခဲ့တဲ့ အကျႌစဟာဖြင့် ရဲဘက်အကျႌ ဇင်ပြာတစ်ထည်ထည်က ဇင်ပြာစတဲ့ဗျာ၊

ကောင်းကြရောဗျို့၊

နဂိုကတည်းကမှ ထောင်သားရဲဘက်ဆိုရင် ဆိုးလို့မိုက်လို့ ထောင်ကျလာတယ်ချည်း တရားသေ၊ ဒန်သေ ယူဆထားကြ၊ ဆင်ဆိုးများ ထူးခတ်ရသလိုမျိုး သံခြေကျင်းသံ တချွင်ချွင် တချွမ်ချွမ်နဲ့ အာဂအရိုင်းအစိုင်းကောင်တွေချည်းပါပဲရယ်လို့ နေပြည်ထိုင် တောင်သူတောသားတွေက အလိုလိုအော့နလုံး နာနေကြရတဲ့အထဲ ဒီလိုမုဒိမ်းသမား၊ လူသတ်သမားဟာ အကျဉ်းသား (ရဲဘက်) တစ်ယောက်ပါပဲလို့ တစ်ထစ်ချ ညွှန်ပြပေးနေတဲ့ သဲလွန်စက ပေါ်လာပြန်လေတော့ "တပည့်မကောင်း၊ ဆရာ့ခေါင်း" လေဗျာ၊ ကျုပ်တို့ ထောင်ဝန်ထမ်းတွေခများ ရဲတွေရှေ့မှာ စိတ်အနေ ကျုံ့သွားလိုက်ရပုံများ အပ်နဲ့ထိုးအဖောက်ခံလိုက်ရတဲ့ ပူဖောင်းတွေလိုပဲ၊ ပိန်လိမ်ရှုံ့မဲ့လို့၊ ဘယ်အကောင်မှန်းသာ မသိတယ်၊ "မသာ – သေချင်းဆိုး – အမျိုးယုတ်၊ မိများ မိခဲ့ရင် အရေခွံ အစိမ်းလိုက်ဆုတ်ပြီး တောက်တောက်စဉ်း ခွေးစာကျွေးပစ်လိုက်ဖို့ပဲ ကောင်းတယ်" လို့ ဝိုင်းပြီး မေတ္တာပို့ကုန်ကြရော၊

ဘာပဲဖြစ်ဖြစ်လေ၊ မပြေးသော် ကန်ရာရှိ မှတ်လား၊

ကျုပ်တို့အဖြစ်က ကျောက်ထောင်အလုပ်စခန်းမှ မဖွင့်လိုက်ကြရသေးဘူး၊ အကုသိုလ်က အပြားလိုက်ကြီး ဝင်ကပ်နေသလို ဖြစ်နေပေါ့ကိုး၊

ကဲ – သေတဲ့မိန်းကလေးကတော့ သေရှာပြီ၊

လူသတ်ကောင်က ဘယ်သူလဲ၊

ကဲ - လူသတ်ကောင်က ဘယ်သူလဲ။

ရုတ်တရက်သားကြီး - အရေးကြီးလာလိုက်ပုံများ လောလောဆယ် ဖြင့်အဲဒီမေးခွန်းကိုမစဉ်းစားဘဲနေမိတဲ့သူကိုမရှိတော့သလောက်ပဲ။ တာဝန် ရှိတဲ့ ထောင်အာဏာပိုင်တွေအဖို့လည်း တရားခံအစစ်အမှန်ကို လက်ဆုပ် လက်ကိုင်ဖွဲ့ထုတ်ပြနိုင်ဖို့က သေရေးရှင်ရေး တာဝန်ကြီးတစ်ခု ဖြစ်လာနေ သလို အိပ်ဆောင် (၅)က ဖင်ပြာဝတ်ရဲဘက်ကြီး (၅၀) အဖို့ရာမှာလည်း "အောင်မယ်လေး - ဒုက္ခပါပဲ၊ လူ့တိရစ္ဆာန် မုဒိမ်းလူသတ်ကောင်က ငါတို့ အထဲက ဆိုပါလား၊ ဘယ်အကောင်များ ဖြစ်ပါလိမ့်မလဲ" ရယ်လို့ ငယ်ထိပ် မြွေပေါက်ခံလိုက်ရသလို သွေးရူးသွေးတန်းတွေများ ဖြစ်လို့။

ပြောရရင်ဗျာ - ထောင်ပိုင်ကြီးအမိန့်အရတဲ့၊ အိပ်ဆောင် (၅)ကိုအရေး ပေါ်တလာကြီးစီတယ်။ အင်း - အထူးရှာဖွေရေးလုပ်တယ်ပဲ ဆိုကြပါစို့၊ ဒီလို လေ - ထောင်ကျရဲဘက်ကြီး တစ်ယောက်စီတိုင်းကို ထောင်ပုံစံ အင်္ကျီဖြူ လုံချည်ဖြူက (၂)စုံ၊ အတွင်းခံစစ်စွပ်ကျယ်က (၂)ထည်၊ အောက်ခံဘောင်း ဘီတိုက (၂)ထည်၊ ဖင်ပြာဝတ်စုံက (၂)စုံ၊ မျက်နှာသုတ်ပဝါ (၁)ထည်၊ ဖင်ပြာ ဦးထုပ်ပျော့က (၁)လုံးစီထုတ်ပေးထားတာ၊ သူတို့ရဲ့ပစ္စည်းထုတ် စာရင်း (Kit List) တွေမှာ သူတို့ကိုယ်တိုင် လက်မှတ်ထိုးပြီး ထုတ်ယူထားကြ ရတာ၊ ဖင်ပြာဝတ်စုံက ယူနီဖောင်းအင်္ကျီလက်ရှည်ရယ်၊ စစ်ဘောင်းဘီပွဲစံ အရှည်ရယ်လေ။ အင်း - ပြောပါတော့၊ ဈေးချုပ် ချုပ်ထားတာမျိုးတွေ ချည်းပဲ ဆိုတော့ ရင်လက်ရာရော၊ ချုပ်ရိုးချုပ်သားရောက ဘယ့်နှယ်မှ ကောင်းပေ့ နိုင်ပေ့တွေ မဟုတ်ဘူး။ နို့ပေတဲ့ - အလွယ်တကူ ဆွဲဖြဲပစ်လို့ ရလောက် အောင်တော့လည်း မညံ့လှဘူး၊ ကြောက်အားလန့်အားနဲ့ ဖြန်းခနဲ အားကုန် ဆုပ်ဆွဲပစ်လိုက်မိရင်တော့ဖြင့် စုတ်ကောင်းစုတ်ပြဲသွားနိုင်ပေမပေါ့။ အဲဒါ ဗျာ - အိပ်ဆောင် (၅)က ရဲဘက် (၅၀) စလုံးကို သူတို့ထုတ်ထားတဲ့ ဖင်ပြာ ဝတ်စုံ (၂)စုံစီကိုကိုယ်စီကိုင်ပြစေပြီး အသေးစိတ် စစ်တော့တာ၊ အင်္ကျီအိတ် ကပ် တစ်ဖက်မရှိတဲ့သူဟာ လူသတ်တရားခံဖြစ်ဖို့ စဉ်းစားရမယ့် သူတဲ့



ခင်ဗျ။ တကတဲ - ရဲကိုယ်တော်မြတ်တွေ ရှေ့ဉာဏ်တော်စူးရောက် လိုက် ပုံက ...။

အိပ်ဆောင်အပြင်ထုတ်ပြီး မြေတလင်းပြောင်ပြောင်မှာ အောက်လင်း မီးအိမ် ရှူးရှဲရှူးရှဲကြီးနဲ့ တလာစီတာဆိုတော့ရင် အိပ်ဆောင်တွေထဲမှာ တန်းစီထားတဲ့ကျန် (၄၅၀) သော ထောင်သားရဲဘက်တွေမှာ သိချင်လွန်းလို့ မရိုးမရွတွေနဲ့ တလှုပ်လှုပ်ပေါ့။ မကောင်းဆိုးဝါး လူလွန်မသားဟာ ဘယ် အကောင်လဲသိချင်ကြတာများထမင်းမေ့ဟင်းမေ့၊ မှတ်ဘူးလား၊ မထူးပါဘူး ဗျာ၊ ကျုပ်တို့အရာရှိတွေ၊ ဝန်ထမ်းတွေအဖို့လည်း တလာစီရာမှာ ကိုယ်တိုင် ကိုယ်ကျ ဝင်ပါနေကြရတာဆိုတော့ စိတ်ထဲ တလှုပ်လှုပ်တွေနဲ့ ဗျာရေ့၊ လူ မသမာ မုဒိမ်းလူသတ်ကောင်ကို ကိုယ်ကိုယ်တိုင်ပဲ လက်ရဖမ်းမိလုနီးနီး အထင်ရောက်နေကြတာဗျ - သိလား။

အင်း - ဒါပေတဲ့လို့ "ထင်သာထင်မဝင်ဘူး - ကျောင်းအစ်မရေ" ဆိုသလို ပဲ၊ မှန်းချက်နဲ့ နှမ်းထွက်က မကိုက်ဘူး၊ အရေးထဲအရာပေါ် ငိုအားထက် ရယ်အား သန်တွေက ကြုံရသေး၊

ဒီလိုဗျို့...

ရဲဆရာတွေ ရှာနေတဲ့ အိတ်ကပ်တစ်ဖက်ပြဲ ဖင်ပြာအင်္ကျီပိုင်ရှင်ကို ရှာ လို့တော့ တွေ့ခဲ့ပါရဲ့၊ တစ်ယောက်တည်း မဟုတ်ဘဲ ခုနစ်ယောက်ကြီးများ တောင် ဖြစ်နေတာက ခက်တယ်၊ ဘယ့်နှယ်ဗျာ - အဲဒီရဲဘက်တွေထဲက ဘယ်သူ့ကို လူသတ်တရားခံလို့ အပ်ယိုးရတော့မလဲ၊ ခုနစ်ယောက်စလုံး တော့ဖြင့် လူသတ်မုဒိမ်းသမား မဖြစ်နိုင်ပေဘူး၊ ခက်ပ - အတော်ခွကျတဲ့ ကိစ္စပဲ၊ ရှေ့ဉာဏ်ရှင်ရဲ့ကိုယ်တော်တွေ အတော်လေးခေါင်းကိုက်ကုန်ကြရဲ့ အတူတူပါပဲ၊ ကျုပ်တို့ရဲ့ဆရာသမားလူကြီးတွေလည်း မျက်နှာမကောင်းချင် ကြဘူး၊ ခပ်အိုအိုတွေပဲ၊

ပြီးတော့ - ရှိသေးသဗျ၊

အခုလို ရှောင်တခင် အလစ်စစ်လိုက်တော့မှပဲ မောင်မင်းကြီးသား ရဲဘက်တွေက သူတို့ကို ထုတ်ပေးထားတဲ့ Kit List စာရင်းပေါက် အဝတ်

အထည်တွေကို အရပ်ထဲ ရွာထဲမှာ ရောင်းစားထားကြတာကို ထင်းခနဲ ဘွင်းဘွင်းကြီး သိလိုက်ရတော့တာကလား။

ကြည့်လေ - လူကလေး (၅၀)တည်းရှိတာကို တစ်ယောက်မှ စာရင်းနဲ့ အင်းနဲ့ကိုက်အောင် စုံစုံစေ့စေ့ ထုတ်မပြနိုင်ကြဘူး။ ယုတ်စွအဆုံး ကိုဘိုကေတို့၊ ဦးလှအောင်ကြီးတို့လို တန်းစီး၊ စည်းကမ်းထိန်းဆိုတဲ့ လူတွေမှာတောင် ဟိုသင်းလို ဒီသင်းလို၊ မစက်ပေးဘူးလား။

အိတ်ကပ်တစ်ဖက်မပါတဲ့ ကိုယ်တော်ရနစ်ယောက်အပြင် ဖင်ပြာအင်္ကျီနှစ်ထည်စီ ထုတ်ပေးထားတဲ့အနက်က တစ်ထည်စီ ပျောက်နေကြတဲ့ လူတို့အရေအတွက်ကတော့ ပြည့်ပါရဲ့၊ အသစ်အဟောင်းလဲထားလို့ အရိုအနွမ်းတွေချည်း ပြနိုင်တဲ့လူတို့ဟာ မနည်းပါဘူးလား။ လူကုန်သလောက်နီးနီးပဲ။ ကိုင်း - ဘယ့်နယ် လုပ်ကြမတုံး။

ဟန်ကိုယ်ဖို့တဲ့ဗျ။ ကြံသလိုဖြစ်မလာလို့ အကျပ်ရိုက်သွားတဲ့ ရဲဆရာများက "ဘယ်လိုလုပ်မလဲ" မသိရသေးပေတဲ့၊ အိတ်ကပ်ပြဲရနစ်ယောက်ကိုတော့ ထောင်ပိုင်ကြီးရုံးခန်းဆီ တစ်သီတစ်တွေးကြီး ခေါ်သွားလေရဲ့၊ "ထောင်နယ်မြေ" ထဲမှာပဲဆိုတော့ရင် ရိုက်ဟဲ့၊ နက်ဟဲ့နဲ့ ကင်ပေတိုင်စစ်စစ်တာတွေတော့ မလုပ်တန်လောက်ကောင်းပါဘူး။

"ဟူး" ခနဲ သက်ပြင်းမောကြီး ပြိုင်တူမှုတ်ထုတ်လိုက်ကြတဲ့ ကျန်ရစ်သူထောင်သားရဲ့ဘက် (၄၉၃) ယောက်ရဲ့စိတ်ထဲမှာ မေးခွန်းကြီးတစ်ခုက ဖြန်းစားကြီး ဒိန်းခနဲ ဆောင့်တက်လာတာဗျ၊ ဒီလိုလေ ...

လူသတ်သမားဟာ အဲဒီရနစ်ယောက်ထဲကလား။

ကျန်နေရစ်တဲ့ ထောင်သားတွေထဲမှာကော ခိုကပ်ပြီး ရှိမနေနိုင်တော့ဘူးလား။

မုဒိမ်းလူသတ်ကောင်ဟာ ဘယ်သူလဲ။



"လူသတ်သမား - ဘယ်သူလဲ"

လူတိုင်းက သိချင်စိတ် စောနေကြပေတဲ့လို့ အဖြေက မပေါ်လာဘူး။ ပိုဆိုးသွားတာက အိတ်ကပ်ပြဲရနစ်ယောက်ကို ရဲက စစ်ပေမယ့် ဘယ်လိုမှ အကြောင်းမထူးခဲ့တာပဲ၊ ညလုံးပေါက်နီးပါး စစ်ဟဲ့၊ ဆေးဟဲ့တော့ဖြင့် လုပ်ကြပါရဲ့၊ တရားခံက မပေါ်ဘူး၊ ဘယ့်နယ့်ဗျာ - အိတ်ကပ်ပြဲနေတဲ့ အင်္ကျီတစ်ထည်ဝယ်ရှိနေရုံနဲ့တင် "ဒီလူဟာ လူသတ်သမားပါပဲ" ရယ်လို့ဘယ့်နယ် ဒက်ထိကြီး အတပ်စွဲလို့ဖြစ်မှာတုန်းဗျ၊ ကတ်သီးကတ်သတ်၊ ဒီထက် ဒီထင်ရှားတဲ့၊ ခိုင်လုံတဲ့ အကျိုးဟဲ့၊ အကြောင်းဟဲ့ ကလေးလောက်တော့ ရှိဦးမှကိုး။

အဲ - အဲဒီမှာ တီးတိုးတီးတိုး သဖန်းပိုးတွေ ယုန်ထင်ကြောင်ထင်တွေက အပေါ်ယံမျက်နှာကြောတင်းနေတဲ့ ခွေးချေးပုံပျော့ပျော့ကို ခဲနဲ့ အပေါက်ခံလိုက်ရသလို ဟောင်းခနဲ ပွထလာရော၊ သိတယ် မှုတ်လား။ ထောင်ဆိုတာမျိုးဟာ ယောကျ်ားဘာသား အထီးတွေချည်းစုနေတဲ့ "လုံးကမ္ဘာ" ဆိုပေတဲ့လို့ ကောင်းရာကောင်းကြောင်း လုပ်စရာပြုစရာဆိုတာများက အရှားသားကလား၊ အားအားရှိ ဒီမျက်နှာတွေကိုချည်း အလကားမတ်တင်းထိုင်ကြည့်နေကြရပြီး ဒီလူတွေနဲ့ပဲ စကားဖောင်ဖွဲ့နေကြရတာလေ၊ အချိန်ကုန် နေကုန်သွားရင် ပြီးစတမ်းဟာကိုး၊ တစ်နေ့တစ်ရက် ကုန်သွားခဲ့ပြီဆိုမှဖြင့် လွတ်ဖို့တစ်ရက်နီးပြန်တော့တာကိုး၊ အဲဒီတော့ - ဟုတ်သော်ရှိမဟုတ်သော်ရှိ အလွမ်းသင့်ရာ စားအိုးတွဲ၊ အစုကလေးတွေ ဖွဲ့ပြီး တွတ်ထိုးနေကြတာဟာ ထုံးစံ။ ဆူလွှန်၊ ညံလွှန်းမက ပွက်ပွက်လန်လာတော့မှ တန်းစီးက "ဟေ့ - ဟဲ့" လို့လှန့်ချိပေးပြီးပတ်တုတ်ယူရတာတ်တား၊ အဲသလိုများ မလုပ်သရွေ့ကတော့ ပြောင်းခင်းထဲ ကြက်တူရွေးအုပ်ကျသလို ကြွက်စီကို ညံလို့။

အဲဒီကစတာပဲ။ ပြဿနာက အဲဒီကစတာပဲ၊ ဘယ်သူ့ပါးစပ်က ဘယ်လိုထွက်ကျလာမှန်းမသိတဲ့ စကားတစ်လုံးနဲ့တင် ပြဿနာမီးက စလောင်ခဲ့တာ၊ ဘာတဲ့ - "လူသတ်သမားက ဆယ်ပြားတဲ့၊ နွားဖကျောင်းသမတာလေးတို့ လုတ်တီယုတ်မာ အကြံပက်စက်ခဲ့ပြီး သတ်ပစ်ခဲ့တဲ့ မုဒိမ်းအနူလူသတ်ကောင်

ဟာ လူပေါင်းရဲ့ဘက်ကြီးတွေချည်း ဖွဲ့ထားတဲ့ လက်သမားဘုတ်က ဆယ်ပြား (၈) လုဂျမ်းတဲ့” ပြောပြီးပါပကော။ ငွေဆော်ဦးအနေနဲ့ ဘယ်သူကစပြီး လေသံပစ် ပါးစပ်သရမ်းခဲ့သလဲဆိုတာ အစကောက်လို့ မရတော့ပါဘူးဆို။ နွားအုပ်ရေချပွစာတက် နောက်ကျိနေတဲ့ ရွှံ့ရေဗွက်ရေထဲမှာ ဘယ်အကောင်ရဲ့ခြေရာဟာ ဘယ်သင်းလို့ ဘယ်လိုလုပ်ခွဲခြားလို့ရမှာတုံး။ အင်း - အခုလည်း အဲသလိုပဲ။ “လူ့သတ်တရားခံဟာ ဆယ်ပြားတဲ့ဟေ့” ညံလို့သာ ညံလာရော၊ အဲဒီပြဿနာမီးပွားရဲ့လက်သည်၊ အဲဒီစွပ်စွဲစကားရဲ့မူလဘူတဟာ ဘယ်သူလဲဆိုတာ ဒီကနေ့ထက်ထိ ဘယ်လိုမှ နှိုက်ထုတ်ယူလို့ မရခဲ့ဘူးဗျား - အံ့ရော။

လူ့စိတ်ဆိုတာ ခက်သားလားဗျာ။

အဲ - အဲဒီထက် “သံသယ” ဆိုတဲ့ စိတ်အလွဲကြီးက ပိုပြီးဆိုးသကိုးဗျ။ လူဆိုတာမျိုးဟာ တစ်ခုခုကို စွဲမိပြီဆိုရင် ဘာမှန်းညာမှန်းမသိဘဲနဲ့ကို စွဲမိစွဲရာ လက်ဆုပ်မဖြေတမ်း အရမ်းစွဲ၊ အကန်းစွဲ စွဲတတ်တာမျိုးကလား။ ပုထုဇ္ဇနော ဥမ္မတ္တကောကိုးဗျ - နော။ အင်း - “သံသယမီး” များ စွဲမိလို့ကတော့ ဖွဲမီးများလောင်သလို တငွေ့ငွေ့နဲ့ မငြိမ်းနိုင်တော့ဘူးလို့သာ အောက်မေ့ရောဗျို။

အခုလည်း - အလုပ်မရှိ၊ ဘုတ်မရှိအားတိုင်းယားတိုင်း အိတ်ထောင်ထဲ ခြုံခတ်ပြီး ပိတ်လှောင်ခံထားရတဲ့ လူလွန်မသား (၅၀၀) အဖို့ “မုဒိမ်းကောင်၊ လူသတ်ကောင် ဘယ်သူလဲ” ဆိုတာ ပေါ်ဖို့က အရေးကြီးနေတဲ့အချိန်မျိုးမှာ ချိန်ကိုက်ဖုံး “အုန်း” ခနဲ ထကွဲလိုက်သလို “လူသတ်သမားဟာ ဆယ်ပြားတဲ့ဟေ့” ဆိုတဲ့အသံလည်းမြည်လာဟိန်းလာကရော။ “အင့်ဟင်း - ဒီအကောင်ဖြစ်နိုင်လောက်ရဲ့၊ သင်းဟာ ကဲဆိုးမကလေးရဲ့အလောင်းမတွေ့ခင်ပြဿနာဆိုးကြီးဖြစ်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက နေပုံထိုင်ပုံ တယ်မှုမမှန်ချင်ဘူး။ မျက်လုံးမျက်ဆံ ဂနာမငြိမ်ချင်ဘူး။ ကျီးကန်းလူမိ ကြောင်တိ ကြောင်ဘက်နဲ့၊ အားအားရှိစောင်ကြီးခြုံပြီး ကွေးနေတော့တာပဲ၊ ထူးတော့ အဟုတ်ဘူးဘယ်၊ ဒီအကောင်ဖြစ်နိုင်လောက်တယ်” ဆိုတာက တစ်မျိုး၊ “ဒက်ထိပဲ၊ အယုတ်တမာကောင်ဟာ သင်းမှသင်းပဲ၊ အဲဒီနေ့က သင်းမျက်နှာမှာ ကုတ်ရာ ခြစ်ရာတွေ သွေးတရဲရဲနဲ့ဖြစ်နေလို့ ဓားပြကျော်သောင်းတာ သွေးဆေးနဲ့ သိပ်ပေးခဲ့ရသေးသတဲ့၊ ဟကောင်ရ - ဘာဖြစ်လာတာတုန်းလို့ မေးတော့ ဆူးပုပ်ရှက် ဝင်ရှုးရင်းနဲ့ ကြောင်ခြစ်ဆူး ဆွဲဖြဲသွားလို့ ပုံတော်သလို ပြန်ဖြေသတဲ့၊ အဲဒီကတည်းက တစ်မျိုးကြီးပဲလို့ ထင်တော့ထင်လိုက်သားတဲ့၊ သူ့စားအိုးတွဲတွေကလေ၊ မောင်ဝင်းရယ်၊ ကျော်ပြုံးရယ်၊ ရင်မောင်ကြီးရယ်၊ လန်ဘားအုန်းမောင်ရယ်၊ သူတို့က ဆယ်ပြားရဲ့စားအိုးတွဲတွေ၊ အဲဒီနေ့က ဘာဆူးပုပ်ရှက်တစ်ညွန့်တစ်ကိုက်မှမမြင်လိုက်ရဘဲ ဆယ်ပြားက ကြောင်လိမ်ကြောင်စားလုပ်တာ ခံလိုက်ရလို့ ရင်ထဲ ကလိကလိ မခံချိနေကြတာတဲ့၊ ဒင်းမှဒင်းပါပဲ၊ ဗေဒင်မေးရင် ဆန်ကုန်ဦးမယ်” ဆိုတာက တစ်ဖုံ၊ အို - စုံတကာစေ့လို့ပါကော။ ဆယ်ပြားရဲ့အပုပ်နံ့တွေက ဖုံးမနိုင်၊ ဖိမရ ထောင်းထောင်းထလာတော့တာ။

ဆယ်ပြားဆိုတဲ့ အကောင်က နွားခိုးမှုနဲ့ ထောင် (၂) နှစ်ကျလာတဲ့ အကောင်၊ တံတားဦးမြို့သားဘက်က၊ ရုပ်ကလည်း ဆိုးလိုက်ပ၊ ပိဘိအညာသား အသားအရေနက်ကျောကျော မည်းပြောင်ပြောင်ကြီးနဲ့ဟာ။ လူက ခါးလျားရှည် ကုန်းကိုင်းကိုင်းရယ်၊ ပြောင်းဖူးမွေးတွေလို နီကျင့်ကျင့် ဝါတာတာ ဆံပင်ထိုးထိုးထောင်တွေက ဘုတ်သိုက်ကြ၊ မျက်နှာက ဆယ်ပြားစေ့ပုံလေး ထောင့်ကြီး၊ နှာခေါင်းကြီးက ကြီးကြီး၊ ပွပွ၊ လူနိုင်အကြောင်းသိတွေက သူ့နှာခေါင်းကြီးကို “အိမ်သာရေတံလျှောက်” လို့ အားမနာ၊ လျှာမကျိုး ခေါ်တတ်ကြသေးတာ၊ ကျောက်ပေါက်မာသက်သက်၊ ဝတ်ခြံဖုတွေကဖြုပ်သီးထလို့၊ ပါးစပ်က ပြဲသေး၊ သွားက ကျဲသေး၊ အရေးထဲ ရုပ်က ပုံဆိုးပန်းပျက်ပါဆိုနေမှ ကွမ်းတဖတ်ဖတ်က ပါးစပ်နဲ့ မပြတ်တမ်း၊ ဝါးနေလေတော့ ကွမ်းသွေး တရဲရဲနဲ့က ဖြစ်နေသေးတာ၊ ထောင်မှူး အဘဦးကျော်စိန်ကြီး ပြောသလို “ဆယ်ပြားရယ် အိပ်ရာဝင်၊ အိပ်ရာထနဲ့ ထမင်းစားနေတဲ့ အချိန်မျိုးများ ဘာအကြောင်းနဲ့မှ မျက်နှာလာမပြစမ်းပါနဲ့ - တပည့်ရာ၊ အဘက နလုံးမခိုင်တော့ အစားအသောက်ပျက်ပြီး လုံးပါးပါးသွားမှာစိုးလို့ပါ၊ ရှိကြီးခိုးပါရဲ့” ဆိုသလို ကျရော၊ ဆိုးလိုက်တဲ့ရုပ်။

ရုပ်ကသာ ဆိုးတာလား - တဲ့၊ အကျင့်က တန်သေးဗျ။ ရေချိုးမိုးချိုး လွှတ်ပျင်းတဲ့အကောင်၊ သင်း ရေချိုး ကိုယ်လက်သန့်စင်နေတာ ကြုံရဖို့များ တကယ့်အံ့ပွဲ၊ ဇရာမ ဒုလ္လဘတရားပဲမှတ်၊ ဘေးကဘီက တန်းစီး၊ ဘုတ်ကိုင်တို့၊ ထောင်ဝန်ထမ်းဆရာတွေတို့က ဓားကြိမ်း ကြိမ်းပြီး ပုဏ္ဏကက တိုက်လွန်းလို့ ချိုးရပါပြီတဲ့၊ သူများတွေ "စပ် - တစ်ခွက်"၊ "ချိုး - တစ်ခွက်" အမှတ်စဉ်ရေနေတုန်း သင်းက ပြီးတော်မူနေပြီ။ ဘယ်လိုက ဘယ်လို သောကမျော ချိုးလိုက်လေသလဲမသိ၊ သင်းကိုယ်က အချိန်းပြည့် ဝက်ချေးစော်ကို နံနေရော။

ပြီးတော့ - လူပုံပန်းပုံနဲ့ မလိုက်အောင် နာဘူးထ၊ နာကြောသန်လိုက်တာများကလည်း အလွန်၊ သင်းပါးစပ်က ထွက်လိုက်သမျှ အယုတ္တ အနတ္တ ဇရသသပါစာတွေချည်းပဲ၊ မကြားဝံ့ မနာသာ ညစ်တီးညစ်ပတ် ယုတ်ယုတ်ကန်းကန်းတွေချည်းပဲ၊ လက်သမားဘုတ်ကိုင် ဘိုးတင်ဆောင်ကြီးကဆိုရင် "ဆယ်ပြားရယ် - မင်းပါးစပ်က ကျက်သရေယုတ်တာတွေချည်း ထွက်နေတော့ရင် မင်းကိုယ်တ ကိုယ်စောင့်နတ်ကို ငါ သနားလိုက်တာကွာ၊ ခမျာ အတော်ဝဋ်ကြီးရှာမှာပဲ" လို့ကို ဩချယူရရော။ အဲ - မဂ္ဂဇင်း၊ ဂျာနယ်တွေထဲက မိန်းမအရုပ် ဝတ်လစ်စလစ်ပုံတွေများဆို သင်းဆီမှာ ဖောင်ပြေး၊ တလာစီတိုင်းတွေ့ရင် တွေ့သလို သိမ်းတာပေမယ့်လည်း နောက်တစ်ကြိမ် ပြန်စီ၊ ထပ်တွေပြန်တော့တာ၊ ဘယ်လိုများ သိုကဝှက်သိမ်းဆည်းထားမှန်းကို မသိဘူး၊ ပြီးတော့ရင် - အဲဒီရုပ်ပုံတွေကို ထုတ်ထုတ်ကြည့်ပြီး မြင်းမအိုကြီး ဟီသလို တဟီးဟီးနဲ့၊ တကယ့်ဝမ်းတွင်းရှူး - နာဘူး။

အဲတော့ - တရားခံဟာ ဆယ်ပြားပါပဲရယ်လို့ ကျော်လာတဲ့အခါ သူ့ဘက်ကလိုက်ပြီး ကာကွယ်မယ့်သူက မရှိတော့ဘူး၊ လက်ညှိုးထိုး ခေါင်းညိတ်မယ့်သူတွေချည်း ထော်လုံးပြည့် တမ်းကျမ်းဖြစ်နေတော့တာ၊

ဘယ် - တာဝန်ရှိတဲ့ လူကြီးပိုင်းတွေကအဲဒီ "ပုပ်လို့ပေါ်၊ ဟုတ်လို့ကျော်" ဥာဏ်ကို ရေငုံနှုတ်ပိတ် "တေတေနိတ်၊ တိတ်တိတ်နေ" လုပ်နိုင်ကြပမတုံး၊ နောတ်တန်းလုံခြုံရေးတာပန်ခံ ထောင်မှူးကြီးဦးသောင်းမင်းက သင်းတစ်ယောက်တည်းကိုပဲ ဘူးဝဲကြီးထဲက ရှုံးခန်းမှာ ညလုံးပေါက် ခေါ်စစ်ပြန်ရော။ အင်း - တာဝန်မှူး၊ ထောင်မှူးလေး ဆရာဦးစင်မောင်ရင်ရယ်၊ တာဝန်ကြွပ်တပ်ကြပ် သာဒွန်းအေးရယ် သက်သေသက္ခာယတွေ အစုံအလင်နဲ့ပေါ့၊

လွှတ်မယ် ထင်သလား - ဟုတ်စ၊ ဝေးသေး - ဝေးပါသေး၊

"ဖြင်းနိုင်ရင် တစ်ဝက်ရတယ်" ဆိုတာ လူမိုက်များရဲ့ အခြေခံသင်ရိုးမဟုတ်လား၊ ဆယ်ပြားပါတဲ့၊ သိတဲ့အတိုင်း ခြေစုံကန်မျက်စိမှိတ်ပြီး အသေအလဲ ဘူးခံငြင်းတော့တာပေါ့၊ မငြင်းဘဲ နေနိုင်ရိုးလား၊ "မုဒိမ်းလူသတ်" ဆိုတဲ့ အမှုမျိုးဟာ ကြိုးစင်ကို ဒုတ်ဒုတ်ထိ တန်းနေတဲ့အမှု၊ သေရွာပေါက်သေဒဏ်ကျမဲ့အမှု၊ ဖင်ပိတ်ငြင်းတာပဲ၊

ရိုက်နှက်စစ်ရအောင်လည်း ထောင်ဆိုတာ ရဲအလုပ်မျိုးကို လုပ်လို့မှရတဲ့ဟာ၊ နားရင်းပါးရင်းကို ပိတ်ပက်ကျင်းပစ်ရအောင် ဆိုပြန်တော့ ထောင်မှူးကြီးဦးသောင်းမင်းက လူအေးရေခဲတုံးကြီး၊ ကျောက်မိုင်းကော်ပိုရေးရှင်းမှာ "မိုင်းအုပ်" လုပ်နေရာကနေ ဌာနချင်း ပေါင်းလိုက်လို့ အကျဉ်းထောင်ဘက် ပြောင်းလိုက်ရတဲ့ အင်ဂျင်နီယာ၊ ဖြူဖြူသွယ်သွယ် ပျော့တိပျော့ဖတ်၊ ပုရွက်ဆိတ်တစ်ကောင်ကိုတောင် သေအောင်သတ်ရဲ၊ သတ်တတ်မယ့်ပုံ မဟုတ်ဘူး အလကား၊

တစ်ညလုံး မအိပ်နိုင်၊ မနေနိုင် လည်ပင်းတရှည်ရှည် စောင့်လိုက်ရ၊ မျှော်လိုက်ရလို့ အိပ်ရေးပျက် မျက်ချေးထွက်တာပဲ အဖတ်တင်တယ်၊ ဆယ်ပြားဆီက ဘာဆိုဘာမှကို မလာဘူး၊

ကိုင်း - အဲဒီတင် "ဂျာအေး သူ့အမေရိုက်ပြီး မုန့်လုံး - မုန့်လုံး" ဆီပဲ ပြန်ရောက်ကရော၊

တရားခံ - ဘယ်သူလဲ၊

မုဒိမ်းသမား၊ လူသတ်ကောင်ဟာ ဘယ်သူလဲ၊

တရားခံ – ဘယ်သူလဲ။

မှုဒိမ်းသမား၊ လူသတ်ကောင်က ဘယ်သူလဲ။

"ကိုင်း – ဒီမှာ – ဟို့နယ်ဒို့နယ် သောင်မတင် ရေမကျ ဂျီဂျိပတ်တတွေ လုပ်မနေကြနဲ့၊ ဒီလူသတ်သမားကို ကျုပ် ဖမ်းပြမယ်၊ ဒီကနေ့ ညတစ်ညပဲ ကျုပ်ကို အချိန်ပေး၊ မနက်ဖြန် မိုးမလင်းလိုက်စေရဘူး၊ တရားခံကိုယ်တို သူ့ပါးစပ်ကနေ ဒီလူသတ်မှုရဲ့လက်သည်တရားခံဟာ သူပါပဲရယ်လို့ ဖြောင့်ချက်ပေးပြီး ဝန်ခံလာစေရမယ်၊ ဒီကိစ္စကို ကျုပ် လက်ထဲကိုသာ ဝကွက်ပြီး အပ်လိုက်၊ လူသတ်ကောင်ကို ကျုပ် ဖမ်းပြမယ်"

ဟိုက်ရော ...၊ ကျားသားနဲ့ မိုးကြိုး၊ "အရေ့နေဝင် အနောက်နေထွက် တောင်ထိပ်ကြာပေါက်" ဆိုသလို မကြုံစဘူး ထူးထူးကဲကဲ ချည်းပါကလား ဗျာရေ့၊ ကြည့်စမ်းပါဦး – ကြည့်စမ်းပါဦး၊ ဆင်ခြေရာတွေကို လတ်လတ်ဆတ်ဆတ်တွေ့နေပါလျက်ကနဲ့ ဆင်ကောင်ကြီးကိုအရိပ်အယောင်ကလေး လောက်တောင်မှ ရှာမရဘဲ လမ်းစလမ်းန ပျောက်နေတဲ့ ကိုရွှေရဲတွေ၊ ဘာ ဆက်လုပ်လို့ လုပ်ရမယ်မှန်းမသိတဲ့အတွက် ဘူထိုင်ထိုင်နေကြရတဲ့ ကျုပ်တို့ ဆရာသမားတွေ၊ အဲဒီလူတွေ တစ်လှေကြီးကိုများ အားမနာလျှာမကျိုး ပိုးခနဲ ပက်ခနဲ ပြောချပစ်လိုက်တဲ့သူက သိကြားမင်း နားကင်းကြီးနဲ့ ဘွားခနဲ ပေါ်လာသလို ရုတ်ခြည်း ပေါ်လာခဲ့သဗျ၊ သိလား ...၊

ဆရာတင်လှိုင်၊ တပ်ကြပ်တင်လှိုင်၊ ရှမ်းတင်လှိုင် ...တဲ့၊ အဲဒါကြောင့် ပြောတာပေါ့ဗျ၊ "ထူးပေသည်၊ ဆန်းပေသည်၊ ထူးပေ ဆန်းပေသည်" ဆိုတာ၊ ဒီပုဂ္ဂိုလ်က ဒီကျောက်တောင် အလုပ်စခန်းကလေးမှာ ရှိနေမှန်း မသိလောက်အောင်ကို နေနိုင်နေတတ်တဲ့ "လေ"ကို လူရယ်ပါဆို၊ အကြောင်းကြီးငယ်မရှိလို့ကတော့ တစ်နေကုန်လို့တောင် စကားတစ်ခွန်း မပြောတဲ့သူ၊ နစ်ယောက်အတူထိုင်ပြီး ရေနွေးကြမ်းသောက်နေကြလို့မှ အခါးရည်သာ တစ်အိုးပြီးတစ်အိုး ဖင်ပေါက်နေသလိုမျိုး ကုန်ချင်ကုန်သွားလိမ့်မယ်၊ သူ့ဆီက "အင်း – အင်း – အဲ – အဲ" လောက်ကလေးမှ အသံမပြည်အောင် နေစိမ့်တဲ့သူ၊



လူက ရှမ်းစပ်ရယ်၊ သူ့အဖေက ရှမ်းစစ်စစ်ကြီးလို့ ပြောကြတာပဲ၊ [illegible] က မြို့ကြီးဘက်က တောင်ရိုးသူ၊ အဲဒီတော့ရင် သူ့အသားအရေက စိမ်းဖန့်ဖန့်နဲ့ ဝင်းနေကရော၊ ကိုယ်ပေါက်ကိုယ်ရောက်ကလည်း ခပ်ထည်ထည်ဗျ၊ သူငယ်တုန်းက ကာယဗလ ကျင့်ခဲ့ဖူးသေးသတဲ့၊ ဗလကြီးတွေ မာဆယ်ကြီးတွေဆိုတာ တွေ့နေတာပဲ၊ ရုပ်ကလည်း ခေလှတယ်မထင်ပါဘူး၊ ကြည့်ပျော်ရှုကောင်းထဲက ဆိုပါစို့၊ အဲ – မျက်နှာကတော့ ခပ်ပြားပြားရယ်ဗျ၊ မျက်လုံး မျက်ဖန်ကောင်း၊ နှာတံစင်းစင်းရယ်၊ အမြဲတလစေ၊ ခေါင်းတုံးပဲ တုံးထားတဲ့ သူ၊ သူ့ကို ဘယ်တော့မှ ခေါင်းပေါ်မှာ ဘိုကေနဲ့ မမြင်ဖူးဘူး၊ သူ့အပြော တော့ ဟိုးငယ်စဉ် ကိုရင်ဘဝကတည်းက ခေါင်းတုံးနဲ့ပဲတဲ့၊ ဟုတ်လောက်ပါရဲ့၊ နေသားကျနေတဲ့ သူ့ခေါင်းတုံးနဲ့သူတော့ ဟုတ်ပေ့ကို ဖြစ်လို့၊

ကွမ်းကလေး တမြုံ့မြုံ့နဲ့ ဘယ်တော့မဆို နှုတ်ခမ်းကလေး ရဲနေတတ်တာရယ်၊ သူ့တစ်ကိုယ်လုံး နေရာလပ်မကျန်အောင် ဆေးနီဆေးနက်တွေ စမတွေ၊ အင်းတွေ ထိုးနှံထားတဲ့ ဒီဇိုင်းရယ်က သူ့ရဲ့ပင်ကိုထူးခြားတဲ့ အမှတ်သင်္ကေတပဲဗျ၊ အဲ – ပြီးတော့ ယူနီဖောင်းမဝတ်တဲ့အချိန်များဆိုရင် ရှမ်းဘောင်းဘီ ဖျင်ကြမ်းအနက်ထည်ကြီးကို ဒူးပေါ်တဲ့အထိ တစ်ဖက်လိပ်တင်၊ တစ်ဖက်ချ၊ အကျႌကိုယ်လုံးတီးကြီးနဲ့ နေတတ်တာ၊ ဂျူတီမဝင်ရတဲ့နေ့များမှာ ဖျင်ပင်နီလွယ်အိတ်ကြီးကို လွယ်ပြီး ရွာနီးချုပ်စပ်က ရွာငယ်ဇနပုဒ်တွေဆီကို ကိုးကုန်းကိုးကျင်း လျှောက်သွားပြီး ဗိန္ဒောနည်းနဲ့ ဆေးကုလိုက်၊ ပယောဂကုလိုက် လုပ်နေတတ်တာ၊ သူတစ်ယောက်တည်းပဲ သူ့တဲကလေး သူထိုးပြီး အထီးတည်းနေတတ်တာကလည်း ရှမ်းတင်လှိုင်ကို အားလုံးက "ဘယ့်လို လူကြီးပါလိမ့်မလဲ"လို့ မတွေးချင် တွေးချင်အောင် လုပ်ထားသဗျ၊

ကိုင်း – အခု – အဲဒီ ကျုပ်တို့ "ရှမ်းတင်လှိုင်" က လူသတ်တရားခံတို့ဖော် ပေးမတဲ့ဗျ၊ ပြီးတော့ – ရုပ်တည်ကြီးနဲ့ သူ ဆက်ပြောနေသေးတာတသောဗျ၊ မိန်းကလေးရဲ့ဝိညာဉ်ပူးနေတဲ့ သရဲတစ္ဆေတစ်ကောင်ကောင်တို့ခေါ်ပြီးသူတို့ အမွေ့ မဟားတရားကျင့်၊ ပိုစိုးပက်စက် သတ်ပစ်ခဲ့တဲ့ လူ့တိရစ္ဆာန်တောင်တို

လူပုံကြားထဲ အရှင်လတ်လတ် ဆွဲထုတ်ပြစေမတဲ့၊ ဘူးပေါ်သလိုကို "ဘွား" ခနဲ ပေါ်လာရစေ့မတဲ့၊

ခက်ပေ့ါဗျာ ...၊

သူ့ဟာက အရှုးမဟုတ်၊ အကောင်းမဟုတ်၊ ယုံရအခက်၊ မယုံရအခက်၊ ကြောင်တောင်တောင် ခွတီးခွကျ အတော်နိုင်တဲ့ ကိစ္စကြီးပါကလားဗျာ၊ ခက်ပ - ခက်လိုက်ပ၊

ထင်တဲ့အတိုင်းပဲ၊ လူတွေဟာ တစ်ခဏအတွင်းမှာပဲ ဖြုန်းဆို နှစ်ပိုင်း ကွဲသွားလေရဲ့၊ ရှမ်းတင်လှိုင်ရဲ့စကားကို ယုံတဲ့သူက တစ်ဝက်၊ "အလကား တလေးကလား အလုပ်တွေကွာ၊ သေတဲ့မျောလေးကပဲ တစ္ဆေသရဲဘဝနဲ့ တရားခံ ဖော်ပေးရဦးမတဲ့၊ တောက်တီးတောက်တက်တွေ" ဆိုပြီး အယုံ အကြည်မရှိတဲ့လူက တစ်ခြမ်း၊ ထောင်သားရဲဘက် (၅၀၀) ထဲမှာရော ဝန်ထမ်းတွေ၊ အရာရှိတွေထဲမှာရော ကွဲလိုက်လေသမှ ထက်ခြမ်း၊

ဒီလိုဗျာ - ကျုပ်တို့စခန်းမှာ ခေါင်းသူကြီးရယ်လို့ စခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးစိန်မောင်ရဲ့လက်အောက်မှာ ထောင်မှူးကြီး နှစ်ယောက်ရှိတယ်၊ ဆရာကြီး ဦးဝင်းနဲ့ ဆရာဦးသောင်းမင်း၊ အဲ - အဲဒီ အရာရှိကြီးနှစ်ယောက် တတောင် တစ်လေသံတည်း မထွက်လာကြဘဲ သူတစ်လှူ၊ ငါတစ်မင်း ဖြစ် နေကြတော့တာ၊ ကြုံရပုံများ ပြော မပြောချင်တော့ဘူး၊

"မဖြစ်ဘူး - မဖြစ်ဘူး၊ ကျော်မကောင်း ကြားမကောင်း ဆရာတင်လှိုင် ရယ်၊ ဒီကိစ္စက ဒီလိုတောရမ်းပယ်ဖွဲ့ လျှောက်လုပ်လို့ ဖြစ်တဲ့ကိစ္စမဟုတ် ဘူးဟ၊ တို့ဌာနဆိုင်ရာ အဖွဲ့အစည်းတွေဆိုတာ ကိုယ့်ဘောနော၊ ဘီနားက ရပ်နဲ့ ရွာနဲ့ အလွမ်းသင့်အောင် နေကြရတာ၊ ဆောင်းနဲ့နှင်းလိုမျိုး၊ ရေနဲ့ ကြာ လိုမျိုးပဲ၊ ကဲ - အခုပဲကြည့်၊ ရွာသူမိန်းကလေးတစ်ဦး အသတ်ခံရတယ်၊ တရားခံက ရဲဘက်ကြီးတစ်ယောက် ဖြစ်နိုင်သတဲ့လို့ လောင်မီးကြီးက ကျနေ ခဲ့မဟုတ်လား၊ ဒီအချိန်မှာမှ မင်းတို့အောက်ကလီအာအလုပ်တွေကို လျှောက် လုပ်လိုက်လို့ ထင်သလို ဟုတ်မလာခဲ့ရင် ရပ်ရွာနဲ့ ကဏ္ဍကောစတွေ ဖြစ်ကုန်



လိမ့်မနော်၊ နက်ဖြန် သဘက်ပဲ မိန်းကလေးကို မြေချသဂြိုဟ်တော့မှာ၊ မင်း တို့တွေ ဟိုလုပ် ဒီလုပ် လျှောက်လုပ်ပြီး ပြဿနာ မရှာကြနဲ့နော်၊ ဒါပဲ ..."

ဆရာကြီးဝင်းကတော့ ရှင်းတယ်၊ ပြတ်တယ်၊ တိခနဲပဲ ဖီဖီခါခါ ငြင်းပစ် လိုက်တော့တယ်၊ ရှမ်းတင်လှိုင်နဲ့ ပဏာမစားတာ၊ မျက်ကြောမတည့်တာ တွေလည်း ပါလိမ့်မယ်၊ လူကြီးနေရာကမို့ လူကြီးစကားပြောတာလည်း ဖြစ်ကောင်းဖြစ်မယ်၊ သူပြောတာကလည်း ဟုတ်သလိုလိုရှိလို့မို့ "သရဲတစ္ဆေ မယုံတဲ့လူများ" ဘက်ကဖြင့် လက်မတထောင်ထောင်နဲ့ပေ့ါ၊

"မဟုတ်သေးပါဘူးလေ၊ ကြောင်ခုတ်လို့ပဲ မိမိ၊ ညှပ်ထောင်ပြီးပဲ ဖမ်း ဖမ်း၊ ကြွက်သေဖို့ကသာ လိုရင်းမဟုတ်လား၊ ဒီအယုတ်တမာ အမှုမျိုးကြီးကို ရဲဘက်စခန်းက ကျူးလွန်တာဆိုတဲ့ အော်ဂလီဆန်ချင့်စရာ ယိုးစွပ်မှုကြီးကို တော့ နာလို့နာရကောင်းမှန်းမသိဘဲ "သရဲနဲ့ ဖမ်းပြမတဲ့" ဆိုတာကျတော့မှ တလေးကလားအလုပ်ထင်ပြီး ရှက်သလို၊ ရွံ့သလို လုပ်မနေကြစမ်းပါနဲ့ဗျာ၊ တိုင်း - ကိုတင်လှိုင်ရဲ့သရဲက ဖမ်းလို့ တရားခံမိခဲ့ရင်ကော ကောင်းတဲ့အလုပ် မဟုတ်ပေဘူးလား၊ ဘာအရင်းအနှီးမှ ကုန်ရကျရတာလည်း မဟုတ်၊ သူ့ နည်းနဲ့သူ့ဟာန် ဟုတ်မယ်ထင်လို့ လုပ်ကြည့်တာပဲ လုပ်ပါစေလား၊ ဘာတွေ ကို ကြောင့်ကြောင့်ကြကြ ဖြစ်နေကြရတာတုံး၊ ဟင် - ဆရာကြီးဝင်း"

ကျုပ်တို့ ဆရာရင်း ထောင်မှူးကြီး ဦးသောင်းမင်းက ဆရာတင်လှိုင်ဖက် တာ၊ ကြောင်ရုပ်ပဲဖြစ်ပစေ၊ ကြွက်ခုတ်ရင် ပြီးရောဆိုတဲ့ ဘွင်းဘွင်းရှင်းရှင်း သမား၊ ဆရာကြီးဝင်းက သူ့ထက်စီနီယာကျပြီး ငါအရ သမ္မာအရ လေးစား ရတဲ့ သူပေတဲ့၊ သူက စခန်းရဲ့နောက်တန်းလုံခြုံရေးကို လက်ရှိကိုင်ထားရတဲ့ လူ မဟုတ်လား၊ သူက ခေါင်းပိုကျိန်းတာပေ့ါ၊ သူ့အတွက်က တရားခံကို မြန်မြန်မိလေ ကောင်းလေပဲလေ၊ ဟုတ်တယ် ဟုတ်၊

အဲတော့ - ပွဲက ပိုကြည့်ကောင်းလာပြီ၊

ဆယ်ပြားကို မသတီစိတ်နဲ့ မေတ္တာပျက်ကြတာလည်း ပါတယ်၊ ကိုယ့် ရဲ့အကုသိုလ်ဝိပါကတွေကြောင့်အချုပ်ထဲ၊ ထောင်ထဲအကျဉ်းအကျပ်တွေနေ တဲ့အပြစ်သား၊ ထောင်သားတွေဆိုပေတဲ့ သူတို့လည်း လူတွေပဲလေများ

လူစိတ်နဲ့ လူနှလုံးသားနဲ့ပဲ မဟုတ်လား။ ဘယ် - ဒီလိုယုတ်မာရိုင်းစိုင်းတဲ့ တိရစ္ဆာန်အလုပ်မျိုးကို သတီနိုင်ပါ့မလဲ၊ ဖြစ်နိုင်ရင် ကိုယ်ထိလက်ရောက် ကုပ်ကနေ ဆွဲကိုင်ဆောင့်ချိုးပစ်ပြီး စစ်လိုက်၊ မေးလိုက်ချင်ကြတာ၊ သင်းကို အရှင်လတ်လတ် အရေခွံခွာပြီး ခွေးစာကျွေးပစ်ချင်ကြတာ၊ အဲဒီလောက် တောင် ...၊

နို့ပေတဲ့ - ဖြစ်နေပုံက မအီမလည်ကြီး၊ဗျ၊ ဘယ်လိုကြီးမှန်းကို မသိဘူး။ လူတွေလည်း ဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာ ဖြစ်ကုန်ကြပြီ၊ သိတယ် မှုတ်လား၊ ကြွက်မနိုင် ကျီမီးနဲ့ ရှို့တယ်ဆိုတာ၊ ပြဿနာရဲ့အဖြေကိုရှာမရလေ လူတိုင်းရဲ့ ဒေါသက မောင်မင်းကြီးသား ဆယ်ပြားအပေါ် မဲကျလာလေ၊ ဒီပုံအတိုင်းဆိုရင်တော့ သိပ်မကြာဘူး၊ ဒီကမြင်းမသားတော့ တစ်ယောက် တစ်လက် ဝိုင်းလုပ်ပစ်ကြတာနဲ့တင် မာလကီမှာပဲ ဒီကနေ့ ညတောင် ကူး လိုက်ရမယ် မထင်ပေါင်၊

"ဘာပဲဖြစ်ဖြစ် - ဆရာကြီးရေ၊ ဘယ်လိုနည်းနဲ့ပဲ မိမိတရားခံကို မြန်မြန် မိမှ နိပ်မယ်ထင်တယ်၊ လူတွေက တနုံ့နုံ့နဲ့ ဒေါသဒီရေတွေ လိမ့်တက်နေကြ ပြီ၊ ခြေလွန်လက်လွန်တွေ ဖြစ်ကုန်ကြရင် မကောင်းဘူးနော်၊ ဆရာတင်လှိုင် က သရဲနဲ့ ဖမ်းပယ်ဆိုလည်း ဖမ်းပါစေလား၊ အဲဒီက အဖြူအမည်း သဲကွဲတဲ့ အထိ အိပ်ဆောင်ထဲက ဒေါသကုမ္ဘာရတွေကို ဆွဲဆန့်ပြီး ထိန်းလို့သိမ်းလို့ ရနိုင်သေးတယ်၊ ဒီအချိန်မှာ တစ်ခုခုမလုပ်ခဲ့ရင် သူတစ်ချက် ငါတစ်ချက်နဲ့ ထိန်းမနိုင်၊ သိမ်းမရတွေ ဖြစ်ကုန်ကြလိမ့်မယ်နော်"

(၅) ဆောင်တာန်းစီး ကိုဘိုကေကြီးက မျက်နှာကလေး ဆီးရွက်လောက် နဲ့ ပူပူပန်ပန် ပြောရှာတယ်၊

ဒါ - အဖြေပဲ၊ ဟုတ်တယ်၊ လုပ်ချင်တာ မလုပ်ချင်တာထက် လုပ်သင့် တာကို အရင်လုပ်ကြရမှာပဲ မဟုတ်လား၊

ဘာပဲပြောပြော "သံယာအား ဘုရားမဆန်သာ" လေ - နော့၊ ဆရာကြီး ခင်းလည်း မတတ်နိုင်တော့ဘူး၊ "ပြဿနာမတက်အောင် ကြည့်ကျက်လုပ်



ကြကွာ" ဆိုတဲ့ပြီး မျက်နှာလွှဲသွားလေ၊ သူ့အရပ်ကြီး ကိုင်းတိုင်းတိုင်းတိုင်း နဲ့ စခန်းရုံး ကုန်းပေါ်ပြန်သွားသဗျ၊

အဲဒီတော့မှ ထောင်မှူးကြီး ဦးသောင်းမင်းက "ဆရာတင်လှိုင်ရေ - မင်း လုပ်စရာရှိတာ လုပ်ပေတော့" တဲ့၊

အံ့စရာဗျာရေ ...၊ ကျုပ်တို့စခန်းတစ်ခုလုံး ဖြုတ်ခြည်းငြိမ်ကျသွားလိုက် ပုံများ အသက်ရှူသံ၊ နှာရှုက်ခေတ်သံတောင် မကြားရတော့ဘူး၊ တောင်မြင့် မြင့်ကြီးရဲ့ခြေရင်းက ကွင်းပြင်ကျယ်ကြီးထဲမှာ အထီးတည်းရှိနေတဲ့ ကျုပ်တို့ ရဲဘက်စခန်းကလေးကို ညက ရုတ်တရက် စုပ်မျိုပစ်လိုက်တဲ့အတိုင်းပဲ၊ ညမှောင်ကြီး ကျသွားလိုက်တာဟာ လူလေး၊ ငါး၊ ခြောက်ရာ ဦးရေရှိတဲ့ အစု အဝေးကလေးကိုများ ရှိတယ်လို့တောင် မထင်ရတော့ဘူး၊

မှောင်လိုက်တာများ မည်းလို့၊

ဘေးပတ်ပတ်လည်က တစ္ဆေသရဲတွေ ဝိုင်းပြီး ချောင်းကြည့်နေကြ သလားလို့တောင် လူတိုင်းရင်ထဲ မလုံမလဲ မှောင့်မှောင့်ရောင့်ရောင့်တွေနဲ့ သာ ရွှေယိုင်တွေဖြစ်လို့၊

ဟွန်ဒါမီးစက်သံ ဖွတ်ချက် ဖွတ်ချက်ကလေးကလည်း ပန်းနာရင်ကျပ် သည်အသံလို ရှည့်ရှည့်နဲ့နဲ့၊ (၄၀) ဝပ်အား မီးသီးလုံးကလေးတွေကလည်း ရေမ်းချဉ်သီးမှည့်ကလေးတွေကို နီတာရဲကလေးတွေနဲ့ မိုတ်တုတ်မိုတ် တုတ်၊

ဘယ်သူမှ အိပ်မပျော်နိုင်ကြတော့ဘူး၊

လူစုလူဝေးကြီးနဲ့နေတဲ့ ဒီနစ်ထပ် သံဆူးကြိုးဝင်း ထောင်ဇရိယာထဲကို သရဲက ဘယ်လိုဝင်လာမှာလဲ၊

ဝင်လာမယ့် သရဲက ဟိုကံဆိုးမ နွားကျောင်းသမကလေးရဲ့နာနာဘာဝ မှုပ်ကဖြစ်တဲ့ သရဲတဲ့လား၊

ကဲ - အဲဒီကလေးမလေးရဲ့ သရဲကတော့ ဟုတ်ပါပြီတဲ့၊ သူ့ကို သတ်ခဲ့ တဲ့ အယုတ်တမာကောင်ကို ဘယ်နည်းဘယ်ပုံ ဖမ်းပြမှာတဲ့လဲ၊ လူသတ်

ကောင်က ဘယ်သူလဲ၊ ဘယ်သူ့တိရစ္ဆာန်က ဒီလို အကြံပက်စက်ခဲ့တာလဲ၊

အို - ဟိုတွေး၊ ဒီတွေး ဘယ်လူ့ညာလိုမ့်တွေနဲ့ ဘယ်သူမှ အိပ်မရတော့ပါဘူးဆို၊

ညကလည်း တဖြည်းဖြည်းနဲ့ မှောင်သထက်မှောင်၊



ဘာဖြစ်မှန်းတော့မသိဘူး–တန်းစီးရေ။ သွေးရိုးသားရိုးတော့ဖြင့်
ဟုတ်ပုံမရဘူး။ ဆယ်ပြားဆိုတဲ့အကောင် တုန်တုန်ရီရီနဲ့ ငုက်ဖျားတက်နေသလို
မျိုး ဖြစ်နေတယ်။ ဘယ်လိုမေးလို့မှလည်း စကားတစ်ခွန်း ထွက်မလာဘူး။
ပြူးတိုပြူးကြောင်ကြီး။ စိတ်နဲ့လူနဲ့ ကပ်လို့ကပ်ရဲ့လားတောင် မသိဖြစ်နေသဗျ။
ကိုယ့်သားကိုယ်ရေတွေလည်း ချစ်ချစ်တောက်လို့...



လူသတ်သမားက ဘယ်ကောင်လဲ၊

အဲဒီအယုတ်တမာကောင်ကို ဆရာတင်လှိုင်က ဘယ်လိုဖမ်းမှာလဲ၊ ဆရာတင်လှိုင်ရဲ့တစ္ဆေသရဲဆိုတာကရော သံဆူးကြိုးဝင်းထဲအထိ တကယ်ဝင်လာပြီး တကယ်တရားခံ ဖော်နိုင်မှာတဲ့လား၊ ဆရာတင်လှိုင် ကိုယ်တိုင်က သရဲတစ္ဆေတွေ မွေးထားတဲ့ မှော်စစ် အောက်လမ်းဆရာကြီးလား၊

ဟား - ဘာပြောကောင်းလိမ့်မတုံး၊ ဘာလား၊ ညာလား - လားတွေကို ထပ်ရော့၊

"အေး - မင်းတို့၊ ငါတို့ သာမင်ညောင်ည ညဏ်အစကလေးလောက်နဲ့ ဟိုတွေးဒီတွေး လျှောက်တွေး၊ တောင်ကြံမြောက်ကြံ လျှောက်ကြံနေလို့ကဖြင့် လမ်းဆုံးနိုင်ပါ့မလားဟ၊ "မပြီးခင် ဗမာမမြင်စေနဲ့"တဲ့၊ မကြားဖူးဘူးလား၊ လူဆိုတာမျိုးက သံသယ ကုက္ကုစ္စတယ်များတဲ့ သတ္တဝါမျိုးလားကွ၊ ရှိုးတဲ့မှ၊ လမ်းဆုံးတဲ့အခါ ရွာတွေ့လိမ့်မပေါ့၊ ဘာတွေ "သောက" နေကြတာတုံး ဟကောင်တွေရ၊ တောတောနိုပ် - တိတ်တိတ်နေကြစမ်း"

တန်းစီးကိုဘိုကေကြီးက ဗလာချီထကြမ်းလိုက်တော့မှ အသံတွေ ရှုံ့ခနဲငြိမ်သွားလေရဲ့၊ အဲဒါတောင် မိလ္လာချောင်နားက မျောက်ကြီးတို့၊ ချစ်တီးတို့၊ နဂါးတို့အုပ်တွေက တီးတိုးတီးတိုး ပွစိပွစိနဲ့ ဂနာမငြိမ်ချင်ကြသေးဘူး၊ အရှိန်မကုန်ကြသေးဘူး၊ ဆရာတင်လှိုင်ဆီမှာ ကံဆိုးမကလေးရဲ့အလောင်းက ဖြတ်ယူထားတဲ့ ဆံပင်စုကလေး ရှိနေတာလည်း ပါရဲ့၊ ထဘီအထက်ဆင်စ အပိုင်းအပြတ်ကလေး ရှိနေတာလည်း ပါရဲ့၊ အမြီးတိုနေတဲ့ ကြက်ပေါင်ဖိနှပ်ကလေးတစ်ရံ၊ ကျွဲတစ်ဖက် နွားတစ်ဖက်ကို ရဲဆရာတွေ မသိအောင်ကောက်ယူထားတဲ့တာလည်း ပါရဲ့၊ ချောမကလေး သွေးသွေးပြီး လိမ်းနေကျ ကျောက်ပြင်တစ်ခြမ်းပဲ့ ညစ်ထပ်ထပ်ကလေးကိုတောင် သူ့အမေဆီက ကောက်တောင်းယူလာခဲ့ပြီးပြီဆိုတာလည်း ပါရဲ့၊ အို - ရှုပ်ပွနေတာပဲ၊

ဘာပဲပြောပြော၊ လောလောဆယ်တော့ဖြင့် ဟောဒီသံဆူးကြိုးဝင်းအစိမ်းထောင်ထဲက ထောင်သားရဲဘက်များအဖို့ အာရုံများစရာကိစ္စက ဒီတစ်ခုထဲပဲ ရှိနေတာမို့ ဘယ်သူမှလည်း အိပ်မပျော်နိုင်ကြပါဘူး၊ ခြေဆင်းလည်းလူထိုင်

သူကထိုင်၊ ဝါးကြမ်းခင်းမှာ ကျောခင်းပြီး ဘယ်လိုမှညာလိုမှ တွတ်ထိုးတဲ့ သူကထိုး။

ပြောလို့သာပြောတာ၊ ဆရာတင်လှိုင်တစ်ယောက် ဘယ်လိုနည်းမျိုးနဲ့ သရဲဖမ်းပြမလဲဆိုတာကို ဦးနှောက်စားနေကြတာက အသိသာကြီးရယ်။ အင်း - အင်း - အဲ - အဲ - ဟင်း - ဟင်း - ဟဲ - ဟဲတွေနဲ့ နပန်းလုံးနေကြတဲ့လူတွေချည်းကို။

"ဟော့ - ဟော့ - ဆရာကြီး တင်လှိုင်တို့ ဖျာလိပ်ကြီးထမ်းပြီး ဝင်လာကြပြီဟေ့"

ထင်တောင်မထားဘူးဗျာရေ။ ရုတ်ပွရုတ်ပွ ကြွက်စီကြွက်စီတွေ တိခနဲငြိမ်၊ အသက်တွေတောင် အောင့်ရှူနေကြသလား အောက်မေ့ရလောက်အောင် တိတ်ဆိတ်လို့။ အိမ်ထောင် (၅) ဆောင်ရဲ့အကြား ထမင်းချက်ဖိုကြီးတို့ ဦးတိုက်ထားတဲ့ ပေ (၃၀) အကျယ်၊ မိန်းဂျေး(လ်) လမ်းဆီ မျှော်ကြည့်လို့။ (၉) နာရီ လိုင်းဒေါင်းမချသေးပေတဲ့ အချိန်မတိုင်မီ အိပ်ရှိန်ပေးထားလို့ ခေါင်းမထောင်ရဲတဲ့ သူတွေက နားရွက်ဖျားကလေးတွေပေပြီး စွင့်နေကြလို့၊ ရင်မရင်ဖိနေကြတာများဟာ မှောင်မှောင်မည်းမည်း ညကတောင် အဝေယောင်ယောင်အမှားမှားနဲ့ တွေတွေကြီး ရပ်နေသလိုပါပဲဆို - ကဲ။

ကြားရချက်ကဖြင့် လွှတ်စိတ်ဝင်စားစရာကောင်းကိုးဗျ။ ကြည့်လေ ဆရာကြီး ရှမ်းတင်လှိုင်နဲ့ ကောင်မလေးရဲ့နာရေးအိမ်ကို အတူတူပါသွားတဲ့ ဆရာသာဝိုက် (အဲလေ) ထောင်ကြပ်မြင့်ဆွေက တီးတိုးတီးတိုးနဲ့ကပ်ပြီး ဖောက်သည်ချသွားခဲ့တာ၊ သူနဲ့အတူတူ ဆရာကျော်အောင်လည်း ပါသွားသေးသတဲ့။

ကနဦး သိသိချင်း ကံဆိုးမလေးရဲ့အမေနဲ့ အဖေက ဖီဗီခါခါ ငြင်းသတဲ့ ဗျာရေ့၊ လုံးဝလက်မခံကြဘူးတဲ့၊ အဲ - တောမရွာခံ လူငယ်အုပ်ကလည်း



တုတ်ဆွဲ၊ ဓားဆွဲဆိုပဲ။ ရုပ်ပျက်ဆင်းပျက်နဲ့ သေခဲ့ရတာတောင် **အေးအေး** မသေရဘူး၊ ကျော်မကောင်း၊ ကြားမကောင်းတွေ လာလုပ်နေတယ်**ဆိုပြီး** **ရှူးရှူးရှဲရှဲ** ပေါက်ကွဲကြသတဲ့လေ၊ ဆရာသာဝိုက်တို့ကဆို "ဟင် - **ဒီတစ်ရီ** တော့ ကောင်းကောင်းကြီး သေဖြစ်ပြီ" လို့ကို တုံးတုံးချထားလိုက်တာ - တဲ့။

ဒါပေတဲ့ - သိတဲ့အတိုင်းပဲလေဗျာ၊ ကျုပ်တို့တောကျေးလက်က အညာသူ အညာသားများထုံးစံ၊ သရဲကိစ္စ၊ တစ္ဆေကိစ္စဆိုမှဖြင့် သုံ့ခနဲကြားလိုက်တာနဲ့ နန့်ခနဲ ဖြစ်ကြရောမှတ်လား။ မိန်းမတွေပိုင်းကဆို ပိုဆိုးသေး။ အလကားနေ အလကားသင်းတို့ လေး၊ ငါး၊ ခြောက်ယောင် စုမိကြရင်တောင် ဖျာလိပ်နတ် မေးလိုမေး၊ မနဲ့လေး ပူးလို့ပူး လုပ်နေတတ်ကြတာကလား၊ အဲတော့ ကျုပ်တို့ရှမ်းဆရာကြီးက သေသူရဲ့တစ္ဆေကိုခေါ်ပြီး သူ့ကိုသတ်ခဲ့တဲ့တရားခံကို ဖော်ပေးမဟဲ့ဆိုတဲ့အရေးမှာ မိန်းမတွေပိုင်းက အာရုံစူး နားရွက်ကားလာကြလေရဲ့တဲ့။

"ဟဲ့ - ဖိုးအေးနဲ့ မယ်မြရင်တို့ရဲ့ - အဲသလိုချည်း မျက်စိမှိတ်ပြီးလည်း စွတ်ရွတ်ပြောမနေနဲ့လေဟယ်၊ ကံဆိုးရှာတဲ့ကလေးမအနေနဲ့လည်း တွေးကြည့်ကြဦးလေ၊ သင်းကိုမဟားတရားအတင်းအဓမ္မကြံသွားတဲ့လူ့တိရစ္ဆာန်က အပြစ်ကင်းကင်းနဲ့ အေးအေးဆွေးဆွေး အသက်ရှင်နေတာကို ခွင့်လွှတ်နိုင်ပါ့မလား၊ သေတာတောင် အသေဖြောင့်မယ်မထင်ဘူး၊ အဲဒီတော့ လိုအပ်ရာရာ ဟိုဒင်း၊ ဒီဒင်းကလေးတွေကို ပေးလိုက်လို့ တရားခံပေါ်**မှဖြင့်** ဘာမလုပ်နိုင်စရာ ရှိသလဲဟဲ့၊ ကလေးမကိုမြေမချခင် လက်သည်**ဖော်နိုင်ရင်** ဘဝကူးကောင်းပေတော့မပေါ့။ မှတ်ဘူးလား - ကျုပ်ပြောတာ"

ရွာလူကြီး ဘိုးမောင်ကြည်ရဲ့အစ်မ ရီးကျည်းဒန်က တွေးတွေးဆဆ ဝင်ပြောသတဲ့၊ ပြောဆို - သူကိုယ်တိုင်ကိုက တောမ၊ မုံပင်၊ မိုးကောင်း**ရွာ[illegible]** စပ်မှာ နတ်ဝင်သည်ယောင်ယောင်၊ အကြားအမြင်ပေါက်နေတဲ့ **ဓာတ်[illegible]** ယောင်ယောင် ပါလေရာပွဲကြီးလုပ်နေတဲ့သူမဟုတ်လား၊ သူကိုယ်[illegible] သုံ့ထက်တစ်ပန်းသာပြီး သရဲနဲ့ လူသတ်သမားကိုဖမ်းပြမတဲ့**ဆို[illegible]** စိတ်ဝင်စားနေတာကိုး။

သူပြောတော့မှပဲ အာပြဲခြောက်မတွေ သူတစ်ပေါက်၊ ငါတစ်ပေါက် ကြွက်စီလန်လာကြကရော၊ လက်ပံပင် ဆက်ရက်ကျ လုပ်လာကြကရော၊ ထုံးစံအတိုင်း သရဲတစ္ဆေဆရာကြီး ရှမ်းတင်လှိုင်ဘက်ကို သာသာထိုးထိုး ကလေး မဲတင်းကုန်ကြရော - တဲ့။

ပြောကြပါစို့၊ သေသူမိန်းကလေးရဲ့ဆံစုကလေးက တစ်စု၊ လက်သည်းခြေသည်းက အစုံလိုက်၊ ခမျာသေရှာနေ့က နောက်ဆုံးဝတ်ခဲ့တဲ့အဝတ်အစား တစ်စုံ၊ ကလေးမလေး အမြဲသုံးနေကျဖျောက်ပျဉ်၊ သနပ်ခါးတုံးကလေးတွေနဲ့ ဘောင်ကျွတ်နေတဲ့ အနားပုံမှန်တစ်ချပ်ရယ်လို့ သူအိပ်နေကျ ခေါင်းအုံးကလေးနဲ့အတူ သပေါ့ဖျာစုတ်ကလေးနဲ့ လိပ်လို့တဲ့၊ သူ့ဖအေ ဖိုးအေးက စခန်းဘူးဝထဲအထိ လိုက်ပို့ရှာသတဲ့။ မူလစီစဉ်ထားတဲ့အတိုင်း သရဲခေါ်ပြီး လူသတ်သမားကို ဖမ်းမယ့်အစီအစဉ်က ကံသေကံမ အနိုင်အမာဖြစ်လာခဲ့ကြပြီလေ။

ဆရာသာဝိုက်များ ပြောပါတယ်။ အဲဒီ သွားလေသူ ကံဆိုးမလေးရဲ့ဘာညာ၊ ဘာညာပစ္စည်းကဇလေးတွေကို သယ်ပြုပြီး စခန်းကုန်းဆီ ပြန်လာကြတော့ သူတို့တဲစုကလေးရဲ့ခြံစည်းရိုးက ထွက်မိကြတယ်ဆိုရင်ပဲ ဟို့နယ်ဒီနယ် သရိုးသရီဖြစ်ချင်သလိုကြီး ဘာဂလိုတိုတိုတွေဖြစ်လာသတဲ့ဗျ။ ကြွက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထလိုထ၊ ဆံပင်မွေးတွေ ထောင်ချင်သလိုလိုဖြစ်လိုဖြစ်။ ပူတစ်ခါ အေးတစ်လှည့်၊ စိမ့်လာလိုက်၊ တရှောင်းရှောင်း ပူလာလိုက်နဲ့တဲ့။ စခန်းဝင်းအစပ် ကနဘဲပင် ညီနောင်အရောက်မှာ သစ်ကိုင်းခြောက်က "ဖြောင်း" ခနဲ ကျိုးပြီး တဖြောဖြောနဲ့ ကျလာလိုက်တာများဟာ "ဟယ် - သောက်ကျိုးနည်း" ဆိုတဲ့ပြီး လိပ်ပြာလွင့်မတတ်ဘဲတဲ့ဗျို့ စိတ်က စိတ်ကို ခြောက်ပုံများ - အဲသလိုပါဆို၊ အင်းလေ - ကျုပ်ကိုယ်တိုင်ကကိုပဲ အဲဒီသရဲတစ္ဆေ တောင်တောင်အီအီကိစ္စတွေကို ဂဃဏန သိမှမသိတာဆိုတော့ စိတ်က ခြောက်တာလား၊ အဟုတ်တကယ်ပဲ ဝိညာဉ်လောက ပရသားတွေက ခြောက်တာလားဆိုတာ အတပ်မှမယုံနိုင်ဘဲဟာကိုး၊ ဆရာသာဝိုက်ပြောသလို ဟုတ်ချင်လည်း ဟုတ်နေမှာပ။



ဘာပဲပြောပြော၊ သရဲကောင်လား၊ တစ္ဆေကောင်လား၊ ဝိညာဉ်လား၊ လိပ်ပြာလားဆိုတာ ခဏနေရင် ဒိဋ္ဌတွေ့ကြရတော့မှာပဲ၊ တွေ့ဆို - ဟိုအင်းမကလေးရဲ့အတှာတွေက ရဲဘက်စခန်းစည်းရိုးဝင်းအလယ် မိန်းဈေးလ်လမ်းမကြီးပေါ်မှာ ဒုတ်ဒုတ်ထိ ရောက်နေပေါ့ကိုး။

ဆရာတင်လှိုင်ကတော့ဖြင့် တလှုပ်လှုပ်နဲ့ ဘာတွေပြင်ဆင်နေသလဲ မဆိုနိုင်ဘူး၊ သနပ်ခါးသွေးလိုက်၊ အဝတ်အစားတွေ ခေါက်လိုက်၊ ဖြန့်လိုက်၊ ပန်းပွင့်ကလေးတွေ နေရာချလိုက်နဲ့၊ သရဲခေါ်ဖို့ လုပ်နေတာတဲ့ဗျ - ကဲ၊

ညကလည်း တိတ်ဆိတ်လိုက်ပုံများ လူ(၅၀၀)ကျော် ရှိနေသတဲ့ဆိုတာ ကျိန်တွယ်ပြောလို့ ယုံမှာမဟုတ်ဘူးရယ်။ စခန်းဝေးက နဘူးချုံ ဘောင်မှဲ့ချုံတွေကို လေတိုးတဲ့အသံ တရှီးရှီးကိုမှပဲ အတိုင်းသားကြားနေကြရ၊ ဒါပေတဲ့ - အိပ်ပျော်နေတဲ့လူရယ်လို့ တစ်ကောင်တစ်မြီးမှ မရှိတာတော့ စိတ်ချ။

ဒီညက တစ္ဆေကောင်ကိုခေါ်ပြီး လူသတ်တရားခံ ဖမ်းမယ့်ပွဲကိုးဗျ။ ထိတ်ထိတ်ကြဲ ပွဲကြီးပွဲကောင်းပဲဟာ၊ တစ်သက်တစ်ခါ ကြုံခဲ့မှုဥစ္စာ၊ ဘယ်လတ်လွတ်ခံနိုင်ကြပါ့မတုံး။

အင်း - ညကတောင် သူ့ရဲ့နက်မှောင်မှောင်အရိပ်မည်းတွေအထဲက ပြန်ချောင်းကြည့်နေထင်ပ။

"ဟော့ - ဟော့ - ဘာဖြစ်တာတုံး - ဘာဖြစ်တာတုံး၊ ကိုယ့်အိပ်ရာမှာကိုယ် ပြန်လှဲနေကြစမ်း၊ (၁၂-၃)တာရာ ဘယ်သူလဲဟေ့၊ ကံမောင်လား၊ ချစ်တီးလား၊ မင်းအဖေ့လင်တွေကို ကြည့်ထိန်းစမ်း၊ ဘယ်သူ ဘာဖြစ်တာတုန်းသတင်းပို့"

လူတွေအားလုံးမှာ ရှမ်းဆရာကြီး ဆရာတင်လှိုင်ရဲ့ သရဲ[illegible] လမ်းမှာ အာရုံရှူးနေကြတုန်း မဆီမဆိုင် ရုတ်တရက်သားကြီး [illegible] ထဖြစ်တယ်၊ တန်းစီး ကိုဘိုကေကြီးရဲ့ ခပ်အုပ်အုပ် ဗိုကြီး[illegible] လည်းကြားလိုက်မိရဲ့၊ ဟုတ်တယ် - ရဲဘက်ကြီးတွေ အိပ်[illegible]

လူသတ်တရားခံဟာ အဲဒီရဲဘက်ကြီးတွေထဲက တစ်ယောက်ယောက်ပဲလို့ သေချာပေါက် မျက်စောင်းထိုးခံနေရတဲ့အထဲက ထဖြစ်ကြတာ။

"ဆယ်ပြားဖျို့ - တန်းစီး - ဆယ်ပြားရယ်"

"ကျွတ် - တယ် - ဒီသေနာကျပဟာ - ဘူမှန်းကိုးမှန်း အရိပ်အကဲမှ လွတ်မသိတဲ့အကောင်အိုပဲကိုး။ ဒီလောက် အရေးတော်ပုံကြီး နှင်လာဟဲ့ - ငါလား ဟဲ့ဖြစ်နေကြတဲ့အထဲမှာ ဘာတွေထပ်ပြီး ကြိုဟ်မွှေပြန်ပြီတုံး၊ အရေးမပါတဲ့ အကောင်"

"ဘာဖြစ်မှန်းတော့မသိဘူး - တန်းစီးရေ၊ သွေးရိုးသားရိုးတော့ဖြင့် ဟုတ်ပုံမရဘူး၊ ဆယ်ပြားဆိုတဲ့အကောင် တုန်တုန်ရီရီနဲ့ ငှက်ဖျားတက်နေသလိုမျိုး ဖြစ်နေတယ်၊ ဘယ်လိုမေးလို့မှလည်း စကားတစ်ခွန်း ထွက်မလာဘူး၊ ပြူးတီပြူးကြောင်ကြီး၊ စိတ်နဲ့လူနဲ့ ကပ်လို့ကပ်ရဲ့လားတောင် မသိဖြစ်နေသဗျ၊ ကိုယ့်သားကိုယ်မရေတွေလည်း ချစ်ချစ်တောက်လို့ ..."

"လုပ်ရျလိုက်ပြန်ပြီကွာ - ဒီကောင်၊ မဟုတ်တရုတ်တွေ၊ ညနေထမင်းဆွဲတုန်းကတောင် အကောင်းကြီးအတိုင်း အာကျယ်ပါကျယ်နဲ့ ရှိနေသေးတဲ့ဟာ၊ တကယ့်အရေးကျခါမှ၊ ဟော့ကောင် - ကံမောင်ရေ - လုပ်မနေနဲ့၊ မင်းကောင်မှုလကျီတွေ များနေတာနေမှာ၊ မျက်နှာကို ရေဖတ်ဝတ်အေးအေးနဲ့ ခပ်စပ်စပ်တိုက်ကြည့်စမ်းကွာ၊ နင့်မေလွှားကတဲမှ ..."

တန်းစီးကို ဘိုကေကြီးနည်းက ဟုတ်သလိုလို အရှိသား၊ ဆယ်ပြားတစ်ကောင် သတိပြန်ကပ်လာသလိုဖြစ်လာသဗျ၊ နို့ပေမဲ့ - အရင်လိုပုံမှန်အတိုင်းတော့လည်း ဟုတ်ပုံမရသေးဘူး၊ သူကြည့်ရတာ ကြောင်စီစီ အူတိအူလည်ကြီး။

"အု - ၀ု - ၀ု - ဝူ - ဝူ - ဝူး"

အဲဒီတုန်းအခိုက် စခန်းကုန်းရဲ့မြောက်ဘက် ယာခရီးအစပ်ကနေ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ခွေးအူသံဟာ ကြောက်စရာကြီးဗျာ၊ ချွဲချွဲပျစ်ပျစ် ဝမ်းနည်းဝတ်လက် အူလိုက်ပုံများ ကျပ်တို့အိမ် မဖြစ်ကြသေးတဲ့ လူစုရဲ့အူအသည်းတွေကို ဖောက်ထိုးပြောင်းပြန် ဆွဲလှန်ပစ်လိုက်လေသလားပဲ၊ ယောက်ျားရင့်မာကြီးတွေပေတဲ့ အသည်းတွေငယ်၊ သွေးလေတွေ ချောက်ချားလို့၊ တကာတဲ - မှ၊

"အု - ဝူ - ဝူ - ဝူး"

"ဝု - ဝု - ဝူ - ဝူ - ဝူး"

"အု - ဝူး - အု - ဝူး"

ကြိတ်လိုက်ဟာ၊ ဘသားချော ခွေးမျိုးရဲ့နောက်ကနေ စခန်းကုန်းပေါ်က ရှိရှိလေသမျှ ခွေးအထီး၊ အမ၊ ဖြူနီကြောင်ကျားတစ်ကောင်တစ်မြီးမကျန်အောင် အူလုံးကြီး ရိုက်လိုက်ကြပုံဖြင့် ကျွတ်ကျွတ်ကို လန်ကရောဗျို့

"ကေန္တ - ဒီအကောင် ဉာဏ်များပြန်ပြီနဲ့တူတယ်၊ သင်းရဲ့ ခွေးကျင့်ခွေးကြံကြံခဲ့တဲ့သရုပ်က ဘွင်းဘွင်းကြီး ပေါ်တော့မှာမို့ ကလိမ်စေ့ငြမ်းဆင်တာပဲဖြစ်မှာပေါ့၊ သောက် - အလကားကောင်"

ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ပေါက်သောက်ဆိုသလိုပေါ့ဗျာ၊ ချစ်တောက်ဖျစ်တောက်တွေ လုပ်လာကြပြန်ရော၊

"ဟော - ဟော - ကလေးမလေးရဲ့ ဝိညာဉ်ခေါ်တဲ့နေရာမှာ ဖန်မီးအိမ်လေး ထွန်းလို့ဗျို့ ရဲဘက်အကျီပြော၊ ဘောင်းဘီပြာတစ်စုံ ကိုင်တဲ့ပြီး ဆရာကြီးဦးတင်လှိုင်က ဘာတွေ ပွစိပွစိပြောနေသလဲမသိဘူး၊ မဟုတ်မှလွဲရောဗျို့ လူသတ်တရားခံကို ဖော်ခိုင်းနေတာပဲဖြစ်ရမယ်၊ အင်း - ပေါက်ပေါက်ရှာရှာတွေဗျာ၊ ကြုံမှ ကြုံရတာတတ်ပလေ"

စခန်းကုန်းကလေးဟာ ရုတ်ခြည်းပဲ တစ္ဆေသရဲခေါ်တဲ့ဆီကို စိတ်စိုက်သွားကြပြန်ရဲ့၊

စောစောကလေးကလို ခြောက်ခြောက်ကပ်ကပ် ငြိမ်ငြိမ်တိတ်တိတ်ထပ်ဖြစ်သွားပြန်ရော၊ ဆယ်ပြားဆိုတဲ့ကောင်လည်း ငြိမ်နေသဗျ၊ အချို့အနေကတော့ ကောင်းခန်းကို ရောက်ပြီဆိုကြပါစို့ရဲ့၊ ဘယ်အချိန်မှာများ ရုတ်တရက်ကြီး သရဲက ဘွားခနဲ ပေါ်လာလေမလဲ၊ ကံဆိုးရှာတဲ့ တလေး

လေးကို သတ်ခဲ့တဲ့ လက်သည်လူသတ်ကောင်ကိုပဲ ကုပ်ကကိုင်ပြီး တရားခံ ဖော်လေမလား။ အိုး - စိတ်ဝင်စားစရာကတော့ လွှတ်ကောင်းချို့ တကယ် ပါပဲ။

"ကဲ - ဘယ်နှယ်တုံး - ကိုသောင်းမင်း။ မင်းရဲ့တစ္ဆေဆရာကြီးက ဒီည တွင်းချင်းပဲ လက်သည်တရားခံကို ဖမ်းပေးမယ်လေ၊ ဘာလေးနဲ့ လေကြီး မိုးကြီး ဆင်ထားပြီး အခုတော့ ဘယ့်နှယ်တုံး။ တရားခံဖမ်းမယ့်သရဲဆိုတာ ထားလို့ အိမ်မြှောင်တောင်မှ စုတ်ထိုးသံ မကြားရပါကလားကွ။ ကြည့်လည်း လုပ်ကြဦးလေကွာ။ အခုပဲ နှစ်နာရီကျော် သုံးနာရီနီးပါးရှိနေပြီ။ ဘာမှဖြစ်မလာ ရင် လူရယ်စရာတွေဖြစ်လာလိမ့်မနော်။ မင်းတို့ဥစ္စာ အရှုံးမဟုတ်၊ အကောင်း မဟုတ်"

ဆရာကြီးဝင်းက ကျုပ်တို့ ဆရာဦးသောင်းမင်းကို သိပ်မကြည်လင်လှ တဲ့အသံနဲ့ တုံးတိကြီးပြောတယ်၊ သူလည်း အိပ်မပျော်နိုင်ဘူးနဲ့တူပါရဲ့၊ ညကင်းလှည့်စစ်ရင်း တမင်ကို အခြေအနေလာကြည့်တာ ဖြစ်လိမ့်မယ်၊ အခုအထိ အိပ်ရသေးပုံလည်း မပေါ်ဘူး။

ဆရာ ဦးသောင်းမင်းကတော့ မတုန်မလှုပ်၊ ကျောက်ရုပ်၊ သူ့ဝတပြည့် ကျော် ရှမ်းတင်လှိုင်ကိုပဲ စိတ်ချလက်ချ ပုံပြီးယုံထားလေသလား။ ဒီလိုမဖြစ် လည်း ဟိုလိုဖြစ်လိမ့်မပေါ့လို့ သက်သာရာ သက်သာကြောင်း ဖြေတွေးတွေး ထားလေသလား။ အေးဆေးပဲ၊ မလုပ်စဖူး "ဘင်ဆင်အင်န် ဟက်ဂျက်" စီးကရက်တစ်လိပ်ကိုတောင်မှ ဗွတ်တံကလေးနဲ့ ခပ်မျှဉ်းမျှဉ်း ဖွာနေလိုက် သေး။

အင်း - ကျုပ်ကဖြင့် အဲဒီလိုမထင်ပေါင်၊ ကျုပ်တို့ရဲ့ရဲဘက်စခန်းကုန်း တစ်ခုလုံးက ရဲဘက် (အကျဉ်းသား) (၅၀၀) ရော၊ အရာရှိဝန်ထမ်းတွေရော ပက်လက်သာ လှန်လှဲနေကြပေတဲ့ ဘယ်သူမျှ မျက်စိမပိတ်နိုင်ကြသေးတာ တာဖြင့် သေချာနေကြတ ချည်းဥစ္စာ၊ ဘယ်လိုက ဘယ်လိုတွေ ဆက်ဖြစ်



ကြလိမ့်မလဲလို့ စိတ်စောစိတ်မောနေကြတဲ့သူတွေချည်းပဲဥစ္စာ၊ အသိသာ ကြီး၊ ဆရာဦးသောင်းမင်းလည်း ဘာသားနဲ့ ထုထားတာမို့လဲ၊ သူ့ရင်ထဲမှာ လည်း ကျလိကျလိနဲ့ သိချင်ဇောတွေ မွစိတက်နေမှာမှတ်လား။

ပြောသာ ပြောရတယ်၊ ဟိုအကောင် ဆယ်ပြားကလည်း စောစောလေး ကပဲ ဟို့နှယ်ဒို့နှယ် သရိုးသရီဖြစ်ပြလိုက်ပြီး အခုတော့ - ကြောင်တောင်ကြီး ငြိမ်လို့၊ နို့ပေတဲ့ - ဒင်းမျက်စိနှစ်လုံးက ကျုပ်တို့တန်းစီး ကိုဘိုကေကြီးဆီကိုပဲ စိုက်နေသဗျ။ ကိုဘိုကေကြီး လက်လှုပ်ရင်လက်၊ ခြေလှုပ်ရင် ခြေ။ ပြီးတော့ သူ့မျက်စိတွေက မီးကျီးခဲကြီးလို ရဲတွတ်လို့၊ နဂိုကတည်းက မျက်အိမ်အပြင် ဘက်ကို ပဲကြီးစေ့အခွံတွတ်သလို ဖီညှစ်ခံထားရတဲ့အတိုင်း ပြူးထွက်နေတဲ့ ဒင်းမျက်လုံးတွေဟာ မသတီစရာကြီးဗျာ၊ ရွံစရာလည်းကောင်း၊ ကြောက် စရာလည်းကောင်း - အဟုတ်၊ ရဲဘက်အိတ်ထောင်တစ်ခုလုံးလည်း အိပ်မရ မြူမရ စလုံးစခုကြီးတွေ ဖြစ်နေရတဲ့အထဲ ဆယ်ပြားနဲ့ ကိုဘိုသေတို့ကတစ် မှောင့်၊ တကယ့်ကို နေရထိုင်ရ လွှတ်ကျပ်တဲ့အခြေအနေမျိုးချည်းပါဗျာ၊

ထောင်မှူးကြီး ဆရာဝင်းနဲ့ ဆရာဦးသောင်းမင်းတို့ လူကြီးပိုင်းတွေသာ ဝိဝါဒကွဲကြတာမဟုတ်၊ ကျုပ်တို့ဝန်ထမ်းတွေ အချင်းချင်းရော၊ ရဲဘက်တွေ အချင်းချင်းရော ဘယ်လိုမှ စိတ်ဝမ်းမညီကြတော့ဘူး။ ဟုတ်တယ် - သရဲခေါ် တဲ့ကိစ္စနဲ့ပတ်သက်လို့ပဲ၊ "ဖြစ်နိုင်၏၊ မဖြစ်နိုင်" စသဖြင့်ပေါ့ဗျာ။ တိုးတိုးကြိတ် ကြိတ်နဲ့ကိုပဲ အကြောက်အကန် ငြင်းခုံနေကြတော့တာ၊ အောင်မယ် - ရွှေဘို သား ဓားပြဗိုလ် ဦးကြွားနဲ့ သူ့လူတစ်သိုက်ကဖြင့် မန္တလေးက မူးယစ်မှုသမား ချောက်ပေတို့၊ အဘိန်းတို့နဲ့ လောင်းကြေးတောင် ထပ်နေလိုက်ကြသေး။ ဒီကနေ့ ညတွင်းချင်း တရားခံ မိ၊ မမိ၊ သူတို့က မိမယ့်ဘက်က၊ ဓားပြဆိုတာ ညလူတွေမို့လား၊ ပရလောက ဝိညာဉ်လောကကို အသေအလဲ ယုံကြည်ကြ တာ ဘာဆန်းလို့တုံး။ နောက်ဆုံးသတ်မှတ်ထားတဲ့အချိန်က မနက်လေးနာရီ တိတိ၊ ကိုင်း - ဒီကိစ္စကြီးက ကျုပ်တို့စခန်းကုန်းတစ်ခုလုံးကို ဒီည ဒီအချိန် အဖို့တော့ လုံးလုံးကြီး စုပ်မျိုးထားလိုက်တော့တာကို ယုံပြီမဟုတ်လား။

"ဟော - ဟော"

လူတွေအကုန်လုံးမျက်လုံးပြူးမျက်ဆန်ထွက်နဲ့ အံ့အဲ့တကြီးငုတ်တုတ် ထထိုင်ကုန်ကြတယ်၊ အဲ့သလိုမဖြစ်ဘဲ ခံနိုင်ရိုးလား၊ ကြုံကြရပုံကိုလည်း ကြည့်ဦးလေ၊ သရဲခေါ်ဖို့ ပြင်ဆင်ထားတဲ့ မိန်းရေးလမ်းအလယ်က ဗျာ ဟောင်းကလေးဆီမှာ ဟုန်းခနဲ ဟုန်းခနဲ မီးနိုးလုံးကြီးနှစ်လုံး သုံးလုံး ဆက် တိုက်ပေါ်လာသကိုးဗျ၊ မီးတောက်က ချက်ချင်းပျောက်သွားပေမယ့် မီးနိုး မည်းမည်းတွေက အလုံးလိုက်ကြီး ဝေနေတုန်းပဲ၊

ဘယ့်နှယ်ဗျာ၊ ညကြီးမှောင်မည်းကြီး တောထဲကနေ အခြောက်တိုက် မီးနိုးလုံးတွေ ထွက်လာလိုက်တာများ ကိုယ်တွေ့မျက်မြင်မဟုတ်ရင် ယုံနိုင် စရာတောင် မရှိဘူး၊ ဓာတ်ရှင်တွေ၊ ဇာတ်ပွဲတွေထဲမှာပဲ မြင်ဖူးခဲ့တာမျိုးကိုး၊ ယုံ တမ်းသက်သက် ဖန်တီးချက်တွေဟာကိုး။ အခုဖြင့် မဟုတ်ပေါင်၊ လူကောင်အရှင်လတ်လတ်ကြီးတွေရဲ့မျက်စိနှစ်လုံးနဲ့ တပ်အပ်မြင်လိုက်ကြ ရတာ၊ မယုံချင်လို့ ဘယ်ဖြစ်ပမလဲ၊

အဲဒီမှာလည်း လူတွေ ပြူးတူးပြဲတဲနဲ့ ဖြစ်ကြပြန်ရောဗျို့၊ "ဘာဖြစ်တာ လဲ၊ ဘာကြောင့်လဲ" ပွစိပွစိတွေ ဖြစ်ကြပြန်ရော၊ သရဲ၊ တစ္ဆေမယုံပါဘူးဆိုတဲ့ လူတွေတောင် ခပ်အူတူတူဖြစ်ကုန်ကြပေါ့၊ သရဲတကယ်ရှိသလား၊ တကယ် ရှိတယ်ဆိုရင်တောင် အဲဒီလိုဝိညာဉ်လောကက သရဲ၊ တစ္ဆေတွေကို လူ့နယ် လူ့လောကထဲ ဒီလိုခေါ်ယူလို့၊ ခိုင်းစေလို့ရသလား၊ ဟား - ဟိုတွေး၊ ဒီတွေး တွေနဲ့ စကားအခြေအတင်တွေ ရှုပ်ကုန်ပါရောလား၊

"ရှဲ - ဟဲ - ဟဲ - ဟဲ"

"ရှီး - ဝေါ - ဝေါ - ဝေါ - ဝေါ"

ဗျာလိပ်ပေါ်က နာနာဘာဝရုပ်ကနေ မီးထတောက်လိုပမှ ရုတ်ပွရုတ်ပွ ဖြစ်ကောင်းနေကြတုန်း စခန်းကုန်းမြောက်ဘက်တောစပ်က တမာတန်းကို လေတိုးတဲ့အသံတွေကလည်း အသည်းအေးချင့်စရာ တရှဲရှဲတဝေါဝေါလှုပ် လာပြန်တယ်၊ တိရစ္ဆာန်ရိုင်းကြီးတစ်ကောင် အလောတကြီး တိုးဝှေ့ပြေးလာ နေသလိုမျိုးပဲ၊ မြန်လည်းမြန်၊ သန်လည်း သန်ပ၊

"ဒေါင်မလေးဗျာ - သရဲ - သရဲ - သရဲ၊ ကယ်ကြပါဦး - သရဲဗျို့ - သရဲ သရဲ"



"ဟ - ဟ - ဘယ်မှာတုံး - ဘယ်မှာတုံး"

"သရဲတဲ့ဟေ့ - သရဲ - သရဲ"

ဟာ - ဘာပြောကောင်းမတုံးဗျာ၊ ရဲဘက်ကြီးအိပ်ဆောင်ရဲ့မြောက် ဘက်အပေါက်ဝမှာ ဟာရာစောင့်နေတဲ့ နပ်ချေးအုန်းမောင်က ကြောက်အား လန့်အား စုနစ်သံရှိမြှကားပြီးလည်း အော်လိုက်ကရော၊ အိပ်ဆောင်တစ်ခု လုံး ဝုန်းဒိုင်းကြ ခြောင်းဆန်သွားတော့တာပဲ၊ ဟိုဘက်ဒီဘက် (၁၀)ပေ အကျယ်၊ (၃)ပေအမြင့် ဝါးထုထရံအခင်းတွေပေါ်ကနေ ရင်ကွဲဘားတိုက်ရဲ့ မင်းလမ်း(လူလျှောက်လမ်း)ပေါ် ဝုန်းခနဲ ဖြုန်းခနဲ ခုန်ဆင်းကြ၊ နီးရာစပ်ရာ တုတ်တို့၊ ဝါးလုံးရှည်တို့ဆွဲပြီး ပါးစပ်ကြီးဖြကားအော်နေတဲ့ ဟာရာအုန်းမောင် ဆီကို အလောတကြီး ပြေးလာကြ၊ သရဲဟုတ် မဟုတ်၊ မှန် မမှန် ဘာမှုမသိ သေးဘဲ "သရဲဗျို့ - သရဲ - သရဲ - သရဲ" လို့ ကုန်းကျုံးပြီး အော်တဲ့လူက အော် နေကြ၊ ဘယ်သင်းက ဘာဆိုတာ ရှင်းရှင်းလင်းလင်း ပြောမရနိုင်အောင်ကိုပဲ သွက်ချာပါတော ရမ်းနေကြတော့တာ၊ လူ(၅၀)ရှိတဲ့အိပ်ထောင်ကလေးဟာ လေမုန်တိုင်း အမွှေခံလိုက်ရတဲ့အတိုင်း ဆင်ရိုင်းတစ်အုပ် အလိုက်ခံကြရတဲ့ အတိုင်းပဲ ဝုန်းဒိုင်းကို ကြဲနေတော့တာ၊

"အုန်းမောင် - အုန်းမောင် - ဘယ်မလဲ၊ မင့်သရဲ - ဘယ်နားမှာတွေ့လိုက် တာလဲ၊ ဘယ်ကလာပြီး ဘယ်ဆီကိုသွားသလဲ၊ ဘယ်လိုပုံမျိုးလဲ - ပြောစမ်း ပြောစမ်း"

တားပြမိုလ် ဦးကြွားက သရဲကို မြင်လိုက်ရတဲ့ ဟာရာအုန်းမောင်ကို ကုပ် အတိုင်ဆောင့်ပြီး မေးနေတယ်၊ အုန်းမောင်ခမျာ မေးတာကို ချက်ချင်းအဖြေ ပေးနိုင်ရှာဘူး၊ တဆတ်ဆတ်တုန်ပြီး "တဟိုဟို"နဲ့ ခပ်လှမ်းလှမ်းက တမာ တန်းဘက်ဆီကိုပဲ လက်ညှိုးထိုးပြနေတော့တယ်၊ ဆင်သမား ဘိန်းစားဖြစ် ခဲ့ အုန်းမောင်လို တောကြားတောင်ကြားမှာ တစ်သက်လုံးနေခဲ့၊ နီစွစွစ ဆင်းရှာစားလာခဲ့တဲ့လူမျိုးက ဒီလောက်ကြောက်ချေးပန်းနေမှဖြင့် တော်ရုံ တန်ရုံ ကြောက်စရာ၊ လန့်စရာ မဟုတ်လောက်ဘူးလေ - နော့၊

"ဘာဖြစ်တာလဲဟေ့ - ရဲဘက်အိပ်ဆောင်က"

ထောင်မှူးကြီး ဆရာ ဦးသောင်းမင်းရဲ့အသံဝါကြီးက ဟိန်းထွက်လာတယ်၊ ရဲဘက်ကြီး အိပ်ဆောင်ဆီကို ထောင်ဝန်ထမ်းဆရာတွေ ပြေးလာကြတဲ့ တဘုန်းဘုန်းခြေသံတွေလည်း ဆူညံလို့၊ တကယ့်ကို ကသောင်းကနင်းမှ သွက်ချာပါတော့ယမ်းတဲ့ ကဓသောင်းကနင်းကြီးပါလား ခင်ဗျာ၊ သောက်ကျိုးကို နည်းရော့၊

"ငါ့ - ငါ့ - ငါ့ဆီကို မလာနဲ့၊ ငါ့နားကို မကပ်နဲ့၊ ငါ - ငါ့ကို မခြောက်နဲ့ - နော်၊ နင့် - နင့် - ကို - ငါမသတ်ချင်လို့ အမျိုးမျိုး ရှောင်ခဲ့သေးတာ၊ နင် - နင်က - လူကြီးတွေကို တိုင်မယ်ချည်းပြောနေလို့ - သတ် - သတ်ခဲ့ရတာ၊ ငါ့အပြစ်ကို ငါခံပါ့မယ်၊ ငါ့ - ငါ့ - ငါ့ကို မသတ်ပါနဲ့၊ ငါ့ဆီကို မလာနဲ့၊ ငါ့ကို မခြောက်နဲ့၊ သွား - သွား - ငါ့အနားမကပ်နဲ့၊ ကယ်ကြပါဦးဗျာ - ဟီး - ဟီးဟီး၊ ဟောဒီမှာ သရဲမ - သရဲမက ကျုပ်ဆီ လာနေပြီ၊ ကျုပ် မှားမိပါတယ်ဗျာ၊ မိုက်မိပါတယ်ဗျာ၊ ကျုပ်ကို ကယ်ကြပါ - ကျုပ်ကို ကယ်ကြပါ"

ဟောဗျာ - ဟောဗျာ - ဒါ - ဒါ - တန်းစီး ကိုဘိုကေကြီးရဲ့အသံ၊ ဘာဖြစ်ပြန်ပါလိမ့်မလဲ၊ ကျားကိုးစီးစားမကုန်တဲ့ခန္ဓာကိုယ်နဲ့ ဒေါင်းတည်မောင်းတည်လူကြီးက ဘာလို့ ငယ်သံပါအောင် အော်နေရပြန်ပါလိမ့်မလဲ၊ လူတွေအားလုံးက တရာအုန်းမောင်နဲ့ သူ့ရဲ့ "သရဲ - သရဲ" ဆိုတဲ့ကိစ္စမှာ အာရုံဝင်စားနေကြတုန်း သခွပ်ပင်က မီးတကျီကျီ ဘာထဖြစ်ရပြန်သတုံး၊

လား - လား - ဖြစ်ပုံက ဆိုးသဗျာ၊ ကျုပ်တို့တန်းစီးကိုဘိုကေကြီးဟာဖြင့် ရဲဘက်ပုံစံ စောင်အစင်းကျားကလေးနဲ့ ရစ်ပတ်လုံးထွေးလို့၊ ကျားအန့်ရတဲ့ အိမ်ခွေးများ ဖင်သီပြီး တဆတ်ဆတ်တုန်လဲပြီး ခြေဒရွတ်ဆွဲနေသလိုမျိုး ယောက်ျားရင့်မာကြီးဟာ အိပ်ရာခင်းစောင်နဲ့ ထွေးလား၊ လုံးလား ဒူးနှစ်လုံးကြား ခေါင်းစိုက်လို့ ကွေးကွေးကလေး တဟီးဟီး တုန်ခိုက်လို့ဗျ၊ ပါးစပ်ကကြောက်လန့်တကြား တောရမ်းပယ်ဖွဲ့တွေ ပေါက်ကရတွေ အော်လိုအော်၊ တဟီးဟီးနဲ့ ရှုံးပွဲချငိုလိုငို၊ တကယ့် လေး၊ ငါး၊ ခြောက်နှစ်သားကလေး ပေါက်စနီး ပေါက်စနလေး ကျနေတာပဲ၊



ဟင် - ဆယ်ပြားကလည်း ဘယ့်နှယ်အိပ်ဆောင်ဟိုဘက်ထိပ်တနေ ဒီဘက်ထိပ်စပ်က ကိုဘိုကေကြီးနားအထိ ရောက်နေရတာတုန်း၊ ပြီးတော့ မတ်တတ်အချောင်းသားကြီး၊ မျက်လုံးမျက်ဆံကြီးတွေက ပြူးထွက်ရဲတောက်လို့၊ ကြောင်စီစီ ငေးစိုက်စိုက်ကြီးနဲ့ ကိုဘိုကေကြီးကို ပြူးပြူးကြီးကြည့်လို့၊ ခက်တော့နေပါပြီ၊ ဘာတွေ ဘယ်လိုဖြစ်ကုန်ကြမှန်းကို မပြောတတ်တော့ဘူး၊

"ကလေးမလေးကို ကျုပ် သတ်မိခဲ့ပါတယ်ဗျာ၊ ကျုပ် မှားခဲ့မိပါတယ်၊ စိတ်အလိုလိုက်မိပြီး ဆက်တိုက်ကြီး မှားခဲ့မိပါတယ်၊ ကျုပ်အပြစ်ကို ကျုပ်ဝန်ခံပါ့မယ်၊ အခုတော့ - ကျုပ်ကို ကယ်ကြပါ၊ ကျုပ်ကို - ကျုပ်ကို သရဲမက သတ်တော့မယ်၊ အောင်မလေး - အောင်မလေးဗျ၊ ကယ်ကြပါဦး - ဟီး - ဟီး ဟီး"

ကိုင်းဗျို့ - ကြားကြားသမျှဝေနေယျအပေါင်းလည်းအကုန်လုံးအာစေးထည့်ထားသလို မှင်တက်မိကုန်ကြသဗျို့၊ လူသတ်တရားခံက တန်းစီး ကိုဘိုကေကြီးတဲ့၊ တစ္ဆေကောင်က ဆယ်ပြားကို စီးပြီးဖော်လိုက်တာတဲ့၊ ကောင်းရော၊

လမ်းဆုံးတော့ ရွာတွေ့ဆိုသလို လူသတ်မှုတရားခံ မုဒိမ်းကောင်ဟာ တန်းစီး ကိုဘိုကေကြီးဆိုတာ ဘူးပေါ်သလို ပေါ်ခဲ့ပါပြီဗျာ၊ ဘယ်သူကမှ ထင်မထားခဲ့ကြတာလည်း အမှန်၊ ဘယ်ဗျာ - အပက(၃)နဲ့ ထောင်(၁၀)နှစ်ကျလာခဲ့တဲ့ အဲဒီလူကြီးဟာ သူနဲ့အတူ နေခဲ့ဖူးကြတဲ့သူတွေရဲ့ ထောင်သက်တစ်လျှောက် ဘုရားနဲ့တရားနဲ့ တည်တည်ကြည်ကြည် နေလာခဲ့တဲ့လူကြီးတဲ့ဗျ၊ ဆယ်ပြားလို တကျာရှူး၊ နာဘူးလည်း မဟုတ်ဘူးဆိုပဲ၊ နို့ပေတဲ့ - ဘာလို့များ၊

ဒီလိုတဲ့ဗျို့၊

ကျုပ်တို့စခန်းကုန်းနဲ့ တောမရွာဟာ တစ်မိုင်မရှိတရှိလောက်ပဲဝေးတာကို ပြောခဲ့ပြီနော်၊ ရွာရဲ့တောင်ဘက်ဖျားမှာ အစိုးရမူလတန်းကျောင်းကလေးရှိသဗျ၊ အဲဒီကျောင်းကလေးနားက မန်ကျည်းပင်စုစု၊ ပင်ရိပ်မြိုင်မြိုင်အောက်မှာ ဘုရားစုးမိုးကြိုးပစ်လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်လည်း ရှိသဗျ။ ကျောင်းစောင့်ကြီး ကိုကျော်ရွှေနဲ့ သူ့မိန်းမ မတာတို့ဖွင့်ထားကြတာ၊ ရွာထွက်နွားနို့စစ်စစ်နဲ့ ထန်းလျက်ကို ရောကျိုပြီး အကျရည် ခပ်ဖန်ဖန်နဲ့ နပ်ထားတဲ့ သတ္တုဒန်အိုးကြီးထဲက ခပ်တဲ့ခပ်တဲ့ပြီး ရောင်းပေးတဲ့လက်ဖက်ရည်၊ ဘာပြောပြော၊ မြို့နဲ့ရွာနဲ့ဝေးနေတဲ့ ကျုပ်တို့ရဲဘက်စခန်းကလေးအတွက်တော့ လွှတ်ကောင်းတဲ့လက်ဖက်ရည်ပဗျာ၊ ကျုပ်တို့စခန်းကလေးဟာဖြင့်ရင် သူတို့ဆိုင်ကလေးရဲ့အဓိကဖောက်သည်ကြီးပဲ၊ နေ့လယ်နေ့ခင်း ခပ်ပျင်းပျင်းရှိကြလို့ ငွေယားကလေးအဆင်ပြေကြရင် တပ်ကြပ်ကြီး ဆရာကြီးဦးလတ်ရဲ့ဓာတ်ဗူးဟောင်းကြီးနဲ့ "လက်ဖက်ရည်သွားဝယ်စမ်းပေ့" ဆိုကိုဘိုကေက ပင်တိုင်ပဲ၊ အင်းလေ – လက်ဖက်ရည်ဒကာကလည်း သူချည်းပဲဖြစ်နေတတ်တာကိုး၊ ကိုဘိုကေက လက်ဖက်ရည်မှမသောက်ရရင် သေတော့မလောက်ဖြစ်နေတဲ့ လက်ဖက်ရည်ချိုး၊ လက်ဖက်ရည်စွဲသမား – ကိုး – ဟုတ်စ၊

အဲဒီ ကြမ္မာငင်တဲ့နေ့က ကိုဘိုကေကြီးက သွားနေကျလမ်းရိုးအတိုင်း မသွားဘဲ မြံယာပြင်ကိုဖြတ်ပြီး လက်ဖက်ရည်ဝယ်အသွား နွားကျောင်းသားကလေးက နဘူးချုံထဲမှာ ပိုးလိုးပက်လက် အိပ်ပျော်နေသတဲ့ဗျ၊ အရွယ်ကလည်း ၁၆၊ ၁၇ အရွယ်ကောင်း၊ တရုတ်မကလေးလို ဖြူဖြူဖွေးဖွေး တောင့်တောင့်တင်းတင်း၊ နစ်နစ်မြိုက်မြိုက် အိပ်ပျော်နေရှာတော့လည်း ဖုံးဖုံးဖိဖိရှိရမယ့်ဟာတွေက မလုံမခြုံရှိနေမှာပ၊ ယောက်ျားဘသားများကိုအချစ်နယ်ကျူးဖို့ မျက်စပစ် ဖိတ်ခေါ်နေသလို ရှိပါလိမ့်မယ်၊ မ.ဆိုတာနဲ့ကလည်း ၃၊ ၄ နှစ်ကင်းနေ ဝေးနေခဲ့တာဆိုတော့ရင် သူ့ရမ္မက်ရိုင်းကို ကိုဘိုကေကြီး ချုန်းမအုပ်နိုင်၊ မထိန်းနိုင်ခဲ့ဘူးနဲ့တူပါရဲ့၊ အဲဒါနဲ့ မှားမိရောဗျို့၊ တဏှာရာဂဆိုတာမျိုးဟာ သိတဲ့အတိုင်းပဲလေ၊ သောက်လေ သောက်လေ ငတ်မပြေကိုးဗျ၊ ကိုယ့်လူက နွားငတ်ရေကျ ဘယ်လောက်အထိ ဖွတ်နသားပါရ လုပ်နေလေသလဲမသိပါဘူး၊



မှားပြီဆိုတဲ့အသိလည်း ဝင်လာရော နောက်ထပ်တိုးပြီး ကျလာဦးတော့မယ့် ထောင်ဒဏ်တွေကို တွေးမိပါရော့၊ အဲဒီတင့် စကားမေးတောင် မရရှင်တော့တဲ့ ကလေးမလေးကို ကိစ္စတုံးစီရင်ပစ်မိတော့တာပဲတဲ့ဗျာ၊ "မိုက်" ရင် "တန်း" တယ်ဆိုတာ အဲဒါမျိုးကိုပြောတာနေမှာပဲ၊

အင်း – ဖြစ်ချင်တော့ အဲဒီကိစ္စ အစအဆုံးကို ဆယ်ပြားက အကုန်မြင်ခဲ့သတဲ့ဗျို့၊ သူ့ဝါသနာအတိုင်း မစားရဝခမန်း နဘူးချုံဖြိုပြီး ချောင်းကြည့်နေတာတဲ့၊ အမှန်တော့ – ဒင်းက ဟင်းစားရှာဖို့ ထွက်လာတာပဲ – တဲ့၊

အဲဒီမှာ နသားပါရမြင်ကွင်းကို မမျှော်လင့်ဘဲ သွားတိုးပြီး ကြည့်ဖြစ်ခဲ့တာတဲ့၊ ပထမတော့ – ဆယ်ပြားတောင်မှ စိတ်တွေ၊ ဇောတွေ ထောင်းလမောင်းထဖြစ်လိုက်သေးသတဲ့၊ နောက်တော့ – ကိုဘိုကေကြီးရဲ့သရဲမင်းစီး အဓမ္မကျင့်နေပုံကြီးက တိရစ္ဆာန်ကြီးတစ်ကောင်လို ဖြစ်နေပြီး ကံဆိုးမလေးခမျာ ကံပြုသမျှ နရရှာတဲ့ ကာမသားကောင်အဖြစ် အဖြစ်ဆိုးကြုံသွားရှာတာကို ပက်ပင်းတွေ့လိုက်ရလေတော့ ဖျိုရှင်၊ အန်ချင် အော်ဂလီဆန်ချင်နဲ့ လူတစ်ကိုယ်လုံး နံးချိပျော့ရွှဲပြီး စခန်းကို ပြန်ရောက်လာခဲ့တာတဲ့ ခင်ဗျာ၊

မြူသူရော၊ မျက်မြင်သက်သေကရော ဖြောင့်ချက်တွေပေး၊ ဝန်ခံကြပြီဆိုမှတော့ ပွဲက ပြီးပြီပေါ့ဗျာ၊ မှတ်ဘူးလား၊

အဲ – သို့ပေတဲ့ – ထင်ထားသလိုမဟုတ်ပြန်သေးဘူး၊ ဆယ်ပြားကိုသရဲသယ် စီး မစီး၊ ကိုဘိုကေကြီးကို သေသူ ကလေးမလေးရဲ့တစ္ဆေကောင်က အတယ်ခြောက်၊ မခြောက် ဝိဝါဒတွေကွဲပြီး ငြင်းကြ၊ ခုန်ကြပြန်ရော၊ ချုန်းဆရာ ကြီး တပ်ကြပ်ဦးတင်လှိုင်ရဲ့အစီအရင်တွေဟာ အမှန်ဓမ္မစစ်အရှိရပညာသက် သက်ပဲလား၊ ဉာဏ်များလှတဲ့ နယ်ထိန်းရဲ့အိုကြီး ဦးဘာဖေက သင်ဉာဏ်ပေးထားတဲ့ တမင်သက်သက်ထွင်လုံးတစ်ခု၊ ထေ – င်ချောက်တစ်ခုပဲလား၊ အို အဲဒီအကြောင်းတွေကို လုံးလည်ချပ်ပြားအောင်နိုင်လှကြပြန်ရော၊

ဗျာ – ကျုပ်အမြင်အရ ဘယ်လိုထင်သလဲ – ဟုတ်စ၊

ထင်တတ်ပေါင်ဗျာ၊ ရှာရှာဖွေဖွေ၊ ကိုယ်နဲ့ ဝေးလွန်း၊ စိမ်းလွန်းလှတဲ့ နာနာဘာဝ ဗိနာဘာဝဆိုတာတွေကိုလည်း ကရွတ်ကင်း လျှောက်တွေး မနေချင်ပါဘူး။ ကျောချမ်းလွန်းလို့။

ပြီးတော့ - ကျုပ်ပြောဦးမယ်၊ ကျုပ်တို့ လူလေး၊ ငါးရာရဲ့မျက်စိအောက် မှာတင် ပေါ်တင်ကြီးဖြစ်သွားခဲ့တဲ့ သိပ်လှတဲ့ "သရဲပုံပြင်" ကလေးကို နောင် အခါများ စကားကြုံ ပြောချင်ပြောနိုင်ဖို့ သူ့အတိုင်းတိုင်းပဲ ရင်ဘတ်ကြီးထဲ ထည့်သိမ်းထားလိုက်ချင်သဗျ၊ ကြီးတောင့်ကြီးမားနဲ့ ရှုးတယ်ပြောလည်း မတတ်နိုင်ဘူး။ "ပုထုဇနော ဥမ္မတ္တကော" ဆိုတာကိုးဗျ - ဟုတ်စ။

☯

စကားလည်းဆုံးရော စာရေးဆရာမလေးရော၊ အယ်ဒီတာဆရာ ကလေးပါ တိတ်တိတ်ကလေးတွေ ငြိမ်လို့။

ကျုပ်ရင်ထဲမှာတော့ မနည်းကြီး ပေါ့သွားလေရဲ့။

အင်း - တကယ်တွေးကြည့်လိုက်တော့မှပဲ နှစ်(၃၀)ပါးနီး ကျုပ်ရဲ့တော ဝန်ထမ်းဘဝခရီးမှာ အဲသလို လှတပတ သရဲပုံပြင်တွေ အတော်များများ ကြုံခဲ့ဆုံခဲ့ရဖူးတာကိုအောက်မေ့မိသဗျ၊ အဲလေ - အဲဒါတွေကိုလည်းကြုံ အခါ ဒီလိုပဲ စားမြုံ့ပြန်ပြီး ပြောချင်ရာ ပြောပြရသေးတာပေါ့။

အေးစက်နေတဲ့ ရေနွေးတစ်ကျိုက်ကို ကသောကမျော ကျိုက်ချနေ အထိ ဆရာမလေးနဲ့ ဆရာလေးတို့က ငြိမ်ချက်သားကောင်းတုန်း၊ ကျုပ် "သရဲပုံပြင်" မှာ အနလုံ ပဋိလုံ စဉ်းစားစန်း ဝင်နေကြသေးထင်ပ၊ ကျုပ် တော့ ပြုံးပြီးတော့ပဲ ကြည့်နေလိုက်မိတော့တယ်၊

↔ ➡ ဒေယျမင်းသူ



# မုန်တိုင်း ရေလှိုင်း ဝိညာဉ်ဝိုင်း

မင်းမြဲကျော်

ရောဝတီမြစ်ပြင်ကြီးကား ကျယ်ပြောပါဘိ၊ ဤမျှကျယ်ပြောလှသော ရောဝတီမြစ်ကြီးသည် မိုးဦးကျကာလသို့ရောက်သည်နှင့် ဝေဟင်ကျရေများ မိုးရေများကြောင့် မြစ်ပြင်ကြီးတစ်ခုလုံး ရေစီးလည်း သန်၊ ရေလျှံစမို့ အဆန် သင်္ဘောကြီးများ တဟီးဟီးနှင့် ရေအဆန် စက်ကုန်ဖွင့် အားပြိုင်ကာ ဆန် တက်ရာတွင် ရွှေကူမြို့သို့ သတ်မှတ်ချိန် လေးနာရီခန့် မရောက်ဘဲ ငါးနာရီ ဆယ်မိနစ်ကျော်ကျော်မှ ဆိုက်ကပ်လာသည်၊

ရွှေကူသင်္ဘောဆိပ်ရောက်တော့ သင်္ဘောပေါ်တွင် တစ်ညအိပ်ပြီး မိုးလင်းမှဆင်းကာ အမေရှာသို့ ခရီးဆက်မည်ဟုတွေးရင်း ကျွန်တော် ဘုရား အား လှမ်းမျှော်ကာ ဖူးလိုက်စဉ် ရင်ထဲဝယ် အေးမြကာ ကျွန်တော် ဘုရား သမိုင်း သိသမျှပြန်တွေးမိပါသည်၊ ဘုရားသမိုင်းအား စာတွေကအနည်းငယ် နှင့် ပြောသံကြားမှုလေးတွေကို တွေးမိပြန်ပါသည်၊

ထိုကျွန်းကြီးကျွန်းပေါ်ရှိဘုရားကြီးအား ကောဇာသက္ကရာဇ် – ၂၅၀ ခန့် တည်ထားကိုးကွယ်ခဲ့ကြောင်းနှင့် ဘွဲ့အမည်တော်မှာ ဘုမ္မိဇေယျရွှေပေါ်ကျွန်း တော်ကြီးဘုရားဟု အမည်တွင်ပြီးနောက် ပိုမိုထူးခြားသည်မှာ ထိုစေ



တော်ကြီး၏ ကျွန်းပေါ်တွင် ဘုရားပုထိုးရုပ်ပွားတော်နှင့် စေတီအဆူဆူမှာ "တစ်တီတူး၊ တွန်ကျူးကျော်၊ ကျွန်းတော်ဘုရားပေါင်း" ဟုစာဆိုရှိခဲ့ကြောင်း လည်း မှတ်သားမိပါသည်။ ဘုရားပုထိုးရုပ်ပွားတော်စေတီ စုစုပေါင်း ခုနစ် သိန်း ခုနစ်သောင်း ခုနစ်ထောင် ခုနစ်ရာ နှစ်ဆယ့်နှစ်ဆူရှိခဲ့ကြောင်းလည်း သိခဲ့ရပါသည်။

"ပုဂံမှာကား" လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း" ဟု စာဆိုရှိခဲ့ သလို "သစင်ပန်းမိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဟူ၍လည်း ရှိခဲ့ပါသေး ၏။ ထိုဘုရားစေတီရုပ်ပွားတော်တွေကား ယနေ့တိုင် အမှတ်အသားတွေ စေတီအို၊ စေတီပျက်အုတ်ပုံတွေ အထင်အရှားပင်။

"မောင်ရေ – ဘုရားပွဲနီးပြီ။ မနေ့က ဗန်းမော်ဈေးထဲမှာ ခင်မေတို့နဲ့ တွေ့ တယ်မောင်ရဲ့၊ ကျွန်းတော်မှာ သောင်ဆေးရေတက်နေပြီတဲ့"

ဇနီး ပြောသလို ကျွန်းတော်ဘုရားပွဲကား တပေါင်းလတွင် အမြဲပြုလုပ် ခဲ့သည်မှာ နှစ်စဉ် အစဉ်အလာရှိခဲ့သည်။ ထိုကျွန်းတော်ကြီး ဘုရားကုန်း တော် သောင်ပြင်တစ်ခုလုံး ရေမြုပ်သွား၏။ ထိုသို့ ရေမြုပ်သည်ကို နယ်မြေခံ ဒေသခံ နေသူများ ရေးအစဉ်အလာအတိုင်း သောင်ဆေးရေဟု ခေါ်တွင် ပညတ်ထားသည်၊ သောင်ဆေးရေ သုံးရက်ခန့်တက်ပြီး ပြန်ကျသည်နှင့် အမြန်ဆုံး ပွဲဈေးတန်းတွေ ဆောက်လုပ်ကြ၊ အလှူမဏ္ဍပ်တွေ ဆောက်ကြ၊ ဘုရားပွဲ ဆယ်ရှိကာ,ရန်အတွက် ဇာတ်ရုံကြီး တည်ဆောက်ကြလေပြီ။ ဇာတ် ရုံသည် နှစ်စဉ်ရုံသွင်းကပြသော ဇာတ်ကြီးများ၊ ရွှေမန်းတင်မောင်၊ မြို့တော် သိန်းအောင်၊ ရွှေနန်းတင် စသည့် မန္တလေးဇာတ်ကြီးများသည် ဆယ်ရှိ ဆယ်ည က,ပြပြီးနောက် ဆယ့်တစ်ရှိမှာ ဘုရားအတွက် သက်သက်အလှူ ပွဲ အမြဲဆင်နွှဲလေသည်။

ထိုကျွန်းတော်ဘုရားတည်စဉ်က ထိုကျွန်းပေါ်တွင် ရှမ်း၊ ဗမာ၊ ပလောင် တို့နေထိုင်ကြကြောင်းနှင့် ထိုသဲသောင်ပြင်ကြီးပေါ်တွင် ကျွန်းပင်၊ အင်ကြင်း ပင်၊ အင်ပင်နှင့် အခြားသစ်ပင်ကြီးတွေလည်း ယနေ့တိုင် ရှိနေ၏။

"အင်း - မောင် ကြားဖူးတယ်၊ မိသက် - သောင်ဆေးရေဟာ ကျွန်းကြီးပေါ်မှာရှိတဲ့ အညစ်အကြေးတွေကို ဆေးတာလို့ ကြားဖူးတယ်။ ဖတ်လည်း ဖတ်ခဲ့ဖူးတယ်"

"ဟုတ်တယ် - မောင်ရဲ့၊ ကျွန်းတော်ဘုရားက သန့်ပြန့်မှ ကြိုက်တာ။ ဘုရားပွဲစပြီး ပြီးသည်အထိ ရန်ပွဲတွေ ဘာတွေ ညာတွေလည်း ဘယ်တော့မှ မရှိဘူး"

ကျွန်တော့်ဇနီးမှာ ရွှေကူသူ ဖြစ်ပါသည်၊ ယခုတော့ သူ့အစ်မနှင့် ညီမ၊ အစ်မတို့သည် ရေလဲကျေးရွာ (ရွှေကူတစ်ဖက်ကမ်း)တွင် ရေကြည်ရာ မြက်နုရာ နေကြလေ၏။

ကျွန်းတော်ဘုရားပွဲ ဆယ့်တစ်ရှိပြီးသည်နှင့် သုံးရက်အတွင်း ဈေးတန်းတွေ၊ အလှူမဏ္ဍပ်တွေ၊ ဇာတ်ရုံကြီးတွေ အမြန်ဖျက်ကာ လေ့သမ္ဗန်တွေ ဖောင်ဖွဲ့ကာ ချက်ချင်းသိမ်းကြရလေသည်၊ မသိမ်းဘဲ မနေကြ၊ မသိမ်းပါက သုံးရက်ကျော် လေးရက်အတွင်း မပြီးစီးပါက ဒုတိယအကြိမ် သဲသောင်ပြင် ဘုရားကုန်းတော်မှ အစအားလုံး ရေပြန်မြုပ်သွား၏၊ ရေမြုပ်ရသည့် အကြောင်းရင်းမှာ သောင်ပြင်ပေါ်တွင် ပွဲတော်ရက်အတွင်း အညစ်အကြေးတွေ ဆေးကြောသော သောင်ဆေးရေတွေကြောင့် ဖြစ်ပါသည်၊ အားလုံး မျောပါသွားကြလေ၏၊

ထို့ကြောင့် ဆေးရေနှင့် ပတ်သက်၍ ရွှေကူမြို့ပေါ်မှ အဘဦးအောင်မင်း ဆိုသည့် သက်ကြီးရွယ်အို ပြောဖူး၏၊ အလွန်စိတ်ဝင်စားစရာ ကောင်းနေသည်၊ အကြောင်းမှာ ...

"ရော - လူကလေးတို့ မသိနော၊ သောင်ဆေးရေဆိုတာက သောင်ပြင်ကြီးကို ဆေးတာလောက် သိကြမှာပအေး၊ သောင်ဆေးရေ ကျွန်းကြီးတစ်ခုလုံး မြုပ်သွားပေမဲ့ မြစ်ပြင်ရေက မြင့်မတက်ဘဲ သောင်ပြင်ကျွန်းကြီးတစ်ခုလုံး နစ်မြုပ်တာပဲ"

"ဒါဆို - အဘရယ်၊ ရေပြင်မမြင့်ဘဲ သောင်ပြင်ကြီးနိမ့်ကျမြုပ်တယ်ဆိုတော့ အံ့သြစရာပနော်"

"ဒါပေါ့ - လူကလေးတို့၊ ပြောရရင် အဲဒီသောင်ပြင်ကြီး အလိုလို ရေထဲမြုပ်သွားသလို ထင်ရတာပ၊ ဒါမှမဟုတ်လည်း သဲသောင်ကျွန်းကြီးတစ်ခုလုံးကို ရေတွေက တက်တာပ၊ မြစ်ပြင်မှာ မထူးခြား၊ သောင်ခုံကြီးမှာပဲ ထူးခြားတာပနော"

"အဘ - ဒါ နှစ်တိုင်ပဲလား"

"မှန်တာပ၊ ရှေးအစဉ်အလာအတိုင်း၊ တစ်နှစ်မှမပျက်၊ သောင်ဆေးရေတက်တာပ၊ ဘုရားပွဲမစမီ သုံးလေးရက်ခန့် သောင်ပြင်ကြီးမြုပ်ပြီး တစ်ညလုံးပနော၊ မိုးလင်းချိန်ကစပြီး ရေတွေ အလိုလိုနိမ့်ကျသွားလိုက်တာ ဘုရားကုန်းရေပွဲတော်စည်ကားတဲ့ သောင်ပြင်ကြီးပေါ်တာပ၊ ဘုရားပွဲစရက်၊ ဘယ်တော့မှ မမြုပ် အံ့တာပနော့၊ တန်ခိုးတော် အနန္တကြီးမားလျက်တာပအေး၊ ဘုရားရဲ့တန်ခိုးတော်တွေပ"

ကျွန်တော် တစ်ချိန်က လွန်ခဲ့သော ၁၉၆၇ - ခုနှစ်ခန့်က ရွှေကူမြို့တွင် အဝန်ကျစဉ် ကြားသိခဲ့ရသော ဘုမ္မိဗေဒ ရွှေပေါ်ကျွန်းတော်၏ ဘုရားအမိုင်း ထူးခြားချက်တွေ ပြန်တွေးမိပါသည်၊

"သား"

"ဟုတ်ကဲ့ - မေမေ"

"ဟိုမှာ ငုတ်ရှိတာပ ကူးကြတာပနော"

"ဗျာ - အမေရယ်၊ မိုးချုပ်နေတော့မယ်၊ ကောင်းကင်လမင်း ဝေမိုန်မှိန်မှိုင်တွေ ဆင်နေတယ် အမေ"

"ရတာပနော့၊ ဟိုမယ်အို (အဘွားကြီးသုံးယောက် သူတို့အခေါ်မယ်အို) ကြီးတွေလည်း ရေလဲရွာကူးမှာပ"

"ဖြစ်ပါ့မလား - အမေရယ်"

"ရတာပအေ"

ကျွန်တော် လုံးဝကူးချင်တော့၊ ငါးနာရီလည်း ခွဲပါပြီ၊ မြစ်ဖြတ်ကူးရင် လွှတ်လေလွှတ်ပစ် တစ်နာရီနီးပါး ကြာခဲ့၏၊ ယခုရာသီဥတုက မိုးဦးကျလေး လေနှင့်မိုးက အစိုးမရ၊ ကျွန်တော်သည်လည်း ရေကူးမကျွမ်း ခတ်တော့တော်ချေပြီ၊

"ရော် - ဒိုစိန်တို့ သားအမိ ငှက်ပေါ်ဆင်းကြတာပ"

"ဆင်းတာပ - ဆင်းတာပ၊ လာသား - သွားစို့"

အဖမ (ယောက္ခမ) သည် ဆန္ဒတွေ စောနေ၏။ ကျွန်တော် ဘာမျှ မတတ်နိုင်တော့၊ ကျွန်တော်တို့နှင့် လိုက်နေတာ နှစ်လခန့်သာ ရှိသေး၏၊ ကျွန်တော်ဇနီး၊ သူ့သမီးသည် မိခင်ကြီးအပေါ် အလွန်ရှိသေသလို အဖေမရှိ၍ အမှုကို တစ်သက်လုံး ခေါ်ထားလိုက်၏၊ ကျွန်တော်၏အမေသည် ဒေါ်မြ၊ ယောက္ခမကြီးက ဒေါ်စိန်။ မြနှင့်စိန်၊ စိန်နှင့်မြ၊ အမေသည်လည်း မိခင်၊ ယောက္ခမသည်လည်း မိခင်၊ ကျွန်တော်သည် အဖမ အဖေ ခေါ်ချင်ပါသော်လည်း အမေလည်း မရှိတော့၊ အဖေလည်း၊ ဘုန်းတော်ကြီးဘဝဖြင့် ပျံလွန်တော်မူသွားလေပြီ၊ အဖေဆုံးတော့ ကျွန်တော် ရှေ့တန်းစစ်ဆင်ရေးမှာ မသိလိုက်ပါ၊

"အမေ ဒီမှာ မပျော်ရင် မိုးကုန်မှ ပြန်နော့"

"အေး - အေး"

သဘောတူပြီးခါမှ ကောက်ကာ ငင်ကာ ပြန်ချင်သည်ဆို၍ ကျွန်တော်ရုံးမှ ခွင့်ဆယ်ရက်ယူပြီး ချက်ချင်း ရထားလက်မှတ်ဝယ်၊ ရန်ကုန်မှ မန္တလေး၊ တစ်ခါ မန္တလေးမှ ရထားမစီးချင်ဟု ဆို၍ အဆန်သင်္ဘောစီးရပြန်၏၊

"ငါပြန်ချင်တာ သမီးတို့မသိ၊ ကိုယ့်ကိုယ်ကိုယ် စိတ်မရှုပ"

"အမေကလည်း ကိုကိုက သမီးတို့ထက် အကြီးဆုံးပါ၊ ရွာမှာလည်း ရွာလူကြီး၊ ဘာစိုးရိမ်စရာ လိုရတာလည်းလို့"

"ရော် - သမီးတို့၊ သားတို့ မသိ၊ အမေသိတာပ"

"ဟုတ်ပါတယ်၊ သားအကြီးဆုံးကိုကိုပဲ အမေက ချစ်တာ၊ ကျွန်တဲ့သမီး အငယ်လေးယောက်ကို မချစ်ပါဘူး"

"ရော် - သား အဲဒီလို မပြောရ၊ မိဘဆိုတာ အားလုံး ချစ်တယ်၊ ကိုကိုက အမေ့ကို မျှော်နေမှာပအေး"

ကျွန်တော် မပြောတော့ပါ၊ ကိုကို၏ အသက်သည် လေးဆယ်ကျော်ပါပြီ၊ သားတစ်ယောက် သမီးဘစ်ယောက်၊ စားနိုင်သောက်နိုင် အခြေအနေက



ကောင်းလှသည့်အပြင် ကျေးရွာလူကြီး ပြည်သူ့စစ်ခေါင်းဆောင်းလယ်သာတွေအပြင် သစ်ကားမောင်း၏၊ စက်ပြင်လည်း တော်တော့ကို ကျွမ်းကျင်သူ၊ လူချစ်လူခင်လည်း ပေါမှပေါပါဘိ၊

တားမရသော အမေ့ကြောင့် ကျွန်တော် ယခုကဲ့သို့ လိုက်ပို့ရခြင်းလည်း ဖြစ်သည်၊ အမေ့အပေါ် စိတ်မကွက်ပါ၊ ကျွန်တဲ့ သားသမီးလေးယောက်စလုံးက ရွာမှာနေကြ၏၊ ကျွန်တော် ဇနီးတစ်ဦးတည်းသာ ကျွန်တော် ခေါ်ရာ ရန်ကုန်သို့ လိုက်နေသူမို့ အမေ့ကို တစ်လှည့်ကျွေးမွေးစောင့်ရှောက်ဖို့ရန် ခေါ်ကာမှ လေးလပင်မပြည့်သေး၊ ပြန်ပို့ရပါပြီ၊

☯



မိုးနှင့်လေသည် တိုင်ပင်ထားသည်လား မသိ၊ တဝေါဝေါ
ရွာချသလို လေသည်လည်း ကောင်းကင်ကနေ တဝီဝီ
မောင်းတင်လေပြီ။ မိုးသည်းသလို လေနှင့်ရောထွေး၍
ကြောက်မက်ဖွယ် ပန်တီးလာလေပြီ။

ကျွန်တော်၏ မုန်တိုင်းရေလှိုင်းဝိညာဉ်ပိုင်းဖာတ်လမ်းကား ယခုအခါမှ စပါပြီ၊ ကျွန်တော်သည် ငယ်စဉ်ကပင် တဇွေ့သရဲ မကြောက်ပါ၊ တစ်ခါ တစ်ခါ ကြုံဖူး၍ ကြက်သီးထလောက်သည့်အထိ ရှိခဲ့သော်လည်း "တော တောင် တိုးလျှိုး ရှဲ့မစိုး၊ ကိုယ့်ကိုယ်ကိုယ် ကိုးတောင်နယ်ကိုး" ဆိုသလို မိမိ ကိုယ်သာ အားကိုးရာဟု အသိသတိထားခဲ့သူလည်း ဖြစ်ပါသည်၊ တဇွေ့ သရဲကောင်းကောင်း ကြုံခဲ့ပါသည်၊ သို့သော် - ကြုံပြီးတော့လည်း မေ့မေ့ ပျောက်ပျောက် ပြောရပါမူ အလေးမထားခဲ့ခြင်း အမှန်ပါ၊

ကျွန်တော်သည် အမေနင့်အတူ လှေသမ္ဗန်ပေါ်သို့ လေးတွဲစွာတက်ခဲ့ ပါသည်၊ ကျွန်တော်တို့နင့်အတူ အမေ့မိတ်ဆွေ အဘွားအိုသုံးယောက် စုစု ပေါင်း ကျွန်တော်တို့ငါးယောက်သာပါ၏၊ သမ္ဗန်ဆရာသည်သူလည်း ရွာပြန် မှာဖြစ်၍ သင်္ဘောကြီးပေါ်မှ ပစ္စည်းပစ္စယအနည်းငယ်တင်ပြီး လော့်ခတ်ပါပြီ၊ သမ္ဗန်ဆရာသည် ရွှေကူသင်္ဘောဆိပ်မှ ဆန်ခဲ့ပြီး ပေါက်နက်ချောင်းအထက် မော်လမြိုင်ရပ်ကျော်ကျော်အထိ ဆန်တက်ပြီးမှ ဧရာဝတီမြစ်ကြီးအားစတင် ဖြတ်ပါပြီ၊

"ဘုရား - ဘုရား - ဘုရား"

ဘုရားတ,သူမှာ ကျွန်တော်ပါ၊ သမ္ဗန်၏ဦးသည်ရေဆန်ကို ခေါင်းပြု၍ ခပ်စောင်းစောင်း ရေစီးကြောင်းကိုသူ၏တက်ဖြင့် ထိန်းကာဖြတ်ကူးနေ၏၊ ကျွန်တော် စိတ်ထင်မှာတော့ ကျွန်းတော်ဘုရားကုန်းအထက် ကျွန်းတော် ရွာဖျားလောက်ဆီမှ ဖြတ်ကူးရာ ကျွန်းတော် အမြီးကိုင်းတောကြီးဆီသို့ ခြောက်နာရီထိုးရန် ဆယ်မိနစ်အလို ရောက်ခဲ့လေပြီ၊

အလွန်ကျယ်ပြန့်သော ရေစီးတော်တော်လေးသန်နေလေသော မြစ် မင်း ဧရာဝတီကြီး၏ ခရီးထက်ဝယ် ရေလယ်ကျွန်းအမြီးသို့ ဆိုက်ဆိုက်မြိုက် မြိုက် ကပ်ရောက်သော်လည်း ခရီးက မပြီးသေးပါ၊ ရှေ့ဆက် တစ်ဝက်ခန့် မြစ်ပြင်ကို ဖြတ်ရပေဦးတော့မည်၊ ယခုအချိန်ထိ က်အတာကား ကျွန်တော် တို့ဘက်မှာ ရပ်တည်နေဆဲပင်၊

ဟုတ်ပါသည်၊ လေမလာ မိုးမရွာ ရေစီးသန်သော်လည်း လှိုင်းအက် မခံ ရ၍ ဝမ်းသာမဆုံးခင်မှာပင် ကိုင်းတောစပ်စပ် ရေတိမ်တိမ်မြစ်မင်းအလယ်



ကျွန်းတော် ကျွန်းထိပ်ကို ကွင်း၍ခတ်ရင်း ဖြတ်ရင်း မမျှော်လင့်ဘူးလို့တော့ တစ်ခါမှမတွေး၊ မျှော်လင့်ထားသည့် အခက်အခဲတော့ ကြုံရမည်ဟု တစ် ထစ်ချ တွေးထားသော ကျွန်တော် ကြုံရပါပြီ၊

ကျွန်းတော်ထိပ်ကိုင်းတော အစပ်ရေတိမ်တိမ် ရပ်နေခိုက် ဘွားခနဲ ပေါ် လာသည်မှာကား ပထမဆုံး ကျွန်တော် ကျွန်းထိပ်ကွင်းကျော်ဖြတ်အပြီး ဒုတိယ ဧရာဝတီမြစ်မင်းတစ်ဖက်ကမ်း ရေလဲကျေးရွာဘက်ကမ်းတွင် ဖြစ် ပါပြီ၊

"ရော် - မိုးတွေ ရွာတာပအေး"

"ရော် - ရော် - လေ - လေတွေ တိုက်လာတာပကိုး"

"ရော် - လှိုင်းထလာပြီ၊ ဟဲ့ - ငါးဖယ် ငါးဖယ်၊ လှေဦးလှည့်ထား - လှေဦး လှည့်ထား ပြန်ကပ်တာပ"

"သိတာပအေး ကြောက်စရာမလိုပ"

ပြောပြောဆိုဆို သူတို့ခေါ်သော ငါးဖယ်ဆိုသူ သမ္ဗန်ဆရာသည် အခြေ အနေကြည့်ကာ အလေးမထားသည့် သဘောပဲလားမသိ၊ ကျွန်းဦးမှ ဆက် ထွက်ရန် လှေဦးအလှည့်မှာတော့ မိုးနင့်လေသည် တိုင်ပင်ထားသည်လား မသိ၊ တဝေါဝေါရွာချသလို၊ လေသည်လည်းတဝီဝီကောင်းကင်ကနေ မောင်း တင်လေပြီ၊ မိုးသည်းသလို လေနင့်ရောထွေး၍ ကြောက်မက်ဖွယ် ဖန်တီး လာလေပြီ၊ လှေရှေ့သို့ပင် မတိုးနိုင်အောင် ဖြစ်လာသည့်အတွက် အဘွား တစ်ဦးမှ ...

"ရော် - ငါးဖယ်ပ ငါးဖယ်လှေပြန်ကပ်တာပ၊ လေကြီးလို့ လှိုင်းထန် တာပ၊ ဖြတ်လို့မဖြစ် မြန်မြန်ကပ်၊ မြန်မြန်ကပ်တာပဆိုဟဲ့၊ ငါးဖယ်မကြား နားကန်းတာပကိုး"

"ဝိ - ဝိ - ဝိ - ဝိ"

"ဝုန်း - ဝုန်း - ဝုန်း - ဝုန်း"

လေနီကြမ်းကပရမ်းပတာ ရေပြင်ကိုအကြီးအကျယ်လှုပ်ခတ်၊ လှိုင်း... လှေတော့၊ ရက်စက်လေပြီကော၊ မိုးမင်းသည် သဲသဲမဲမဲ၊ တစ်ခု... လှေသမ္ဗန်က လူဆယ့်ငါးယောက်စီးနိုင်သော သမ္ဗန်မို့ တော်ပါသေး...

ကျွန်တော် လွှန်စွာစိုးရိမ်မိလေပြီ၊ အကြောင်းမှာ ရေပြင်ကြီး၏ရက်စက်မှု လေမုန်တိုင်းပမာ ကြမ်းတမ်းလေသော လေကြမ်းကား မညှာမတာ၊ ဒီတော့ ခလုတ်ထိတော့ အမိတ၊ သေဘေးကြုံတော့ ဘုရားတရပြီး ကျွန်တော် ညနေသင်္ဘောကြီးပေါ်မှနေ၍ ကျွန်းတော်ဘုရားအား လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပူဇော်ခဲ့သည်ကို ပြန်လည်သတိရမိပြီး ...

"ကယ်တော်မူပါ - ဘုရား" အမေနဲ့အတူ အမေအိုကြီးမှာ အားလုံး အဝတီ ဒုက္ခရောက်နေကြပါပြီ၊ မစတော်မူပါ ဘုရား"

"ကျွန်းတော် စေတီမြတ်ကြီး စောင့်ရှောက်တော်မူပါ"

"ဘုရား - ဘုရား - ဘုရား - ဘုရား - ဘုရား"

"ရော် - လှေကို ဘေးကပ်တာပ"

ဘာတွေ အော်ကြသည်မသိ၊ အမေသည် ဘုရားလည်း မတ၊ စကားလည်းမပြော၊ လှေပေါ်တွင် ကျောက်ရုပ်ကြီးပမာ ဘာတွေဖြစ်နေသည်မသိ၊ မှောင်ကလည်း မှောင်ရီသမ်းစ၊ မိုးသည်းထန်၍လည်း ကမ်းမမြင် လမ်းမမြင် ဖြစ်နေသည်၊

"ယောက်ဖ - ယောက်ဖ - မကြောက်နဲ့ - မကြောက်နဲ့"

"ဟင် - ဘယ် - ဘယ်သူလဲ"

"ငါပါ - ငါ အနောက်အယက်တွေများလို့ ယောက်ဖနဲ့ အမေ့ကို လာကြို တာ"

"ဗျာ"

"မကြောက်နဲ့ - မကြောက်နဲ့၊ အမေက ငါ့ကို ကြည့်နေတာ ငါ မေ့ပြီး အမေ့ကို ပြသမိသွားပြီ"

"ဗျာ"

"ဟာ - အို - ဒါ - ဒါ - ကိုကိုအသံပဲ၊ ဒါဆို - ဒါဆို"

ကျွန်တော် ဆက်မတွေးမိ၊ ကိုကိုနှင့် ကျွန်တော် တကယ်စကားပြောနေသည်တာလား၊ ကျွန်တော် မိုးသည်းထန်မှု ရေလှိုင်းတွေ စက်ထန်မှုကြောင့် ကယောင်ချောက်ချားဖြစ်နေတာ များလား၊ ထိုခဏမှာတော့ မုန်တိုင်း ရေ



လှိုင်း ဝိညာဉ်ရိုင်းတွေကြောင့် ကြောက်ရလန့်ရမှန်း မသိတော့၊ ပြန်လည် သတိထားမိသောအခါ လေအနည်းငယ်ငြိမ်သွားသလို လှိုင်းတွန့်တွေ အနည်းငယ် လွှန်နေ၏၊ အခြေအနေကောင်းစပြုသလို သမ္ဗန်ဆရာသည် ရွာဘက်သို့ဖြတ်ကူးနေ၏၊ နောက်ထပ် နာရီဝက်ကျော်ကျော် ရှစ်နာရီထိုးမှာ တော့ ရွာသို့ ရောက်သွားပါပြီ၊

"ရော် - အမေတို့ သင်္ဘောပေါ်မှာ အိပ်တာပဒေအး၊ ဘာဖြစ်လို့ ကူးရတာ လည်း စောစော မိုးထန်လို့ လှိုင်းတွေထန်မှာပကိုး"

"အငယ်မ"

"ပြော - အမေ"

"ငါ အားလုံး သိပြီးပြီ"

"ရှင် ဘာလည်း အမေပ"

"ငါ ရန်ကုန်ထဲက တင်ထားတာပ၊ မြစ်ကို ကူးမှ အားလုံးသိတာပဒေအး၊ သိတာပ"

အမေသည် ပြောရင်း ပြောရင်း မျက်ရေတွေ စီးကျလာလေပြီး ရှိုက်ကြီး တငင် ငိုသည်တော့ မဟုတ်ပါ၊ သို့သော် ဘုရားတရားမြဲမြံပါလေသော သတ်ကြီးရွယ်အို အမေကား တရားသိလျက်နှင့်ပင် သံယောဇဉ် အမျှင်အတန်းက အမေ့နှလုံးသားမှာ ချိနှောင်လျှမ်းနေလေပြီ၊

အမေ အငိုတိတ်လိုက်၏၊ တစ်ဖန် ဆေးလိပ်ကောက်ဖွာ၏၊ ပြီးတော့ တိတ်ဆိတ်နေမှုအား ညင်ညင်သာသာလေး ဖြိုခွင်းလိုက်လေ၏၊ အမေပုံ ပြောနေသည် မဟုတ်ပါ၊ မုန်တိုင်းတွေ အမေရင်မှာ ထန်နေ၏၊ ရေလှိုင်းတွေ လည်း ပုတ်ခတ်နေစဉ် အမေ့ထံသို့ ပြေးဝင်လာလေသော ဝိညာဉ်မှိုင်းတော ဆိုင်းမတွေ တိုးဝင်လာခဲ့သည်၊

"အင်း – ကျွန်းတော် ရောက်ပြီ၊ ကျွန်းပတ်တာပ၊ ပထမ ကျွန်းတော်ကို ဦးတိုက်ပြီး ငါ့သား ဘေို ကျွန်းမာပါစေပ၊ ဘေးမသီ ရန်မခပါစေနဲ့လို့ ဆုတောင်း တာပနော့"

အားလုံး တိတ်တဆိတ် နားစွင့်နေသလို မတစ်တင်မှာ မျက်ရေစီးတွေနှင့် မိခင်ကြီးကို ရီဝေစွာ စိုက်ကြည့်နေ၏။

"ကျွန်းပတ်ပြီးတာနဲ့ မိုးတွေရွာ၊ လေတွေတိုက်လာပအေး၊ လှိုင်းတွေထန်လို့ ဟိုကောင်မတွေ လေးကပ်နိုင်းတာပ၊ ကိုင်းတောထဲ ငါးဖယ် လော်ခတ်တိုးဝင်တာပ လှေဦးအလှည့်၊ လှေဦးကို အမေ ကြည့်လိုက်၏၊ လှေဦးတွင် မသဲမကွဲ၊ ရေထဲမှာ ပေါ်လာပြီး လှေကိုဆွဲကာ လေလှိုင်းတွေနှင့်အတူ လှုပ်ခါနေလေသည်၊ တစ်စုံတစ်ယောက်က ဆွဲနေသလို ခံစားရသည်၊

"ရော် – မကောင်းဆိုးဝါးတွေ"

"ရော်တို့ – တို့အားလုံးကို သတ်တော့မှာပအေး၊ ရွှေပေါ်ကျွန်း ကျွန်းတော်ဘုရား ကယ်တော်မူပါ၊ သားဘေို – သားသားရေ၊ အမေ ပြန်ခဲ့တာပ၊ အမေတို့ကို ဝိညာဉ်ရှိုင်းတွေ ပိုင်းသတ်နေပြီသား ဘေိုပ"

ထိုသို့ အမေသည် သူ့စိတ်ထဲတွင် စွဲစွဲမြဲမြဲ သိထားသော သတိဖြင့် သားအကြီးဆုံး ကိုဘိုအား တမ်းတလိုက်သည်နှင့် ရေထဲမှပင် နောက်တစ်ကြိမ်ကြီးမားသော လှိုင်းလုံးကြီးတစ်လုံး ပေါ်လာပြီး လှေဦးဆွဲထားသည့် မှန်ဝါးဝါးမြူနှင်းလိုလို မသဲကွဲအရာတွေ အားတွန်းထိုးကာ လှေဦးကို ပြန်လှည့်စေပြီး ကျွန်းတော်၏ ရေတိမ်ကိုင်းတောထဲ ဆွဲသွင်းရင်း ...

"ရော် – အမေနဲ့ ယောက်ဖ၊ မကြောက်နဲ့ – မကြောက်နဲ့"

"အနှောက်အယှက်တွေများလို့ ယောက်ဖနဲ့ အမေကို လာကြိုတာပ"

ဟူသော အသံလိုလို မှန်တိုင်းရေလှိုင်းကြားမှ ကျွန်တော် ကြားနေသည်လား သို့မဟုတ် ကျွန်တော် ကယောင်ကတမ်းတွေ ဖြစ်နေလေရော့သလား။ ကျွန်တော့်အဖြစ်တွေ အမေ မသိပါစေနှင့်၊ တွေးနေမိုက် ကြောက် ရွံ့တုန်လှုပ်နေသည့်အခိုက် လေလည်း ငြိမ်၊ လှိုင်းလည်း မထတော့ လှေဆရာ ရှာဘက်သို့ ခပ်သွက်သွက် လော်နေပေပြီ၊ စိတ်ထဲမှာ "ဝိညာဉ်ရှိုင်းတွေ ပိုင်းတာမှ" မှ လွတ်ပြီဟု သိလိုက်ပါ၏။

"ရော် – အဝယ်မ၊ ကိုဘို ဆုံးပြီ မဟုတ်လား"

"ဟုတ်တယ် – အမေ၊ မနက်က ရက်လည်တာပ"

"ဘယ်မှာ ဆုံးတာလဲ၊ သူ့ရွာမှာလား"

"မဟုတ်၊ ဒီအိမ်မှာ ဆုံးတာပ၊ နေမကောင်းလို့ ဒီအိမ်လာတာ"

"ငါသိနေတာပအေး – သိတာပ၊ သား ဝတို့ရယ် အမေ့ကို လာကြိုပြီး မုန်တိုင်းတွေ ရေလှိုင်းကြီးတွေနဲ့ ပူးပေါင်းပြီး မကောင်းဆိုးဝါး ဝိညာဉ်တွေ ပိုင်းနေတာကို ကာကွယ်ပေးတဲ့ သားကို အမေ ဝမ်းနည်းလိုက်တာ သားရယ်"

"ဟူး ..."

ကျွန်တော် လေပူမှုတ်ထုတ်ရင်း အခက်အခဲတွေ ကြုံနေချိန် အားပေးစကားသံလား၊ နဝေတိမ်တောင် ဖြစ်နေခဲ့သော်လည်း စိတ်ထဲမှာတော့ ယောက်ဖဖြစ်သူ ကိုဘေို့အသံဟု ထင်မှတ်နေမိသလိုလို၊

"ဩော် – မုန်တိုင်း ရေလှိုင်းတွေအကြား ဝိညာဉ်တွေ ဝိုင်းရံထားတဲ့ အန္တရာယ်ကိုကာကွယ်ပေးခဲ့လေရော့သလား" ဟု တွေးရင်း အမှောင်ထုတွေ ဖုံးလွှမ်းနေလေသော ဧရာဝတီမြစ်ပြင်ကြီးထဲသို့ လှမ်းမျှော်ကြည့်နေမိပါတော့သည်၊

(၁၉၈၄ – ခုနှစ်၊ ရွှေကူမှ ဧရာဝတီမြစ်ကြီး ဖြတ်ကူးစဉ် ကျွန်တော် သောင်ထိပ်ပေါ်တွင် ကြုံခဲ့ရမှုနှင့်အတူ ကွယ်လွန်သူကို ဘေိုအား အမှတ်တရ)

→ ➙ မင်းရဲကျော်

# ဝမ်းနည်းခြင်းမှတ်တမ်း



## ဦးမြဦး

(မောင်မြဦး - မြှောင်းမြ)

## အသက် (၆၄) နှစ်

စာရေးဆရာ မောင်မြဦး (မြှောင်းမြ) သည် ရန်ကုန်မြို့ တာမွေမြို့နယ်နေအိမ်တွင် (၁၇ - ၁၁ - ၂၀၁၄) တနင်္လာနေ့၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဂန္ထဝင်ရလောကမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့

# စိတ်ဝိညာဉ် ပုံရိပ်များ ဦးဝေ



# စိတ်ဝိညာဉ် ပုံရိပ်လွှာ

နီးဝေ

တစ်နေ့ ကျွန်ုပ်တို့ ထောင်မှူးများသည် ညနေပိုင်းအချိန် ထောင်ပိတ်တာဝန်ကျနေစဉ်ဖြစ်သည်။ အကျဉ်းထောင်၏ ထုံးစံအတိုင်း ထောင်ဖွင့်ထောင်ပိတ်အဖွဲ့များကို နှစ်ဆိုင်းခွဲ ထားရှိလေ့ ရှိလေသည်။ တစ်ဖွဲ့က ထောင်ပိတ်သွားခဲ့လျှင် ကျန်တစ်ဖွဲ့က ထောင်ဖွင့်ပေးရသော တာဝန်တစ်ရပ်ဖြစ်သည်။

သို့မှသာ ညနေပိုင်း ထောင်ပိတ်သွားသော အဖွဲ့သည် (Morning Report) ခေါ် နံနက်ခင်းအစီအရင်ခံစာထဲမှ တစ်နေ့တာလုံး ထောင်ထဲဝင်၊ ထွက်နေကြသူများ၏ လူပေါင်းစာရင်းအတိုင်း ကိုက်ညီမှသာလျှင် ထောင်ဖွင့်၍ ရလေသည်။

ထိုသို့ ထောင်ပိတ်သည့်အခါ နံနက်ခင်းအစီအရင်ခံစာ စာအုပ်ပေါ်မှ လူပေါင်းစာရင်းနှင့် ကိုက်ညီမှုမရှိဘဲ တစ်စုံတစ်ရာ ကွဲလွဲနေခဲ့ပါက ထောင်ပိတ်လူပေါင်း မကိုက်ညီဘဲ တစ်ခုခုလွဲချော်နေခြင်းကြောင့် ဖြစ်ပါသည်။

ယင်းမှာ လူအဝင်အထွက်ကို အတိအကျ မှတ်တမ်းတင်ထားသော တံခါးတာဝန်ကျ ထောင်မှူးသည် တစ်နေ့တာကာလပတ်လုံး ထောင်ကြီးထဲသို့ ဝင်ရောက်လာသော လူများ၏ အဝင်စာရင်းကို အတိအကျ ရေးသွင်းမှတ်တမ်းတင်ထားသလို ထောင်ထဲမှ ထွက်သွားကြသော အကျဉ်းသား၊ အချုပ်သားများ၏ စာရင်းကိုလည်း တိကျစွာ မှတ်တမ်းတင်ထားခဲ့သည်။

ထိုအခါ ထောင်ကြီးထဲမှ အပြင်သို့ ထွက်သွားသော နေ့စဉ်ရုံး ထုတ်ရုံးပြန်အကျဉ်းသား၊ အချုပ်သားများ ရုံးထွက်သွားမှုရှိနေခဲ့သလို လွတ်လူအကျဉ်းသားများ၊ အာမခံရ၍ သွားသော အချုပ်သားများကိုလွှတ်ပေးရသည်ကို နေ့စဉ် သေသေချာချာ ရေးသွင်းမှတ်တမ်းတင်ထားရသည်။

ဤကဲ့သို့ စနစ်တကျ ရေပက်မဝင်နိုင်အောင် ထိမ်းချုပ်ထားသော နံနက်ခင်းအစီရင်ခံစာ၊ စာအုပ်ပေါ်မှ အဝင်အထွက် စာရင်းများကို ညနေထောင်ပိတ်ချိန်မတိုင်မီ အပြီးသတ်စာရင်းပေါင်းထားမှသာ ထိုနေ့ ထောင်ထဲတွင် ရှိနေသော အချုပ်သား၊ အကျဉ်းသားများ၏ လူပေါင်းအမှန်အရေအတွက်ကို သိရှိနိုင်မည် ဖြစ်ပါသည်။

ဒါကြောင့် - ထောင်ပိတ်တာဝန်ကျသော အဖွဲ့သည် ညနေပိုင်း ထောင်ပိတ်ချိန်ဝယ် အိပ်ဆောင်ကြီးများ၊ တိုက်ခန်းများထဲရှိ လူဦးရေကို အိပ်ဆောင်တာဝန်ကျ ထောင်မှူးများကိုယ်တိုင် လိုက်လံရေတွက်စစ်ဆေးပြီး လူပေါင်းစာရင်းယူရသည်။

ထိုသို့ အိပ်ဆောင်အသီးသီး၊ တိုက်ခန်းအသီးသီးမှ ရရှိလာသော လူပေါင်းအရေအတွက်ကို မိန်းဂျေးလ် (MAIN JAIL) ရုံးခန်းရှိ ထောင်ပိတ်အဖွဲ့ထံ စာရင်းပေးရသည်။ ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးမှ ရရှိလာသော လူဦးရေစာရင်းကို ထောင်ပိတ်စာအုပ်ကြီးပေါ်တွင် ရေးသွင်းပြီး အားလုံး စုံညီသွားသောအခါ လူပေါင်းစာရင်းကို ပေါင်းရသည်။

ယင်းလူပေါင်းစာရင်း ကိုက်ညီမှုရှိမရှိ ၊ နံနက်ခင်းအစီအရင်ခံစာ၊ စာအုပ်ပေါ်မှ ထောင်ထဲရှိ လူအားလုံးပေါင်း၏ စာရင်းနှင့် မှန်ကန်ညီညွတ်မှ သာထိုနေ့အတွက် ထောင်တွင်းရှိ လူပေါင်းကိုက်ညီမှု ရှိသွားပြီးလျှင် ထောင်ပိတ်နိုင်မည် ဖြစ်သည်။

ဤကဲ့သို့ထောင်ပိတ်လူ့ပေါင်း ကိုက်ညီသွားပြီဖြစ်ကြောင်း ဂါတ်မကြီး ပေါ်သို့ အကြောင်းကြားလိုက်သည်နှင့် ဂါတ်မကြီးပေါ်တွင် တာဝန်ကျနေသော အစောင့်စန္တရီမှ ထောင်ပိတ်သံချောင်းသံဖြစ်သော ရွှေရင်အေး သံချောင်းခေါက်သံကို တစ်ထောင်လုံးကြားအောင် ခေါက်လိုက်လေတော့သည်။

"ဒေါင် – ဒေါင် – ဒေါင် – ဒေါင်"

ယင်းသံချောင်းခေါက်သံပေါ်ထွက်လာသောအခါမှသာ နေ့တာဝန်ကျဝန်ထမ်းများနှင့် ညတာဝန်ကျ ဝန်ထမ်းများသည် တာဝန်ချိန်ကို တရားဝင်လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်လေသည်။

ထိုအခါ နေ့တာဝန်ကျ ဝန်ထမ်းအားလုံးသည် မိမိတို့၏ တစ်နေ့တာတာဝန်ပြီးဆုံးသွားခဲ့ကြသဖြင့် ထောင်အပြင်ဘက်ရှိ မိမိတို့ နေအိမ်ဆီ စိတ်လက်ပေါ့ပါးစွာ ပြန်သွားနိုင်ခဲ့ကြလေတော့သည်။

---

ကျွန်ုပ်တို့ထောင်ပိတ်တာဝန်ကျနေသော ထောင်မှူးများသည် မိန်းဂျေးလ်ရုံးခန်းထဲတွင် ထောင်ပိတ်နိုင်ရန် ရုံးထုတ်ရုံးပြန်မှ ပြန်လာသော အကျဉ်းသား အချုပ်သားများအား ညနေစာကျွေးမွေးနေခြင်း၊ ထောင်တွင်းအလုပ်အကိုင်များမှ လုပ်ငန်းသိမ်းပြန်လာသော အကျဉ်းသားများအား ထမင်းကျွေးနေသည်ကို စောင့်ဆိုင်းနေကြရသည်။

ထိုအချိန်တွင် ထောင်ပိတ်အဖွဲ့ ခေါင်းဆောင် ထောင်မှူးကြီးနှင့်အတူ မိန်းဂျေးလ်ရုံးခန်းထဲတွင် ထောင်မပိတ်မီ စကားဝိုင်းဖွဲ့ပြီး ပြောဆိုနေကာ အချိန်ဖြုန်းနေကြသည်။

ထိုစဉ်ထောင်တာဝန်ခံအရာရှိဖြစ်သူထောင်ပိုင်ကြီးဦးအုန်းကျော်သည် ထောင်ပိတ်နေသောအဖွဲ့၏အခြေအနေကို လေ့လာသိရှိနိုင်ရန်နှင့် ထောင်တွင်း စစ်ဆေးမှုများ ပြုလုပ်ပြီး မိန်းဂျေးလ်ရုံးခန်းထဲသို့ ဝင်ရောက်လာနေသည်။

ကျွန်ုပ်တို့ ထောင်မှူးများအားလုံးသည် ထိုင်နေရာမှထကာ မတ်တတ်ရပ်လိုက်စဉ် ထောင်ပိတ်အဖွဲ့ခေါင်းဆောင် ထောင်မှူးကြီးမှ အလေးပြုဟု၍ အော်ဟစ်အမိန့်ပေးလိုက်သဖြင့် သတိဆွဲထားမိကြသည်။

ထောင်ပိုင်ကြီးမှာ မိန်းဂျေးလ်ရုံးခန်းထဲရှိ ထောင်ပိတ်မည့် အဖွဲ့ခေါင်းဆောင် ထောင်မှူးကြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်သောအခါ အားလုံးသောမှ ဝိုင်းစောင့်ကြည့်နေကြသည်။

ဤကဲ့သို့ ညနေ ထောင်ပိတ်နေသည့်အချိန်အခါဝယ် ထောင်ပိုင်ကြီးသည် ရုံးခန်းထဲမှာ ရုံးလုပ်ငန်းပြီးစီးသွားသည့်အခါ မိန်းဂျေးလ်ရှိရာသို့ တစ်ခါတစ်ရံလာရောက် စစ်ဆေးရင်း ထိုင်ကြည့်နေတတ်သည်။ ထောင်ထဲမှာရှိသောအကျဉ်းသား၊အချုပ်သားများ၏ပြဿနာများကိုဖြေရှင်းပေးနိုင်ရန်အတွက် အကြံဉာဏ်များ ပေးလေ့ရှိလေသည်။

ထောင်ပိုင်ကြီးဦးအုန်းကျော်သည် အကျဉ်းထောင်တာဝန်ထမ်းဆောင်လာခဲ့သော လုပ်သက်မှာ မနည်းတော့ပေ၊ အင်္ဂလိပ်မင်းများလက်ထက်မှ ယနေ့တိုင်အောင် လုပ်ငန်းတာဝန်ကို ထမ်းဆောင်လာခဲ့သူ ဖြစ်ပြီး အတွေ့အကြုံများစွာ ရှိနေသည်။

ကျွန်ုပ်တို့လို သင်တန်းဆင်းလာသော ထောင်မှူးသစ်လေးများအား ထောင်တွင်းဗဟုသုတများကိုသိရှိနားလည်ကြစေရန်သွန်သင်ဆုံးမပြောဆိုလေ့ရှိသည်၊ အကျဉ်းထောင်ထဲရှိ အကျဉ်းသား၊ အချုပ်သားများနှင့် ပတ်သက်သော နေထိုင်ဆက်ဆံတတ်သည့် အမူအကျင့်များကို တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ကာ ပြောပြတတ်သည်၊

များသောအားဖြင့် အကျဉ်းထောင်ကြီးထဲမှ လွတ်မြောက်ရန် ထောင်ဖောက်ကြံစည်တတ်သော အကျဉ်းသားများ၏ လုပ်နည်းလုပ်ဟန်များ ထောင်ဖောက်ရာတွင် အသုံးပြုတတ်သော လက်နက်ကိရိယာများဖြစ်သည့်

မား၊ ကြိုး၊ လွှနှင့် ဝါးလုံးစသည်တို့ကို နည်းမျိုးစုံသုံးကာ ခိုးသွင်းတတ်ပုံများကို ကျွန်ုပ်တို့အားလုံး သဘောပေါက်စေရန်၊ စဉ်းစားဆင်ခြင်တွေးတောတတ်စေရန် အမြဲစောင့်ကြည့်နေတတ်ဖို့ကို ဆုံးမပြောဆိုမိန့်ကြားလေ့ရှိသည်။

ယင်းတို့အထဲမှ သူထောင်မှူးဘဝ တာဝန်ထမ်းဆောင်နေခဲ့စဉ် ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းလေးများကိုလည်း ထည့်သွင်းပြောပြလေ့ရှိပေသည်။

ကျွန်ုပ်သည် ထောင်ပိုင်ကြီးပြောပြနေသော ထူးခြားအံ့ဖွယ်ဖြစ်ရပ်မှန်ဇာတ်လမ်းများကို နားထောင်နေခဲ့ရင်း သူပြောပြနေခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်က လွန်စွာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

ယင်းဇာတ်လမ်းများထဲမှ ထောင်ပိုင်ကြီး ဦးအုန်းကျော် ပြောပြနေသည့်အတိုင်း ကျွန်ုပ်က အပိုအလိုမရှိစေဘဲ ရေးသားဖော်ပြပေးသွားပါမည်။

ထောင်ပိုင်ကြီးဦးအုန်းကျော်သည် စားပွဲပေါ်မှ ရေနွေးခွက်ကို ကောက်ယူကာ တစ်ကျိုက်သောက်လိုက်သည်။ ပြီးမှ စားပွဲပေါ်တွင် တင်ထားသော ဒူးယားစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍မီးညှိနေသည်။ နောက်ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာခန့် ရှိုက်ဖွာနေလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြလေသည်။

ကျွန်ုပ်သည် တပ်သားဘဝမှစတင်ကာ အကျဉ်းဦးစီးဌာနတွင် တပ်ဖွဲ့ဝင်အဖြစ်အမှုထမ်းလာသူ ဖြစ်သည်။ ရှေးယခင်အင်္ဂလိပ်မင်းများ အုပ်ချုပ်နေစဉ်ကာလမှပင် ထောင်အမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်လာခဲ့ခြင်း ဖြစ်သည်။ စည်းစနစ်ကြီးသော ကိုလိုနီခေတ်ထောင်များသည် အကျဉ်းသားများ



အပေါ်တွင် နိုင်ထက်စီးနင်းဖိနှိပ်ချုပ်ချယ်ကာ အုပ်ချုပ်ခဲ့သည့် **အချိန်ကာလ** ဖြစ်သည်။

အကျဉ်းသားများအား အနိုင်းအစေကျွန်သဖွယ် သဘောထားချိုင်းဆက်ဆံကြကာ အလုပ်ကြမ်းများကို ခိုင်းစေခဲ့ကြသည်။ ထိုသို့ ခိုင်းစေရာတွင် ထွက်မပြေးနိုင်စေရန် ခြေချင်းသံထိတ်များကိုခြေထောက်တွင် သံကွင်းစွပ်၍ ချည်နှောင်ကာ ခိုင်းလေ့ရှိသည်။

ထောင်ဝန်ထမ်းများမှာလည်း တာဝန်ထမ်းဆောင်ချိန်တွင် ပျင်းရိလေးတွဲ့စွာ နေ၍မရဘဲ မိမိတို့တာဝန်ကျသည့် နေရာအသီးသီးမှာ နံပါတ်တုတ်တစ်ချောင်း ချိုင်းကြားညှပ်လျက် လိုက်လံစစ်ဆေးကြည့်ရှုနေရသည်။

အထူးသဖြင့် ညကင်းတာဝန်ကျသော ဝန်ထမ်းများသည် ညဘက် လူခြေတိတ်ချိန်တွင် ထောင်ထဲမှ အကျဉ်းသားများ ထောင်ဖောက်ထွက်ပြေးကြံစည်မှုများမပြုလုပ်နိုင်စေရန် တစ်ညလုံးကင်းလှည့်စစ်ဆေးခြင်းကိုအမြဲမပြတ် ဆောင်ရွက်ကြရသည်။

ဂါတ်မကြီးပေါ်မှရိုက်ခတ်လိုက်သော နာရီမောင်းထိုးသံကိုနားစွင့်လျက် မိမိတို့ဂျူတီချိန်ကိုလဲလှယ်ထမ်းဆောင်ရသည်။ တစ်ထောင်လုံး၏အသက်မှာ ဂါတ်မကြီးပေါ်မှ နာရီမောင်းထိုးသည့် သံချောင်းခေါက်သံပင် ဖြစ်သည်။ နာရီမောင်းမထိုးဘဲ အိပ်ပျော်နေပါက ကျန်ကင်းများမှာလည်း သံချောင်းမခေါက်တော့ဘဲ အိပ်ငိုက်နေကြလေသည်။

ယင်းသို့ ဂါတ်မကြီးပေါ်မှ သံချောင်းခေါက်သံကို ကြားလိုက်သည်နှင့် အမှတ်(၁)မျှော်စင်ပေါ်မှစ၍ အုတ်ရိုးပတ်ပတ်လည်မှာရှိနေသော မျှော်စင်အားလုံးသည် အစဉ်အလိုက် ဆက်တိုက်သံချောင်းခေါက်သွားရသည်။

ဤကဲ့သို့ သံချောင်းခေါက်နေသံကို နားစွင့်ထောင်လျက် ဂါတ်မကြီးအောက်ရှိ ထောင်ဘူးဝအပေါ်ထပ်တွင် နေထိုင်သော ထောင်ပိုင်ကြီးသည် မည်သည့် မျှော်စင်မှ သံချောင်းမခေါက်ဘဲ အိပ်ပျော်နေပြီဆိုသည်ကို အပ်ကျမတ်ကျ သိရှိနိုင်လေသည်။

ထိုအခါ လုံခြုံရေးအတွက် စိတ်မချနိုင်ရှာတော့ဘဲ အိပ်ရာမှ ထကာ ယူနီဖောင်း ကောက်ဝတ်ပြီး သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ဆွဲကာ ထောင်ထဲကင်းစစ်ဝင်ရလေတော့သည်။

ထိုအချိန်တွင် ထောင်ဘူးဝတံခါးကြီး အနောက်ဘက်ထဲမှာ ရှိသော နံရံပေါ်တင်ထားသည့် ဂေါ်လီနံပါတ်ကို စစ်ဆေးကြည့်ရှုလိုက်သည်နှင့် အုတ်ရိုးလျှောက်ဝန်ထမ်းသည် အုတ်ရိုးလျှောက်ကင်းဝန်ပျက်ကွက်ပြီး တစ်နေရာရာဝယ် ရှောင်မိကာ အိပ်နေပြီဆိုသည်ကို တန်းသိနိုင်သည်။

အင်္ဂလိပ်ခေတ် ကိုလိုနီစနစ်ကျင့်သုံးခဲ့သော အကျဉ်းထောင်များတွင် တာဝန်ကျဝန်ထမ်းများ၏တာဝန်ရှိန်ပျက်ကွက်နေသည်များကို သံချောင်းခေါက်သံကို နားစွင့်လျက်လည်းကောင်း၊ ဂေါ်လီပြေးသည့် စနစ်ကို စစ်ဆေးခြင်းဖြင့်လည်းကောင်း ချက်ချင်းသိရှိနိုင်သည်။

ယင်းသို့တာဝန်ကျဝန်ထမ်းများ တာဝန်ပျက်ကွက်မှုကို စစ်ဆေးအရေးယူနိုင်ရန် အုတ်ရိုးမျှော်စင်တစ်လျှောက်သို့ ညမှောင်မည်းမည်းကြီးမှာ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ လိုက်လံစစ်ဆေးခဲ့ရသည်။

တစ်ချိန်တည်းမှာ အုတ်ရိုးပတ်ကင်းတာဝန်ကျသော ဝန်ထမ်းကိုလည်း လိုက်လံရှာဖွေစစ်ဆေးနိုင်သည်။ ထိုခေတ်ထိုအခါက ဝန်ထမ်းများကင်းအိပ်ခြင်း၊ ကင်းငိုက်ခြင်း၊ တာဝန်ပျက်ကွက်နေခဲ့ခြင်းများကို တွေ့ရှိပါက ထောင်ပိုင်ကြီးရုံးသို့တင်ပြီး အပြစ်ပေးခံကြရသည်။

ထိုသို့ရုံးတင်ခံရသော ဝန်ထမ်းသည် အနိမ့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ရေမှာ သေနတ်ထမ်းပြီး၊ ကျောပိုးအိတ်ထဲ စိနစ်လုံးထည့်ကာ ဘောက်ထမ်းပြစ်ဒဏ်ချမှတ်ခံရသည်။ ကြီးလေးသော ပြစ်ဒဏ်အဖြစ် မိမိတို့၏ လစာမှ ဖြတ်တောက်ခံရခြင်း၊ ထောင်ထဲမှ ပြင်ပသို့ ထွက်ခွင့်မရသော ပြစ်ဒဏ်ကို ချမှတ်ခံရသည်။

ဒါကြောင့် ဝန်ထမ်းအားလုံးသည် နေ့နေ့ညည တာဝန်ချိန်တွင် အိပ်ငိုက်ခြင်း၊ ထိုင်နေခြင်း၊ လဲလျောင်းနေခြင်းမပြုဘဲ အမြဲတန်းလိုလို တာဝန်ကို ဖျတ်ဖျတ်လတ်လတ်၊ သွက်သွက်လက်လက် ထမ်းဆောင်နေရသည်။

ယင်းကဲ့သို့ ထောင်ထဲကင်းစစ်ဝင်လာသော ထောင်ပိုင်ကြီး တာဝန်မှူးတို့ လာရောက်စစ်ဆေးချိန်ဝယ် အဆင်သင့်ဖြစ်နေကြစေရန် အမြဲတမ်းနိုးနိုးကြားကြား ကင်းတာဝန်ကို စောင့်နေရသည်။

များသောအားဖြင့် ညဘက် အုတ်ရိုးပတ်ကင်းတာဝန်ကျသည့် အုတ်ရိုးလျှောက်ဝန်ထမ်းသည် ထောင်ကြီး၏အစောင့်ဖြစ်ပေသည်။ ယင်းတာဝန်ကျသူသည် တစ်နေရာရာဝယ် ရှောင်မိကာ အိပ်နေမည်ဆိုပါက အိပ်ထောင်ဖောက်ပြေးထွက်လာသော အကျဉ်းသားကို အုတ်ရိုးနားတွင် မတွေ့ဆုံမိပါက ထောင်အုတ်ရိုးကြီးပေါ်သို့ ကျော်တက်ပြေးနိုင်သော နည်းအမျိုးမျိုးကို ကြံစည်ကာ ထွက်ပြေးလွတ်မြောက်မှုဖြစ်သွားမည်။

မည်သို့ဆိုစေ၊ အုတ်ရိုးပတ်ကင်းလျှောက်တာဝန်ကျသည် ညဘက် အမှောင်ကြီးထဲဝယ် ထောင်ဘူးဝနှင့် အနောက်ဘက်မိန်းဂျေးလ်လမ်းမကြီး ထိပ်ထိတစ်ယောက်က တာဝန်ယူရပြီး ကျန်တစ်ဖက်မှာလည်း အုတ်ရိုးပတ်ကင်းသမားတစ်ယောက် တာဝန်ကျနေသည်။

ထိုသို့ ကင်းစောင့်နေခဲ့ရင်း တစ်ယောက်တည်း ပျင်းပျင်းနှင့် အိပ်ချင်စိတ် ဖြစ်ပေါ်လာနေပါက ကင်းစောင့်တာဝန်ကျနေစဉ် ချိုင်းကြားမှာ လက်ကိုင်တုတ်တိုကိုညှပ်ကာ အုတ်နံရံပေါ် ထောက်ပြီး လမ်းလျှောက်ရင်းနှင့် အိပ်ငိုက်နေကြသည့်အကျင့်ကို အုတ်ရိုးလျှောက်တာဝန်ကျသူတိုင်းမှ ကျင့်သုံးလေ့ရှိကြသည်။

ထိုကဲ့သို့ ရှေးအဆက်ဆက်မှ အုတ်နံရံပေါ် တုတ်ထောက် အိပ်ငိုက်လာခဲ့ကြသဖြင့် ထောင်အတွင်းဘက် အုတ်ရိုးမည်းမည်းကြီးပေါ်တွင် မညီမညာသောတုတ်ခြစ်ရာ အစင်းကြောင်းကြီးမှာ ယနေ့ထိတိုင် တွေ့မြင်နေရလေသည်။

ယခုလို ညဘက်ထောင်ပိတ်ပြီးသွားသည့် နောက်ပိုင်း ည(၈)နာရီခန့် လောက်တွင် စစ်ခွေးကြီးများကို ထောင်ထဲမှာ လွှတ်ကျောင်းထားခဲ့လေသည်။ စစ်ခွေးတိုက်ထဲတွင် တာဝန်ကျနေသော ဝန်ထမ်းများသည် အယ်လ်ဆေးရှင်းစစ်ခွေးကြီးများကို ကြိုးဖြင့်ချည်နှောင်ကာ နောက်မှဆွဲလျက် လိုက်ပါကင်းလှည့်လေ့ရှိသည်။

ယင်းစစ်ခွေးကြီးများသည် အလွန်ကြီးမားလှသည့်မှာ ကျားပေါက်တစ်ကောင်နယ် ရှိသည်၊ စစ်ခွေးကြီးများကို စစ်ခွေးတိုက်ထဲတွင် လေ့ကျင့်မျိုးထောင်မွေးမြူထားသဖြင့် လွန်စွာ ကြောက်မက်ဖွယ် ကောင်းသည်၊

ထိုကဲ့သို့ စစ်ခွေးများနှင့်အတူ တာဝန်ကျသည့် ဝန်ထမ်းများသည် နေ့လယ်ပိုင်း အားလပ်နေသော အချိန်တွင် စစ်ခွေးတိုက်ဝင်းထဲမှာ စစ်ခွေးများကိုအစာရေစာ ကျွေးမွေးခြင်း၊ ရေချိုးပေးခြင်း၊ ရန်သူကို လိုက်လံရှာဖွေဖမ်းဆီးတတ်အောင် လေ့ကျင့်ပေးထားကြသည်၊

ညဘက်မိုးချုပ်ချိန် ညဥ့်နက်ပိုင်းရောက်မှသာ စစ်ခွေးတာဝန်ထမ်းများသည် ခွေးကြီးများကို ကြိုးဖြင့် ချည်နှောင်လျက် နောက်မှ လိုက်ပါကင်းလှည့်ကြလေသည်။ ၎င်းခွေးကြီးများဖြင့်အိပ်ထောင်ဝင် တိုက်စန်းဝင်များသာမက အုတ်ရိုးပတ်လမ်းတစ်လျှောက် လိုက်ပါကင်းလှည့်လည် စစ်ဆေးကြသည်၊

စစ်ခွေးတာဝန်ကျ ကင်းသမားတစ်ယောက်လျှင် ခွေးကြီးတစ်ကောင်စီ ကြိုးဖြင့်ဆွဲကာ ကင်းလှည့်ကြရာတွင် တစ်ညလျှင် စစ်ခွေးကြီး ငါးကောင်ခန့် ကင်းလှည့်စစ်ရာတွင် ပါဝင်သည်။ စစ်ခွေးကင်းတာဝန်ကျသူသည် တစ်ညလုံးလိုလို ကင်းလှည့်စစ်ဆေးနေရသဖြင့် ခွေးငါးကောင်ကို အလှည့်ကျ ကင်းလှည့်လည်ပြီး ကင်းနားရသူက အိပ်ထောင်ဘေးတိုင်မှာ ကြိုးချည်ထားကြသည်၊



ထောင်ပိုင်ကြီး ဦးအုန်းကျော်သည် ထောင်နှင့်ပတ်သက်သော ထူ သုတ အကြောင်းအရာများကို ပြောဆိုနေရာမှ ခေတ္တရပ်သွားသည်။ တချွဲ ပေါ်ရှိ ရေနွေးခွက်ကို စကားပြော၍ မောသွားဟန်ဖြင့် ကောက်မော့သောက်နေသည်။ ပြီးမှ - စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိဖွာရှိုက်နေပြန်သည်၊

ကျွန်ုပ်တို့ ထောင်မှူးအဖွဲ့သည် ထောင်ပိုင်ကြီး စကားပြောဆိုနေရာမှ ခေတ္တရပ်သွားသဖြင့် ငံ့လင့်စောင့်စားနေကြလေသည်၊ ထောင်ပိုင်ကြီးမှ စီးကရက်ကို ဖွာရှိုက်သောက်နေရာမှ တစ်ဖွာ နှစ်ဖွာ ဖွာသောက်လိုက်ပြီး ရုတ်တရက် ကောက်ခါငင်ခါ . . .

“ခင်ဗျားတို့ - တစ္ဆေသရဲ အခြောက်ခံခဲ့ရဘူးလား”

“ဟင့်အင်း - တစ်ခါမှ အခြောက်မခံရပါဘူး ဆရာကြီး”

“ဟား - ဟား - ကျုပ် တစ္ဆေခြောက်ခံရတယ်ဆိုရင် ယုံပါ့မလား”

“မယုံနိုင်စရာရှိပေမယ့် ကိုယ်တိုင်ကြုံတွေ့ အခြောက်ခံရတဲ့ သူတပြောတော့လည်း ယုံရမှာပေါ့ ခင်ဗျာ”

ထိုစဉ်ထောင်မှူးဦးသိန်းထွန်းဆိုသူမှ အထွန့် တက်တတ်သူဖြစ်၍မယုံသလို အမူအရာဖြင့် ဝင်ရောက်ကန့်ကွက်ပြောဆိုလာသည်။

“ကျွန်တော်တော့ မယုံချင်ဘူးခင်ဗျ။ ဘာဝိညာဉ်၊ ဘာတစ္ဆေသရဲမှ လောကမှာ မရှိပါဘူး။ ဆရာကြီး ကျွန်တော်ကတော့ လက်သင့်မခံပါဘူး။ တကယ်လို့ ဝိညာဉ်ရှိတယ်ပဲထားဦး၊ ဒီဝိညာဉ်က အဖြူအမည်းထင်အောင် ဒီရုပ်ကြီးတို့ ယူဆောင်လာနိုင်မှာပဲ၊ ရုပ်ဆိုးတာ သွေးသားရှိမှ ရုပ်ပေါ်မယ်။ သွေးသားမရှိတဲ့ ဝိညာဉ်က “ရုပ်”ပေါ်တယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး ဆရာကြီး။ ကျွန်တော်က လုံးဝ မယုံကြည့်နိုင်ပါဘူး ခင်ဗျာ”

ဤကဲ့သို့ ထောင်မှူးဦးသိန်းထွန်း၏ တင်ပြပြောဆိုလာသော အယူအဆကို ထောင်ပိုင်ကြီးမှ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရင်းမှ မျက်နှာပြင်ပေါ်ဝယ် ပြုံးယောင်သန်းနေသည်၊

ထို့နောက် – နိုင်မာသော စကားတစ်ခွန်းအား ယုံကြည်မှုဖြင့် စတင် ပြောပြနေလေသည်။

"ကဲ – ဒါဆိုလည်း၊ ကျုပ်ကြုံတွေ့ခဲ့ရတဲ့စိတ်ပိညာဉ်ပုံရိပ်ဇာတ်လမ်းလေး ကို ခင်ဗျားတို့တစ်တွေ သိအောင် ပြောပြဦးမယ်ဗျာ"

အဲဒီနေ့က ကျွန်ုပ်ထောင်ထဲတွင် တာဝန်မှူးတာဝန်ကျသောနေ့ ဖြစ် သည်။ တာဝန်မှူးတာဝန်မှာ ထောင်ကြီးထဲတွင်ရှိသော အရာရှိများအား တစ်နေ့တစ်ယောက် တာဝန်ယူရသည့်တာဝန်ဖြစ်သည်၊ တာဝန်မှူး တာဝန် လဲလှယ်ခြင်းကို နံနက်ပိုင်း ထောင်ဖွင့်ပြီးသွားချိန်မှစတင်၍ နောက်တစ်နေ့ ထောင်ဖွင့် သည့်အချိန်ထိ ထောင်ကြီးတစ်ထောင်လုံး၏ ညရေးညတာ တာဝန်ကို ထောင်ပိုင်ကြီး ကိုယ်စား တာဝန်ယူဆောင်ရွက်ရသည်။

ကျွန်ုပ်သည် တစ်နေ့တာလုံး ထောင်ကြီးအတွင်းမှာရှိသော အိပ် ထောင်ဝင်းများ၊ တိုက်ခန်းများ၊ စားဖိုကြီး၊ ဓုတောင်ယာများနှင့် အလုပ်ကြီး ဘက်တွင်အလုပ်လုပ်နေသောလုပ်ငန်းဌာနများအားလုံးကိုကင်းလှည့်လည် စစ်ဆေးကြည့်ရှုရသည်၊

ညနေထောင်ပိတ်ပြီးသွားချိန်မှ စတင်လျက် ထောင်ကြီးထဲတွင် ဝင်အိပ် ရပြီး ထောင်၏ လုံခြုံရေး အဝဝကို တစ်ဦးတည်း တာဝန်ယူနေရသည်။ ညကင်းတာဝန်ကျ ဝန်ထမ်းသည် မိမိတို့ တာဝန်ကျရာ နေရာများတွင် အိပ် နေရသလိုတာဝန်မှူးဖြစ်သူသည် တံခါးကြီးထဲတွင် အိပ်ရလေသည် ကျွန်ုပ် ၏လက်အောက်တွင်ကျွန်ုပ်နှင့်အတူတာဝန်ထမ်းဆောင်နေရသော တာဝန် ကြပ်တစ်ဦးနှင့် ဆေးမှူးတစ်ဦးကိုလည်း ဂျူတီတွဲချထားပေသည်၊

ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် တာဝန်မှူးတာဝန်ကျသော တစ်ညတွင် ည၁၂နာရီးစောစောပိုင်း ကင်းတစ်ချိန်လှည့်လည်စစ်ဆေးပြီးသွား၍ဘူးဝတံခါး ထဲရှိ တာဝန်မှူးခုတင်မှာလဲလျောင်းရင်း စာဖတ်နေခဲ့လေသည်၊



ညဘက်အိပ်ထောင်များ၏ ညရေးညတာကို တာဝန်ယူနေရသဖြင့် အိပ်ထောင်များ၏ လုံခြုံရေး တာဝန်ကိုလည်းကောင်း၊ အိပ်ထောင်ထဲတွင် ညဘက်နေထိုင်မကောင်းဖြစ်သည့် အကျဉ်းသား၊ အချုပ်သားများအားလုံး ၏ အရေးပေါ်ကိစ္စ အခြေအနေ ဖြစ်ပေါ်လာပါက သော့ဖွင့်ဆောင်ရွက်ပေး ရသည်၊



ကြိုးစင်ကြီးမှာ ညအမှောင်အောက်တွင် သွေးဆာနေသော ဘီလူးကြီးတစ်ကောင် အစာချောင်းနေသည်နှင့် တူသည်။ ကြိုးစင်ကြီးမှာ အသုံးမပြုသည့်အချိန်တွင် ကြိုးစင်ဒေါက်တိုင်များ၊ ယက်မတန်းများကို ဖြုတ်သိမ်းထားသဖြင့် အုတ်ခုံကြီးသော ဗလာဟင်းလင်း ဖြစ်နေသည်။

အထူးသဖြင့် အမျိုးသမီးဆောင်ထဲတွင်ရှိ နေကြသော အကျဉ်းသူများသည် ယင်းတို့နှင့် ပါလာသော ကလေးငယ်လေးများ နာမကျန်းဖြစ်ပေါ်သည့်အခါမှာလည်းကောင်း၊ ကိုယ်ဝန်ဆောင်အကျဉ်းသူများသည် ညဘက်အရေးပေါ် မီးဖွားမည့် အခြေအနေဖြစ်ပေါ်လာပါက အိပ်ထောင်၏ သော့ကိုယူဖွင့်ပြီး လိုအပ်ပါက ဆရာဝန်ကြီးကိုပါ အကြောင်းကြားပြီး စစ်ဆေးကြည့်ရှုနိုင်ရန် စီစဉ်ပေးရလေသည်။

ကျွန်ုပ်လည်း တောတောပိုင်း ကင်းလှည့်လည် စစ်ဆေးခဲ့ပြီးသွားသဖြင့် ခုတင်ပေါ်မှာထိုင်လျက် စိပ်ပုတီးစိပ်နေသည်။ ကျွန်ုပ်သည် နေ့စဉ်ဂုဏ်တော်ကိုးပါးအား ပုတီးကိုးပတ်ပြည့်အောင် အမြဲစိပ်လေ့ ရှိလေသည်။

ယင်းသို့ ပုတီးစိပ်ပြီးသွားသော အချိန်ခန့်ဝယ် ဂါတ်မကြီးပေါ်မှ နာရီမောင်း ဆယ့်နှစ်ချက်ခေါက်သံကိုကြားလိုက်ရလေတော့သည်။ ကျွန်ုပ်သည် ဒုတိယပိုင်းကင်းထပ်မံစစ်ဆေးရန် တာဝန်ရှိနေသောကြောင့် ခုတင်အောက်မှ ရှူးဖိနပ်ကို ကောက်စွပ်လိုက်သည်။ ပြီးမှ – ခုတင်တိုင်မှာ ချိတ်ထားသော ဖရီးဂျက်ကက်အင်္ကျီကို ဖြုတ်ယူဝတ်ဆင်ခဲ့လေသည်။

ထို့နောက် – ခေါင်းအုံးဘေးမှ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကို ဆွဲယူကာ ထောင်ကြီးအတွင်းဘက်ထဲသို့ကင်းလှည့်လည်စစ်ဆေးရန် ဝင်ရောက်သွားခဲ့လေသည်။

ကျွန်ုပ် ထောင်ကြီးထဲဝင်ရောက်လာစဉ် နံပေါ်မှာ တင်ထားသော ဂေါ်လီနံပါတ်ကို ကောက်ယူကြည့်လိုက်စဉ် သုံးနံပါတ်ဖြစ်ရမည့်အစား၊ တစ်နံပါတ်သာလျှင် တွေ့မြင်ခဲ့ရသဖြင့် အုတ်ရိုးပတ်ကင်းသမား တာဝန်ပျက်ကွက်နေပြီကို သိရှိရတော့သည်။

ထိုညကား ဆောင်းညကာလအချိန် ဖြစ်သည်။ လူမှာ အရိုးကွဲမတတ်အောင် ချမ်းအေးလှသည့်အခါ ဖြစ်လေသည်။ ညကလည်း ညဉ့်နက်သန်းခေါင်ယံအချိန်ပိုင်းမို့ မည်းမည်းမှောင်လွန်းနေသည်။ ကောင်းကင်ယံပေါ်ထွန်းလင်းနေသော လအခကိုပ် ဖျိုးဖျိုးဖျဖျသာ ကျရောက်နေသည်။



ကျွန်ုပ်လည်းအုတ်ရိုးပတ်သွားရသော မြေနီလမ်းလေးအတိုင်း အေးအေးဆေးဆေး လျှောက်လာနေသည်။ မြောက်လေအေးမှာ တဟူးဟူးတိုက်ခတ်လာနေသဖြင့် ချမ်းအေးမှုနှင့်အတူ ကျောထဲ စိမ့်စိမ့် ဖြစ်လာသောကြောင့် ဖရီးဂျက်ကက် အင်္ကျီပေါ်မှ ဇစ်ကို ဆွဲစေ့လိုက်သည်။

တာဝန်ချိန်ဖြစ်သည်မို့ ချမ်းအေးမှုကို ဂရုမစိုက်နိုင်ဘဲ ပထမဆုံး အနီးအနားရှိ အမှတ် (၁) ကင်းမျှော်စင်ပေါ်မှ ကင်းစောင့် တာဝန်ကျသူကို လက်နှိပ်ဓာတ်မီးထိုး အချက်ပြလိုက်သည်။ မျှော်စင်ပေါ်မှ ကင်းသမားသည် "အားလုံး ကောင်းပါတယ် – ဆရာကြီး" ဟူသော တုံ့ ပြန်ဖြေကြားလိုက်သံကြောင့် စိတ်အေးသွားရသည်။

ကျွန်ုပ်လည်း အုတ်ရိုးလမ်းပေါ်ဆက်လက် လျှောက်နေခဲ့ရာ အုတ်ရိုးပတ်ကင်းသမားကို အစအနပင် မမြင်ရသေးပေ။ ကျွန်ုပ်ဖြတ်လာနေသည့် လမ်းဘေးတွင် အမျိုးသမီး အိပ်ထောင်ဝင်းရှိနေသည်။ ယင်းအမျိုးသမီး အိပ်ထောင်တစ်ခုလုံးကို သွပ်ပြားများဖြင့် လုံလုံခြုံခြုံကာရန်ထားသည်။ ပြီးမှ – အပြင်ဘက်ကနေ သွပ်ဆူးကြိုးများကို နှစ်ပေခန့်အကွာမှ ထပ်ကာထားသေးသည်။ အိပ်ထောင်ကြီးမှာ ပေလေးဆယ်ကျော် ကျယ်ဝန်းပြီး တစ်ထပ်အိပ်ထောင်ဖြစ်သည်။

ယင်းကဲ့သို့ အမျိုးသမီးအိပ်ထောင်ဝင်းကြီးကိုဖြတ်ကျော်သွားသည်နှင့် နောက်ဘက်မြေကွက်လပ်နေရာတွင် နှင်းဆီပန်းများကို စိုက်ပျိုးထားသော နှင်းဆီပန်းခင်းကြီးကို လှမ်းမြင်နေရသည်။ အမျိုးသမီးအိပ်ဆောင်အတွက် တပ်ဖွဲ့ရံပုံငွေမှ စိုက်ပျိုးထားသော နှင်းဆီပန်းစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။

အုတ်ရိုးလမ်းကလေး တစ်လျှောက်မှာ အရောင်မျိုးစုံ ဖူးပွင့်လန်းနေသော နှင်းဆီပန်းရနံ့မှာ လေအဝှေ့ဝယ်နှာဝတွင်း သင်းသင်းကြိုင်မွှေးလို့နေသည်။ သာယာညင်းသွဲ့သော နှင်းဆီရနံ့ကို တစ်ဝကြီး ရှူသွင်းပစ်လိုက်ပြီးနောက် ရှေ့သို့ ဆက်လက်လျှောက်လှမ်းလာခဲ့သည်။

ထိုစဉ် ညဘက်မှောင်ကြီး မည်းမည်းဝယ် ကြိုးစင်ကြီးကို ရုတ်တရက် လှမ်းမြင်လိုက်ရသဖြင့် ကြက်သီးမွေးညင်းများပင် ထသွားသည်။ သာယာ လှပနေသော နှင်းဆီစိုက်ခင်းကြီးကို လွန်မြောက်လာသည်နှင့် ကြိုးစင်ကြီးကို အမှောင်ထဲမှာ ထီးတည်းတွေ့မြင်ခဲ့ရ၍ ကြောက်ရွံ့ထိတ်လန့်နေမိသည်။

သို့သော်လည်း မိမိတာဝန်မှာ မသွား၍မဖြစ်သွားရမည့် အခြေအနေဖြစ် နေသောကြောင့် ဖွတ်တိုးလျှောက်လှမ်းသွားရသည်။ ထိုစဉ် ကျွန်ုပ်လက်ထဲ မှ သုံးတောင့်ထိုးဓာတ်မီး၏ မီးအလင်းတန်းကား ကြိုးစင်ကြီးပေါ် လျှောက် ထိုးကြည့်နေမိသည်။

ကြိုးစင်ကြီးမှာ ညအမှောင်အောက်တွင် သွေးဆာနေသော ဘီလူးကြီး တစ်ကောင် အံစာ ချောင်းနေသည်နှင့် တူသည်။ ကြိုးစင်ကြီးမှာ အသုံးမပြု သည့်အချိန်တွင် ကြိုးစင်ဒေါက်တိုင်များ၊ ယက်မတန်းများကို ဖြုတ်သိမ်းထား သဖြင့် အုတ်ခုံကြီးသာ ဗလာဟင်းလင်း ဖြစ်နေသည်။

ကျွန်ုပ်လည်း ကြိုးစင်ခုံကြီးပေါ်မှာများ ညကင်းသမားသည် လွတ်လွတ် လပ်လပ် ကျောခင်းအိပ်နေလေမလား ဟူသောအတွေးဖြင့် ကြိုးစင်ပေါ်ကို လှေခါးမှ တက်လာပြီး ရှာဖွေကြည့်နေသည်။ ထိုစဉ် လေနုအေးတစ်ချက် ဖြတ်တိုက်သွားသလိုလို စိတ်အသိမှာ ခံစားဖြစ်ပေါ်လာပြီး ကျောထဲမှ စိမ့်ခနဲ ဖြစ်သွားမိလေသည်။

ယင်းကဲ့သို့ အကာလညအချိန်အခါမျိုးမှာ တစ်ယောက်တည်း မကြောက်မရွံ့ ကြိုးစင်အုတ်ခုံကြီးပေါ် တက်ကြည့်နေခြင်း ဖြစ်သည်။ ယင်း ကြိုးစင်ကြီးပေါ်ဝယ် ကြိုးပေးကွပ်မျက်ခံခဲ့ရသော ကြိုးသမားများ၏အသက် ပေါင်းများစွာကို စတေးခံရသော နေရာဖြစ်သည်။ ကြိုးပေးအသတ်ခံသွား ရသူများသည် ဤကြိုးစင်ကြီးပေါ်ဝယ် အသက်ရှင်လျက် တန်းလန်းကြိုးပေး အသတ်ခံကြရသူများ ဖြစ်သောကြောင့် အစိမ်းသေ သေခဲ့ရသူများ ဖြစ် သည်။



ကြိုးသမားများ၏ မကျွတ်မလွတ်နိုင်သော ဝိညာဉ်များသည် ဤနေရာ တစ်ဝိုက်ဝယ် ဖြန့်ကြက်သွားလာနေကြမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ ကြိုး စင်ကြီးကို တွေ့မြင်နေရရုံဖြင့် စိတ်ထဲမှာ ထိတ်လန့်ချောက်ချားစရာ ဖြစ်နေ သလို တရားသံဝေဂ ရစရာလည်း ဖြစ်သည်။

ကျွန်ုပ်လည်း ထိတ်လန့်ကြောက်ရွံ့နေစိတ်ကို တတ်နိုင်သမျှ မျိုသိပ်ကာ ကြိုးစင်အုတ်ခုံကြီးပေါ်မှ ပတ်ပတ်လည် နေရာများဆီ အမြင့်မှနေ၍ လက် နှိပ်ဓာတ်မီးဖြင့် လျှောက်ထိုးကြည့်နေသည်။

ထိုစဉ် - မီးအလင်းတန်းအောက်မှာ ပေါ်လာသည်က ထုံးဖြူဖြူစေတီ လေးတစ်ဆူ ဖြစ်နေသည်။ လေအဝှေ့ဝယ် စေတီလေးဆီမှ ဆည်းလည်း လှုပ်သံလေးများပင် ကြားယောင်ခဲ့သည်။ ကြိုးစင်ကြီးနှင့် ပေငါးဆယ်ခန့် အကွာလောက်မှာ တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီလေးမှာ ကိုးတောင်ပြည့် ဆုတောင်းပြည့်စေတီလေး ဖြစ်သည်။

ယင်းစေတီလေးမှာ ကြိုးသမားများအား ကြိုးပေးမကွပ်မျက်မီ ဦးချ ရှိခိုးကာ ဘဝကူးကောင်းစေဖို့ ဆုတောင်းနိုင်ရန် ရည်ရွယ်တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ စေတီလေး၏ဘေးပေါ်လှမ်းလှမ်းတွင် ညောင်ပင်အိုကြီးတစ်ပင် မှာလည်း ရှေးပဝေသဏီ အဆက်ဆက်မှာ စိုက်ပျိုးထားခဲ့ခြင်းကြောင့် ညအမှောင်ဝယ် ညောင်မှတ်ဆိတ်များလေနှင့်အတူ လှုပ်ရှားလွင့်မျောနေ သည်မှာ စိတ်ချောက်ချားစရာ ဖြစ်နေသည်။ စေတီလေးပတ်ပတ်လည်တွင် အုတ်တေဖြင့် ရင်ပြင်လေးခင်းထားသေးသည်။

ကျွန်ုပ်၏ လက်နှိပ်ဓာတ်မီးအလင်းရောင်ကို စေတီလေးတစ်ဝိုက်ဆီ သို့ သာမန်ကာလျှံကာ ထိုးကြည့်နေခဲ့ရာမှ သေသေချာချာ ထိုးကြည့်လိုက် တော့မှ အသက်ရှူမှားသွားသလိုလို၊ နှလုံးသွေးရပ်သွားသလို အဖြစ်မျိုးနှင့် အတ်ထိ တိုးခဲ့လေတော့သည်။

ယင်းမှာ စေတီလေးရှေ့သမံသလင်းပေါ်ဝယ် ပုဆစ်တုပ်ထိုင်နေသော လူတစ်ယောက် အသွင်သဏ္ဌာန်ကို လှမ်းမြင်ခဲ့ရ၍ ဖြစ်သည်။ ကျွန်ုပ်နှင့်

မလှမ်းမကမ်းနေရာရှိ ထိုအရာကို မျက်စိလျှံသွားသလို ဖြစ်သွားသဖြင့် သေသေချာချာ မျက်စိပွတ်ကြည့်လိုက်တော့မှ အမျိုးသမီးတစ်ဦး ဖြစ်နေသည်။

သည်တော့မှ ကျွန်ုပ် စိတ်ထဲဝယ် မျက်ကလဲဆန်ပျာ ဖြစ်ပေါ်သွားလေသည်။ ယခုလို ညကြီးမင်းကြီး အချိန်မည်သည့်နေရာမှ အမျိုးသမီးတစ်ဦးသည် ရောက်ရှိလာနေသလဲဟု ယောက်ယက်ခတ်အောင် အတွေးဖြစ်ပေါ်သွားသည်။

ယင်းအမျိုးသမီးကို မီးအလင်းတန်းအောက်ဝယ် စေ့စေ့ကြည့်လိုက်တော့မှ အပေါ်ဖြူ အောက်ဖြူ အကျဉ်းသူပုံစံ အဝတ်အစား ဝတ်ဆင်ထားသည်ကို မြင်မှသာ ဘဝင်ကျသွားခဲ့သည်။

သူမသည်အိပ်ထောင်ထဲမှဖောက်ထွက်ပြေးလာခဲ့ပြီးလျှင်မသွားတတ်မလာတတ်နှင့် မျက်စိလည်လမ်းမှားပြီး ရောက်ရှိနေခဲ့ဟန်တူသည်။ ယခုလို ညသန်းခေါင်အချိန်ဝယ် ဘုရားစေတီလေးရှေ့ဝယ် အကျအန ပုဆစ်တုပ်ထိုင်နေသည်မှာ မည်သည့်အကြောင်းကိစ္စကြောင့်များလဲဟု တွေးလိုက်မိသည်။

သူမက ဘုရားစေတီရှေ့နားရှိသမံသလင်းပေါ်ဝယ် စေတီဘက် မျက်နှာမူကာ ဘုရားဝတ်ပြုနေခြင်းဖြစ်သည်။ ကျွန်ုပ်ထိုးလိုက်သော လက်နှိပ်ဓာတ်မီးမှ အလင်းတန်းသည် သူမ၏ နောက်ကျောပြင်ကို ထိုးထားမိခြင်းဖြစ်သည်။

သူမသည် ညဘက်မှောင်မည်းနေသည့်အခိုက် အလင်းရောင် ရုတ်တရက် ဖြာကျလာသဖြင့် အနောက်ဘက်ဆီ လှည့်ကြည့်လိုက်သောအခါမှ ကျွန်ုပ် တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မသိဘူး၊ မမြင်ဖူးခဲ့ဘူးသော သူစိမ်းပြင်ပြင် တစ်ယောက်၏ မျက်နှာမျိုး ဖြစ်နေသည်။

နဖူးမှာ ခပ်ရှည်ရှည်၊ နဖူးက မောက်မောက်ရှိနေပြီး ပြူးကျယ်သော မျက်လုံးကြီး ရှိ၏။ ယင်းမျက်လုံးမှာ မျက်လုံးအိမ်အတွင်းဘက်သို့ နက်ရှိုင်းစွာ



ချိုင့်ဝင်လျက်ရှိသဖြင့် အပြာရောင်ပင် မရှိတော့ဘဲ မွဲခြောက်ခြောက် **အရောင်**ဖြင့် မှေးမှိန်လျက်ရှိသည်။ ကြုံလိုသော အသွေးအသားမရှိသကဲ့သို့ **ဖြူဖတ်**ဖြူရော်ဖြစ်နေပြီးလျှင် နားထင်နှစ်ဖက်တို့မှာလည်း အောက်သို့ ချိုင့်ဝင်လျက် ရှိနေသည်။

သူမ၏မျက်နှာသွင်ပြင်လက္ခဏာမှာတစ်စုံတစ်ရာသောဝေဒနာတစ်ရပ်ကို ခံစားခဲ့ရသလို၊ အသနားခံနေသလိုလို အမူအရာမျိုး ပေါ်လွင်နေသည်။

ကျွန်ုပ် ကြိုးစင်ကြီးပေါ်မှ လက်နှိပ်ဓာတ်မီး ထိုးကြည့်နေသည်ကို တွေ့မြင်သွား၍ထင်သည် မျက်နှာပြင်ပေါ်ဝယ် သေကောင်ပေါင်းလဲဟန်ဖြင့် အမျိုးသမီး အိပ်ထောင်ဘက်ဆီ လက်ဆန့်တန်းထိုးပြနေသည်။

ကျွန်ုပ်လည်း သတိသမ္ပဇဉ် လွတ်ထွက်သွားကာ မည်မျှကြာအောင် မေ့မြောပါသွားနေခဲ့ရာမှ ရုတ်တရက်အသိ ဝင်လာသလို ဖြစ်ပေါ်လာခဲ့သည်။

သို့သော်လည်း ကြိုးစင်ကြီးပေါ်မှ ယင်းစေတီလေးရှိရာဆီ ကမန်းကတန်း ပြေးသွားကြည့်သောအခါ ပျောက်ကွယ်သွားလေသည်။ ကျွန်ုပ်လည်း တအံ့ချေးချေးဖြစ်ပေါ်သွားကာ စေတီလေးပတ်ပတ်လည်နေရာများဆီ တဒိတ်ဒိတ်ရင်မှာမြည်ကာ လိုက်လံရှာဖွေကြည့်နေမိသည်။

ကျွန်ုပ်ကိုယ်တိုင်မီးရောင်အောက်ဝယ်စေတီလေးရှေ့နားတွင်တပ်အပ်သေချာတွေ့မြင်ခဲ့ပါလျက် အနံအလျား လိုက်လံရှာဖွေနေမိလေသည်။ မည်သည့်နေရာမှ ရောက်လာပြီး မည်သည့်နေရာတွင် ပျောက်ကွယ်သွားသည်ကို စိတ်ထဲမှာ ဘဝင်မကျနိုင်ဘဲ ရှာဖွေနေခြင်း ဖြစ်သည်။

သို့သော်လည်း - မည်သို့ပင် လှည့်ပတ်ရှာဖွေနေစေကာမူ သူမသည် ရုတ်ခြည်း ပျောက်သွားခဲ့သည်မှာ လွန်စွာထူးဆန်း၍ နေလေတော့သည်။ ကျွန်ုပ်လည်း အိပ်ထောင်ဘက်ဆီကိုများ သူမပြန်လည်ပြေးဝင်သွားသလားဟူသော အတွေးဖြင့် နောက်ကြောင်းပြန်လှည့်ရှာဖွေနေခဲ့သည်။

ထိုသို့ ရှိနေစဉ် နင်းဆီစိုက်ခင်းအစပ်ဆီမှ ခွေးဟောင်သံ စူးစူးဝါးဝါး ထိုးဟောင်နေသံကို ကြားလိုက်ရသဖြင့် စစ်ခွေးကင်းသမားတစ်ယောက်

ဒီဘက်ကင်းလှည့်လာနေပြီ မှန်းသတိပြုမိလေသည်။ မည်သို့ပင် ဖြစ်စေမိမိနှင့်အတူအဖော်တစ်ယောက်ရလာပြီဟု အားတက်သွားကာ နှင်းဆီစိုက်ခင်းဘက်သို့ သုတ်သီးသုတ်ပျာ ပြေးလိုက်လာခဲ့သည်။

"ဟေ့ - ရှေ့က ကင်းသမား ဘယ်သူလဲကွ"

"ကျွန်တော် စစ်ခွေးကင်းအဖွဲ့က တပ်ကြပ်စံထွန်းပါ"

ကျွန်ုပ်၏ မီးအချက်ပြပြီး လှမ်းမေးလိုက်စဉ် စစ်ခွေးကင်းသမားက ပြန်ဖြေလိုက်သည်၊

"မင်း - အဲဒီဘက်ကို အမျိုးသမီးတစ်ယောက် ထွက်ပြေးလာတာ မတွေ့လိုက်ဘူးလား"

"မတွေ့မိပါဘူး - ဆရာ၊ ကျွန်တော့် ခွေးကြီးက နှင်းဆီခင်းထဲ သဲသဲမဲမဲ လိုက်ထိုးဟောင်နေလို့ မနည်းဆွဲထားရတယ်"

"အေးကွာ - ထူးတော့ တော်တော်ထူးဆန်းနေတာပဲ၊ တစ်သက်နဲ့ တစ်ကိုယ် ငါမတွေ့ဖူးဘူး။ ကြုံလည်း မကြုံဖူးဘူးကွ"

"ဘာကိုလဲ - ဆရာ"

"အင်း - ပြောပြရမှာတောင် ခက်ခက်ပဲကွ၊ ငါထောင်ထဲကို တာဝန်မှူးဝင်မလာခင်၊ ထမင်းစားခါနီး အရက်နည်းနည်း သောက်ထားလို့ မျက်လုံးမျက်ဖန်ပြာသွားတာလားမသိဘူး"

"ဘာဖြစ်လို့လဲ - ဆရာ"

"မင်း မရောက်လာခင်၊ စောစောလေးကတင် ဟို ကြိုးစင်ရှေ့နားက စေတီလေးပေါ်မှာ အကျဉ်းသူတစ်ဦး ဘုရားထိုင်ရှိခိုးနေတာကို ငါ့မျက်စိနဲ့ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတယ်၊ သူ့လက်ထဲမှာ နှင်းဆီပန်းစည်းကိုင်ထားတာလည်း မြင်ရတယ်၊ အဲဒါ သူ့ဆီကို အပူတပြင်း၊ ပြေးသွားကြည့်နေတုန်း ပျောက်သွားလို့လိုက်ရှာနေတာ အမျိုးသမီးဆောင်ထဲ ဝင်သွားလားမသိဘူး"



"ဟား - ဆရာ အမျိုးသမီးဆောင်ဆိုမှ ပြောရဦးမယ်၊ တံခါးတာဝန်ကျနေတဲ့ဝန်ထမ်းက တာဝန်မှူးကို အမျိုးသမီးဆောင်က အရေးပေါ် မွေးလူနာရှိတယ်ဆိုပြီး ခေါ်ခိုင်းလိုက်လို့ ကျွန်တော်လည်း ဆရာ့ကို လိုက်ရှာနေတာ"

"ဟုတ်လား - ဒါဆိုမြန်မြန်သွားဦးမယ်၊ အမျိုးသမီးဆောင်ကိုဖွင့်ရမယ့်သော့က ငါ့အိတ်ကပ်ထဲက သော့နဲ့ ဗီရိုကို ဖွင့်ယူမှ ရမှာကွ"

ကျွန်ုပ်သည် ညဘက်ကြီး ကင်းလှည့်စစ်နေစဉ် အမှတ်မထင် ဝိညာဉ်လိုလို၊ တစ္ဆေသရဲလိုလို ပုံရိပ်ကို တွေ့မြင်ခဲ့ရသောကြောင့် ကြိုးစင်ကြီး၏ ပရဝုဏ် (ပရိဝုဏ်) နားတွင် တဝဲလည်လည်ဖြင့် အံ့ချီန်ကုန်လွန်နေခြင်း ဖြစ်သည်။

ကျွန်ုပ်လည်း တံခါးကြီးအတွင်းသို့ ကမန်းကတန်းပြန်ဝင်ပြီး ဘူးဝရုံးခန်းထဲရှိ ဗီရိုကြီးထဲတွင် ထောင်ထဲမှ အိပ်ဆောင်အားလုံး၏ သော့များကို ထည့်ထားသဖြင့် အမျိုးသမီးဆောင်သော့ကို အလူးအလဲ ရှာဖွေနေခဲ့သည်။ ပြီးမှ - တာဝန်ကြပ်နှင့် ဆေးမှူးတို့အားခေါ်ပြီး အရေးပေါ်မွေးလူနာအတွက် လိုအပ်လျှင် ကူညီဆောင်ရွက်နိုင်ရန် ထောင်ဆရာဝန်ကြီးကိုဝန်ထမ်းတစ်ယောက်အား အိမ်မှာ သွားနိုးခေါ်ခိုင်းလိုက်သည်၊

အားလုံး လူစုံသောအခါမှ အမျိုးသမီး အိပ်ထောင်ထဲသို့ ဝင်ရောက်ခဲ့ကြသည်၊ အမျိုးသမီးဆောင်သော့ကို အပြင်ဘက်မှ ဖွင့်လိုက်ပြီး အားလုံး အဆောင်ထဲဝင်သွားကြသည်။ အမျိုးသမီးဆောင်ထဲသို့ ညကြီးမင်းကြီး အရေးပေါ်ဝင်ရောက်သည့်အခါ ယောက်ျားတစ်ဦးတည်း ဝင်ရောက်သွားခွင့်မရှိပဲ အနည်းဆုံး နှစ်ယောက်သုံးယောက်ပါမှသာ ဝင်ရောက်ခွင့် ရှိလေသည်၊

အမျိုးသမီးအဆောင်ထဲသို့ဝင်ရောက်လာခဲ့ကြစဉ်ညဘက်အမျိုးသမီးဆောင် တာဝန်ကျဝန်ထမ်း ဒေါ်အေးရီက စောင့်ဆိုင်းနေသည်၊ အမျိုးသမီးဆောင်တွင် ညဘက်တာဝန်ကို အမျိုးသမီးဝန်ထမ်းတစ်ဦးအား တာဝန်ပေးထားပြီး အမျိုးသမီးဆေးမှူးတစ်ဦးနှင့်အတူ အဖော်ရနိုင်စေရန် တာဝန်ချထားခြင်းဖြစ်သည်၊

"ဆရာရယ် - ကျွန်မ ဂါတ်မကြီးပေါ်ကနေတစ်ဆင့် သတင်းပို့နိုင်းတာ ကြာလှပြီ၊ ခုမှပဲ ရောက်လာတော့တယ်၊ စောစောက မွေးလူနာအကျဉ်း သူက ကလေးမီးဖွားချင်လာလို့ ဗိုက်နာလာတာ မခံမရပ်နိုင်အောင် ဗိုက်က အရမ်းနာပြီး အော်ဟစ်ညည်းတွားရင်းသတိလစ်မေ့မြောသွားသလိုဖြစ်သွား တယ်၊ ကျွန်မနဲ့ ဆေးမှူးတို့ နှစ်ယောက် အခန်းသော့မရှိလို့ ဖွင့်ဝင်မရဘဲ အကျဉ်းအကျပ်ဖြစ်နေတာနဲ့သတိပြန်လည်လာအောင် အထဲက အိပ်ဆောင် သည်အကျဉ်းသူတွေကို တစ်ဆင့်ပြန်လည်လာအောင် အထဲက အိပ်ဆောင် သည်အကျဉ်းသူတွေကို တစ်ဆင့်ပြောလုပ်ခိုင်းနေရတယ်"

"ဆရာမ - လူနာအကျဉ်းသူ အခြေအနေက ဘယ်လိုရှိလဲ"

"လူနာက မွေးလုမွေးခင်အခြေအနေရှိနေပြီ - ဒေါက်တာ၊ ကျွန်မညာနေ ပိုင်းလောက် မွေးမလားဆိုပြီး ဆေးထိုးပေးထားတယ်"

ကျွန်ုပ်သည် ညာတာဝန်ကျတပ်ကြပ် ဒေါ်အေးရီအား အဆောင်သော့ကို ဖွင့်နိုင်းနေသည်၊ မွေးလူနာ အကျဉ်းသူမှာ မွေးလျှင် ကျယ်ကျယ်ပြန့်ပြန့်ရှိစေ ရန် အနောက်ဘက်ရွှေ့ခိုင်းထားခြင်း ဖြစ်သည်၊

"ဆရာ လူနာက မွေးလုမွေးခင်ဖြစ်နေတော့ ကျွန်တော်တို့အပြင်ဆေးရုံ ထုတ်ရင် ကောင်းမလား ဒေါက်တာ"

"ခဏနေပါဦး တျွန်တော် လူနာရဲ့အခြေအနေကိုစမ်းသပ်ပြီးမှ လုပ်သင့် တာ ဆက်လုပ်ကြတာပေါ့၊ လူနာက ဘယ်မှာလဲ"

"ဪ - ဒေါက်တာကြီး၊ ဟိုး - အဆောင်နောက်ပိုင်းမှာပါ"

"ဒီအပြင်ဘက် ခေါ်လာလို့ မရဘူးလား ဆရာမ"

"မလွယ်ဘူး - ဆရာ၊ လူနာက စောစောပိုင်းသတိလစ်မေ့မြောနေရာ ခုပြန်သတိလည်လာခါစပဲ ရှိတော့၊ အားနည်းနေတယ်"

ဆရာဝန်ကြီး ဒေါက်တာထွန်းလွင်ကို ဆေးမှူးနော်မူစေးက ရှင်းလင်း ပြောဆိုပြနေသည်၊ ကျွန်ုပ်လည်း မွေးလူနာအကျဉ်းသူအား အဆောင်အပြင် ဘက်ထုတ်ယူမရဘဲ ရှိနေသောကြောင့် အိပ်ဆောင်ထဲကို ဆရာဝန်ကြီး



ကျွန်ုပ်တို့နှစ်ဦး ဝင်ကြည့်နိုင်ရန် အဆောင်ထဲမှာ ညာဘက်အိပ်စောင်ခင်းနေ သည့် အကျဉ်းသူများကို ရှင်းလင်းခိုင်းလိုက်သည်၊

"ကဲ - ဒေါ်အေးရီ အိပ်ဆောင်ထဲက အမျိုးသမီး အကျဉ်းသူတွေ အိပ် ပျော်နေတာကို ကျွန်တော်တို့ ဝင်လို့ရအောင် လမ်းရှင်းခိုင်းပါ"

ကျွန်ုပ်သည် တာဝန်ကျတပ်ကြပ်ဒေါ်အေးရီကို အမိန့်ပေးလိုက်သဖြင့် အဆောင်ထဲမှာ အိပ်မောကျနေသူများကိုတန်းစီအား ရှင်းလင်းဖယ်ရှားခိုင်း နေသည်၊

"ဆရာ - ဝင်လို့ရပါပြီ"

ကျွန်ုပ်နှင့် ဆရာဝန်ကြီးတို့ နှစ်ဦးကိုအဆောင်ဆေးမှူးဖြစ်သူ နော်မူစေး မှ ရှေ့က ဦးဆောင်ခေါ်သွားသည်၊

ထိုစဉ် ဆရာဝန်ကြီးမှာ မွေးလူနာအကျဉ်းသူအား စမ်းသပ်စစ်ဆေး ကြည့်နေရာမှ ...

"ဟာ - ရေမြွှာတောင် ပေါက်နေပြီ၊ အပြင်ဆေးရုံကို ထုတ်ဖို့ အချိန်မီ တော့မှာ မဟုတ်ဘူး - ထောင်မှူးရေ"

"ဟင် - ဒါဆို ဘယ်လိုလုပ်မလဲ ဒေါက်တာ"

"ဘယ်လိုမှ လုပ်စရာမလိုပါဘူး လူနာကိုဒီမှာပဲ ကျုပ်ကြိုးစားပြီး မွေးပေး မယ်ဗျာ၊ ကျုပ်မှာ ကလေးမွေးပေးဖူးတဲ့အတွေ့အကြုံရှိပါတယ်၊ ကဲ - ဆရာမ နော်မူစေးကလည်း ကျုပ်ကို ဝိုင်းကူပေးမှ ဖြစ်မယ်နော်"

"စိတ်ချပါ - ဆရာ"

ကျွန်ုပ်သည် ရင်ထဲက သောကများဖြင့် ဗလောင်ဆူနေသည်၊ အကယ်၍ များ မွေးလူနာအကျဉ်းသူသည်၊ မီးဖွားနေတုန်း တစ်စုံတစ်ရာ ဖိတ်စဉ်သွား ညည်ကို စိုးရိမ်ကြောင့်ကျ နေသည်၊ အမှန်တကယ်တော့ မွေးလူနာသူမ၏ ငြင်းထန်သော စိတ်ဆန္ဒဖြင့် စိတ်ဝိညာဉ်လိပ်ပြာလွင့်စဉ်သွားသည်ဟု ဆိုရ ညည်လား မသိပေ၊ စောစောပိုင်း အချိန်တုန်းမှာ သတိလစ်မေ့မြောသွားခဲ့စဉ် ဖြစ်မည်၊ ကျွန်ုပ်လည်း မီးရောင်ဝါကျင့်ကျင့် အလင်းရောင်အောက်မှာ အကျဉ်းသူမျက်နှာကို လှမ်းအကဲခတ်ကြည့်လိုက်စဉ် ...

"ဟိုက် – ဘုရား – ဘုရား"

ကျွန်ုပ် နှုတ်မှ ယောင်ရမ်းကာ အာမေဋိတ်သံထွက်သွားသည်။ အံ့ဩဖွယ်ရာကောင်းသည်မှာ ယင်း မွေးလူနာအကျဉ်းသူ၏ မျက်နှာသွင်ပြင်မှာ ကျွန်ုပ် ကင်းစစ်ဆေးစဉ် စေတီလေးရှေ့ဝယ် ဘုရားဝတ်ပြုနေသော အကျဉ်းသူ၏ မျက်နှာနှင့် ဆင်ဆင်တူနေသည်။

ယခု သူမ ဝတ်ဆင်ထားသော ပုံစံအင်္ကျီ၊ လုံချည်အဖြူရောင်အတိုင်း မြင်တွေ့နေရသည်၊ မျက်နှာအနေအထားမှာလည်း နှာခေါင်းရှည်ပုံ၊ နဖူးမောက်ပုံ၊ နားထင်ချိုင့်ပုံ၊ မျက်တွင်းဟောက်ပက်နှင့် မျက်ကွင်းညိုနေပုံတို့ကို ကျွန်ုပ် ကောင်းစွာ မှတ်မိနေသည်။

ကျွန်ုပ်သည် ဆရာဝန်ဒေါက်တာထွန်းလွင်နှင့် နော်မှုစေးတို့နှစ်ဦး၏ တတ်ကျွမ်းလိမ္မာမှုနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်သောကြောင့် မွေးလူနာအကျဉ်းသူအား အောင်မြင်စွာ မွေးဖွားပေးနိုင်သည်ကို တွေ့မြင်ရလေသည်။ မွေးဖွားလာသည့်ကလေးမှာ ယောကျ်ားကလေးဖြစ်လေသည်။

ယင်းကဲ့သို့ သူမ၏ ကလေးကို အချိန်မီအောင်မြင်စွာ မွေးဖွားပေးပြီးသွားချိန်ဝယ် သူမ၏ မျက်နှာပြင်မှာ ချွေးသီးချွေးပေါက်များဖြင့် ကြည်နူးဝမ်းသာစွာ ငေးကြည့်နေရှာသည်။

စောစောပိုင်း အခြေအနေတွင် အိပ်ဆောင်သော့ ဖွင့်မရသေး၍ အမျိုးသမီးဆေးမှူးမှာ အိပ်ဆောင်ထဲဝင်မရပဲ ဖြစ်နေသည်၊ ထိုအချိန်တွင် အကျဉ်းသူမှာ မူးမေ့ကာ သတိလစ်မေ့မြောသွားလေသည်။

ကိစ္စများ အောင်မြင်ချောမောစွာ ပြီးသွားသောအခါ သူမက သူ၏ ဆန်းကြယ်သော ဖြစ်စဉ်ကို ရင်ဖွင့်ပြောပြနေသည်၊ ထိုစဉ်က သူမ၏ စိတ်ထဲတွင် အိပ်မက်လိုလို မြင်မက်နေသည်၊ အသိဉာဏ်ထဲမှာ ဘုရားကို တိုင်တည် ဆုတောင်းချင်သော စိတ်ဆန္ဒများ ဖွဲလမ်းကာ နာကျင်မှုဝေဒနာကို ခံစားနေရသည့် ထောက်တည်ရာ မရနေချိန်မှာ ဖြစ်သည်၊

သူမသည် နှင်းဆီခင်းကြီးထဲမှဖြတ်လျှောက်လာနေခဲ့စဉ် ခပ်လှမ်းလှမ်းမှာ ထုံးဖြူဖြူစေတီလေးတစ်ဆူကို အမှောင်ထဲမှ လှမ်းမြင်ရသည်၊ ထိုနောက် နှင်းဆီခင်းထဲမှ နှင်းဆီပန်းလေးငါးခက်ကို ခူးယူခဲ့ပြီး ဘုရားမှာ ပူဇော်ကာ ဆုတောင်းချင်သော အာသီသ ဖြစ်ပေါ်လာနေသည်၊

အထက်ပါအတိုင်း သူမက သတိပြန်လည်လာသည့်အခါ အကျဉ်းသူများကို ထူးဆန်းစွာပြောပြနေသည်၊

ကျွန်ုပ်နှင့် ဒေါက်တာထွန်းလွင်တို့ နှစ်ဦးသည် မွေးဖွားခြင်းကိစ္စ ပြီးစီးသွားခဲ့သဖြင့် ဆေးမှူးနော်မှုစေးကို နောက်ပိုင်းဆေးထိုး ဆေးတိုက်ရမည့် လုပ်ငန်းတာဝန်များကို မှာကြားထားခဲ့ပြီး အဆောင်ထဲမှ ပြန်ထွက်ရန် ပြင်ဆင်နေသည်၊

ထိုစဉ်အခိုက် ကျွန်ုပ်သည် ကလေးမီးဖွားပြီးသွားသဖြင့် ကျေးဇူးတင်သောအကြည့်နှင့် လှမ်းကြည့်နေသော အကျဉ်းသူနှင့်မျက်လုံးချင်း ဆုံမိသွားသည်၊ ကျွန်ုပ်၏မျက်လုံးအကြည့်မှာ သူမ၏ရင်ဘတ်ပေါ်တွင်တင်ထားသော နှင်းဆီနီနီရဲရဲတစ်ပွင့်ကို မထင်မှတ်ပဲ တွေ့မြင်လိုက်ရ၍ ဖြစ်သည်။


ယင်းနှင်းဆီပန်းပွင့်သည် ကျွန်ုပ်နှင့် စေတီလေးရှေ့ဝယ် လှမ်းမြင်ခြဲစဉ်လက်ထဲမှာကိုင်ဆုပ်ထားသော နှင်းဆီပန်းပွင့်များထဲမှ တစ်ပွင့်များဖြစ်နေလေမလားဟု စိတ်အတွေးမှာ ထင်မြင်နေမိသည်၊

ဖြစ်နိုင်သည်မှာ သူမ မူးမေ့သတိလစ် မေ့မြောနေစဉ် ညတာဝန်ကျဝန်ထမ်း၏ ခေါင်းမှာ ပန်ဆင်ထားသော နှင်းဆီပန်းပွင့်ကို အနံ့အသက် ပြင်းပြင်းရှူရှိုက်လိုက်ရမှ သတိပြန်လည်လာစေရန် ဖြုတ်ပေးလိုက်သော နှင်းဆီပန်းလားဆိုသည်ကို သိနိုင်မည့်သူမှာ ဘုရားမှတစ်ပါး မရှိနိုင်ပြီ ဖြစ်ပါသတည်း။

→→ မိုးဝေ


ဒဂုန်ရွှေမျှား

ဝိညာဉ်လောက ဝတ္ထုတိုများ




ဒဂုန်ရွှေမျှား

နေထွက်ဘုရင်မ







န်တော် အိပ်ရာက နိုးလာတော့ တစ်ကိုယ်လုံး ကိုက်ခဲနေသည်
ချာပိုးအိတ်ကိုလွယ်ပြီး ပေတစ်ထောင့်ငါးရာကျော်ခရီးကို မနားတမ်း
မ်းပြုရသေ့ ကလေးနောက်သို့ အမီလိုက်ရသဖြင့်) တက်လာ
ည်ကြောင့် ဖြစ်သည်။ မနေ့ညနေက တောင်ပေါ်သို့ ရောက်သည်
နေစာ စားပြီး တစ်ရေးအိပ်လိုက်ရာ ည(၁၂)နာရီကျော်ကျော်လောက်
င် တစ်ရေးနိုးလာသည်။

ရှတ်တရက် ပြန်အိပ်မပျော်သဖြင့် စာထိုင်ရေးနေရာ နံနက်(၃)နာရီ လောက်တွင် အိပ်ငိုက်လာသဖြင့် ပြန်အိပ်ပြီး ယခုမှ တဖန်ပြန်လည် နိုးလာ တာဖြစ်သည်။


ကျွန်တော် အိပ်ပျော်နေစဉ်နံနက်ပိုင်းတွင် သူတို့မြေးအဘိုးနှစ်ဦး ဘုရား ဝတ်တက်သည့်အသံကို ကြားနေရသည်။ ကွပ်ပျစ်ရှည်၏ဝရန်တာဘက်နှင့် နီးသော ဘုရားကျောင်းဆောင်ရှေ့တွင် ဖြစ်သည်။ ကျွန်တော့် အိပ်ရာသည် လက်ဝဲဘက် အစွန်းဝါးထရံနှင့် ကပ်လျက်ဖြစ်သည့်ကြောင့် ဘုရားကျောင်း ဆောင်နှင့် အနည်းငယ်လှမ်းသည်။ "အဘကံသိန်း" သည် နံနက်လေးနာရီ ထိုးသည်နှင့်ရင်ပြင်အောက်အခ်ဌာန်ကျောက်ဂူမှကျောက်လှေကားအတိုင်း ဤဝါးကျောင်းကလေးရှိရာသို့တက်လာကမြေးအဘိုးနှစ်ဦးဘုရားဝတ်တက် ကြတာဖြစ်သည်။ ရဓသ့ကလေး "အဂ္ဂ" ကားလေးနာရီထိုးသည်နှင့်ကျောင်း ရှေ့တံစက်မြိတ်ဝါးတန်းတွင် ချိတ်ဆွဲထားသော ကလတက်ရှည်ကြီးကို ရှည်လျားစွာ ခေါက်လိမ့်မည်။ သူ့ကလတက်သံသည် ဖင်းကျိုက်တောင်၏ "နဂါးဥလျှို" အတွင်းပဲ့တင်ထပ်ကာ ရိုက်ခတ်သွားလိမ့်မည်။ ထို့နောက် - ဘုရားမီးပူဇော်ကာ မြေးအဘိုးနှစ်ဦး ဘုရားဝတ်တက်နေကျဖြစ်သည်။

တစ်ခါတစ်ရံတွင် ကျွန်တော်က တရေးနိုး စာထရေးနေသဖြင့် သူတို့ ဘုရားဝတ်တက်တာနှင့် ကြုံနေတတ်သည်။ ကျွန်တော့်အတွက် မည်သို့မျှ အနှောက်အယှက်မဖြစ်သလို ကျွန်တော် စာရေးသည့်ကိစ္စသည်လည်း သူတို့အတွက် မည်သို့မျှ အနှောက်အယှက်မဖြစ်ပါ။ တစ်ခါတလေ ကျွန် တော်ကကြုံလျှင်ကြုံသလို သူတို့နှစ်ဦးနောက်နားတွင်ထိုင်ပြီး သူတို့နှင့်အတူ ရောယောင်ပြီး ဘုရားဝတ်တက်သည့်အခါ ရှိသည်။ ပရိတ်ကြီး(၁၁)သုတ် လုံး ကျွန်တော် မရသဖြင့် ရသည့်သုတ်ကိုသာ လိုက်ရွတ်နေခြင်း ဖြစ်သည်။ ဘုရားဝတ်တက်ပြီးလို့ နံနက်(၅)နာရီခန့်တွင် အဘကံသိန်းသည် "ဖြစ် - ချုပ် - ငြိမ်း" ဟု အမည်ပေးထားသော စေတီ၏ရင်ပြင်တစ်လျှောက် အမှိုက် လှည်းသည်။ ရဓသ့ကလေး အဂ္ဂက နံနက်စာအရုဏ်ဆွမ်းအတွက် မီးဖိုတွင်



မီးမိုးတအူအူထ အောင် ချက်ပြုတ်ကြော်လှော်လိမ့်မည်။ ကျွန်တော်က ထပ်ခါ တလေ အညောင်းပြေ အညာပြေ ရေကလေး၊ ထင်းကလေး ကူသယ်ပေး၍ သာ ရှိသည်။

ကျွန်တော်သည် ကျောပိုးအိတ်အတွင်း သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါနှင့် မှတ်ဆိတ်ရိတ်ဓားတို့ကိုထုတ်ပြီး အုတ်ရေကန် ကလေးရှိရာ ကျောင်းအနောက်ဘက်သို့ ထွက်လာခဲ့သည်။ ရေလောင်းအိမ်



ဟုတ်တယ်–စာရေးဆရာရဲ့ 'နဂါးဥ' ဘုရားရဲ့တောင်ခြေက

မြေပြန့်ကလေးမှာ တဲထိုးပြီး ဘုရားပူးတွေကို ပြစားတာ ဘုရားလာဖူးတဲ့

မြွေကြီးဆိုပြီး အလှူခံတယ်။ မြွေကြီးက အတော်ယဉ်တယ်။

ဘယ်သူကိုင်ကိုင်၊ ဘယ်သူ ဖက်ဖက် ဘာမှမလုပ်ဘူး။

တချို့လည်း အဲဒီမြွေကြီးနဲ့တွဲပြီး ဓာတ်ပုံရိုက်နေ ကြတယ်။

လူတွေ တရုန်းရုန်းပဲ...

သာသည် အုတ်ရေကန်နှင့် ယှဉ်လျက်ရှိသည်။ ဤအုတ်ရေကန်နှင့် အုတ်ရေလောင်းအိမ်သာကလေးကိုလွှန်ခဲ့သည့်နှစ်က ကျွန်တော်တို့စာရေးဆရာတွေ စုပေါင်းပြီး ဆောက်လုပ်လှူဒါန်းခဲ့တာဖြစ်သည်၊ နံနက်ခင်း ကျေးငှက်သာရကာတို့၏ဟစ်ကြွေးတွန်ကျူးသံများကား သာယာဖွယ်ကောင်းလှ၏။ ထိုစဉ် အောက်ဘက်စပ်လှမ်းလှမ်းမှ ခြေသံလိုလို သစ်ရွက်များ၊ လေတိုး၍ လှုပ်သံလိုလိုကြောင့် လှမ်းကြည့်လိုက်သည်၊ တစ်စုံတစ်ခုက ကန့်လန့်ကာထားသဖြင့် မမြင်ရ။ အဝတ်တန်းတွင် ကျွန်တော့် ရေလဲပုဆိုးက လှန်းထားသည်၊ ထိုပုဆိုးကို အလျင်စလို ဖယ်ပြီးကြည့်လိုက်သည်။ ချုံပုတ်ငယ်များကို ဖယ်ပြီး မိန်းမတစ်ဦး ခပ်သုတ်သုတ်အောက်ဘက်သို့လှမ်းဆင်းသွားသည်ကို ကျောဘက်မှလှမ်းမြင်လိုက်ရသည်။ အောက်ဘက်တွင်လူသွားလမ်းကလေး ရှိသည်၊ ထိုလမ်းကလေးသည် "ဖြစ် – ချုပ် – ငြိမ်း" စေတီမှ အောက်ဘက်သို့ ဆင်းသည့် အခြားလမ်း ဖြစ်သည်၊ ကြည့်နေရင်းနှင့်ပင် လမ်းအချိုးတွင် ပျောက်ကွယ်သွားသည်၊ သူ တိုးဝှေ့ပြီးဆင်းသွားသဖြင့် အပင်ငယ်များ လှုပ်ယမ်းကျန်ရစ်ခဲ့သည်ကို လှမ်းမြင်နေရသည်။ ကျွန်တော် အံ့ဩစွာ ကြက်သေသေပြီး အတန်ကြာရပ်နေမိသည်၊ စဉ်းစားလို့ မရနိုင်အောင်လည်း ရှိနေသည်။ ဘယ်က မိန်းမလဲ၊ ဘာလာလုပ်တာလဲ။ ဒီအချိန်ကြီး တစ်ယောက်တည်း ဘုရားလာဖူးတာတော့ မဖြစ်နိုင်၊ အကျီအနီရောင်နှင့် အထုပ်တစ်ထုပ်ကို ခေါင်းပေါ်ရွက်ထားသည်၊

ကျွန်တော်သည် ကမန်းကတန်း သွားတိုက်၊ မျက်နှာသစ်ပြီး ထိုကိစ္စကို အဘကံသိန်းနှင့် ရသေ့ကလေး အဝ္ဂကို ပြောပြမည်ဟု စိတ်ကူးသေးသည်။ နောက်မှ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားကြည့်ပြီး သူတို့အတွက် အနှောက်အယှက်မဖြစ်စေလိုသည်ကြောင့် ဘယ်သူ့မှမပြောတော့ဘဲ ရင်ထဲတွင် သိမ်းဆည်းလိုက်သည်။



သည်နေ့သည် တန်ခူးလဆန်း (၁၀)ရက်နေ့ ဖြစ်သည်၊ **ဤဖင်းတနိုတ်** တောင်ထိပ်တွင် ထည့်ထားလျက်ရှိသော စေတီတော်မြတ်ကြီး၏ **ဗုဒ္ဓပူဇနီယ** ပွဲတော်ကြီး ကျင်းပနေသည့် သုံးရက်မြောက်နေ့ ဖြစ်သည်၊ တောင်ခြေမြေ တွက်လပ်ကျယ်ကြီးတွင် ပွဲတော်များဖြင့် စည်ကားနေ၏။ ထိုအချိန်ကာလတွင် အချို့သော ဘုရားဖူးများ ပေသုံးထောင်အမြင့်ရှိစေတီတော်ရှိရာ တောင်ထိပ်သို့ ခြေကျင်တက်ရောက်ကာ ဖူးမြော်ကြသည်၊ ရပ်ဝေးရပ်နီးအသီးသီးမှ ဧည့်သည်များ စုံလှသည်၊ တောင်ခြေမှ တောင်ထိပ်သို့ တက်ရာ လမ်းတစ်လျှောက် နေ့ရော ညပါ ဘုရားဖူးများဖြင့် စည်ကားနေ၏။

ကျွန်တော်တို့ စခန်းဖြစ်သည့် "ဖြစ် – ချုပ် – ငြိမ်း" စေတီကလေးသည် ခင်းကျိုက်တောင်၏ လမ်းတစ်ဝက် နဂါးဥဘုရားမှ လမ်းခွဲလက်ျာဘက်သို့ တက်သွားရသည်၊ ကျောက်ကမ်းပါးယံအထက်တွင် ရှိသည်၊ အနည်းငယ် ခေါင်လှသဖြင့် လူအရောက်အပေါက် နည်းလှသည်၊ လမ်းကြုံ၍ ဝင်လာရသည့် နေရာမျိုးမဟုတ်၊ တမင်သီးခြားလာမှသာ ရောက်သည့်နေရာမျိုး ဖြစ်သည်၊ လူအရောက်ပေါက် နည်းသဖြင့်လည်း တိရစ္ဆာန်အမျိုးစုံ နေထိုင်ကျက်စားကြသည်၊ ကျွန်တော်တို့၏ဝါးကျောင်းကလေးအရှေ့ဘက်ကျောက်ဖျာထက်တွင် စုပုံထားသော ထမင်းကျန် ဟင်းကျန်များကို ကြွက်ဝမ်းဖြူကြီးများ၊ ရှဉ့်များ၊ ငှက်ပေါင်းစုံများ လာရောက်စားသောက်နေကျ ဖြစ်သည့် အတွက် တိရစ္ဆာန်များ၏ သီးခြားဘေးမဲ့ နေရာကလေးတစ်ခု ဖြစ်သည်၊ တစ်ညနေခင်းတွင် ရသေ့ကလေး "အဝ္ဂ" သည် အမောတကော ရောက်လာတာ ...

"တရေးဆရာကြီး – မြွေကြီးတစ်ကောင်မျှ နည်းတာကြီး မဟုတ်ဘူး၊ ပေါင်လယ်လောက် ရှိမယ်"

"ဘယ်မှာလဲ"

ကျွန်တော်လည်း လန့်ဖျပ်ကာ မေးလိုက်သည်၊

"နဂါးဥဘုရားတောင်ခြေမှာ ..."

"ဟင်း – ဘုရားဖူးတွေ ဒုက္ခရောက်တော့မှာပဲ"

"မဟုတ်ဘူးဗျ။ သူတို့က သက်သက်လာပြားတာ"

"ဘာ – ဘယ် – ဘယ်လို"

"ဟုတ်တယ် – စာရေးဆရာရဲ့ "နဂါးဦ" ဘုရားရဲ့တောင်ခြေက မြေပြန့်ကလေးမှာတဲထိုးပြီးဘုရားဖူးတွေကိုပြားတာဘုရားလာဖူးတဲ့မြွေကြီးဆိုပြီးအလှူခံတယ်။ မြွေကြီးက အတော်ယဉ်တယ်၊ ဘယ်သူကိုင်ကိုင်၊ ဘယ်သူဖက်ဖက် ဘာမှမလုပ်ဘူး။ တချို့လည်း အဲဒီမြွေကြီးနဲ့တွဲပြီး ဓာတ်ပုံရိုက်နေကြတယ်၊ လူတွေ တရုန်းရုန်းပဲ"

"ဩော်"

ကျွန်တော် အံ့ဩခြင်း မဖြစ်မိပါ။ ပွဲတော်ရက်တွင် နယ်ပေါင်းစုံမှ စီးပွားရှာ ရောက်ရှိလာသူများ၏ ပိုက်ဆံရှာနည်းများစွာထဲက တစ်ခုဖြစ်သည်။ ထို့ကြောင့် ဒါနှင့်ပတ်သက်ပြီး ရသေ့ကလေးကို ဘာမှဆက်မမေးတော့ဘဲ စာဆက်ရေးနေလိုက်သည်၊ လေတစ်ချက်အဝှေ့တွင် စေတီမှ ဆည်းလည်းကလေးများကို သာယာဖွယ်ကြားရသည်။ ဤဖင်းကျိုက်ဆံတော်ရင် ဗုဒ္ဓပူဇနီယပွဲတော်ကား ရက်ရှည်ဘုရားပွဲဖြစ်သည့် တန်ခူးလဆန်း (၈)ရက်မှ စတင်ကာ လပြည့်ကျော် (၁)ရက်နေ့အထိ ဖြစ်သည်၊

"စပါးကြီးမြွေက ဘုရားလာဖူးတယ်ဆိုတာ ယုံစရာလား"

တစ်ညနေတွင် အဘကံသိန်းသည် ဝါးပက်လက်ကုလားထိုင်ပေါ်မှ ဆေးတံဖွာရင်း အမှတ်မထင် ပြောလိုက်သည်၊ ကျွန်တော်က မလှမ်းမကမ်း ထမင်းစားစုံပေါ်တွင် စာထိုင်ပြီး ရေးနေသည်။ ရသေ့ကလေး အငွကြ အဘကံသိန်းခြေသလုံးတွေကို ဆုပ်နယ်ပေးနေသည်၊ ထိုအချိန်တွင် ကောက်ကာငင်ကာ ပြောလိုက်သောစကား ဖြစ်သည်၊

"မင်းတို့ ဉာဏ်နဲ့ ဝေဖန်စဉ်းစားကြည့်စမ်း။ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ – မြွေဆိုတာ လူရဲ့ရန်သူပဲ၊ အကိုင်ခံ၊ အဖက်ခံအောင် သူ့ကို ဘာလုပ်ထားတယ်ဆိုတာ မင်းတို့ သိလား"



ကျွန်တော်တို့နှစ်ဦး စိတ်ဝင်တစား အဘကံသိန်း နောက်ထပ်ပြောမည့်စကားကို နားစွင့်နေကြသည်။

"မင်းတို့ပြောပုံ မြွေဟာ ဒီလောက်ယဉ်နေမှတော့ အိပ်ဆေးထိုးထားရင်ထိုးထား၊ မထိုးထားရင် ဘိန်းကျွေးထားတာ ဖြစ်ရမယ်"

ကျွန်တော်တို့နှစ်ဦး၊ ပါးစပ်အဟောင်းသားနှင့် အဘကံသိန်းကို ငေးကြည့်နေမိသည်၊

"တစ်ဘဝ၊ တစ်နှပ်စာအတွက် ထမင်းတစ်ဝမ်းကို ဝရဲနဲ့ လဲစားနေကြတဲ့လူတွေ၊ ဟောဒီဘုရားပွဲတစ်ကွင်းလုံးမှာ ကောင်းရောင်းကောင်းဝယ် လုပ်စားတဲ့သူတွေ အတော်နည်းကုန်ပြီ။ အဒါ – မင်းတို့ သိကြရဲ့လား၊ မက်လုံးကလေး နည်းနည်းပေးပြီး အလောင်းအစားလုပ်နေတဲ့ ကစားသမားတွေ လွှမ်းမိုးလာတာ လေးငါးနှစ်ရှိပြီကွ၊ ဗုဒ္ဓပူဇနီယပွဲတော်မို့ ကုသိုလ်ရေးသက်သက်လို့ မင်းတို့ မထင်ကြနဲ့"

အဘကံသိန်းပြောမှပင် ကျွန်တော်တို့ သတိထားမိကြသည်၊ တောင်ခြေက ပွဲတော်ကျင်းပရာ ကွင်းပြင်ကြီးထဲတွင် မဏ္ဍာပ်ကြီးငယ်ထိုး၍ အသံချဲ့စက် အပြိုင်အဆိုင်ဖွင့်ကာ ကံစမ်းမဲဖောက်ပေးသည့် ဆိုင်တွေ၊ ပစ္စည်းအပေးအယူ၊ ငွေအပေးအယူနှင့် ပြောင်ပြောင်တင်းတင်း အလောင်းအစားပြုလုပ်နေကြသည့်ဆိုင်တွေ အလွန်များသည်၊

"ဒါ့ကြောင့် – ပဋ္ဌာန်းဒေသနာမှာ ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သလို တစ်ခါတစ်ရံ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သတဲ့"

"ဟုတ်ကဲ့"

"ကုသိုလ် – ဘယ်လောက်လုပ်လုပ်ပေါ့ကွာ၊ စောစောက ပြောသလို ကုသိုလ်နောက်က ကပ်ပါလာမယ့် လောဘ၊ ဒေါသတွေကို အရင်မသတ်ထားရင် ကုသိုလ်လုပ်ရင်းနဲ့ အကုသိုလ်ဖြစ်နေတာ"

အဘကံသိန်းသည် စကားပြောနေရာမှ အညောင်းဆန့်လိုက်သည်။ ရသေ့ကလေးအငွကြ ...

"အဘ – ရေချိုးတော့မလား"

"အေး ..."

သူတို့မြေအဘိုးနှစ်ဦး ကျောင်းအနောက်ဘက် အုတ်ရေကန်ကလေး ရှိရာသို့ ထွက်သွားကြသည်။ ကျွန်တော်ကား စာဆက်ရေးနေသည်။ ခဏ အကြာတွင် ရသေ့ကလေးအဂ္ဂ သုတ်သီးသုတ်ပျာနှင့် ကျောင်းပေါ်ပြေးတက် လာသည်။

"စာရေးဆရာ – ထ – ကျုပ်နောက်လိုက်ခဲ့"

အလောတကြီး ကျွန်တော့်လက်ကိုဆွဲကာ စေတီရှိရာဘက်သို့ သုတ် သုတ်ထွက်လာခဲ့သည်။ ကျွန်တော်လည်း ဘုမသိဘမသိနှင့် ကန့်လန့် တန့်လန့် လိုက်ပါလာခဲ့ရသည်။

"ဘာဖြစ်လို့လဲ – ရသေ့ကလေး"

"မသင်္ကာစရာမိန်းမတစ်ယောက် အောက်လျှိုထဲက ဒီဘက်ကို တက် လာတယ်"

"ဟင် ..."

တိုက်ဆိုင်လွန်းလှသည်။ ကျွန်တော်လည်း လွန်ခဲ့သည့်ရက်က ထိုလျှို ထဲတွင် မိန်းမတစ်ယောက်ကို တွေ့ခဲ့သည်။ ခေါင်းပေါ်တွင် အထုပ်တစ်ထုပ် ရွက်ပြီး ခပ်သုတ်သုတ် ဆင်းသွားသည်။ မိန်းမ – ယခုတက်လာသည်မှာ ထို ကျွန်တော် တွေ့ခဲ့သည့်မိန်းမပဲ ဖြစ်နေမလား။

"ဖြစ် – ချုပ် – ငြိမ်၊" စေတီကလေး အနောက်ဘက်တွင် လမ်းမြောင် ကလေးတစ်ခု ရှိသည်။ ထိုလမ်းကလေးသည် လှေကားထစ်များ မရှိပါ။ အသွားအလာ နည်းသည့်လျှိုလမ်းဖြစ်သည်။ ကျွန်တော်တို့နှစ်ဦးသည် ထို လမ်းမှ နီးရာအပင်ငယ် ချုံပုတ်များကို ကိုင်၍ ခဲရာခဲဆစ် လျှောဆင်းလာကြ ခြင်းဖြစ်သည်။ ဤလမ်းအတိုင်း ဆင်းသွားလျှင် "နဂါးဥ" ဘုရားခြေရင်းသို့ ရောက်သွားမည်ဖြစ်ပြီး ပင်မ ဇင်းကျိုက်တောင်တက်သည့် လမ်းမကြီးနှင့် ဆုံရာ ဆုံမှတ်သို့ရောက်ရှိလိမ့်မည်ဖြစ်သည်။ ဤလမ်းသည်လမ်းဟုဆိုသော်



လည်း ချုံတိုးရသည့်လမ်းမျိုး။ ကျွန်တော်တို့နှစ်ဦးသည် ခြေသံမကြားအောင် တိတ်တဆိတ် လှမ်းလာခဲ့ကြသည်။ လမ်းအကွေ့တစ်နေရာအရောက်တွင် ဘွားခနဲ လူတစ်ဦးနှင့် ပက်ပင်းတိုးသည်။

"ဟာ ..."

"ဟင် ..."

ထိတ်လန့်သော မျက်လုံးအစုံဖြင့် ကျွန်တော်တို့ကို လှမ်းကြည့်နေသည့် "မိန်းမတစ်ဦး" ခိုးကြောင်ခိုးဝှက် အထုပ်အထည်နှင့် လူမိခံရသည့် မျက်လုံး မျိုးဖြင့် ကျွန်တော်တို့ကို လှမ်းကြည့်နေခြင်းဖြစ်သည်။ ဤတွင် ရသေ့ကလေး က ...

"ခင်ဗျား – စပါးကြီး ပြစားတဲ့ဆီက မိန်းမကြီး မဟုတ်လား"

"ဟုတ် – ဟုတ် – ပါ – တယ်"

"ဒီကို – ဘာလာလုပ်တာလဲ"

"ဟို – ဟို – အစာလာရှာတာ – ပါ"

"ဘာ – အစာလဲ"

မိန်းမကြီးသည် ရသေ့ကလေးနှင့် ကျွန်တော့်ကို တစ်လှည့်စီကြည့်ရင်း ဖြေရခက်နေသည်။ လက်ထဲတွင် ကိုင်ထားသည့် ဆွဲခြင်းကိုလည်း နောက် သို့ပို့ကာ ကိုယ်နှင့် ကွယ်ထားလိုက်သည်။

"ပြစမ်း – အဲ – ဒီဆွဲခြင်း"

မလွှဲမရှောင်သာတော့သဖြင့် ဆွဲခြင်းကို ရှေ့သို့ ထိုးပြသည်။ ဆွဲခြင်းကို မြွေခွံအိတ်ဖြင့် လုံးထွေးပြီး ဖုံးအုပ်ထားသည့် ထိုမြွေခွံအိတ်ကို ဖယ်လိုက် တော့ ...

"ဟာ – ကြည့်စမ်း"

ရသေ့ကလေးနှုတ်မှ ကြိတ်မနိုင်၊ ခဲမရ ထွက်သွားသည့်စကားသံ ဖြစ် သည်။ ဆွဲခြင်းထဲတွင်တော့ ကြွက်အသေ လေးငါးကောင်နှင့် ရွှေအသေး သုံးလေးကောင်ကို တွေ့ရသည်။ ကျွန်တော့် မျက်လုံးနှင့် သေးသေးတို့စေ့စိုက် ကြည့်လိုက်စဉ်တွင် ...

"ဟင် ..."

လက်လှမ်းမီသလောက် သစ်ပင်သစ်ကိုင်းများတွင် ကပ်၍ချည်နှောင်ထားသည့် ကြွက်ထောင်ချောက် (ကြွက်ညှပ်)များကို များစွာ တွေ့ရသည်၊ ဤလျှိုတစ်ပိုက်နေရာသည် ကျွန်တော်တို့ ဘေးမဲ့ပေးထားသည့် တိရစ္ဆာန်တို့၏ နားခိုရာ အသိုက်အမြုံနေရာတစ်ခု ဖြစ်သည်၊

"ဒါတွေ - ခင်ဗျား ဘာလုပ်ဖို့လဲ"

"ဟို - စပါးကြီးအစာအတွက်ပါ"

အသက်ငါးဆယ်ကျော်ခန့်ရှိမည့် မိန်းမကြီးတစ်ယောက်ဖြစ်သည်၊ အတစ်ထစ်အငေါ့ငေါ့နှင့် ပြောဆိုနေတာဖြစ်သည်၊ ကျွန်တော် သူ့ကိုကြည့်နေရင်း အားနာလာသည်၊ ရသေ့ကလေး ပြောဆိုပုံအရ စပါးကြီး ပြစားကြသည့် မိန်းမကြီးတွင် မြေးမလေးတစ်ဦး ရှိသည်၊ ဤမြေးအဘွားနှစ်ဦးတဲကလေးထိုးကာ "ဘုရားဖူးလာသည့် မြွေကြီး" ဟုအမည်ပေးကာ အလှူခံစားနေကြတာ ဖြစ်သည်၊

ကျွန်တော်တို့နှစ်ဦးသည် အဘွားကြီးကို ဘာမျှဆက်မပြောတော့ဘဲ ပြန်လှည့်လာကြသည်၊ ကျောင်းရောက်တော့ အဘကံသိန်းက အတန်ကြာကြာ စဉ်းစားပြီးမှ ...

မင်းတို့ကို ပုံပြင်တစ်ပုဒ် ပြောပြမယ်ဆိုပြီး အောက်ပါပုံပြင်ကလေး တစ်ပုဒ်ကို ပြောပြပါသည်၊

(ရှေးအခါက မုဆိုးတစ်ဦး တောလမ်းခရီးတစ်ခုတွင် သားကောင် ရှာဖွေရန်အသွား မြားကျည်တောက်အတွင်းမှ မြားတံတစ်ချောင်း ကျကျန်ခဲ့သည်၊ ရဟန်းတစ်ပါး ခရီးသွားရင်း လမ်းတွင် ကျနေသောမြားကိုတွေ့ရာ လမ်းသွားလမ်းလာတစ်ဦးဦး ခလုတ်တိုက်ရင်း ထိုးမိမည်ကို စိုးရိမ်သည့်အတွက် ကောက်ယူပြီး အနီးရှိ ချုံပုတ်အတွင်းသို့ လွှင့်ပစ်လိုက်သည်၊ ထိုအခါ ချုံပုတ်အတွင်းတွင် အစာရှာနေသော ယုန်တစ်ကောင်ကို စူးမိရာ ထိုယုန်ကောင် သေပွဲဝင်



သည်၊ ဤတွင် ထင်းခွေသမားတစ်ယောက်သည် ယုန်ကောင်ကို တွေ့ရှိရာ ဟင်းလျာအဖြစ် ချက်စားလိုက်သည်၊)

ပုံပြင်ကလေးက ထိုမျှသာဖြစ်သည်၊ ပုံပြင်ဆုံးလျှင်ဆုံးချင်း အဘကံသိန်းက မေးခွန်းထုတ်သည်၊

"ယုန်ကိုသတ်တာ ဘယ်သူလဲ"

ကျွန်တော်က မဆိုင်းမတွ ပင် ...

"ရဟန်း - ပေါ့"

"သူ တမင်သတ်တာ ဟုတ်လို့လား"

ကျွန်တော် ဖြေရခက်သွားသည်၊ ဟုတ်သည်၊ တမင်သတ်သည်ဟု မဆိုနိုင်ပြန်၊ ဒါဖြင့် - သားကောင်လိုက်ရှာသည့်မုဆိုးကလည်း မြားပိုင်ရှင် အမှန်ပင်ဖြစ်၍ တမင်သေအောင် ရှာဖွေသတ်ဖြတ်လိုသည့်ဆန္ဒဖြင့် သတ်လိုသည်ထား၊ သူ သတ်သည်ဟု မဆိုနိုင်ပြန်၊ ယုန်ကတော့ အမှန်သေပြီ၊ ကျွန်တော်နှင့် ရသေ့ကလေးအဝ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်နေရင်း အဖြေရှာနေကြသည်၊ အဘကံသိန်းကား ဆေးတံကို အဆက်မပြတ်ဖွာရင်း ကျွန်တော်တို့နှစ်ဦးကို အကဲခတ်နေသည်၊ အတန်ကြာမှ ...

"ယုန်က သေနေ့ရောက်လို့ သေရတာဖြစ်သလို ထင်းခုတ်သမားကလည်း ယုန်သားစားရမယ့်ကိန်း ဆိုက်လို့ စားရတာပဲ၊ ဘယ်သူ့မှာမှ အပြစ်မရှိဘူး၊ အဲဒါ - မင်းတို့ မှတ်ထား"

"ဗျာ"

"မဗျာနဲ့ - စာရေးဆရာ၊ စေတနာဟဲ ဘိက္ခဝေ ကာမံဝဒါမိ လို့ ဘုရားဟောဒါ - အဲဒါပဲ၊ စေတနာကိုကံလို့ ဟောထားတာကြောင့် ရဟန်းမှာ ယုန်သေစေလိုတဲ့ စေတနာမပါသလို မုဆိုးကလည်း ကာယကံမြောက်မတွေ့ရလို့ သူတို့နှစ်ဦးစလုံးမှာ ဘာကံမှ မမြောက်ဘူး"

ကျွန်တော်သည် အဘကံသိန်း၏စကားကို နားလည်သလိုလို နားမလည်သလိုလိုနှင့် ဇဝေဇဝါဖြစ်နေမိက် ...

"အဲဒါကို မင်းတို့နှစ်ယောက်ကလည်း ဒီကိစ္စမှာ ကံမပါအောင် ကြိုးစားပြီးနေကြ"

"ဗျာ - ဘယ်လို - အဘ - ဘာကို ကံမပါအောင် ကြိုးစားရမှာလဲ"

အဘကံသိန်းက ပြုံးလျက် ကျွန်တော့်ကို ကြည့်သည်။

"မြွေအစာရှာတဲ့မိန်းမကြီးက သူ့မြွေအတွက် ကံမြောက်အောင် ရှာဖွေနေရတာ အကုသိုလ်ဖြစ်တာမှန်တယ်၊ သဘာဝအလျောက် သူ့အစာကို သူဟာသူ ရှာဖွေစားသောက်တတ်တဲ့ မြွေဆိုတဲ့ သတ္တဝါကို သူက ပိုင်ဆိုင်ထားတော့ အစာအတွက် သူ့မှာ တာဝန်ရှိတာကိုး။ မြွေကိုသာ သူမ ပိုင်ဆိုင်ထားရင် ဒီကံ သူ မြောက်နိုင်ပါ့မလား - စာရေးဆရာ"

"ဟုတ်ကဲ့ - အဘ - မမြောက်နိုင်လောက်ပါဘူး"

"အေး - အဲဒါပဲ - တို့မှာလည်းဘေးမဲ့ပေးပြီးအစာကျွေးထားတဲ့တိရစ္ဆာန်အကောင်တွေ အများကြီးရှိတာ အမှန်ပဲမဟုတ်လား"

"ဟုတ်ကဲ့ - အဘ"

"တို့ - ကျွေးထားတာမှန်ပေမယ့် တို့တမင်မွေးထားတာ ဟုတ်ရဲ့လား"

"မဟုတ်ပါဘူး - အဘ"

"အေး - ဘယ်တိရစ္ဆာန်ကိုမှ တို့မပိုင်ဘူးဆိုတာ မှတ်ထား၊ သတ္တဝါငယ်ကလေးတွေဟာ သတ္တဝါကြီးတွေရဲ့ ညှဉ်းဆဲသတ်ဖြတ် စားသောက်ခြင်းခံရတာမှတာပဲ၊ သတ္တဝါတစ်ခု၊ ကံတစ်ခုမို့တို့တစ်တွေ အားလုံးကိုဥပေက္ခာထားနိုင်ရမယ်၊ လျစ်လျူရှုနိုင်ရမယ် - ဟုတ်ပြီလား"

"ဟုတ်ကဲ့ - အဘ"

"မိန်းမကြီး - သူ့မြွေအတွက် အစာလာရှာတာကို မင်းတို့ သွားပြီးမပင်ကြနဲ့ - မတားဆီးကြနဲ့"

"စိတ်ချပါ - အဘ"



စကားအဆုံးတွင် အဘကံသိန်းသည် ပက်လက်ကုလားထိုင်မှထထော အညောင်းဆန့်လိုက်သည်၊ အမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံလာသည်ကြောင့် ရဖသုကလေးအဌ ဘုရားမီးပူဇော်ရန် ထလိုက်သည်၊ ကျွန်တော်ကား အဘကံသိန်း ပြောသွားသည့်စကားတွေကို ပြန်လည်ကာ စဉ်းစားနေဆဲ၊

နေရောင် ငွေ့လျှို့ပျောက်ကွယ်သွားသည်ကို တောင်ထိပ်မှ လှမ်းမြင်ရသည်၊ အနောက်ဘက် လယ်ကွင်းပြင်၏ မျက်စိတစ်ဆုံးနှင့် မိုးကုပ်စက်ဝိုင်းအနားသတ်မျဉ်းအတွင်း နီကြင်ကြင်နေလုံးကြီးသည် တဖြည်းဖြည်းနှင့် ငွေ့လျှို့ပျောက်ကွယ်သွားခြင်းမျိုးဖြစ်သည်၊ ဆောင်းဦးကာလဖြစ်သည်ကြောင့် ရုတ်ခြည်း အမှောင်ထုက စိုးမိုးလာသည်၊ မြူနှင်းများနှင့်အတူ လေကပါတဝူးဝူးတိုက်ခတ်နေသည်ကြောင့် ကျွန်တော်သည် သိုးမွှေးဆွယ်တာပေါ်တွင် သားရေဂျာကင်ကိုပါ ထပ်ဝတ်လိုက်ရသည်၊

ရဖသုကလေး "အဌ" ကား စေတီရင်ပြင် တနင်္ဂနွေထောင့်တွင် တင်ပျဉ်ခွေ၍ တရားရှုမှတ်နေဆဲ၊ သူ ဘာတွေရှုမှတ်နေမည်မသိ၊ ကျွန်တော်ကတော့ သူမလှုပ်မယှက်ထိုင်နေသည်ကိုသာ မြင်နေရသည်၊ စေတီ၏တနင်္လာဂြိုဟ်ထောင့်တွင်တော့ "ဖြစ် - ချုပ် - ငြိမ်း" "အဘကံသိန်း" တရားထိုင်နေသည်၊ သူတို့မြေးအဘိုးနှစ်ဦး တရားထိုင်နေကြရာကြားတွင် စေတီ၏ ထောင့်စွန်းအစ်ခုက ကွယ်လျက်ခြားထားသည်၊

ကျွန်တော်သည် ရင်ပြင်တစ်လျှောက် စေတီကိုပတ်၍ စင်္ကြံလျှောက်နေသည်၊ ဇင်းကျိုက်တောင်ထွတ်ဖျားတွင် တည်ထားသည့် စေတီ၏ ပတ်ပတ်လည်ရင်ပြင်သည် သိပ်မကျယ်ဝန်းလှပါ၊ ထိုရင်ပြင်အစွန်းပတ်ပတ်လည်ကိုနံသတ်ခန့်အမြင့်ရှိအုတ်နံရံကြီးများဖြင့် ဝိုင်းပတ်ကာရံထားသည်၊ တစ်ဖက်ဆိုတော့ ချောက်ကြီးအောက်မှ ပင့်၍တိုက်ခတ်လာသော လေကြမ်းတွင် နှင်းငွေ့များ ရောယှက်ပါလာသည်ထင်၏၊ စပ်ဖျဉ်းဖျဉ်းနှင့် အေးစိမ့်သည့် အထိအတွေ့ကို ခံစားရသည်၊ ကျွန်တော်သည် ဆေးပေါ့လိပ်တစ်လိပ်ထုတ်

ကာ မီးညှိသည်။ လေကြမ်းလွန်းသည့်ကြောင့် မီးညှိ၍မရပါ။ အုတ်နံရံခြေရင်းတွင်ထိုင်ပြီး မုဆိုးနှင့်ကွယ်ကာ မီးညှိရသည်။ ဆေးလိပ်ဖွာရင်း အပျင်းပြေ တောင်ခြေကို လှမ်းကြည့်နေမိသည်။

လျှပ်စစ်မီးရောင်များ ပြိုးပြိုးပြက်ပြက်အောက်တွင် ဖင်းကျိုက်မြို့ကြီးကို အပြားလိုက် မြင်ရသည်။ လက်ျာဘက်တွင် ပန်းကုန်းကျေးရွာ၊ ကတွန်ကျေးရွာ၊ လက်ဝဲဘက်တွင် ဝက်ကြီးကျေးရွာ၊ အုတ္တံတားကျေးရွာတစ်လျှောက်လုံး လျှပ်စစ်မီးများဖြင့် ထိန်ထိန်သာနေသည့် မြို့ပြယဉ်ကျေးမှုများ။

ယခုနှစ်ပေါင်းများစွာက ဤဒေသများသည် သောင်းကျန်းသူတို့၏ခြေကုပ်စခန်းတွေ ဖြစ်ခဲ့ကြသည့် ဆက်ကြေးကောက်၊ ရွာမီးရှို့ အမျိုးမျိုးသောနှိပ်စက်မှုအောက်တွင် အလူးအလဲ ခံခဲ့ကြရသောရွာများ ဖြစ်ကြသည်။ မိုးချုပ်လျှင် စောစီးစွာ မီးမှိတ်၍ ပုန်းအိပ်ကြရသောရွာများ ကျောင်းစာသင်နေရင်းပင် ကျီးလန့်စာစားထိတ်လန့်နေခဲ့ရသည့်ကာလ၊ ထိုစဉ်က ဖင်းကျိုက်ရွာတွင် အလယ်တန်းကျောင်းတစ်ကျောင်းတည်းသာရှိသဖြင့် ပတ်ဝန်းကျင်ရွာ လေးငါးရွာမှ ကျောင်းသားကျောင်းသူများ ဤအလယ်တန်းကျောင်းကလေးကိုသာ အားကိုးပညာရှာမှီး နေရသည့်ကာလ၊ ယခုကား ထိုသို့မဟုတ်တော့ပြီ။

သူတို့ မြေးအဘိုးနှစ်ဦး တရားထိုင်နေသည်ကို စောင့်ဆိုင်းနေရင်း ကျွန်တော်သည် အတွေးနယ်ချဲ့နေမိသည်။ အဘကံသိန်းနှင့် မြေးကလေး အငွတို့ သည် ဤဖင်းကျိုက်တောင်ထိပ်၏ အောက်ဘက် ခရီးတစ်ဝက်ခန့်ရှိ နဂါးဥဘုရားရှိရာ လက်ျာဘက်တောင်စွယ်တွင် "ဖြစ် - ချုပ် - ငြိမ်း" စေတီ တစ်ဆူတည်ကာ ထိုစေတီဘေးတွင် ဝါးကျောင်းကလေးဆောက်ပြီး သီတင်းသုံး နေထိုင်လျက်ရှိသည်။ ထိုသို့ နေထိုင်ရာမှ တစ်လလျှင် တစ်ကြိမ်ခန့် ဆိုသလို သုံးရက်အဓိဋ္ဌာန်ဖြင့် ဤဖင်းကျိုက်တောင်ထိပ်သို့ တက်ရောက်ပြီး စေတီရင်ပြင်တွင် တရားရှုမှတ်လေ့ရှိသည်။ ဤနေ့သည် ဒုတိယနေ့ ဖြစ်သည်။



ကျွန်တော်သည် သူတို့အတွက် ရိက္ခာထုပ်များကို ဝိုင်းကူသယ်ဆောင်ပေးရင်း အဖော်အဖြစ် အပျင်းပြေ လိုက်ပါလာခြင်းသာ ဖြစ်သည်။ ရင်ပြင်၏ အရှေ့ဘက်အောက် လျှိုကလေးတွင် သစ်သားဇရပ်ကလေး တစ်ဆောင်ရှိသည်။ ထိုဇရပ်ကလေးတွင်ကျွန်တော်တို့ခေတ္တတည်းခိုနေကြခြင်းဖြစ်သည်။ ကျွန်တော်သည် ထိုသုံးရက်အတွင်း စာရေးစာဖတ်ခြင်းဖြင့် အချိန်ကုန်အောင် နေရမည် ဖြစ်သည်။ ထို့ကြောင့် ဖတ်စရာစာအုပ်အချို့နှင့် စာရေးရန် ဗလာစာအုပ်အချို့ကို ယူဆောင်လာသည်။ ယခုညတွင်တော့ စာရေးစာဖတ်ရန် ခပ်ပျင်းပျင်းရှိသည်နှင့် စေတီရင်ပြင်ပေါ်သို့ လိုက်ပါလာခြင်းဖြစ်သည်။

ညဉ့်သည်တဖြည်းဖြည်းနှင့်နက်ရှိုင်းလာသည်နှင့်အမျှအအေးဓာတ်က ပိုကဲလာသည်။ ကျွန်တော်သည် ဂျာကင်အင်္ကျီအိတ်အတွင်း ထည့်ယူလာသည့် သိုးမွေးခေါင်းစွပ်ကို ထုတ်ပြီးစွပ်လိုက်သည်။ သူတို့မြေးအဘိုးနှစ်ဦးကား မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေကြဆဲ။ ဖင်အစီခံအထိ တိုဝင်နေပြီဖြစ်သော ဆေးလိပ်တိုကို အုတ်နံရံနှင့်ထိုးချေပြီး အပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။ ထိုစဉ် ကျွန်တော့်အနောက်ဘက်တွင် လူရိပ်သဏ္ဌာန်တစ်ခုလိုလို ထင်ရသည်ကြောင့် လှည့်အကြည့်တွင် ယောဂီဝတ်နှင့် အမျိုးသမီးတစ်ဦး ကျွန်တော့်ကို မလှုပ်မယှက် လှမ်းကြည့်နေသည်။ စေတီထိပ်များ စိန်ဖူးအထက်နားတွင် ထွန်းညှိထားသော မာကျူရီမီးရောင်ကြောင့် သူမကို ထင်ရှားစွာ မြင်ရမည်ဖြစ်သော်လည်း မြူနှင်းများ ပိတ်ဖုံးနေသည်ကြောင့် မသဲမကွဲသာ လှမ်းမြင်နေရသည်။ သူမသည် တဖြည်းဖြည်းနှင့် ကျွန်တော့် အနားတိုးကပ်လာသည်။ ကျွန်တော်သည် ရုတ်တရက် ယောင်ထပြီး နောက်သို့ဆုတ်မည် ကြံသေးသည်။ သို့သော် - အုတ်နံရံက ကာထားသည့်ကြောင့် ဆုတ်၍မရတော့ပါ။ သူမသည် မီးရောင်ကို ကျောခိုင်းလျက် ကျွန်တော့်ရှေ့ မလှမ်းမကမ်းတွင် ရပ်ပြီး...

"ရှင် – ဒီမှာ ဘာရပ်လုပ်နေတာလဲ"

"ဟိုမြေးအဘိုးနှစ်ယောက်ကို စောင့်နေတာ"

"ဘယ် – မြေးအဘိုးနှစ်ယောက်လဲ"

"ဟိုးမှာ – လေ"

ကျွန်တော် ညွှန်ပြရာသို့ သူမ လှည့်ကြည့်သည်။ သူမရော ကျွန်တော်ပါ ဘာမျှမမြင်ရတော့ပါ။ ရုတ်တရက် မြူများ ထူထဲစွာ ပိတ်ဖုံးလာသည်ကြောင့် စေတီရင်ပြင်တစ်ခုလုံး အဖြူရောင်အမှောင်ထုက လွှမ်းခြုံဝါးမျိုပစ်လိုက်သည်။

"ရှင် – အဲဒါကို စောင့်နေတာလား"

"ဟုတ်တယ်"

"သူတို့ စိတ်ချလက်ချထိုင်နေတာကို ရှင်က မတ်တတ်ရပ်ပြီး စောင့်နေတယ်ပေါ့"

ကျွန်တော် ဘာမျှပြန်မပြောဘဲ သူ့မျက်နှာကို မှုန်ပျပျအလင်းရောင်အောက်တွင် စူးစမ်းရှာဖွေကြည့်မိသည်။ ယောဂီတဘက်ကို ခေါင်းမြီးခြုံထားသည်ကြောင့် ထင်ရှားစွာ မတွေ့ရသော်လည်း အသက်လေးဆယ်ဝန်းကျင်ခန့်တော့ ရှိလိမ့်မည်ဟု ထင်ရသည်။

"ရှင်က ဘာဖြစ်လို့မထိုင်တာလဲ"

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမည်မသိ။ အကယ်၍ ပြောမည်ဆိုလျှင်လည်း တော်တော်ရှည်ရှည်ဝေးဝေး ပြောမှဖြစ်ပေလိမ့်မည်။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သည် ဘာမျှမသိဘဲနှင့် ထိုင်နေရင်း အလိုလိုသိလာသည်ဟူသည့် လက်တွေ့မဆန်သော အယူအဆကို အယုံအကြည်မရှိပါ။ တရားဟူသည် သင်မှ တတ်မည်၊ နာမှ သိမည်။ ထိုင်နေရုံနှင့် ဘာမျှသိလာမည် မဟုတ်။ ပရိယတ္တိမရှိဘဲ ပဋိပတ္တိသို့ ကျော်နင်းသွားနေခြင်းဖြစ်သည်။ ဖြစ်စဉ်ကိုပင် သိအောင်မလုပ်ဘဲ ကျင့်စဉ်ကို သွားနေသည်ကြောင့် တစ်ကွက်ကျော်နေခြင်းသာ ဖြစ်သည်ဟု ယူဆသည်။ ထိုသို့ထိုင်နေရင်းသာ



တရားရစတမ်းဆိုလျှင် လေးဆယ့်ငါးဝါတိုင်တိုင် မနေမနား ဟောကြားခဲ့ရသည့် မြတ်စွာဘုရား၏ နှုတ်ပေတ်တော်များ အလဟဿဖြစ်ကုန်လိမ့်မည် မဟုတ်လော။

"ရှင် – ဘာတွေတွေးနေတာလဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ မေးတာ မဖြေရသေးဘူး"

"ဘာကိုလဲ"

"ရှင် – ဘာဖြစ်လို့ တရားမထိုင်တာလဲလို့ မေးတာ"

"မထိုင်ချင်လို့"

"မယုံလို့ – ဟုတ်လား"

"ဟုတ်တယ်"

"လုပ်ဖူးလို့ မယုံတာလား။ မလုပ်ဘူးဘဲနဲ့ မယုံတာလား"

"လုပ်စရာ မလိုဘဲနဲ့ကို မယုံတာပဲ"

"သမာဓိတည်ပြီး စိတ်ငြိမ်တယ်ဆိုတာကို ရှင် ငြင်းမလား"

"စိတ်ငြိမ်တယ်ဆိုတာတော့ ငြင်းစရာမရှိပါဘူး။ တကယ်ငြိမ်းတာ မဟုတ်လို့ ငြိမ်တာလောက်နဲ့တော့ ဒီမှာတောင် လာထိုင်ဖို့မလိုဘူး။ စာရေးစာဖတ်လုပ်နေရုံနဲ့တင် ဖြစ်တယ်"

"စာရေးစာဖတ်လုပ်ရုံနဲ့ စိတ်ငြိမ်တယ်ဆိုတာ ကျွန်မ လက်မခံဘူး။ ရှင်တို့ ပြောနေတဲ့ ရသစာပေထဲမှာတင် ဝမ်းသာစရာ၊ ဝမ်းနည်းစရာပါနေတော့ စာရေးနေရင်းပဲဖြစ်စေ၊ စာဖတ်နေရင်းပဲဖြစ်စေ ဝေဒနာကို ခံစားနေရတဲ့ တာယက်ရှင်ဟာ ဝေဒနာကတစ်ဆင့် တဏှာကို ကူးပြောင်းရုံပဲရှိမယ်။ ဘယ်လိုလုပ်ပြီး ရှင်က စိတ်ငြိမ်တယ်လို့ ပြောနိုင်ရတာလဲ"

သည်မိန်းမ မခေလှပါ။ အတော်ကလေး ထဲထဲဝင်ဝင် လှေလာသောမှုရသည်။ ကျွန်တော်ကလည်း ထိုလိုလူမျိုးနှင့်သာ စကားပြောရှင်းသည်မှတောင်းပြီ ...

"စာဖတ်တယ် ဆိုကတည်းက ရွေးဖတ်တတ်ဖို့ လိုတာပေါ့။ စာဖြစ်ရင်ပြီးရောဆိုပြီး မဖြစ်ညစ်ကျယ် လျှောက်ဖတ်နေရင်တော့ ခင်ဗျားပြောတဲ့ ဝေဒနာတို့၊ တဏှာတို့တင်မကဘူး။ ဥပါဒါန်တွေပါ ရောလာမှာ သေချာတယ်။ အလိမ္မာ စာမှာရှိတယ်ဆိုတဲ့ စကားဟာ လိမ္မာတဲ့စာတွေကို ရွေးဖတ်တတ်တဲ့ လူတွေအတွက်ပြောတာ၊ ဒါကြောင့် - အကျိုးမရှိတဲ့အပြင် ဥပါဒါန်သက်သက်ဖြစ်စေမယ့်စာတွေကို ဘာလုပ်ဖို့ အချိန်ကုန်ခံပြီး ဖတ်နေမှာလဲ"

"အဲဒါကြောင့် ပြောတာပေါ့။ စာရေးစာဖတ်အလုပ်က ဝေဒနာမလွတ်ကင်းပဲ ဖြစ်နေတာ ရှင်ကိုယ်တိုင် ဝန်ခံနေပြီပဲ။ တရားထိုင်တယ်၊ တရားမှတ်တယ်ဆိုတာက အဲဒီ့ဝေဒနာတွေလွတ်ဖို့ ထိုင်နေတာ အလကား၊ အားအားယားယား ထိုင်နေတယ်လို့ ရှင်မထင်နဲ့၊ ဝေဒနာလွတ်မှ တဏှာကို မတွေ့မှာ၊ ဒီတော့မှ သံသရာကလွတ်မှာ၊ ကဲ - ရှင် ဘာပြောမလဲ"

သံသရာမှ လွတ်အောင်ဆိုပြီး တရားအားထုတ်နေသည့် သည်မိန်းမ တရားမထိုင်သည့် ကျွန်တော့်ကို အသားလွတ် စိတ်ဆိုးနေပုံရသည်၊

"ထိုင်နေရုံနဲ့ ဝေဒနာက လွတ်နိုင်တယ်ဆိုတာ ဖြစ်နိုင်မလား။ ဝေဒနာဆိုတာကကော ထိုင်မှပေါ်လာတာလား။ ဘုရားဟောတဲ့ဝေဒနာက မျက်စိနဲ့ မြင်တဲ့အဆင်း မျက်စိမှာ တွေ့ပြီး မျက်စိမှာခံစားတဲ့ စက္ခုသမ္ဖဿဇဝေဒနာ၊ နားနဲ့ကြားတဲ့အသံ၊ နားမှာတွေ့ပြီး နားမှာခံစားတဲ့ သောတသမ္ဖဿဇဝေဒနာ၊ နှာခေါင်းနဲ့နံတဲ့အနံ့ နှာခေါင်းမှာတွေ့ပြီး နှာခေါင်းမှာခံစားတဲ့ ဃာနသမ္ဖဿဇဝေဒနာ အဲဒီလိုအာရုံခြောက်ပါးနဲ့ ယှဉ်ဖြစ်တဲ့ဝေဒနာခြောက်မျိုး အပေါ်မှာ အားထုတ်ရမှာ၊ အခုဟာက မျက်စိမှိတ်ပြီးထိုင်နေမှတော့ အဆင်းက မျက်စိကို ဘယ်လိုလာတိုက်ပြီးမြင်စိတ်က ဘယ်လိုလုပ်ပေါ်လို့ဝေဒနာက ဘယ်လိုဖြစ်လာရတာလဲ၊ ပြောစမ်း - အာရုံနဲ့ ဒွါရတိုက်မှ ဝေဒနာဆိုတာ ဖြစ်လာရတာ၊ တမင်မတိုက်အောင် ပိတ်ထားပြီး ဝေဒနာပေါ်လာတယ်ဆိုတာ ယုံစရာမရှိပါဘူး"



"ရှင်က ဘာမှလက်တွေ့မလုပ်ကြည့်ဘဲနဲ့ မယုံဘူးလို့ ငြင်းနေတာ ပဲ၊ ဒါတွေက လုပ်ကြည့်မှ ကိုယ်တိုင်သိတဲ့ လက်တွေ့တရားတွေ ..."

"လုပ်ကြည့်မှ ကိုယ်တိုင်သိတယ်ဆိုတော့ ဘယ်လိုသိတာလဲဆိုတာ ပြောနိုင်ရမှာပေါ့။ နာတာလား၊ ကျဉ်တာလား - အဲဒါဆိုရင်တော့ ဝေဒနာ မဟုတ်ဘူး - ရောဂါ"



> သို့သော် ယခုဟာက သဘာဝက ဖြစ်နေသည်ကြောင့် မထူးဆန်း
> လှသော်လည်း ရှားပါးသည့်ပစ္စည်းတစ်ခု ဖြစ်သည်။ သူသည် ရှပ်ထွေးနေသည့်
> အကိုင်းနှင့် အရွက်များကို သုတ်သင်ရှင်းလင်းလိုက်ပြီး နန္ဒင်းရောရော်
> သုတ်လိမ်းကာ ကျောင်းတံစက်မြိတ်တွင် ချိတ်ဆွဲထားလိုက်သည်။
> ထိုအခါ အဝါရောင်သစ်ကွင်းကြီး ဖြစ်သွားသည်။

ထိုစကားသံကြောင့် သူမ ဆတ်ခနဲ ပခုံးတွန့်သွားသည်၊ စေတီထိပ်များမှ အုပ်မိုး၍ပြားကျနေသော မာကျူရီမီးရောင်သည် ကျွန်တော့်ကို သူမ ကောင်းစွာ မြင်နိုင်လောက်အောင် အလင်းရောင်ပေးထားမည် ဖြစ်သော်လည်း ထို အလင်းရောင်ကို ကျောပေးကာ မလှုပ်မယှက်ရပ်နေသည့် သူမကိုကား ကျွန်တော် ကောင်းစွာမမြင်ရသေးပါ။

"ဒါနဲ့များ စကားမစပ် ..."

သူမ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ကျွန်တော်ပြောမည့်စကားကို အာရုံစိုက် နားထောင်နေသည်၊

"ကျွန်တော့်ကိုတော့ ဟိုရသေ့မြေးအဘိုး ဝေယျာဝစ္စအတွက် ကပ္ပိယ အဖြစ်လိုက်လာတဲ့သူဆိုတာ ခင်ဗျား သိလောက်ပါပြီ၊ ဒါပေမဲ့ - ခင်ဗျားကို ကျွန်တော် မသိရသေးပါလား၊ ဒီအချိန်ကြီးမှာ အမျိုးသမီးတစ်ယောက်တည်း ရင်ပြင်ပေါ်တရားထိုင်လာတယ်ဆိုရင်တော့ ကျွန်တော့်အတွက်နဲ့ အချိန်တွေ ပုပ်ကုန်တာ နမြောစရာ၊ အဲဒီ့အတွက် တောင်းပန်ပါတယ်"

"ဟင်း - ဟင်း - ဟင်း - မလိုပါဘူး ရှင်၊ ရှင်နဲ့ စကားပြောရတာ ကျွန်မ ကျေနပ်ပါတယ်၊ ရှင် ဘာကြောင့်မယုံကြည်ရတာလည်းဆိုတဲ့ အကြောင်း ပြချက်က နိုင်လုံပါတယ်၊ ကျွန်မကတော့ ယုံကြည်ချက်နဲ့ တရားအားထုတ် နေတာကြာပြီ၊ ဒီတောင်ရိုးတန်းတစ်လျှောက်မှာ ကျွန်မ အမြဲတမ်းရှိနေတယ်၊ နောင်လည်း အမြဲတမ်းအားထုတ်နေရဦးမှာပဲ၊ ကဲ - ကဲ - ရှင့်လူတွေ အဓိဋ္ဌာန် ပြီးလောက်ပြီ၊ ကျွန်မ သွားတော့မယ်"

"ဩော် - ဟုတ် - ဟုတ်ကဲ့၊ ဒါနဲ့ - ဘယ်ဇရပ်မှာ တည်းတာလည်းဆိုတာ သိခွင့်ရှိမလား ခင်ဗျာ"

သူ ဘာမျှပြန်မပြောဘဲ မြူနှင်းများ ပိတ်ဖုံးနေသည့်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားသည်၊ ကျွန်တော်လည်း သည်တော့မှ ရုတ်တရက် သတိရလာသလို အဘကံသိန်းတို့ မြေးအဘိုးနှစ်ဦး တရားထိုင်နေရာသို့ သုတ်ခြေတင်ခဲ့ရသည်၊ သို့သော် ကျွန်တော် ရောက်သွားသည့်အချိန်တွင်တော့ သူတို့



နှစ်ဦးစလုံး မရှိကြတော့ပါ၊ ဂြိုဟ်ပြေ၊ နံပြေ မီးပူဇော်ရာဂူလေးအတွင်း ထွန်းညှိထားသည့် ဖယောင်းတိုင်ကလေးများသာ တလူလူလှုပ်ယမ်းရင်း လင်းလက်ကျန်ရစ်နေသည်၊ ရင်ပြင်တစ်လျှောက်တွင် မည်သူမျှ မရှိကြတော့သည့်အတွက် ကျွန်တော်လည်း တည်းခိုရာ သစ်သားဇရပ်ကလေးရှိရာသို့ ကျောက်လှေကားအတိုင်း ဆင်းလာခဲ့သည်၊

"စာရေးဆရာ - ဘယ်လျှောက်သွားနေတာလဲ"

ကျွန်တော် ရောက်ရောက်ချင်း ရသေ့ကလေး အဂ္ဂ လှမ်းမေးတာ ဖြစ်သည်၊ အဘကံသိန်းကား ခေါင်းရင်းဘက် ကွပ်ပျစ်ပေါ်တွင် ပက်လက်အိပ်ပြီး အနားယူနေသည်၊

"ရင်ပြင်ပေါ်မှာပဲ ရှိနေတာပဲ"

"မတွေ့ပါဘူး"

"ဟင်"

"ဟုတ်တယ် - စာရေးဆရာ၊ အဘကော၊ ကျုပ်ပါ အဓိဋ္ဌာန်ပြီးလို့ ဇရပ် ပြန်မယ်လုပ်တော့ ရင်ပြင်တစ်ပတ် ကျုပ်လိုက်ရှာကြည့်သေးတယ်၊ မတွေ့ တော့မှ ပြန်ပြီထင်လို့ ကျုပ်တို့ ပြန်လာကြတာ"

"ဟာ - မဟုတ်သေးပါဘူး၊ စောင်းတန်းတွေရှိတဲ့ဘက်က ရင်ပြင်ပေါ် မှာပဲ ရှိနေတာပဲ၊ ယောဂီမတစ်ယောက်နဲ့တောင် စကားပြောနေကြ... တယ်"

"ဘယ်က ယောဂီမ.လဲ"

"ဘယ်ကလည်းတော့ မသိဘူး၊ စကားအရှေ့အတင်ကို ပြော... တာ၊ စကားပြောသံတွေကို ရသေ့ကလေး မကြားဘူးလား"

"စာရေးဆရာကတော့ လုပ်ပြီ၊ ဘာသံမှမကြားသလို၊ ဘာတို့... မတွေ့ပါဘူးဗျာ၊ ကဲ - ညဥ့်နက်ပြီ - ကျုပ် အိပ်တော့မယ်"

ရသေ့ကလေးကား စောင်ကို ခေါင်းမြီးခြုံကာ အိပ်နှင့်နေပြီ ... မှာသာ အတွေးပေါင်း ဇဝေဇဝါနှင့် မသေမချာ ကျန်ရစ်နေရသည်...

မဟုတ်ဘဲ တကယ်ကြုံတွေ့ခဲ့ရသည့် ထိုဖြစ်ရပ်ကို နံနက်လင်းလျှင် အဘ ကံသိန်းအား ပြောပြရမည်၊ ယခုညဉ့်တော့ လိပ်ခဲတည်းလည်းနှင့်ပင် အိပ်ရာ ဝင်ရပေဦးမည်။

ကောင်းကင်တစ်ခွင်လုံး သာသာယာယာရှိလှသည်၊ ဝေလီဝေလင်း ကျေးငှက်သာရကာတို့၏ တွန်ကျူးသံများနှင့်အတူ ကျွန်တော် အိပ်ရာမှ နိုး လာသည်။ ခါတိုင်း ညဥ့်နက်သန်းခေါင် စာထိုင်ရေးနေသဖြင့် အိပ်ရာထ နောက်ကျလေ့ရှိသော်လည်း ညက အစောကြီး အိပ်ရာဝင်ခဲ့သည်ကြောင့် ဒီနေ့မနက် အစောကြီးနိုးနေခြင်း ဖြစ်သည်၊ ရသေ့ကြီး အဘကံသိန်းတား "ဖြစ် – ချုပ် – ငြိမ်း" စေတီရင်ပြင်တွင် အမှိုက်များ လှည်းကျင်းနေလောက်ပြီ သမ်တလင်းနှင့် အုန်းလက်တံမြက်စည်း ပွတ်တိုက်သံ သည် တိတ်ဆိတ် သောနံနက်ခင်းတွင်ကျယ်လောင်စွာကြားနေရသည်။ထိုတံမြက်စည်းလှည်း သံသည်လည်း နံနက်ခင်း၏ သာယာဖွယ်အသံတစ်ခုပင်၊

ရသေ့ကလေး အင်္ဂကို မတွေ့ရပါ၊ သူသည် နံနက်စာအတွက် တောထဲ တွင် စားစရာတစ်ခုခု သွားရောက်ရှာဖွေနေတာ ဖြစ်မည်၊ ကျွန်တော် သယ် ဆောင်လာသည့် ရိက္ခာခြောက်များကို နေ့စဉ်စားနေရသဖြင့် ငြီးငွေ့လှ ထိုသို့လတ်ဆတ်သော တောစာများကို ရှာဖွေလာတတ်သည့် တစ်ခါတစ်ရံ မျှစ်ထုပ်ကြီးများ ထမ်းလာတတ်သလို တစ်ခါတစ်ရံ မှိုပွင့်ကြီးများကို ပွေ့လာ တတ်သည်၊ တစ်ခါတစ်ရံတွင်လည်း စင်ပြွမ်းသီးများ ပိုက်လာတတ်သည် မြင်းခွာရွက်၊ ချဉ်ပေါင်နဲ့ ဟင်းနုနယ်ပင်များကတော့ စေတီကလေး၏ အနောက်ဘက် မြေညီညီတွင် စိုက်ပျိုးထားသဖြင့် တောထအောင်ပင် ပေါက် နေ၏၊

အဘကံသိန်းနှင့် ရသေ့ကလေး အင်္ဂတို့သည် ထိုမြင်းခွာရွက်တွေကို အရိပ်ထဲတွင် အခြောက်လှန်းပြီး လက်ဖက်ခြောက် လုပ်သောက်ကြသည် ကျွန်တော်လည်း သူတို့နည်းတူ ထိုလက်ဖက်ခြောက်ရည်ကိုပင် သောက် သည်၊ အစကတော့ သောက်ကျင့်မရှိသဖြင့် အနံ့အသက်က တစ်မျိုးကြီးဖြ



နေသော်လည်း ကြာတော့ သောက်လို့ရသွားသည်၊ ကျွန်တော်သည် တော နိုးအိတ်အတွင်းမှ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာဘူးတို့ကို ထုတ်ပြီး တောင်းခြေရင်းဘက် အုတ်ရေကန်ကလေးရှိရာသို့ ထွက်လာခဲ့သည်၊ မျက် နှာသစ်သွားတိုက်ပြီး ရေပါ ချိုးလိုက်မည်ဟု စိတ်ကူးထားသည်ကြောင့် ဖြစ် သည်၊ ထိုအချိန်တွင် ရသေ့ကလေး အင်္ဂ ရောက်လာသည်၊ သူ့လက်ထဲတွင် သစ်ကိုင်းကြီးတစ်ခု ပါလာသည်၊

"စာရေးဆရာ – ဒီမှာကြည့်စမ်း၊ ဒါဘာလဲ – သိလား"

သစ်ကိုင်းသုံးကိုင်းဆုံလျက် အလယ်တွင် ထမင်းစားပန်းကန်ခန့်ရှိမည့် ဗြိုက်ပုံကွင်းကြီးဖြစ်ကာ ယှက်နွယ်နေသည့် "သစ်ကွင်း"ကြီးဖြစ်သည်။

"အဲဒါ – သစ်ကွင်းကြီးပဲ"

"ဟုတ်တယ် – ဆန်းတယ်နော်"

သဘာဝက အလိုလို သစ်ကိုင်းချင်း ရောယှက်ကာ ကူးလူးရှင်သန်နေ ရင်း ကွင်းကြီးသဖွယ် ဖြစ်သွားတာမျိုး ဖြစ်သည်။ ကိုင်းကူးစိုက်ပျိုးလေ့ရှိကြ သည်၊ စိုက်ပျိုးရေးပညာရှင်များ လုပ်လေ့လုပ်ထရှိသည့် ကိုင်းဆက်စိုက်ပျိုး မှုနှင့် ခပ်ဆင်ဆင်တူသည်၊ သို့သော် – ယခုဟာက သဘာဝက ဖြစ်နေသည် ကြောင့် မထူးဆန်းလှသော်လည်း ရှားပါးသည့် ပစ္စည်းတစ်ခု ဖြစ်သည်၊ သူ သည် ရှုပ်ထွေးနေသည့် အကိုင်းနှင့် အရွက်များကို သုတ်သင်ရှင်းလင်းလိုက် ပြီး နနွင်းရေ ဖျော်သုတ်လိမ်းကာ ကျောင်းတံစက်မြိတ်တွင် ချိတ်ဆွဲထား လိုက်သည်၊ ထိုအခါ အဝါရောင်သစ်ကွင်းကြီး ဖြစ်သွားသည်၊

"လောကီအစီရင်တွေမှာ ဈေးခေါ်ကောင်းတယ်၊ လာဘ်ရွှင်တယ်ဆိုတဲ့ ဝိပလ္လာသ အမှတ်မှားနေကြတာတွေ ရှိတယ်"

အဘကံသိန်းသည် ဝါးကျောင်းကလေး၏ ဝရန်တာအစွန်းတွင် ခင်း ထားသော ဝါးပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေရင်း ကျွန်တော်တို့ကို ပြောနေတာ ဖြစ်သည်။ ကျွန်တော်နှင့် ရသေ့ကလေး အင်္ဂကား အဘ၏ ခြေ ရင်းဘက်တွင်ထိုင်ရင်း နားထောင်နေကြသည်၊

"အတ္တဟိ အတ္တနော နာထော ကောဟိ နာထော ပရောသိယာ အတ္တဟိ သုဒန္တေနနာထံ လဘတိဒုလ္လဘံ - တဲ့။ ဓမ္မပဒအတ္တဝဂ်ကုမာရကဿပမာတု ထေရိဝတ္ထုမှာ သားသံယောဇဉ်ကြောင့် ဆယ့်နှစ်နှစ်တိုင်တိုင် ငိုကြွေးနေရတဲ့ အရှင်ကုမာရကဿပရဲ့မယ်တော်ဘိက္ခုနီမကြီးကို အကြောင်းပြုပြီး မြတ်စွာဘုရား ဟောထားတာ ရှိတယ်"

"ဟုတ်ကဲ့ - အဘ"

"လိုရင်းအကျဉ်းချုပ်ကတော့ မိမိသည်သာ မိမိရဲ့ကိုးကွယ်ရာဖြစ်သည် တဲ့။ အဲဒါပဲ - တို့ဗုဒ္ဓဘာသာတွေဟာ အများအားဖြင့် ကိုယ့်ကိုယ်ကိုယ် အားမကိုးချင်ကြဘူး။ ဘုရားဟောတာတွေနဲ့ လွဲမှားအောင် အခြားဟာတွေ လျှောက်ကိုးကွယ်နေကြတယ်၊ အစလည်း ဈေးရောင်းတဲ့ ဈေးသည်တွေကို ကြည့်၊ ဈေးဦးကောင်းအောင် လာဘ်ရွှင်အောင်ဆိုပြီး ဇီးကွက်ရုပ်တွေ၊ အဲဒီ သစ်ကွင်းတွေကို ဆိုင်ထဲထားပြီး အားကိုးနေကြတယ်၊ အမှန်တော့ - ဈေးဦး ကောင်းအောင် တကယ်လုပ်ရမှာက လူကွ၊ ဆက်ဆံရေးကောင်းပြီး နှုတ်ချိုရင် ဈေးဦးကောင်းတာပဲ၊ လာဘ်ရွှင်တာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"မင်းတို့ဉာဏ်နဲ့တင် စဉ်းစားကြည့်စမ်း၊ ဒီဇီးကွက်ရုပ်တို့၊ သစ်ကွင်းတို့ ဆိုတဲ့ သစ်သားရုပ်ကြီးတွေက ကောင်းကောင်းဆိုးဆိုး ဘာလုပ်ပေးနိုင်မှာ လဲ"

ကျွန်တော်သည် တစ်ချိန်က ဆရာတော်တစ်ပါး ဟောခဲ့ဖူးသော "သရဏဂတောဘယ်" ဆိုသည့်စကားကို အမှတ်ရမိသည်၊ ကိုးကွယ်ရာမှ ဘေးဖြစ်သည် - တဲ့၊ ယခုလည်း ထိုနည်းနှင်နှင်ပင်၊ မိမိကိုယ်ကို အားကိုးရမည့်အစား ဘာမဟုတ်သည့် သက်မဲ့ပစ္စည်းတွေကို ကိုးကွယ်ဆည်းကပ်အစွဲပိုနေကြသဖြင့် မလိုလားအပ်သော အစွဲဥပါဒါန်တွေကြောင့်ပင်၊ ဥပဒ်ဘေး ရောက်နေကြရသည်ကိုရည်ရွယ်ပြီး ဟောကြားခဲ့တာဖြစ်လိမ့်မည်၊ လယ်တီ ဆရာတော်ဘုရားကြီးကလည်း တေးထပ်တစ်ပုဒ်နှင့် ဆုံးမခဲ့သေးသည်၊



"ဘုရား တရား သံဃာ အစစ်ရတနာ ရှိပါလျက်ကယ်နှင့်
တခြားတစ်ပါးထံမှာ ဂဏ္ဍာမိရင်ဖြင့်
နစ်ကာပဲ အပါယ်ဘုံမှာ နယ်စုံအောင် မျောရရှာညီ့သေး၊

ကျွန်တော်သည် အဘကံသိန်းပြောသည့် စကားတွေကို စာတစ်ပုဒ်ခန့် ရေးမည်ဟု စဉ်းစားနေစဉ် လမ်းဘက်က စကားပြောသံတွေ ကြားရသည် ကြောင့် မျှော်ကြည့်လိုက်စဉ် သူတို့ကို တွေ့ရသည်၊ သူတို့ဆိုသည်ကား ကျွန်တော်၏မိတ်ဆွေများ "ဗိုးသောကြာ" တားသောက်ဆိုင်ပိုင်ရှင် မောင်ဝင်းနှင့် သူ၏ အပေါင်းအသင်းတချို့ ကျွန်တော့်ထံ လာကြသည်၊ ကျွန်တော်သည် အဘကံသိန်း၏ ဖြစ်ချုပ်ငြိမ်း စေတီကလေးရှိရာ ဤရိပ်သာဝါးကျောင်း ကလေးတွင် လာရောက်အနားယူရင်း စာရေးနေသည်မှာ တစ်ပတ်ခန့်ရှိပြီ၊ ပေသုံးထောင်ကျော်အမြင့်ရှိ ဖင်းကျိုက်ဆံတော်ရှင်စေတီတော်ကြီးရှိရာ တောင်တက်လမ်း၏ ခရီးတစ်ဝက် နဂါးဥဘုရားလမ်းခွဲအနီး လက်ျာဘက် တောင်စွယ်တစ်ခု၏ တစ်နေရာတွင် ဖြစ်သည်၊

"ရှာလိုက်ရတာ - စာရေးဆရာ"

သူတို့သည် ဝါးကျောင်းကလေး၏ တံစက်မြိတ်အောက်ရှိ ဝါးကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြသည်၊ ကျွန်တော်သည်ထုံးစံအတိုင်း ဧည့်သည်များအပေါ် ပြုမူရမည့် အိမ်ရှင်တစ်ဦးသဖွယ် ရေနွေးတာတ်ဘူး၊ ထန်းလျက်ခဲ၊ မြေပဲလှော်တို့ကို ထုတ်ယူလာပြီး လောကွတ်လုပ်လိုက်သည်၊ မြင်းခွာရွက်ရေနွေးကြမ်းကို သူတို့ သောက်နေကြသည်မှာ သိပ်ခံတွင်းတွေ့ ပုံမရ၊

"လက်ဖက်ခြောက်က အနံ့တစ်မျိုးကြီးပဲ"

"အဲဒါ - မြင်းခွာရွက် လက်ဖက်ခြောက်ခေါ်တယ်၊ ဆေးဖက်ဝင် [illegible] များများသောက်ပေး"

သူတို့တစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း [illegible] သွားကြသည်၊

"ဟာ - ဒီမှာ သစ်ကွင်းကြီးတစ်ခု ဟေ့"

သူတို့အုပ်စုထဲကတစ်ယောက် တံစက်မြိတ်တွင် ချိတ်ဆွဲထားသော သစ်ကွင်းကြီးကို မြင်သွားသည်။ ဤတွင် စားသောက်ဆိုင်ပိုင်ရှင် မောင်ဝင်းက မဆိုင်းမတွ။

"ဟာ - အဲဒါကြီး၊ - ကျွန်တော် လိုချင်တယ်၊ ကျွန်တော့်ကို ရောင်းပါလား"

ကျွန်တော်က အနားတွင် ထိုင်နေသည့် ရသေ့ကလေး အငွကို လှမ်းကြည့်သည်၊ ရသေ့ကလေး အငွ ပြုံးစိစိမျက်နှာနှင့် ...

"လိုချင်ရင် ယူလိုက်လေ။ ဘယ်လောက်ပေးပေး - ပေးချင်သလောက်ပေး - ဆွမ်းစရိတ်ရတာပေါ့"

ဤတွင် "ဗိုးသောကြာ" စားသောက်ဆိုင်ပိုင်ရှင်မောင်ဝင်းငါးထောင်တန် နှစ်ရွက် ထုတ်ပေးပြီး သစ်ကွင်းကြီးကို ဖြုတ်ယူသွားသည်။

☯

တန်ခူးလဆန်း (၈) ရက်နေ့မှစ၍ တန်ခူးလပြည့်ကျော် (၁) ရက်နေ့အထိ ဖင်းကျိုက်ဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ရက်ရှည်ကျင်းပလေ့ရှိရာ စားသောက်ဆိုင်တန်းများမှာတွင် "ဗိုးသောကြာ" စားသောက်ဆိုင်သည်လည်း တစ်ဆိုင်အပါအဝင် ဖြစ်၏၊ တစ်ရက်တွင် ကျွန်တော်သည် စာရေးဆရာမင်းရွှေသိန်း (ဖင်းကျိုက်) ကိုအဖော်လုပ်ကာ ထိုစားသောက်ဆိုင်တန်းများ ရှိရာဇက်သို့ ရောက်ရှိသွားခိုက် ...

"ဟာ - စာရေးဆရာ - အတော်ပဲ - စာရေးဆရာကို ကျေးဇူးဆပ်ဖို့ရှိတယ်၊ လာ - အထဲဝင် - ထိုင်"

"ဗိုးသောကြာ" စားသောက်ဆိုင်ရှေ့အရောက် ဆိုင်ရှင်မောင်ဝင်း ပြေးထွက်လာပြီး ကျွန်တော်တို့နှစ်ဦးကို သူ့ဆိုင်ထဲ အတင်းဆွဲခေါ်သွားသည်။



အခြားသောဆိုင်များတွင် စားသုံးသူလူ ကျဲကျဲပါးပါး တစ်ဦးစ နှစ်ဦးစသာ ရှိသော်လည်း သူ့ဆိုင်ထဲတွင် ထူးခြားစွာပင် လူပြည့်နေသည်ကို ကျွန်တော် သတိထားမိသည်။

"ကာစတမ်မာတွေ များလှချည့်လားကွ - ဟင်"

"ဟာ - အဲဒါပြောမလို့ - စာရေးဆရာ၊ စာရေးဆရာကို ကျေးဇူးတင်တယ်ဆိုတာ ဟိုမှာကြည့်လိုက် - လေ"

အရောင်းကောင်တာနဖူးစည်းတွင် အဝါရောင်သစ်ကွင်းကြီးကိုခန့်ညားစွာ ချိတ်ဆွဲထားသည်၊

"အဲဒါရောက်တဲ့နေ့ကစပြီး ဈေးရောင်းကောင်းသလားမမေးနဲ့ - စာရေးဆရာ၊ ကြည့်လိုက်လေ - သူများဆိုင်တွေနဲ့ ယှဉ်ပြီး"

သူပြောတာတွေ ဟုတ်တော့ ဟုတ်နေပြီ၊ တိုက်ဆိုင်တာပဲ ဖြစ်မလားတော့မသိ၊ တကယ့်ကို စားသုံးသူများဖြင့် စည်ကားနေသည်တော့ အမှန်ပင်၊

"ဒါတင်ဘယ်ကဦးမလဲ၊ နေ့လယ်က လက်ဖွဲ့ပွဲ ရှိတယ်လေ"

ဟုတ်ပါသည်၊ နေ့ခင်းဘက်တွင် လက်ဖွဲ့ပွဲရှိသည်၊ နယ်ပေါင်းစုံမှ နာမည်ကြီးလက်ဖွဲ့သမားတွေ ရောက်ကြသည့် စိန်ခေါ်ပွဲများ၊ အထူးပွဲများ၊ ကြားပွဲများဖြင့် ယှဉ်ပြိုင်ထိုးသတ်နေကြသည့် ဘုရားပွဲတော်တွင်း လက်ဖွဲ့ပွဲဖြစ်သည်၊

"အိမ်က သားနှစ်ကောင် တက်ထိုးတာ နှစ်ကောင်စလုံး အနိုင်ရတယ်"

သူ့သားနှစ်ယောက်စလုံး လက်ဖွဲ့ထိုးဝါသနာပါကြသည်၊ အကြီးကောင်၊ "ဗိုးသောကြာ" ကား လူပျိုပေါက်၊ အငယ်ကောင် ဗိုးသာထူးတားမှာနှစ်၊ ကိုးနှစ်ခန့်ရှိမည့် မူလတန်းကျောင်းသား၊ ကြားပွဲနှင့် ကလေးပွဲများတွင် အမြဲတမ်း တက်ထိုးနေကြသည့် ချာတိတ်တွေဖြစ်သည်၊ "ဗိုးသောကြာ" စားသောက်ဆိုင်ဆိုသည်မှာလည်း ထိုအကြီးကောင်ကို အစွဲပြုပြီး ဆိုင်နာမည်ပေးထားတာ ဖြစ်သည်၊

"အဲဒီ သစ်ကွင်းကြီး ရတဲ့နေ့ကစပြီး အလုပ်လုပ်ရတာ အဆင်ပြေလွန်းလို့ – စာရေးဆရာကို ကျေးဇူးဆပ်ချင်နေတာ"

အမှန်တော့ – ထို "သစ်ကွင်း" သည် ကျွန်တော်နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိပါ။ "မြစ် – ချုပ် – ငြိမ်း အဘကံသိန်း" ဝါးကျောင်းရိပ်သာကလေးတွင် ကျွန်တော် သွားရောက်ပြီး အနားယူ စာရေးနေစဉ် သူကလည်း တမင်သက်သက် ကျွန်တော့်ဆီ အလည်လာစဉ် "ရသေ့ကလေးအဝ" ရွာဖွေတွေ့ရှိထားသည့် သစ်ကွင်းကြီးကိုမြင်ပြီး သူ့ဟာသူ တန်ဖိုးဖြတ် ဝယ်ယူသွားခြင်းသာ ဖြစ်သည်။ သို့သော်လည်း သူ့စေတနာကို အသိမှတ်ပြုသည့်အနေနှင့် သူ တည်ခင်းကျွေးမွေးသည့် စားဖွယ်၊ သောက်ဖွယ်များကို ကျွန်တော်တို့နှစ်ဦး ငြင်းဆန်ခြင်းမပြုဘဲ အားပေးလိုက်ကြသည်။

ယခု ထို "သစ်ကွင်း" ကြီးကို စာရှုသူများမြင်တွေ့လိုလျှင် မြန်မာပြည်အနှံ့ ဘုရားဖူးခရီးသည်များ ရောက်လေ့ရောက်ထရှိသည့် "ဖင်းကျိုက် ရေတံခွန်" စားသောက်ဆိုင်တန်းများထဲမှ "ဖိုးသောကြာ" စားသောက်ဆိုင် တွင် ယနေ့တိုင် တွေ့ရှိနိုင်သည်။ မည်သို့မည်ပုံ ရရှိလာသည့်အကြောင်းကိုလည်း လာတ်တွေ့ဆန်ဆန် သိလိုကြလျှင် ဆိုင်ရှင်မောင်ဝင်းကို မေးမြန်းနိုင်သည်။ ကျွန်တော်သည် ထိုအကြောင်းတွေကို အဘကံသိန်းအား ပြောပြရပေဦးမည်။

→→ ငှက်တောင်ပျံ (ဖင်းကျိုက်)

# ဝမ်းနည်းခြင်းမှတ်တမ်း



## ဦးတင်ဝင်း (တောင်ငူ)

(တောက်ထိန်)

## အသက် (၆၈) နှစ်

တာရေးဆရာတောက်ထိန်သည် ရန်ကုန်မြို့ တာမွေမြို့နယ် နေအိမ်တွင် (၀-၁၂-၂၀၀၄) တနင်္လာနေ့၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဂမ္ဘီရလောကမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့

# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

## ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နက်ထွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ဝွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

သရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိဋကတ်ရိပ်မြုံ၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေး
ဖုန်း - ၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃




# ရာသွစိုးနေတဲ့ ကုက္ကိုပင်

**နေမျိုးကြယ်**

လွန်လေပြီးသော အနှစ်သုံးဆယ်ခန့်က ...။

ထိုစဉ်က ကျွန်တော်သည် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ တက္ကသိုလ် ပညာရပ်များကို သင်ယူလျက်ရှိသော မြန်မာစာ ကျောင်းသားတစ်ယောက် ဖြစ်ပါသည်။ ထိုစဉ်က မြန်မာစာကို အဓိကဘာသာရပ်အဖြစ် သင်ယူကြသော ကျောင်းသားဦးရေမှာမူ နည်းပါးလွန်းလှသည်။ ကျောင်းသားဦးရေမှာ ရှားပြားလှပါ၏။

စင်စစ် ကျွန်တော်သည် (၁၀)တန်းအောင်စဉ်က ဝိဇ္ဇာတွဲဖြင့် အောင်ခဲ့သူမဟုတ်ဘဲ သိပ္ပံတွဲဖြင့် အောင်မြင်သူဖြစ်လေရာ တက္ကသိုလ်ရောက်လေသော် သိပ္ပံဘာသာတွဲမှ ဝိဇ္ဇာဘာသာတွဲသို့ ပြောင်းလဲလိုက်ခြင်းအတွက် အတော်များများက အံ့အားတသင့် ဖြစ်ကြလေသည်။ ထိုသူများမှာ သိပ္ပံဘာသာတွဲသည် ဝိဇ္ဇာဘာသာတွဲထက် အဆင့်မြင့်သည်ဟု ယူဆနေခဲ့ကြသည်။ ကျွန်တော်ကမူ လူတစ်မျိုး၊ မိမိ အာရုံဝင်စားရာကလွဲလျှင် အခြားဘာကိုမျှ ဂရုစိုက်တတ်သူ မဟုတ်လေသောကြောင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်တော့်အား ဟန့်တားခြင်း၊ ဖျောင်းဖျပြောဆိုခြင်းများ မရှိခဲ့ပါချေ။



ကျွန်တော့်အဖို့ မြန်မာစာဘာသာရပ်ကို အဓိကထားယူခဲ့ခြင်းမှာ **စာရေး** ဆရာလုပ်ပါက စာပေအရေးအသားပိုင်းဆိုင်ရာ၌ အထောက်အကူ**ရစေ** လို၍ဖြစ်ပါသည်။ ဤ၌ "သူတော်ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက်မှု" ဆိုသကဲ့သို့ ရောဝတီတိုင်းမှ မြန်မာစာအဓိကဖြင့် တက္ကသိုလ်လာတက်သော အဆောင်နေသူငယ်ချင်းတစ်ဦးနှင့် ဆုံစည်းခဲ့ရသည်။ သူနှင့် ကျွန်တော်သည် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းအချို့၌ ကလောင်သွေးလျက်ရှိသော ဝါသနာတူ စာပေဝါသနာရှင်များ ဖြစ်ကြလေရာ သာမန်သူငယ်ချင်းတွေတောင် မဟုတ်တော့ဘဲ တကယ့်သွေးသောက်သူငယ်ချင်း အရင်းအချာကြီးများသဖွယ် ဖြစ်သွားကြလေတော့သည်။

သူ၏ အမည်မှာ စန်းလွင်ဖြစ်ပြီး ကလောင်အမည်မှာ မောင်မြေဆွေး (မြန်မာစာ)ဖြစ်လေသည်။ ထိုသို့ ကျွန်တော်တို့ စာပေဝါသနာတူ သူငယ်ချင်းနှစ်ဦး တပူးတွဲတွဲနေလာခဲ့ကြရာ ကျောင်းတစ်လပိတ်သော နွေကာလသို့ ရောက်ရှိလာလေသည်။

"သည်နှစ်တော့ - အ,သုံးလုံး လုပ်အားပေး မလိုက်ဖြစ်တော့ဘူး - ကိုမင်းဝေ။ ရွာမှာက ကျွန်တော့်အောက်ညီလေးတွေကို ရှပ်ပြုပေးကြမယ် ဆိုတော့ အဘတို့၊ အမတို့က ကျွန်တော့်ကို မိသားစု သိုက်သိုက်ဝန်းဝန်း ဖြစ်အောင် နွေကျောင်းပိတ်ရက်ထဲ ရွာကို ပြန်လာကြစေချင်တယ်"

"ပြန်ပေါ့ဗျာ။ မိဘဆွေမျိုးတွေ အလွမ်းပြေတာပေါ့"

"ကျွန်တော်က တစ်ယောက်တည်း မပြန်ချင်ဘူး။ ကျွန်တော် သိပ်ခင်တဲ့ ခင်ဗျားကိုပါ အပါခေါ်သွားမလို့၊ ဟိုကျရင် တောဆိုပေမယ့် ပျင်းစရာ မကောင်းပါဘူးဗျာ၊ တောလေ့၊ တောသဘာဝ လည်စရာပတ်စရာတွေ ရှိပါတယ်၊ စာရေးဖို့ အကြောင်းအရာကောင်းတွေ ရနိုင်ပါတယ်၊ ကျွန်တော့်ကို ခင်ရင် ခင်ဗျား လိုက်ကိုလိုက်ခဲ့ရမယ် ကိုမင်းဝေ"

သည်တော့လည်း ခင်မင်ရလေသော သူငယ်ချင်းနှင့် မခွဲခွာချင်သည်ကတစ်ကြောင်း၊ တောလေ့၊ တောစရိုက်တို့အား လေ့လာခံစားလိုသည်ကတစ်ကြောင်းတို့ကြောင့် အိမ်ကိုခွင့်ပန်ပြီးသကာလ သူငယ်ချင်း **စန်းလွင်၏** ဇာတိရွာကလေးသို့ အတူလိုက်ပါ ဖြစ်ခဲ့ပါလေသတည်း။

စန်းလွင်တို့၏ ရွာကလေးအား သာတောင့်သာယာဖြင့် နေချင့်စဖွယ် ရွာသာယာကလေးဖြစ်လေသည်။ တစ်ရွာလုံးလိုလိုပင် လယ်ယာကောက်ပဲ သီးနှံတို့ကို အဓိကထား၊ စိုက်ပျိုးလုပ်ကိုင်ကြ၏။ ရာသီဥတု မိုးလေဝသ မှန်ကန်ကောင်းမွန်ခြင်း၊ မြေဆီဩဇာ ကြွယ်ဝခြင်း၊ အဖျက်ပိုးမွှားရန်တို့ မကျရောက်ခြင်းတို့ကြောင့် ရာသီပေါ်သီးနှံများမှာ အလျှံပယ်ထွက်ရှိပြီး ပင်ပန်းခံသလောက် အကျိုးဖြစ်ထွန်းလေရာ နေဦးပေါက် တလင်းသိမ်းပြီးချိန် နောက်ပိုင်းဝယ် အလှူမင်္ဂလာ ပျော်စည်သံတို့မှာ မိုးယံသိမ့်သိမ့် တမြိမ့်မြိမ့် ဖြစ်နေကြလေသည်။

တစ်ရွာလုံးသည် ဗုဒ္ဓဘာသာအပေါ် အလေးအနက် သက်ဝင်ယုံကြည်သူများ ဖြစ်ကြလေသည်။ အကုသိုလ်ဖြင့် အသက်မွေးသူတွေ မရှိ၍တော့ မဟုတ်။ ရှိပင်ရှိငြားသော်လည်း အရေအတွက်အားဖြင့်ကား ပြောပလောက်အောင် မဟုတ်ကြ။ ကြက်ကလေး၊ ငှက်ကလေး၊ ဝက်ကလေးများ မွေးမြူသူ၊ ရွာတောင်ပိုင်းရှိ ထုံးအိုင်၌ ငါးရှာသူ၊ ဧရာဝတီမြစ်ပြင်၌ ပိုက်ချသူတို့ အနည်းငယ် ရှိကြပါသည်။ သူတို့ရှိ၍လည်း သား၊ ငါးကိစ္စ အဆင်ပြေရသည်ဟု၍ တောက်ချက်ချရပါလိမ့်မည်။ မည်သို့ဆိုစေ သူ့အရပ်နှင့် သူ့ဇာတ်ကတော့ လိုက်လျောညီထွေစွာ ဟပ်နေပေတော့သည်။

စန်းလွင်မိဘများ၏ အလှူသည် မြိမ့်မြိမ့်သဲ စည်ကားလှပါဘိ။

မဏ္ဍပ် စတင်ဆောက်သည့်နေ့မှစ၍ မဏ္ဍပ်ဖျက်သိမ်းသည်အထိ အချက်အပြုတ် အကျွေးအမွေးတို့က မပြတ်။ အလှူရက်တွင် ဝက်သားကို ပြောင်ကျွေး၏။ ဝက်သားအပြင် ငါးခြောက်ထောင်း၊ ပုစွန်ခြောက်ငံပြာရည်ချက်၊ သရက်ချဉ်သုပ်၊ တို့စရာအစုံ၊ ချဉ်ပေါင်ရွက်ဟင်းချိုတို့ကို ကျွေး၏။ တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကိုပင် ဖိတ်ကြားခဲ့လေရာ အင်မတန်စည်ကားသည့် အလှူပင်ဖြစ်လေသည်။ ပြီးတော့ - အလှူမတိုင်ခင်ညက ၎င်းတို့မြို့မှ နိုင်ငံကျော် ရွှေတံဆိပ်ရ ရွာစား စိန်ကျွဲသိုး မင်္ဂလာဆိုင်းအဖွဲ့ဖြင့် ဧည့်ခံပေးသေးရာ သည်အလှူမှ မစည်လျှင် ဘယ်အလှူ လာ၍စည်မည်နည်း။



စန်းလွင်၏မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများ၊ ရွာသူရွာသားများသည် သူတို့ရွာမှ ပညာထူးချွန်သော တက္ကသိုလ်ကျောင်းသားကြီး စန်းလွင် ဖြစ်လည်ရောက်ရှိလာကြခြင်းအတွက် လွန်စွာပင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေသည်။ စန်းလွင်နှင့်အတူ လိုက်ပါလာခဲ့သော ကျွန်တော့်ကိုလည်း လှိုက်လှိုက်လှဲလှဲ ဖော်ဖော်ရွေရွေ ဆက်ဆံကြပြီး ၎င်းတို့အိမ်များထဲ အလည်အပတ်ခေါ်ကာ အစားအသောက်များအား ဖွယ်ဖွယ်ရာရာ ဧည့်ခံကျွေးမွေးကြလေရာ ရိုးသားချစ်မက်ဖွယ်ကောင်းလှသော ကျေးလက်စရိုက်အား သဘောအကျကြီး ကျနေမိတော့၏။

ရွာရှိ ကာလသမီး အချောအလှကလေးများသည် စန်းလွင်အား လွန်စွာမှ အရေးပေးကြလေသည်။ သို့ရာတွင် စန်းလွင်သည် အနေရိုးသလောက် ဤမှာဘက်ကိစ္စများ၌လည်း စိတ်ဝင်စားသူ မဟုတ်ချေ။ ၎င်း၏ အိမ်ထောင်ရေးရာကိစ္စများအတွက် မိဘများ စီမံသည့်အတိုင်းသာ လက်ခံမည်ဟု ဆိုခဲ့လေရာ မိဘများအဖို့ သားကောင်းရတနာတစ်ပါး ရထားသည်နှင့် မခြားပါပေ။

"ကျွန်တော် သည်ရွာမှာ အိမ်ထောင်ကျခဲ့ရင် ခင်ဗျားကိုလည်း သည်ရွာက ခင်ဗျား ကြိုက်မယ့်သူနဲ့ အိမ်ထောင်ချပေးရလိမ့်မယ်။ ဒါမှ ခင်ဗျားနဲ့ ကျွန်တော် မခွဲမခွာရှိနေမှာ ကိုမင်းဝေရဲ့။ ကျွန်တော့် နမတွေဆိုတာ အချောကလေးတွေပါဗျ။ စိတ်ကူးမလွဲနဲ့နော် - အဟဲ"

စန်းလွင်ကား ဤရွေ့ဤမျှအထိ ကျွန်တော့်အပေါ် သံယောဇဉ်ကြီးရှာသူဖြစ်လေသည်။ သို့ရာတွင် ကျွန်တော့်အဖို့ မိမိရည်မှန်းချက် မပြည့်မဝ မချင်း ဆုံးခန်းတိုင် မရောက်မချင်း အိမ်ထောင်ရေးကိစ္စကို စိတ်ကူးထဲ၌ မထည့်ပါချေ။ မိမိတို့ နှစ်ဦးစလုံး တက္ကသိုလ်မှ ဘွဲ့အသီးသီးရရှိပြီးပါက အောင်မြင်သော စာရေးဆရာများအဖြစ် ရပ်တည်နေနိုင်အောင် ကြိုးစားကြမည့်အကြောင်း သန္နိဋ္ဌာန်ချခဲ့ပြီး ဖြစ်လေသည်။

တစ်ညနေခင်းမှာတော့ စန်းလွင်၏ဦးဆောင်မှုဖြင့် ရွာအနောက်[illegible] နှစ်ဦးသား ထွက်လာခဲ့ကြသည်။ ဤတွင် ရွာအနောက်[illegible]

ကုဏ္ဍိုပင်ကြီးတစ်ပင်သည် မီးမြိုက်ခံထားရသဖြင့် မည်းမြောက်နေသည်ကို ထူးထူးဆန်းဆန်း တွေ့မြင်ရလေသည်၊ သည့်အတွက် ကျွန်တော်လည်း စိတ်ဝင်တစား ဖြစ်သွားခဲ့ရသည်။

"အဲသည် – ကုဏ္ဍိုပင်ကြီးနဲ့ ပတ်သက်လို့ စိတ်ဝင်စားစရာ ဇာတ်လမ်း တစ်ပုဒ် ရှိခဲ့တယ်ဗျ။ ဂမ္ဘီရဆန်တယ်လို့ ဆိုရမလား မသိပါဘူးဗျာ"

"ဘယ်လို စိတ်ဝင်စားစရာလဲ၊ လုပ်စမ်းပါဦး – စန်းလွင်ရာ၊ ကိုယ်က ထူးထူးဆန်းဆန်း ဖြစ်ရပ်ကလေးတွေဆိုရင် အာရုံဝင်စားလွန်းလို့ပါ"

"ကိုင်း – ဒါဆိုရင် အားလုံး ခြေခြေမြစ်မြစ် သိသွားရလေအောင် သည် ကုဏ္ဍိုပင်ကြီးနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ဦးလူဝကြီးဆီကို သွားကြမယ်။ အဲသည်ကျရင် ကိုမင်းဝေအတွက် စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ် ရလာမှာပါ"

သည်သို့ဆိုပြီးနောက် စန်းလွင်သည် ဦးဆောင်လျက် မလှမ်းမကမ်းရှိ ရေနံ့ဝနေသော လေးပင်သုံးခန်းအိမ်ကြီးရှိရာသို့ ကျွန်တော့်အား ခေါ်ဆောင် သွားလေသည်။

ခြံဝင်းအတွင်းသို့ ဝင်ရောက်လေသော် အသက် (၅၀) ခန့်ရှိမည်ထင်ရ သည့် အသားအရည် စိုစိုပြည်ပြည်နှင့် ခပ်ဝဝလူကြီးတစ်ဦးသည် အပေါ်ပိုင်း ဗလာကျင်းလျက် မောက်တိုစားဖြင့် နီးများကို ထိုးနေလေသည်။

"ဟား – မောင်စန်းလွင်တို့ပါလား။ လာကြကွယ် – လာကြ၊ သမီးရေ- မိပုံ၊ အချိုးရည်အိုးနဲ့ ငါးရံ့ခြောက်ဖုတ် ယူခဲ့ပါကွယ်၊ ထိုင်ကြကွယ် – ထိုင်ကြ ဦးလေးဆီ အလည်လာတဲ့အတွက် ဝမ်းသာလိုက်တာ"

"ဟုတ်ကဲ့ – ဦးလူဝ"

ဦးလူဝသည် စန်းလွင်နှင့် ကျွန်တော်တို့ အလည်အပတ်ဝင်လာခြင်း အတွက် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရလေသည်၊ ကျွန်တော်တို့ နှစ်ဦးသာ ဝါးဖျာကြမ်းပေါ်၌ ထိုင်မိကြရှိန်ဝယ် ဦးလူဝ၏ မြေးမကလေးဖြစ်သူ



ဟန်တူသူက ငါးရံ့ခြောက်ဖုတ်ပန်းကန်ပါသော ရေနွေးကြမ်းဗန်းကို ယူကာ လာရောက်ချပေးလေသည်။

"ကိုင်း – သောက်ကြကွယ့်၊ စားကြကွယ့်"

"ဟုတ်ကဲ့ – ဦးလူဝ၊ ဒါထက် မိတ်ဆက်ပေးရဦးမယ်၊ ဒါ – ကျွန်တော် နဲ့ တက္ကသိုလ်အတူတက်ဖက် ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း ကိုမင်းဝေ ဆိုတာပါ"

"အေးကွယ် – တွေ့ရတာ ဝမ်းသာပါတယ်၊ နောက်ရက်တွေလည်း မောင်စန်းလွင်ပါပါ၊ မပါပါ လာလည်ပါ၊ ဝင်ပါ ထွက်ပါကွယ်"

"ဟုတ်ကဲ့ – ဦးလေး"

ဦးလူဝကား တကယ့်ကို စိတ်ရင်းစေတနာဖြင့် ဖိတ်ကြားလေသည်၊ ကျွန်တော်လည်း မြေကရားအိုးမှ အကြမ်းပန်းကန်လုံးတွေထဲ ရေနွေးကြမ်း လိုက်ဖြည့်ရင်း ဆီစိမ်ထားသည့် ငါးရံ့ခြောက်တစ်ဖတ်ကို ကောက်ယူကာ အရသာခံမိလေတော့သည်။

"ဒါထက် ဦးလူဝကို ပြောရဦးမယ်"

"ဘာများတုံး မောင်စန်းလွင်ရဲ့"

"ဟောသည် ကျွန်တော့်သူငယ်ချင်းက ဘုတ်အုပ်တွေထဲမှာ စာတွေ ဘာတွေရေးတယ်၊ အထူးအဆန်းကိစ္စတွေမှန်သမျှလည်း စိတ်ဝင်စားတယ်၊ အဲသည်မှာ သူက မီးလောင်ခံထားရတဲ့ ကုဏ္ဍိုပင်ကြီးကို မြင်ရတော့ အင် မတန်မှ စိတ်ဝင်စားနေတာကြောင့် ကုဏ္ဍိုပင်ကြီးနဲ့ အဓိကပတ်သက်ခဲ့ဖူးတဲ့ ဦးလူဝဆီ ခေါ်လာတာပဲလေ၊ အဲဒါ ဖြစ်ကြောင်းကုန်စင်လေးတွေ ပြောပြပေး ပါဦး"

စန်းလွင်သည် သည်သို့ဆိုက်လေတော့ ဦးလူဝအဖို့ တွေတွေဝေဝေ တလေး ဖြစ်သွားခဲ့လေသည်။

"အင်း – ကြားချင်တော့လည်း ပြောရတာပေါ့ကွယ်၊ လောကမှာ မြေးရ အသစ်၊ ဖြစ်သူ အဟောင်း" တဲ့၊ တယ်ပြီး မှန်လိုက်လေကွယ်၊ အဖြစ်က သည်လိုကွယ့် – သည်လို"

သည်သို့စကားပလ္လင်ခံပြီးသည့်သကာလ ကျွန်တော် ငှဲပေးထားခဲ့သော အခါးရည်ကို မော့လိုက်ကာ ဇာတ်ကြောင်းလှန်ပါလေတော့သတည်း။

☯

သည်ကုက္ကိုပင်ကြီးနှင့် မနီးမဝေး၌ ဦးလှုဝတို့မိသားစု အိမ်ဆောက်နေထိုင်ခဲ့ကြသည်။ ရွာတွင် ဆောက်သည်ဆိုတော့ အိမ်ဟု ဆိုရသည်။ ကွင်းထဲ ဆောက်လျှင်ဖြင့် တဲဟု ဆိုရမည်သာ ။ လုပ်ငန်းကိုင်ငန်းက သိပ်မသောင်သာသေးသည့်မို့ မိသားစုနေ၍ ဖြစ်၍ ဝါးနက်ကို တိုင်လုပ်၊ ထီးရိုးဝါးကို ဆင့်နှင့် အခြင်ဆွဲ၊ သက်ငယ်မိုး၊ သက်ငယ်ကာ၊ ဝါးပေါက်ခြမ်းခင်းရင်း မည်ကာမတ္တ နေထိုင်ခဲ့ကြသည်။

သည်သို့ နေထိုင်စဉ်ကာလအတွင်းမှာပင် တစ်ညသ၌ ဦးလှုဝ အိပ်မက်မက်လေသည်။ အိပ်မက်ထဲတွင် ဥပမိရပ်ကောင်းကောင်း၊ ရှေးရိုးအဝတ်အစားနှင့် လျှရည်သန့်သန့် ထွားထွားကျိုင်းကျိုင်း ပုဂ္ဂိုလ်ကြီးတစ်ဦး ပေါ်လာသည်။

“မောင်လှုဝရေ – ငါတော့မနက်ဖြန်ကစပြီး မင်းတို့အိမ်နဲ့ မျက်စောင်းထိုးလောက်မှာရှိတဲ့ ကုက္ကိုပင်ကြီးဆီကို ရောက်လာအခြေချတော့မယ်။ အဲသည်မှာ မင်းရဲ့ကလေးငယ်တွေ၊ အပင်အောက်မှာ သူတို့ပျော်သလို ဆော့ကစားပါစေ။ အဲ – အပေါ့၊ အလေးမစွန့်ဖို့ကိုတော့ သတိပေးပါတွယ်၊

တတ်နိုင်ရင် ငါရှိမယ့်အပင်ဝန်းကျင်ကို သန့်သန့်ရှင်းရှင်းလေး လှဲကျင်းသုတ်သင်ပေးပါ။ အကိုင်းအခက်တွေကိုလည်း မချိုင်ပါနဲ့။ မင်းတို့ရဲ့လုပ်ငန်းကိုင်ငန်းအဆင်ပြေဖို့ တစ်ဖက်တစ်လမ်းက အကူအညီပေးပါ့မယ်”

သည်သို့ ပြောဆိုပြီးနောက် ကွယ်ပျောက်သွားလေသည်။ ထိုသို့ထူးဆန်းသော အိပ်မက်ကို မြင်မက်ပြီးလေသည့် နောက်တစ်ရက်အကူး၌ ဦးလှုဝသည် ၎င်း၏အိပ်မက်အား ဇွမ်းခံကိုယ်တော်ကို တင်ပြလျှောက်ထားခဲ့လေသည်။

“ဒကာ – လှုဝရေ၊ ဖြစ်နိုင်ခြေရှိတာကတော့ ရုက္ခစိုးလို့ ယူဆရတာပဲ။ လောကမှာ မြင်အပ်၊ မမြင်အပ် နှစ်ရပ်သတ္တဝါတွေရှိကြတာ မဟုတ်လား။



သည်တော့ သူ့စကားကို နားထောင်ပါ၊ သူတောင်းဆိုတာတွေကိုလည်း ဆောင်ရွက်ပေးလိုက်ပါ။ ဘာမှလည်း အပန်းကြီးတာမှ မဟုတ်ပဲဟာ။ ဒကာ့ကို တစ်ခုမဟုတ်တစ်ခု ကောင်းကျိုးပြုပါလိမ့်မယ်”

“တင်ပါ့ – ဘုရား”

သည့်နောက် အိပ်မက်ထဲမှ ပုဂ္ဂိုလ်၏အလိုကျ ဦးလှုဝသည် နေ့စဉ်နေ့တိုင်းဆိုသလို ကုက္ကိုပင်ကြီး၏ပတ်ဝန်းကျင်ကို ရှင်းလင်းသန့်စင်ပေးလေတော့သည်။ ဤအခါဝယ် အိပ်မက်ပေးပြန်ပါချေသည်။

“ကျေးဇူးပါပဲ – မောင်လှုဝရေ၊ မနက်ဖြန်ကျရင် မင်းဆီကို လူတစ်ယောက် လှည်းတစ်စီးနဲ့ မြေပဲတွေ လာရောင်းလိမ့်မယ်။ သူ တောင်းဆိုတဲ့



‘တောက် – မိုက်ရိုင်းလိုက်တဲ့သစ်ပင်၊ မနက်ဖြန်ကျရင် ပိုင်းအပိုင်းကျိုက်ခံရပြီသာ မှတ်ထားပေါ့’ ဟူသော ကြုံးဝါးသံနှင့်အတူ ကြွက်နီလည်း ရွာထဲသို့ လှမ်းဝင်သွားလေတော့သည်။

ဈေးကို မဆစ်မပြဘဲ ဝယ်လိုက်ပါ၊ နောက်တစ်နေ့ ပဲကုန်သည်တွေ ရောက်လာတဲ့အခါ ပြန်သာရောင်းလိုက်၊ ဟုတ်ပလား"

သည်သို့ပြောဆိုပြီး ပုဂ္ဂိုလ်ကြီးလည်း ပျောက်ကွယ်သွားလေသည်။

နောက်တစ်ရက်ရောက်တော့ ထူးထူးဆန်းဆန်းပင် လှည်းတစ်စီးသည် ရှိပ်ပတ်ဖြင့် မြေပဲဆံများတင်ဆောင်ကာ ဦးလူဝထံ ရောက်လာပြီး ဈေးစပ်လေတော့သည်၊ ဦးလူဝလည်း ထိုသူတောင်းဆိုသည့်ဈေးကို မဆစ်မပြဘဲ ဝယ်ယူထားလိုက်လေသည်၊ နောက်တစ်ရက်ရောက်လေသော် ရန်ကုန်မှ နယ်ဆင်းပြီး ပဲဝယ်သည့်ကုန်သည်တို့ ရောက်လာလေသည့်အခါ ၄င်းတို့ဖြတ်သည့်ဈေးနှင့် ရောင်းလေသော် ခေါက်ချိုးမက အမြတ်အစွန်းကျန်လေသည်၊

သည့်အတွက် ဦးလူဝလည်း ဝမ်းသာအားရဖြစ်ပြီး ကုက္ကိုပင်ကြီးထံသွားရောက်လျက် သစ်သားဆင့်ကလေးရိုက်ပြီး သောက်တော်ရေကပ်၍၊ ညောင်ရေအိုး ထိုး၍၊ ဆီမီးထွန်းလေ၍၊ ထိုညမှာပင် အိပ်မက် မက်ပြန်သည်၊

"မင်းဟာ - အင်မတန် ကျေးဇူးသိတတ်တဲ့သူပဲ၊ သည်တော့ စောင့်ရှောက်ရမှာပေါ့၊ သည်တစ်ခါ မင်းအနေနဲ့ ငှက်ပျောသီးဖီးကြမ်းကို အခွံနွှာ၊ အသားကို သကြားဖြူးပြီး ကပ်စမ်းပါကွယ်၊ အဲ - လူကြုံရှိရင် ထီထိုးခိုင်းလိုက်နော်"

သည်သို့ ပြောဆိုအိပ်မက်ပေးပြီး ကွယ်ပျောက်သွားပြန်လေသည်၊ ဦးလူဝအဖို့ အိပ်မက်၌ ကြုံဆုံရသောပုဂ္ဂိုလ်ကြီးအပေါ် စေတနာသဒ္ဓါတရားပြည့်ဝစွာဖြင့် လုပ်ဆောင်ပေးခြင်းအပေါ် အတိုင်းမသိဆိုသလို ကြည်နူးနေမိလေသည်၊

သို့ရာတွင် အဖျက်အမှောင့်ဆိုသည်မှာ မမျှော်လင့်ဘဲ ဝင်လာတတ်ပြန်သည်၊

အကြောင်းရင်းက ရွာအရှေ့ပိုင်းမှ ဖဲသမား၊ အရက်မသား ကြွက်နီ၏ လုပ်ရပ်ကြောင့် ဖြစ်သည်၊ ကြွက်နီသည် ရံဖန်ရံခါဆိုသလို တခြားရွာမှ ဖဲသွားရိုက်၊ အရက်မူးလာပြီး ကုက္ကိုပင်ကြီးရှေ့မှ ဖြတ်သန်းသွားတတ်လေသည်၊

"အံမာ - ကုက္ကိုပင်ကြီးအောက်မှာ ပြောင်တလင်းပြီး သန့်ရှင်းနေပါကလား၊ သည်နေရာမှာ ဖဲဝိုင်းခံလိုက်ရရင်တော့ ရှယ်ပဲ၊ အဲ - ကုက္ကိုပင်မှာလည်း စင်တွေဘာတွေနဲ့၊ ဘယ့်သကောင့်သား၊ အရူးထပြန်သလဲဟ၊ အံမာ - ငှက်ပျောသီးတွေ ဘာတွေနဲ့ ဗိုက်ဆာဆာနဲ့ တွယ်လိုက်ဦးမယ်"

ကြွက်နီသည် မူးမူးရူးရူးဖြင့် စင်ပေါ်၌ ကပ်လှူထားသော ငှက်ပျောသီးကို ယူစား၏၊ ရေစင်ခွက်ကို ယူသောက်၏၊ ထိုမြင်ကွင်းကို တွေ့ရတော့ ဦးလူဝ မနေသာ၊

"ဟေ့ကောင် - ကြွက်နီ၊ မင်းကွာ - မလုပ်သင့်တာတွေ လုပ်ရသလား၊ ဗိုက်ဆာရင် ငါ့အိမ်ဝင်စားပါလား၊ အဲသည်မှာ ကပ်လှူထားတာတွေ မလုပ်ပါနဲ့ကွာ"

"ဟ - လူဝ၊ မင်း ဘာတွေ လာပြောနေတာလဲ၊ ငါ့ဘာသာငါ လုပ်ချင်လို့ လုပ်တယ်ကွာ၊ မင့်အပူ တစ်ပြားသားမှ မပါဘူး"

"ငါက မင်း ဒုက္ခရောက်နေမှာစိုးလို့"

"တော်ကွာ - တော် - တော်၊ ငါ့အကြောင်း မင်း သိတယ်နော် - လူဝ၊ လူရိုက်မှုနဲ့ ထောင်ကထွက်လာတာ သိပ်မကြာသေးဘူး၊ သည်ရွာမှာ ငါကြောက်ရမယ့်လူ ဘယ်သူမှ မမွေးသေးဘူးကွ၊ မင်းတို့က ဘာမှ အခြေအမြစ်မရှိတာကို ကြောက်လန့်ပြီး ကိုးကွယ်လို ကိုးကွယ်နဲ့၊ အဲဒါပေါ့ - ကြောက်ရင် ဖြဲခြောက်ခံရတယ် ဆိုတာ၊ ငါကတော့ မကြောက်ရေးချ မကြောက်ပေါင်၊ သည်က မပြန်စင် အဲသည်အပင်အောက်မှာ ရှရှတို့ တောင် ပေါက်သွားဦးမှာကွ"

ကြွက်နီကား မူးမူးရူးရူးနှင့် စိတ်ထင်ရာ လျှောက်လုပ်နေတော့ [illegible] တင်ထားသည်ကိုလည်း စား၏၊ ကပ်ထားသည့်ရေကိုလည်း [illegible] နောက်ဆုံး လုံချည်ကိုမ,ကာ ကုက္ကိုပင်ခြေရင်းသို့ တစ်သွား [illegible] ပေါက်မည့်သဘော၊

ဦးလှုဝကား ဒေါသအကြီးအကျယ်ထွက်ပြီး တစ်စုံတစ်ခုလုပ်ရန် ကြံရွယ်နေစဉ်မှာပင် ဖနီးသည် မအိမ်ကောင်းက အတင်းဆွဲခေါ်သွားလေသည်။

"လာပါ - ကိုလှုဝရယ်၊ အသိမရှိတဲ့သူကို သွားပြော၊ သွားလုပ်တော့ ရှင်ပဲပြဿနာတက်တော့မပေါ့။ သူမဟုတ်တာလုပ်ရင် လောကကြီးက မနေပါဘူးတော်"

"တောက် - ငါကွာ"

မချင့်မရဲဖြင့်ပင် ဦးလှုဝမှာ မအိမ်ကောင်း ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားရလေသည်၊ ထိုစဉ်မှာပင် ကြွက်နီ၏ မလေးမခန့်ရယ်သံကြီး ထွက်ပေါ်လာပြန်သည်၊

"ဟား - ဟား - ဟား - ဘာမှအဖြစ်မရှိတဲ့ကောင်တွေ၊ သစ်ပင်ကို တိုးကွယ်သတဲ့၊ ဟွန်း - ဘာမှမဟုတ်တဲ့အပင်၊ အဲ - ဘာမှမဟုတ်တဲ့အပင်၊ အဲ - ခုလို ရွှေပြွန်က ရေသွန်လွှတ်လိုက်ရတော့ တစ်ကိုယ်လုံးကို ပေါ့ပါးသွား"

စကားက မဆုံးတတ်သေး၊

လေမတိုက် ဘာမတိုက်နှင့် ဖြောင်းဆိုသည့်မြည်သံနှင့်အတူ သစ်တိုင်းတစ်ကိုင်းသည် ကျိုးကျလျက် ကြွက်နီထံ တည့်တည့်မတ်မတ်ကြီး ဆိုက်ရောက်သွားခဲ့သည့် သမယ ...

"အား - အမလေး" ဟူသော အသံထွက်ပေါ်လာလေသည်၊

"တောက် - မိုက်ရိုင်းလိုက်တဲ့သစ်ပင်၊ မနက်ဖြန်ကျရင် မီးအမြှိုက်ခံရပြီသာ မှတ်ထားပေတော့" ဟူသော ကြုံးဝါးသံနှင့်အတူ ကြွက်နီလည်း ရွာထဲသို့ လှမ်းဝင်သွားလေတော့သည်၊

"ဆိုကြပါစို့ကွယ် - ကြွက်နီဆိုတာက ရွာက အော့ကြောလန်မို့ သူ့ကို တားနိုင်မယ့်သူ မရှိကြဘူး၊ နောက်တစ်ရက် ကောက်ရိုးထုံးတွေ မွေ့ပြီး အပင်အောက် မီးတိုက်ခဲ့တာ အခု မောင်စန်းလွင်တို့မြင်တဲ့အတိုင်းပါပဲ၊ သက်တမ်းရင့် နစ်ရှည်ပင်၊ ပိုင်ရှင်မဲ့ ကုက္ကိုပင်ကြီးဟာ မရှူမလှနဲ့ သက်တမ်း ပြတ်ခဲ့ရတယ်၊

အဲသည်ညမှာပဲ ဦးလေးကို အိပ်မက်ပေးပါတယ်၊ လှုမိုက်ကြောင့် နေရာရွှေ့သွားပြီဆိုတဲ့အကြောင်း၊ ပြန်ပြီးဒဏ်ခတ်မယ်ဆိုတဲ့အကြောင်း၊ ဦးလေးကိုလည်း ငါးပါးသီလမြဲဖို့ ဆိုဆုံးမပြီး ကွယ်ပျောက်သွားခဲ့တယ်၊

သိပ်မကြာပါဘူး။

သုံးလေးရက်လောက်အကြာမှာ ကြွက်နီတစ်ယောက် အိပ်ပျော်ရင်းကနေ တစ်ကိုယ်လုံး မီးလောင်ခံထားရသလို အဖုအပိန့်တွေထွက်လာပြီး ကယောင်ကတမ်းတွေ အော်လိုက်၊ တိုင်ကို ခေါင်းနဲ့ ပြေးဆောင့်လိုက်လုပ်ရင်း ဘာဆေးမှတောင် အကုအသမခံလိုက်ရဘဲ အသက်ထွက်သွားရှာတယ်၊

သူ့အသုဘချတဲ့နေ့မှာ မြို့က လူတစ်ယောက် ဦးလေးဆီရောက်လာတယ်၊ ကိစ္စက ဦးလေး လှုကြံ့နဲ့ ထိုးထားတဲ့ထီက တစ်သိန်းဆုပေါက်နေလို့ လာပြီးအကြောင်းကြားတာတဲ့၊ အင်း - အဖြစ်အပျက်တွေကတော့ မယုံနိုင်လောက်အောင်ပါပဲလားကွယ်"


ဦးလေး ဦးလှုဝလည်း စကားကို လက်စသတ်လိုက်ရင်းမှ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်လေတော့သည်၊

ဤအဖြစ်အပျက်ကို ကြုံတွေ့နားဆင်ခဲ့ရသည့်ကာလမှာ ကြာခဲ့ပါပြီ၊

သို့ရာတွင် ကျွန်တော့်ရင်ထဲမှာ မမေ့နိုင်သေး၊

မမေ့နိုင်သေး၍လည်း ဤကာလ ဂမ္ဘီရစာပေများ လှိုင်လှိုင်ပေါ်ထွက်နေသည့်ကာလဝယ် စာဖတ်သူတို့ အကျိုးရှိတန်ကောင်းသည်ဟု ယူဆမိလေသည်မို့ သည်အဖြစ်၊ သည်သနစ်အား အဆင်တန်ဆာမရှိ၊ အဖွဲ့အနွဲ့မပါဘဲ ရိုးရိုးရှင်းရှင်းပင် ဝတ္ထုသွားအဖြစ် တင်ပြလိုက်လေရာ စာဖတ်သူတို့အနေဖြင့် ဖတ်ရှုရင်း စဉ်းစားဆင်ခြင်ကြပါကုန်ဟု ညွှန်းဆိုခြင်းမှုတစ်ပါး၊

→➟ နန္ဒာမိုးကြည်




# ကွင်းဆက်ချိတ်မရတဲ့ မဟာရာညသုံပြုင်

တိုးမိုး (ရွှေပြည်သာ)

ဆောင်းတွင်းကာလ လမိုက်ညလည်း ဖြစ်နေခဲ့၍ ညက အတော်ပင် မှောင်မိုက်နေပါသည်။ ဆရာတော်က အနီးအနားရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းသို့ သုံးရက်သွားရောက်ရမည်ဖြစ်၍ နေ့လယ်ကပင် ထွက်ခွာ သွားခဲ့ပြီ ဖြစ်သည်၊ ကျောင်းတိုက်အပေါ်ထပ်တွင် ဆရာတော်နှင့် ကျော်စွာ နှစ်ဦးတည်းသာ ညအိပ်လေ့ရှိခဲ့သည်၊ နှစ်ထပ်ကျောင်းဖြစ်၍ ကျန်သံဃာ တော်များနှင့် ကျောင်းသားတို့က အောက်ထပ်တွင်သာ ရှိနေကြသည်၊ ထို ကျေးရွာလေးသို့ ကျော်စွာ ရောက်ရှိခဲ့သည်မှာ နှစ်လပင် မပြည့်တတ်သေး ပေ၊ ယခင်က ခြင်ထောင် ထောင်၍ သူ အိပ်ခဲ့သော်လည်း ယခုမူ ရွာခံတို့၏ ဓလေ့ထုံးစံအတိုင်း ခြင်ထောင် မထောင်ဘဲနှင့် သူ အိပ်တက်လာခဲ့ပြီ ဖြစ် သည်။

သည်နေ့အချိန်က ည (၉)နာရီ ကျော်ခဲ့ပေပြီ။ အသိအိမ်တစ်အိမ်တွင် ဗီဒီယိုဝင်ကြည့်နေခဲ့ပြီးမှ မီးမတပ်ဆင်ရသေးသည့် သူနားခိုရာ ဘုန်းကြီး ကျောင်းဆီသို့ ပြန်ခဲ့ပါ၏။

“ဆရာလေးအပေါ်ထပ်မှာတစ်ယောက်တည်းမအိပ်ရဲရင်အောက်ထပ် မှာဦးဖင်းတို့နဲ့ လာအိပ်ပါလား” ဟု ဦးရေဝတာက လှမ်းပြောပါ၏။

"ရပါတယ် – ဦးဇင်း၊ တပည့်တော် ဘုရားကျောင်းဆောင်ရှေ့အိပ်ရတာပဲ အိပ်ရဲပါတယ်"

သူက ချက်ချင်းပင် အဖြေပေးလိုက်ပြီး ကျောင်းတိုက်အပေါ်ထပ်သို့ တက်သည့် သီးသန့်လှေကားအတိုင်း တက်ရောက်သွားပါသည်။ အမှန်လည်း အောက်ထပ်မှာ မအိပ်စက်ချင်ပါ။ မြေကြီး နိုးလိုးနှုလုတွင် အဆင်မြေသလို ရိုက်ထားသော ဝါးကြမ်းခင်းနှင့် အိပ်ရမည်ဖြစ်ရာ ခက်ခဲမည်ဆိုကသေရာပါသည်။ အောက်ထပ်ကို အုတ်နှင့် ကာရံထားသော်လည်း အလှူရှင် မရှိသေး၍ အကာက တစ်ပိုင်းတစ်စမျှသာ ရှိနေသေးသည်။ အပေါ်ထပ်ကမူ လျှာထိုးပျဉ်များနှင့် အသေအချာပြုပြင်ပေးထားသော ခန်းမကျယ်ကြီး ဖြစ်သည်။

လုံခြုံသည့်ပြတင်းပေါက်များ တံခါးများပြည့်စုံစွာရှိသည်မို့ ဆောင်းတွင်းကာလ ချမ်းအေးမှုကိုလည်း ကာကွယ်နိုင်ပေသည်။ အောက်ထပ်၌ရှိသော သံဃာတော်များက သီးသန့်လှူဒါန်းထားသော ခုတင်နှင့် အကာအရံများ ရှိသော်လည်း သူ အိပ်ရမည့်နေရာမှာ ဘုန်းကြီးကျောင်းသား ပေစီတို့ အိပ်ရမည့် မီးဖိုခန်းနှင့် ဆက်စပ်ရိုက်ထားသော ဝါးကြမ်းခင်းအခန်းတွင် ဖြစ်သည်။ သို့ပါ၍လည်း သူ အပေါ်ထပ်ကို ကျေနပ်စွာ ရွေးချယ်ခဲ့မိခြင်း ဖြစ်ပါသည်။

ယခင်နေ့များက သူ (၉) နာရီကျော်ကျော် အိပ်ရာဝင်ခဲ့လျှင် ဆရာတော်က မေတ္တာပို့တရားထိုင်နေလျက်ပင် ကျန်ရှိခဲ့သည်က များလေသည်။ ယနေ့တွင်မူ ဆရာတော် ညဘက် မကျိန်းစက်တော့ပါ၍ သူတစ်ယောက်တည်း အိပ်ခွင့်ရခဲ့သည်ဖြစ်ရာ အဝင်ပေါက်တံခါးမကြီး နှစ်ချပ်ကို အပြီးပိတ်လိုက်ပါသည်။ လေးပေအကျယ်၊ အမြင့် (၆) ပေခွဲရှိသော တံခါးနှစ်ချပ်ကို ဆရာတော်ကြီးနည်းတူပင် ပိတ်၍ မင်းတုပ်သစ်သားပါ ကန့်လန့်ချ၍ ပိတ်လိုက်ပါ၏။ ပြတင်းပေါက်များကလည်း ပိတ်ထားပြီးဖြစ်ရာ အမှောင်ထဲမှာမှ အမှောင်ကဆင့်၍ နေပါသည်။ လက်ထဲက မီးခြစ်ကို လက်နှင့်ဖျစ်၍ ခြစ်ယူလိုက်ပြီး အဆင်သင့်ယူထားသော ဖယောင်းတိုင်ဆီသို့ မီးကူးစက်ယူလိုက်ပါသည်။

ပြီးမှ – ယခင် အိပ်နေကျ ဘုရားကျောင်းဆောင်ရှေ့တွင် ဖယောင်းတိုင်မီးကို အိပ်ရာနှင့် သိပ်မဝေးလှသော ကြမ်းပြင်ပေါ်၌ ဖယောင်းစက်ချကာ ထွန်းလိုက်ပါ၏။ နောက်ထပ်ဖယောင်းတိုင်သို့လည်း မီးကို ကူးယူလိုက်ပြီး ဘုရားကျောင်းဆောင်ပေါ်တွင် ထွန်းညှိပူဇော်လိုက်ပါသည်။ ပြီးနောက် – အိပ်ရာကို ဖြန့်ခင်းချလိုက်ပြီး ယခင်နေ့များက အတိုင်းပင် ဘုရားရှိခိုးဦးချ ကန်တော့လိုက်သည်။ ဘုရားရှိခိုး ပူဇော်အပြီး မာရဏပရိတ်တော်နှင့် မေတ္တာသုတ်တို့ကိုပါ စာအုပ်ကြည့်ဆိုပြီး ရွတ်ဆိုပူဇော်ခဲ့လိုက်သည်။ ညဘက် ဆရာတော်လည်းမရှိသည်မို့ ဘုရားမီးအဖြစ် ပူဇော်ထားသော ဖယောင်းတိုင်မီးကို ဦးစွာ မှုတ်သိမ်းလိုက်သည်။ အိပ်ရာဘေး၌ ထွန်းထားသော ဖယောင်းတိုင်ကိုပါ မှုတ်သိမ်းလိုက်ပြီး အမှောင်ထုကို သဘာဝအတိုင်း ကျေနပ်စွာနေခွင့်ပေးလိုက်မိပေသည်။

မျက်လုံးဟူသည် မြင်နိုင်စွမ်းသော သဘာဝခွန်အားတစ်ခု ဖြစ်သည်။ အမှောင်ထုထဲတွင်မှ မဟူရာရောင်တို့ကြီးစိုး၍ မှောင်မိုက်မည်းနက်နေခဲ့ရာ အလင်းရောင်မည်းနေသော ထိုအရောင်ကိုတော့ မျက်လုံးက မြင်နေရဆဲဖြစ်သည်။ ထိုမဟူရာညကို ဆက်လက်ခံစားကြည့်နိုင်စွမ်း မရှိတော့ဘဲ မျက်လုံးအစုံကိုမှိတ်၍ ကျော်စွာ အနားယူလိုက်ပါသည်။ ဘာကိုဘာမျှမမြင်ရတော့သကဲ့သို့ အသိစိတ်တွေကိုလည်း အိပ်စက်ခြင်းက စိုးမိုးအနိုင်ယူသွားခဲ့လေပြီ။

မည်၍မည်မျှ အချိန်ကြာသွားခဲ့သည်မသိ။

ဒေါက် – ဒေါက် – ဒေါက်။

ဘုန်းကြီးကျောင်းအပေါ်ထပ် တံခါးပေါက်ကြီးကိုလူလာခေါက်နေသည့် အသံက ရုတ်တရက် နားထဲဝင်ရောက်လာသည်။ သည်အသံသည် ချော်၍ မည်မျှ ခေါက်နေခဲ့သည်ဟု သူ မခန့်မှန်းတတ်ပါ။ မျက်လုံးကို လတ်နှင့်ဖွင့်လိုက်မိပြီး ခေါင်းအုံးဘေးနားမှ မီးခြစ်နှင့် ဖယောင်းတိုင်ကို လက်နှင့်စမ်းသပ်ယူလိုက်ပါသည်။ မီးခြစ်ကို ထွန်းညှိလိုက်ပြီး ဦးစွာ ဖယောင်းတိုင်ဆီသို့ မီးကူးယူလိုက်သည်။ ပြီးနောက် လက်ပတ်နာရီကို အချိန်ကြည့်လိုက်မိရာ နံနက်စောစော နှစ်နာရီ၊ ၂၅ မိနစ်အချိန်ဖြစ်သည်။ ဆရာတော်များ ပြန်ကြွလာခဲ့သလားဟု ထင်စရာရှိ၍ ကျော်စွာ တံခါးချပ်ဆီသို့ လျှောက်သွားလိုက်ပါသည်။

တံခါးမနားသို့အရောက် မင်းတုပ်သစ်သားကို အရင်မပြီးချရသည်၊ ပြီးမှ တံခါးရျက်ကို လက်နှင့်လှည့်၍ အောက်သို့ချလိုက်ပြီး တံခါးမကြီးကို ဖွင့်ပေးလိုက်သည်၊ အထုပ်အပိုး (၂)ထုပ်ကို ပိုက်၍ ရပ်စောင့်နေသော အမျိုးသမီး တစ်ဦးကို သူတွေ့လိုက်ရပြီး လန့်ဖျပ်သွားပါသည်၊ အရွယ်က အသက် (၃၀) ကျော်ခန့်ဟု ထင်ရပြီး လှပ၍ ချစ်ခင်ဖွယ်ရာ အမျိုးအမွေတစ်ဦး တွေ့ရသကဲ့သို့ ခံစားရပါသည်၊

"ဟင် - အစ်မကြီး၊ ဒီအချိန်ကြီးကျမှ ဘာ - ဘာလာလုပ်တာလဲဟင်"

"ဒီမှာ တစ်ညလောက်တည်းပါရစေ - ကလေးရယ်၊ အစ်မမှာ သွားစရာမရှိတော့လို့ပါ၊ မနက်မိုးမလင်းခင် ဒီကျောင်းဝင်းထဲက ထွက်သွားပေးပါ့မယ်"

"ဟာ - ကျွန်တော် လက်မခံရဲဘူး၊ ဆရာတော်နဲ့ ရွာသားတွေ သိရင် ကျွန်တော် ဘယ်ကောင်းပါ့မလဲ"

"အစ်မ - လူကို ကြည့်တာနဲ့ သိပါတယ်ကွယ်၊ လူ့ရဲ့မျက်နှာရိပ်မှာ လူကောင်း လူဆိုးဆိုတာ ခွဲခြားလို့ရတယ်၊ အရင်ထဲက မင်းကို အစ်မ တွေ့ဖူးပါတယ်၊ မင်းက စိတ်ကောင်းရှိတဲ့ ရုပ်ရည်မျိုးပါ"

အမျိုးသမီး၏ တည်ကြည်မှုရှိသော စကားသံကြောင့် ကျော်စွာ အမြေအနေကို ပြန်လည်သုံးသပ်လိုက်ရသည်၊

"ကျောင်းခန်းမကြီးက အကျယ်ကြီးပဲဗျ၊ အစ်မ ခဏနားချင်တယ်ဆိုရင် ဒီတံခါးပေါက်ဘေးနားမှာပဲ သပ်သပ်နေပေးနော်၊ ဟိုဘက် ကျွန်တော် အိပ်နေတဲ့ ဘုရားကျောင်းဆောင်ဘက်ကို မလာနဲ့ - ရမလား"

"ဟုတ်တယ် - ကလေးရယ်၊ အစ်မ အရမ်းပဲ ကျေးဇူးတင်ပါတယ်"

တည်းခိုဖို့ ပြောလာသူအမျိုးသမီးကို အမူအကျင့်ကောင်းသူဖြစ်သည်ဟု စာနာနားလည်မိကာ ကျော်စွာ လက်ခံလိုက်ပါသည်၊

"ကဲ - ဝင် - ဝင် - ဒါဆို - ဒီက ငါးနာရီမထိုးခင်လောက် အစ်မ ပြန်ထွက်တော့နော်၊ ဒီမှာ ကျောင်းထိုင်ဆရာတော် အပြင်သွားနေလို့ အောက်ထပ်မှာ ဘုန်းဘုန်းတွေ ကျိန်းနေကြတုန်းပဲ ရှိသေးတယ်၊ အသိမပေးချင်လို့ ရှင်းမှာလား"



ကျော်စွာ ပြောသည်ကို ညှိသည့်အစ်မမှ ခေါင်းညိတ်ရင်း ထောက်ခံမှုပြုပါသည်၊ ပြီးနောက် ကျော်စွာက ဖယောင်းတိုင်မီးကို နီးစပ်ရာ ပုလင်းအခွံ တစ်ခုပေါ်တင်ထွန်းလိုက်ပြီး တံခါးမကြီးကို ဆွဲပိတ်လိုက်သည်၊ ပြီးမှ - မင်းတုပ်ကိုပါ အသေအချာချခဲ့ပြီး ဖယောင်းတိုင်မီးကိုကိုင်၍ ဘုရားကျောင်းဆောင်ရှေ့ပြန်သွားရန် ပြင်နေမိစဉ် ...

"ဟိုလေ - မောင်လေး အစ်မကို အဲဒီဖယောင်းတိုင်မီးလေး ပေးခဲ့ပါလား"

ဟု ဆိုလာ၍ မီးလင်းပြီးဖြစ်သော ဖယောင်းတိုင်မီးကို ထိုအမျိုးသမီးထံ ထားခဲ့၍ ကျော်စွာ အိပ်ရာအနီး ဆက်လျှောက်သွားလိုက်ပါ၏၊ အိပ်ရာအနီးသို့ရောက်သည်နှင့် နောက်ထပ် ဖယောင်းတိုင်တစ်တိုင်ကို မီးလင်းစေလိုက်ရပါသည်၊ ဆက်၍လည်း အိပ်နေနိုင်တော့မည် မဟုတ်သည်က သေချာပါသည်၊ သို့ဖြစ်၍ နီးစပ်ရာနံ့ ဆီခွက်တစ်ခွက်ပေါ် ဖယောင်းတိုင်ကို တင်ထွန်းထားလိုက်ပြီး စာအုပ်တစ်အုပ်ကို ဖတ်မည်ဟု စဉ်းစားမိခဲ့ကာ စာအုပ်ကို ဆွဲလှန်လိုက်သည်၊ စာအုပ်ကိုကြည့်ရင်းကမှ အမျိုးသမီးထံ စိတ်ကရောက်သွားပြန်ရာ ဘာလုပ်နေသလဲဟု လှမ်းကြည့်လိုက်မိပြန်၏၊ ဟိုဘက်အိတ်ဆီမှသည်ဘက်အိတ်ဆီသို့ထည့်သင့်သမျှရွှေ့ထည့်နေသည်၊ ပြီးမှ အထုတ်တစ်ထုပ်ကို ခေါင်းအုံးပုံသဏ္ဍာန်ဖိပြားလိုက်ပြီး ခေါင်းချအိပ်လိုက်ပါသည်၊ ပြီးမှ - ကျော်စွာထံက ယူထားသော ဖယောင်းတိုင်မီးကို လေနှင့် မှုတ်သိမ်းလိုက်ပြီး အိပ်ရာဝင်သွားပါတော့၏၊

ကျော်စွာမှာမူ စာအုပ်ဖွင့်ဖတ်နေသော်လည်း စိတ်တို့က ဂနာမငြိမ်ဖြစ်နေရသည်၊ ဖယောင်းတိုင်မီးတစ်တိုင်တည်း သေသွားခဲ့လျှင် အလင်းရောင်ပျောက်နိုင်သည်မို့ ဘုရားကျောင်းဆောင်ပေါ်မှ ထွန်းလက်စ ဖယောင်းတိုင်ဆီသို့ပါ မီးကူးပေးလိုက်ပါသည်၊ တစ်တိုင် မီးသေသွားခဲ့သော်လည်း တစ်တိုင်၏ အလင်းရောင်ကျန်နေစေရန် ဖြစ်ပါသည်၊

စာရွက်ကိုလှန်ရင်း စာမျက်နှာများစွာ ဖတ်ခဲ့ပြီးဖြစ်သော်လည်း စာထဲမှာ စိတ်ကမရောက်ပေ၊ ဒီနေ့တွင်ကျမှ အချိန်တို့က ကုန်ခဲလှသည်ဟု ထင်ရာ

ရှိပါသည်။ မေးခနဲ အိပ်ပျော်မည်ကြံလိုက်ပြန်၍ သတိဝင်လာလိုက်၊ ဖယောင်းတိုင်မီး အလင်းရောင်အောက်မှာ ပြောင်းလဲလာခြင်းများစွာကို သူ ရင်ဆိုင်နေရပေသည်။ သည်လိုနှင့် နှစ်နာရီခွဲကျော်ကျော်မှ လေးနာရီ ဆယ်မိနစ်အချိန်သို့ ရောက်ရှိခဲ့လေပြီ။ အလင်းရောင်ရှိနေသောနေရာမှ တံခါးပေါက်အနီး မှောင်နေသောနေရာက လှုပ်လီလှုပ်လဲ့အသံတစ်ခု ကြားရသည်။ ထိုအမျိုးသမီး၏ လှုပ်ရှားမှုပြုသောအသံ ဖြစ်ပါသည်။ လူးလိမ့်ရင်းကမှ ထိုင်သည့်သဏ္ဍာန်၊ တစ်ဆင့်မတ်တတ်ရပ်ပြီး ထဘီပြင်ဝတ်နေသည်ကို တွေ့ရပါသည်။ ပြီးမှ - တစ်ဆင့်တိုး၍ သူ့ထံ လှမ်းလျှောက်လာသည်ကို တွေ့မြင်ရသည်။

☯

ဘုရားကျောင်းဆောင်ပေါ်မှ ဖယောင်းတိုင်က မီးသေသွားခဲ့ပြီ ဖြစ်ပါသည်။ လက်ရှိ ဖယောင်းတိုင်မီးက ခေါင်းအုံးအနား နို့ဆီခွက်ပေါ် တင်ထွန်းထားသည့် တစ်တိုင်သာ ကျန်ရှိတော့သည်။

"မောင်လေး - ဒီဖယောင်းတိုင်ဆီကို မီးခြစ်ခြစ်ပြီး တို့ပေးပါလား။ အစ်မ ပြန်နိုပြင်ဆင်တော့မလို့လေ"

သူ့အနားမလာခဲ့ရန် တားခဲ့မိသော်လည်း မီးခြစ်ကို ပေးမထားခဲ့မိသည်ကို နောင်တရမိသည်။ မထူးတော့ပြီမို့ ထိုအမျိုးသမီး ကမ်းပေးလာသော ဖယောင်းတိုင်ကို လက်လှမ်းယူလိုက်မိပါသည်။ ဖယောင်းတိုင်အတိုက သူ့လက်ထဲ ပါလာခဲ့သည်။ သို့သော် ဖယောင်းတိုင်နှင့်အတူ ပေးလိုက်သော အပိုင်းပုံသဏ္ဍာန်လှော့ကတ်ဆွဲသီးလေးက ကျော်စွာလက်ထဲမှ ကြမ်းပြင်ပေါ်သို့ "ဒေါက်" ခနဲ ပြုတ်ကျသွားသည်။ ထိုလှော့ကတ်သီးက လိမ့်ရင်းလိမ့်ရင်းကမှ ဖယောင်းတိုင်ထွန်းထားသော နို့ဆီခွက်ကို ဝင်တိုက်သွားသည်။ နို့ဆီခွက်လဲကျပြီး အခန်းတစ်ခုလုံး မှောင်အတိ ကျသွားခဲ့ပေပြီ။

ကျော်စွာက ကမန်းကတန်းပင် မီးခြစ်ကို လက်နှင့် စမ်းသပ်လိုက်သည်။ နေရာအတိအကျ မှတ်မထားမိ၍ နှစ်မိနစ်ခန့် ရှာဖွေရပါသည်။ တွေ့သည်နှင့် မီးခြစ်ကိုခြစ်ပြီး ဖယောင်းတိုင်သို့ မီးကူးလင်းစေလိုက်သည်။



ကျော်စွာတစ်ယောက် ကြက်သီးမွေးညင်းများပင် ထောင်သွားရပြီး အံ့ဩမှင်တက်သွားရပါ၏။

အဆုံးတွင်းဝယ် အမျိုးသမီးကိုလည်း မတွေ့ရ၊ အထုပ်အပိုးများလည်း မမြင်ရပေ။ သူ့လက်ထဲက ဖယောင်းတိုင်သည် ထိုအမျိုးသမီး ကမ်းပေးလာသော ဖယောင်းတိုင်အတို ဖြစ်သည်။ နို့ဆီခွက်နှင့်အတူ လဲကျနေသော ဖယောင်းတိုင်ကမူ လဲကျလျက်ပင် ရှိသေးပေတကား။

ဖယောင်းတိုင်မီးကိုင်လျက်နှင့်ပင် ကျော်စွာတစ်ယောက် လှေကားထိုးကြမ်းပြင်ကို အသံမြည်အောင် ပြေးလွှားသွားခဲ့ပါသည်။

"ဒုန်း - ဒုန်း - ဒုန်း - ဒုန်း"

ခပ်မြန်မြန်ပင် တံခါးမကြီးမင်းတုပ်ကို မ,ချလိုက်သည်။ ဂျလက်ကို အမြန်ဖွင့်ပြီး တံခါးမကိုဖွင့်၍ အောက်ထပ်သို့ ပြေးဆင်းလိုက်သည်။

"ဦးဇင်း - ဦးဇင်း ဦးရေဝတ ထတော်မူပါဘုရား"

"ဟေ့ - ဆရာလေးကျော်စွာ၊ မင်း - မင်း - ဘာဖြစ်လာတာလဲကွ"

"တပည့်တော် အိပ်မက်ပဲလား၊ တကယ်လား မသိတော့ပါဘူးဘုရား။ မနက်ဖြန် ဆရာတော်မရှိရင် အပေါ်မှာ မအိပ်တော့ဘူး"

"အေး - ရတယ်လေကွာ၊ ညကတည်းက အောက်မှာ အိပ်ဖို့ ငါပြောပါတယ်မောင်။ မင်း ဆရာတော်မရှိတာနဲ့ ဆောင်းကာလ အိပ်မက်ဆိုးမက်တာနေမှာပါ၊ ငါတို့လည်း အရုဏ်ဆွမ်းချိန်နီးနေပါပြီ၊ အခု - ဦးဇင်း ထပြီး ဒကာကြီး ဟုတ်ပြီလား"

ကျော်စွာတစ်ယောက် အမှောင်ထုကို အမှန်ပင် ကြောက်ရွံ့သွားခဲ့ပါသည်။ ကျောင်းအပေါ်ထပ်ကိုပင် မကြည့်ဝံ့တော့တဲ့ အောက်ထပ် မီးဖိုခန်းလေးထဲ ကုပ်ကုပ်လေးထိုင်ရင်း အရုဏ်ဦး၏ အလင်းရောင်ကို မျှော်လင့်စောင့်စားကာ နေလိုက်မိတော့သည်။

☯

သာယာကုန်းရွာ၏ ဘုန်းတော်ကြီးကျောင်းလေးမှာ ဝါးကြမ်းခင်း ထန်းမိုးအဆင့်သာ ရှိပေသေးသည်။ ရွာတွင် အိမ်ခြေ (၅၀)ပင် မပြည့်ပါဘဲ ထူးခြားသည့် အရေးကိစ္စရှိလျှင် ရွာကျောင်းဆရာတော်ကသာ စီမံကွပ်ကဲ ကြီးကြပ်ခဲ့ရပါသည်။ ဤရွာ၌ နေခဲ့သည်မှာ သိပ်မကြာလှသေးသည့် ကိုစင် ထွန်းနှင့် မသူဇာတို့ လင်မယားသည် နှစ်ယောက်လုံး သေဆုံးခဲ့ကြပြီး ရှစ်လ သားအရွယ် ကလေးတစ်ယောက် ကျန်ရစ်ခဲ့ရပေသည်။ ထိုကလေးကို ရွာထဲ မှ တာဝန်ယူနိုင်မည့်သူကမရှိ၍ မြို့ပေါ်တက်ကာ ဆရာတော်က မွေးစားမည့် လင်မယားကို ရှာဖွေခေါ်ယူလာခဲ့ရသည်။ သို့ပါ၍ ရွာသားများအားလုံး မြို့ပေါ် မှလာမည့် ကလေးမွေးစားမည်ဟုဆိုသော လင်မယားကို စိတ်ဝင်တစား လာရောက် စောင့်ကြည့်ကြသည်။

"ဟော့ - ဟိုမှာ လာနေကြပြီ၊ ခေါ်ပါဦး - ဒီအရှေ့ကို ....။ သာအိရေ - လမ်း နည်းနည်းရှင်းစမ်းကွာ"

ဆရာတော်က လှမ်းမှာကြားလိုက်၍ ရွာကာလသားခေါင်း သာအိ လူ သွားလမ်းနေရာကို ရှင်းလင်းပေးလိုက်ပါသည်။

"ဟေ့ - လမ်းနည်းနည်း ဖယ်ကြစမ်း။ ဦးခင်မြင့်၊ ဒေါ်လှသိန်း၊ နည်းနည်း နောက်ဆုတ်၊ ဟို ဒေါ်တုတ်နဲ့ ထားထား၊ နောက်နည်းနည်းကပ်ကြပါ။ ဦးတင် အေး လူသွားလမ်းလေး လုပ်ပါဗျာ - ရွှေ့ - ရွှေ့"

လမ်းကြောင်းနေရာရခဲ့မှ လူအုပ်ကိုကျော်ဖြတ်ခဲ့ပြီး ဦးမိုးမြင့်နှင့် ဒေါ်ခင် ထားတို့လင်မယား ဘုရားကျောင်းဆောင်နှင့် ဆရာတော်ကို ဦးချကန်တော့ လိုက်ကြပါသည်၊ ပြီးမှ ဦးမိုးမြင့်က ...

"တပည့်တော် ဒီမြို့ရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးက အထက်တန်း စာရေးပါဘုရား၊ ဇနီးက ကျောင်းဆရာမပါ၊ ဒီရွာမှာ မွေးစားခွင့်ရမယ့် ကလေးတစ်ယောက်ရှိတယ်ဆိုတာ မနေ့က ဘုန်းဘုန်း လွှတ်လိုက်တဲ့ ရွာ သားထံက သိရတာပါဘုရား၊ ဒီကလေးမှာက မိဘတွေလည်း ဆုံးသွားကြ ဆိုတော့ တပည့်တော်တို့လင်မယားလည်း ပိုပြီးနှစ်သက်ပါတယ်"

"အေး - အေး - ဟုတ်ပါပြီ ဒကာကြီး၊ အခုလို တွေ့ရဆုံရတာ အရင်ဘဝ က အကြောင်းရှိခဲ့လို့ပဲလို့ မှတ်စေချင်ပါတယ်၊ ဒီရွာမှာက ဆင်းရဲတဲ့သူ တွေပဲ များတယ်လေ၊ ဒီလို မိဘမဲ့ကလေးကို မွေးစားမယ့်လူက မရှိဘူးပဲ ဖြစ် ရမှာပဲ၊ ဒီကလေးရဲ့အဖေက ကားမောင်းတယ်၊ သူ့မိန်းမကတော့ အိမ်ကိစ္စပဲ လုပ်ရတာပါ၊ ဆွေမျိုးတွေကို အသိမပေးဘဲ သူတို့ အိမ်ထောင်ပြုခဲ့ကြတယ် လို့ ဒီရွာက သိကြပါတယ်၊ သူတို့လင်မယားက ဘယ်ကိုမှ ဆက်သွယ်တာ မတွေ့ရဘူး၊ အခုကားမောင်းရင်း ဝင်ငွေလေးကောင်းလာတော့ ကျွန်းတိုင် ခပ်တောင့်တောင့်တွေဝယ်ပြီး သူ့အိမ်လေးကို ဆောက်ထားတာ ဒီရွာမှာ သူ့ အိမ်က ခြေတံမြင့်ပြီး သွပ်မိုးထားတဲ့အိမ်မို့ တခြားအိမ်ထက် ကောင်းပါတယ်၊ တစ်ရက် သူ့အမျိုးသား ကားမောက်တယ်လည်းကြားရော အမျိုးသမီးက ညတွင်းချင်းလိုက်ဖို့ ပြင်ဆင်တာမှာ ဖယောင်းတိုင်မီးက ခြင်ထောင်ကို အရင်လောင်ပါတယ်၊ ပြီးတော့ အိမ်ကို မီးကူးသွားတာမှာ အရေးပေါ် သိမ်း ဆည်းထားတဲ့ငွေတွေကို အရယူနေတုန်း ထုပ်တန်းပြုတ်ကျပြီး သေရပါ တယ်၊ သူ့အမျိုးသားကလည်း ဆေးရုံအရောက် ဆုံးပါးသွား ရတယ်တဲ့၊ မီးလောင်နေတုန်းမှာ ကလေးငိုသံကြားလို့ ရွာသားတစ်ယောက် အိမ်ပေါ် တက် ကယ်ထားခဲ့လို့သာ ကလေးက အသက်ရှင်ရတာလေ၊ အခုထိလည်း သူ့ဆွေမျိုးတွေကို ဘုန်းဘုန်းတို့ မသိကြရသေးဘူး"

"တင်ပါ့ဘုရား - မိဘတွေက ဆုံးသွားကြပြီဆိုတော့ တပည့်တော်တို့ မွေးစားရတာ ပိုကောင်းပါတယ်"

"အေး - အေး - ဒါဆို ကလေးပြလိုက်ပါဦး၊ သူ့အမေ နာမည်ပေးထား တာကတော့ တောက်ကြယ်တဲ့ ရွာသားတွေကတော့ တောက်ပမယ့်ကြယ် လို့ ရည်ရွယ်ပြီး ပေးတာလို့ ပြောကြပါတယ်"

ကိုရင်လေးတစ်ပါးမှ ကလေးကို ချီပိုးထုတ်ယူလာခဲ့ပြီး မွေးစားမည့် အမျိုးသမီးလက်ထဲ ပေးအပ်လိုက်သည်။

"အို - ကိုရေ၊ ချစ်စရာလေးပဲ၊ သူက ရှစ်လသားပဲ ရှိသေးတာဆိုတော့ ခင်ထားတို့ရဲ့သားအစစ်လေးပဲ၊ ဘုရား မ,တာပဲနော်"

"အေးလေ - ခင်ထား - နှစ်သက်ရင် ပြီးတာပါပဲ"

"ကျွန်မကတော့ တောက်ကြယ်ဆိုတဲ့ နာမည်ကြီးကို ရိုးတယ်လို့ပဲ ထင်တယ်ကို၊ ဒီကလေးကို သူ့အမေရင်းရဲ့ ရည်ရွယ်ချက်လည်း မပျက်ရအောင် ကျော်စွာလို့ ခေါ်ကြတာပေါ့၊ ဘယ်လိုလဲ ..."

"အေးကွာ - မင်းသဘောပါပဲ မခင်ထားရယ်"

ကလေးမရှိရှာသော ဦးမိုးမြင့်နှင့် ဒေါ်ခင်ထားတို့ လင်မယားဆီသို့ ရွာသားများအားလုံးက ကလေးကို ကျေကျေနပ်နပ်ပင် လက်လွှဲပေးလိုက်ကြပါသည်၊ သင့်တော်သော စာရွက်စာတမ်း အထောက်အထားများကို ဆရာတော်ထံတွင် လက်မှတ်ရေးထိုးအပ်နှံထားခဲ့၍ ဦးမိုးမြင့်တို့ဇနီးမောင်နှံ အိမ်ပြန်ခဲ့ကြပါသည်၊

ရုံးမှ မိတ်ဆွေတစ်ဦး၏သမီး မင်္ဂလာဆွမ်းကျွေး အခမ်းအနားလေးတစ်ခုကို ဘုန်းကြီးကျောင်းတိုက်ဝင်းတစ်ခုအတွင်း ကျင်းပပြုလုပ်ခဲ့ရာ ဦးမိုးမြင့်တစ်ဦးတည်း တက်ရောက်ဖြစ်ခဲ့ပါသည်၊

အခမ်းအနားပွဲစန်းမထဲ ဟိုဟိုသည်သည် ကြည့်နေမိစဉ် ...

"ဒကာကြီးက ဦးမိုးမြင့် မဟုတ်လား"

သီးသန့်ထိုင်နားနေစဉ် သံဃာတော်တစ်ပါးက လာ၍နှုတ်ပါသည်၊

"ဦးဇင်းက သာယာကုန်းရွာ ဘုန်းကြီးကျောင်းကလေ၊ ဒကာကြီး -တို့ ကလေးကိစ္စ ဦးပဥ္စင်းကျောင်းမှာ ဆောင်ရွက်သွားတာ မဟုတ်လား"

"အြော် - မှန် - မှန်ပါတယ် ဘုရား၊ အတော်ကြာသွားပြီမို့ တပည့်တော် မမှတ်မိတာ ခွင့်လွှတ်ပါ ဘုရား၊ တပည့်တော်လည်း အဲဒီကလေး ကိစ္စပြီး ကတည်းက ရန်ကုန်ပြန်ပြောင်းလာခဲ့ကြတာပါ၊ အခု အနှစ် (၂၀) တောင် ရှိနေပြီပဲ၊ ဘုန်းဘုန်းက အဲဒီကျောင်းမှာပဲလား - ဘုရား"

"ဟုတ်တယ် - ဒကာကြီး၊ ဒီကျောင်းတိုက်ဆရာတော်က ဦးဇင်းနဲ့ သူငယ်ချင်းလေ၊ ထူးခြားတဲ့ပွဲရှိရင်ဖုန်းဆက်ပြီးခေါ်တယ်၊ အခုရွာကျောင်းက တိုက်ကျောင်းဖြစ်သွားပြီ ဒကာကြီး၊ ကြုံရင်လာလည်ဦး၊ ဒါနဲ့ - ကလေးက အတော်ကြီးနေပြီပဲ၊ ဘာတွေ လုပ်ကိုင်နေသလဲ ဦးဇင်းကို ရှင်းပြပါဦး"

"တပည့်တော်တို့ သားကို ကျောင်းဆရာအလုပ် လုပ်နိုင်ထားတယ် ဘုရား၊ (၁၀)တန်း အောင်ကတည်းက ဆရာအတတ်သင် ပို့ခဲ့လိုက် ဖြစ်တယ်လေ၊ ဘုန်းဘုန်းနဲ့ ပြန်တွေ့တာ အတော်ပဲ၊ သူ အခု တာဝန်ကျနေတာ ဘုန်းဘုန်းရွာနဲ့ သိပ်မဝေးလှဘူးထင်တာပဲ၊ တပည့်တော်သားကို လာလည်နိုင်မယ် ဘုရား၊ လိပ်စာလေးပြန်ပြောပေးပါဦး၊ တပည့်တော် မေ့နေလို့"

"ကဲ - ရော့ - ဒီမှာ ဘုန်းဘုန်း လိပ်စာကတ်လေး ပေးခဲ့မယ်၊ ဟုတ်ပြီလား - ဒကာကြီး"

"ဒါနဲ့ - ကလေးတာဝန်ကျနေတဲ့ရွာက ဘယ်ရွာလဲ - ဒကာကြီး"

"ဟို - အလယ်စုရွာလို့ ပြောပါတယ် - ဘုရား"

နှစ်အတော်ကြာကာလက သိရှိခဲ့ဘူးသူ ဆရာတော်နှင့် ဦးမိုးမြင့်တို့ စကားပြောကောင်းနေစဉ်မှာပင် ...

"ဆရာတော် ဘုရား - အခမ်းအနား စတော့မယ်တဲ့၊ ခေါ်ခိုင်းလိုက်လို့"

ဟု ပြောရင်း ကိုရင်လေးတစ်ပါးက လက်တို့ပြီး လာခေါ်သည်၊

"ဒါဆို - ဒကာကြီးရေ၊ ဦးဇင်း သွားမယ်နော်၊ လိုတာရှိရင် ဖုန်းနဲ့ ဆက်သွယ်လို့လည်း ရတယ်၊ ဟုတ်ပြီလား ..."

နှုတ်ဆက်ပြီးသည်နှင့် ဆရာတော်၊ သံဃာတော်များက တရားရိုးမြှင့်မည့် ဘုရားကျောင်းဆောင်ရှေ့တွင် နေရာယူကြပါသည်၊

မင်္ဂလာပွဲလေး၌ ဝါးပါးသီလခံယူဆောက်တည်စေခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်မှုပြုခြင်း၊ တရားတော်နာယူခြင်း၊ ရေစက်ချခြင်းတို့ ပြုလုပ်ပြီးစီးသောအခါ သံဃာတော်များကို သီးသန့်ဆွမ်းကပ်ခဲ့ကြပါသည်၊

ဆွမ်းသုံးဆောင်ပြီးမှ သာကုန်းရွာဆရာတော်က ဦးမိုးမြင့်ကို ပြန်လည်သတိရသွားသည်၊ ဦးမိုးမြင့် ခုနက ပြောလိုက်သောစကားရပ်အတွက် ပြောရောကျန်ရှိခဲ့၍ ဖြစ်ပါသည်၊

ကလေးမွေးစားရန် သူတို့လင်မယား ခေါ်ယူသွားခဲ့ပြီးနောက်ပိုင်း ရွာသို့ ကိုခင်ထွန်း၏ မိသားစုဝင်များ သိရှိကာ လိုက်လာခဲ့ကြသည်၊ မသူဇာ

နှင့် အိမ်ထောင်ကျခဲ့ပြီး နေထိုင်ခဲ့သော မီးလောင်ထားသည့် အိမ်အဝန်း အပိုင်းလက်ကျန်ကို ဖြိုဖျက်၍ အလယ်စုရွာတွင် တည်ဆောက်မည့် သံဃာတော် ကျောင်းတိုက်အတွက် လှူဒါန်းထားခဲ့ကြောင်း ပြောပြလိုက်ခြင်းပင် ဖြစ်ပါသည်။

သို့သော် - ဦးမိုးမြင့်ကို ဆရာတော် အဝေးမှာပင် မြင်တွေ့ခွင့်ရပြီး ကိစ္စပြီးမြောက်၍ အပြင်သို့ ထွက်ခွာသွားသည်ကိုသာ တွေ့လိုက်ရပေရာ ...။



ဘူဲပြားသီးလေးကို ဖွင့်ကြည့်[illegible]ယ်ဆရာ။ အဲဒီအတွင်းထဲမှာ
မိန်းမတစ် ယောက်ရဲ့ပုံနဲ့ နောက်တစ်ခြမ်းမှာ ကလေးလေးရဲ့
ပုံပါတယ်ဆရာ။ အဲဒီ ဓာတ်ပုံလေးတွေကို ချကြည့်တာမှာ အောက်က
အင်းစာလုံးတွေလိုလို ပါနေလို့ ဦးရေဝတက ကျောင်းကို လာတဲ့
လူတွေထဲက ဓာတ်ရိုက်ဓာတ်ဆင် လုပ်ထားတာလား မသိဘူးဆိုပြီး
ကျောင်းအနောက်ဘက်က ရေကန်ထဲကို လွှင့်ပစ်လိုက်ပြီ ဆရာ ...



နှစ်ပေါင်းများစွာ ကြာသော် ...

"ကိုရေ - ရှင့်သားကိုလည်း မေးကြည့်ဦး၊ ဒီနေ့ အင်္ဂါနေ့တောင် ရောက်နေပြီ၊ အစကဆို စနေ၊ တနင်္ဂနွေ (၂)ရက်ပဲ နေတာလေ၊ အခု ဘာလို့ မပြန်သေးတာလဲ မသိဘူး၊ ခင်ထားမေးတာတော့ သူက သူငယ်ချင်းတွေနဲ့တွေ့ဖို့ ကျန်နေသေးလို့တဲ့၊ ဗုဒ္ဓဟူး ပြန်မယ်လို့ပြောတယ်"

"အေးကွ - ငါလည်း ဒီကောင် ဘာဖြစ်တာလဲလို့ သိချင်နေတာ၊ အခု - ဘယ်သွားနေလဲ"

"ဆယ်တန်းတုန်းက အတူအောင်ထားတဲ့ သူငယ်ချင်း ဟန်ကြီးဆီ သွားမယ်လို့ ပြောတယ်၊ ညကနေ ပြန်လာလိမ့်မယ်"

ရုံးသွားဖို့ ပြင်ဆင်နေစဉ်မှာပင် မီးဖိုချောင်၌ ချက်ပြုတ်ကြော်လှော်နေသော ဒေါ်ခင်ထားက ဦးမိုးမြင့်ကို စကားစပေးလိုက်ပါသည်၊ ကျောင်းဆရာမ ဒေါ်ခင်ထားက နေ့လယ်ပိုင်းမှ ကျောင်းတက်ရသည်ပင်ဖြစ်ရာ အိမ်မှ နောက်ကျထွက်ရသူ ဖြစ်သည်၊

"ဟော - ဟိုမှာ ရှင့်သား၊ ကျော်စွာ ပြန်လာနေပြီ၊ ပြော - ပြောတော့"

သူငယ်ချင်းအိမ် သွားလည်နေသူ ကျော်စွာ အိမ်ပြန်ရောက်လာခဲ့ရာ ဦးမိုးမြင့်မှ ...

"သား - မင်း ကျောင်းကို မပြန်တော့ဘူးလား"

"ပြန်မယ် - အဖေ၊ မနက်ဖြန် မနက်စောစောထ ပြန်ရမယ့်ပထမနှစ်ရက် ကို ဆရာကြီးဆီ ခွင့်တောင်းခဲ့ပြီးပါပြီ၊ တစ်ခုက အဖေနဲ့အမေကို သား တောင်းဆိုစရာ ရှိတယ်"

"ဘာများလဲ - သားရဲ့"

"သားက အခုတည်းတဲ့ ဘုန်းကြီးကျောင်းရဲ့အပေါ်ထပ်မှာ အိပ်ရတာ အဖေ၊ ဆရာတော်ကြီး မရှိတဲ့ရက်က တစ်ယောက်တည်း အိပ်နေတာမှာ သရဲခြောက်သလိုပဲ၊ အခု သားစိတ်ထဲ မလုံခြုံဘူးဖြစ်နေတယ်၊ အောက်ထပ် မှာကျတော့ ခုတင်မရှိ၊ ဘာမရှိနဲ့ အိပ်ရတာ အဆင်မပြေဘူး၊ ဒါကြောင့် - ခုတင်တစ်လုံးလောက်တော့ ဝယ်ပေးပါ၊ အဲဒီဘုန်းကြီးကျောင်းအောက်ထပ်

မှာ သား ခုတင်တစ်လုံးနဲ့ အိပ်ပါရစေ၊ ဒီက ပိုက်ဆံပဲ လူသွားမယ်လေ၊ ဟို ရောက်ရင် သစ်သားဝယ်ပြီး လက်သမားဆရာတစ်ယောက် ရိုက်ခိုင်းလိုက်တာပေါ့"

"ခြော် - ငါတို့က ဘာများလည်းလို့ မင်းလိုတာပြောလို့ ငါတို့ ပြောထားပြီးသားပဲ၊ ကဲ - အမေကြီး ဒေါ်ခင်ထားရေ - ကြားတော်မူတဲ့အတိုင်းပဲ၊ ပိုက်ဆံသာ ထုတ်ပေးလိုက်ပါတော့၊ သားကို အဖေမှာချင်တာက ဘုရားရှိခိုးပြီး အိပ်၊ ဟိုဒီနေရာစုံမှာ အပေါ့၊ အလေး သွားတာကို ဆင်ခြင်ပါ၊ ကိုယ်က ကောင်းတဲ့ အလုပ်ပဲ လုပ်ထားတာမို့ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်မှာပါကွာ၊ ဒါပဲ အဖေပြောချင်ပါတယ်၊ ကဲ - ငါ ရုံးသွားပြီဟေ့"

ဦးမိုးမြင့် ပြောရင်းကမှ အိမ်က ထွက်ခွာသွားတော့သည်၊

ဒေါ်ခင်ထားမှာလည်း သားကျော်စွာသို့ လိုအပ်သမျှ ငွေကြေးများ ထုတ်ပေးလိုက်ပါတော့၏၊

ကျောင်းတိုက်ဝင်းအတွင်းသို့ကျောင်းဆရာလေးကိုကျော်စွာ ရောက်ရှိလာသည့်တွင် ဘုန်းကြီးကျောင်းသား ပေစိက အပြေးအလွှားပင်လာ၍ ကြိုဆိုပါသည်၊

"ဆရာလေး - ပေး - ကျွန်တော် ထမ်းခဲ့ပါမယ်"

ပြောရင်း လွယ်အိတ်ကို ပေစိက လှမ်းယူလိုက်သည်၊ ပြီးမှ - ဘုန်းကြီးကျောင်းရှိရာဆီ ဆက်လက်လမ်းလျှောက်ခဲ့ကြစဉ် ကျော်စွာက ပေစိကို မေးမြန်းလိုက်ပါသည်၊

"ဟေ့ - ပေစိ - ငါမှာထားတဲ့အတိုင်း အပေါ်ထပ်ပစ္စည်းတွေ အောက်ကို ရွှေ့ထားပြီးပြီလား"

"ရွှေ့ပြီးပြီ - ဆရာ၊ အပေါ်ကျောင်းဆောင်က ဆရာလေး အိပ်တဲ့နေရာကို သန့်ရှင်းရေးပါ လုပ်ပေးထားလိုက်ပါတယ်"



"ဟာကွာ - ငါပြောဖို့မေ့သွားတယ်၊ အဲဒီကျောင်းဆောင်ပေါ်မှာသန့်ရှင်းရေးလုပ်ရင်းက ဆွဲပြားသီးလို ပစ္စည်းလေးတစ်ခု မတွေ့မိဘူးလား"

"တွေ့တယ် - ဆရာလေးရေ၊ သန့်ရှင်းရေးလုပ်ရင်းကမှ ဆရာတော် ခုတင်ဘေးနားမှာ ထောင်ပြီးကျနေတာ အဲဒါ ဆရာတော်ကြီးနဲ့ ဦးရေဝတက ဆွဲပြားသီးလေးကို ဖွင့်ကြည့်တယ် - ဆရာ၊ အဲဒီအတွင်းထဲမှာ မိန်းမတစ်ယောက်ရဲ့ပုံနဲ့ နောက်တစ်ခြမ်းမှာ ကလေးလေးရဲ့ပုံပါတယ်ဆရာ၊ အဲဒီ ဓာတ်ပုံလေးတွေကိုခွာကြည့်တာမှာ အောက်က အင်းစာလုံးတွေလိုလိုပါနေလို့ ဦးရေဝတက ကျောင်းကို လာတဲ့လူတွေထဲက ဓာတ်ရိုက်ဓာတ်ဆင် လုပ်ထားတာလား မသိဘူးဆိုပြီး ကျောင်းအနောက်ဘက်က ရေကန်ထဲကို လွှင့်ပစ်လိုက်ပြီ ဆရာ"

"ဟေ - ဟုတ်လား၊ အဲဒါ - တကယ်ပဲလား ပေစိ"

"ဟုတ်တယ် - ဆရာလေး၊ အဲဒီဆွဲပြားသီးဖွင့်တော့ ကျွန်တော်ပါ တွေ့ခဲ့ပါတယ်၊ ဦးဇင်းဦးရေဝတ လွှင့်ပစ်လိုက်တာလည်း တွေ့ပါတယ် ဆရာလေး"

ကျော်စွာ အလွန်ပင် အံ့အားသင့်ခဲ့ရပြီး ကျောချမ်းစရာ ဖြစ်ခဲ့ရပါသည်၊

ထိုနေ့က လက်ထဲကျန်ခဲ့သော ဇယောင်းတိုင် ပြီးနောက် ကြမ်းပြင်ပေါ် ပြုတ်ကျသွားသော ဆွဲပြားသီး၊ ယခုအခါ ဆွဲပြားသီးက ကျောင်းအနောက်ဘက် ရေကန်ကျယ်ထဲ ရောက်ရှိသွားခဲ့ပြီဟု ဆိုလာပြန်ပါသည်တကား၊

ကွင်းဆက်ချိတ်မရသော ရှည်လျားလှသည့် မဟာ့ရာညဏ်ပုံပြင်တစ်ပုဒ်ဟာ ဤမျှနှင့်ပင် ကုန်ဆုံးခဲ့လေပြီလား မသိနိုင်တော့ပါချေ၊

→→ ကိုမိုး (ရွှေပြည်သာ)




# တမလွန်မှ စောင့်ရှောက်ခြင်း

ဝင်းနိုင် (ရွှေမြည်သာ)

"တီးတောင် - တီးတောင် - တီးတောင်"

လက်ကိုင်ဖုန်းမှ ဖုန်းခေါ်သံ မြည်လာသဖြင့် ကောက်ကိုင်ပြီး ဖုန်းနံပါတ်ကို ကြည့်လိုက်ရာ နယ်မှ ညီမဖြစ်သူ ဒွေးဒွေး၏ဖုန်းနံပါတ်ဖြစ်နေသဖြင့် ကောက်ယူပြီး နားထောင်လိုက်သည်။

"ဟယ်လို - ဟယ်လို"

"ဟယ်လို - အစ်ကိုကြီးလား - ဒွေးဒွေးပါ"

"ဟုတ်တယ် - ညီမကြီး။ ပြော - အစ်ကိုကြီးပါ"

"အစ်ကိုကြီး - အဖေ အတော်နေမကောင်း ဖြစ်နေတယ်၊ အစ်ကိုကြီးနဲ့ အစ်မကြီးတို့ အမြန်လာကြပါ၊ အဖေကလည်း အစ်ကိုကြီးတို့ကို ခေါ်မိုင်းနေတယ်"

"အေး - အေး - လာခဲ့မယ်၊ သားငယ်ကိုလည်း ကျောင်းက ဝင်ခေါ်ရမှာဆိုတော့ ညနေပိုင်းလောက်တော့ ရောက်လာမှာပေါ့"

"ဟုတ်ကဲ့ - အစ်ကိုကြီး၊ မြန်မြန်သာ လာခဲ့ပါ"

"အေး - အေး"

ကျွန်တော့်ဖနီးဖြစ်သူ၏ မွေးစားအဖေ အတော်နေမကောင်းဖြစ်နေသည်ဆို၍ ကျွန်တော်တို့မိသားစု ချက်ချင်းသွားရန် ပြင်ဆင်ရတော့သည်။ မိသားစုကလည်း အလုပ်အကိုင်ကြား နှစ်မြောနေ၍ မရောက်ဖြစ်သည်မှာလည်း တစ်နှစ်ကျော်သွားပြီ ဖြစ်သည်။ ဇနီးဖြစ်သူကလည်း လိုအပ်သည်များကို ပြင်ဆင်၍ နံနက်(၁၁)နာရီစန့်တွင် ရွှေပြည်သာမှ ထွက်ခွာခဲ့ကြသည်။

ထို့နောက် ဗိုလ်တထောင် အမျိုးသားစီမံခန့်ခွဲမှုကောလိပ်တွင် တက်နေသော သားငယ်ဖြစ်သူကို ဝင်ခေါ်၍ ပန်းဆိုးတန်းဆိပ်ကမ်းမှ တစ်ဆင့် ကူးတို့သင်္ဘောဖြင့် ဒလဘက်သို့ ကူးခဲ့ကြသည်။ ဒလဆိပ်ကမ်းရောက်၍ ဆိပ်ကမ်းပေါ်သို့တက်စဉ် လက်ကိုင်ဖုန်း မြည်လာသဖြင့် ကောက်ယူနားထောင်လိုက်ရာ ...

"အစ်ကိုကြီး - အစ်ကိုကြီးတို့ ဘယ်ရောက်နေပြီလဲ"

"ဒလဘက်ကမ်း ရောက်နေပြီ၊ ဘာဖြစ်လို့လဲ"

"အဖေ - အခုလေးတင် လေဖြတ်သွားလို့"

"ဟေ့ - ဟုတ်လား - ဘာဖြစ်သွားလဲ"

"ဘယ်ဘက်တစ်ခြမ်း သိပ်မလှုပ်နိုင်တော့ဘူး"

"အေး - အေး - မကြာတော့ဘူး - ရောက်တော့မှာပါ"

ဒလဘက်ကမ်းသို့ ရောက်သောအခါ တက္ကစီတစ်စီးကို စီးလုံးငှား၍ အမြန်မောင်းနှင်စေခဲ့သည်။ သွားရမည့်ဒေသကား ကော့မှူးမြို့အလွန် ကွမ်းခြံကုန်းမြို့မရောက်မီ လာဝတီရွာဖြစ်သည်။ ယခင်က ထိုဒေသများသည် မြို့တော်ရန်ကုန်နှင့် နီးကပ်သောဒေသများဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု အလွန်နည်းပါးသောဒေသများ ဖြစ်ခဲ့သည်။ ယခုအချိန်တွင်တော့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်စပြုသည့် ဒေသများထဲတွင် ပါဝင်လာခဲ့ပြီဖြစ်ပါသည်။

ကားပေါ်မှနေ၍ ရွာကို လှမ်းအဆက်အသွယ်ပြုလုပ်ပြီး လူနာအခြေ အနေကိုမေးရသည်။ အခြေအနေကား အားရစရာမရှိတော့၍ ကော့မှူးဆေး ရုံသို့တင်ခိုင်းလိုက်သည်။ ကျွန်တော်တို့လည်း ကော့မှူးဆေးရုံသို့လိုက်သွား



လိုက်သည်။ ဆေးရုံရောက်၍ လူနာအခြေအနေကို ကြည့်လိုက်သောအခါ စကားကို ကောင်းစွာမပြောနိုင်ရှာတော့ပါ။ သတိမှာလည်း မရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသည်။

လူနာမှာ အငြိမ်မနေနိုင်၊ လှုပ်ရှားရုန်းကန်နေရသဖြင့် ယောကျ်ားနှစ်ယောက်က ထိန်းထားရသည်။ မြို့နယ်ဆေးရုံမှလည်း လိုအပ်သည်များကို အားလုံးပြည့်စုံစွာ ဆောင်ရွက်ပေးပါသည်။ လူနာအခြေအနေကား အားရစရာမရှိတော့ပါ။ ထို့ကြောင့် - မိသားစုအားလုံး တိုင်ပင်၍ လူနာကို အိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့တော့သည်။

အိမ်တွင် လိုအပ်သည့် ဆေးဝါးအပြည့်အစုံဖြင့် ဆရာဝန်တစ်ဦးမှ လာရောက်ကြည့်ရှုကုသပေးပါသည်။ အိမ်သို့ပြန်ရောက်ပြီးမှ အကျိုးအကြောင်းကို မေးမြန်းရတော့သည်။

"အဖေက စ,နေမကောင်းတော့ ဆေးတိုက်လို့လည်း မသောက်ဘူး၊ အစ်ကိုကြီးတို့၊ အစ်မကြီးတို့ လာပြီး ရန်ကုန်ခေါ်ပြီးကုမှ လိုက်ကုမယ်လို့ပြောနေတာ၊ အစ်ကိုကြီးတို့က မလာသေးဘူးလားလို့လဲ ခဏခဏ မေးနေတယ်၊ ဒီနေ့ - အစ်ကိုကြီးတို့ လာမယ်ဆိုတော့ နေမကောင်းရက်ကြီးနဲ့ သူတို့မရောက်တာကြာလို့အိမ်ကိုမှတ်မိမှာမဟုတ်ဘူး၊ ငါကဒီက ထိုင်ကြည့်မယ်၊ နင်တို့က လမ်းက ထွက်စောင့်လို့ ခိုင်းတယ်၊ အဲဒါနဲ့ - ညီမတို့က အစ်ကိုကြီးတို့ ညနေမှ ရောက်မယ်လို့ပြောပြီး ခဏ သူ့ကို အိပ်ခိုင်းလိုက်တာ၊ အဲဒီမှာ လေဖြတ်သွားတာပဲ"

ကျွန်တော်တို့လည်း စိတ်မကောင်းသည်ကို ဘေးဖယ်ထား၍ အစွမ်းကုန် ပြုစုကြပါသည်။ အသက်ကလည်း (၇၆)နှစ် တစ်သက်လုံး ပင်ပန်းစွာ လုပ်ကိုင်လာခဲ့၍ မီးစာကုန်၊ ဆီခန်းပြီ ထင်ပါသည်။ အိမ်ပြန်ခေါ်လာပြီး (၃) ရက်မြောက် ညနေစောင်းတွင် အမောဖောက်လာတော့သည်။ ကျွန်တော် ဇနီးသည်ကို မျက်ရိပ်ပြ၍ သတိပေးလိုက်သည်။ ဇနီးသည်ကလည်း ကျောင်းဆရာမ လုပ်နေသော်လည်း သူနာပြုသင်တန်း တက်ခဲ့သူဖြစ်၍ ကျွန်တော့်ထက် ပိုနားလည်သည်။ ကျွန်တော်က အိမ်ပေါ်ရှိသတင်းလာမေး

သောသူများကို အိမ်အောက်သို့ခေါ်ဆောင်သွားသည်။ လူနာမှာ နောက်ဆုံးတစ် ချက်အမောဖောက်ပြီး အသက်ထွက်သွားတော့သည်။ အသက်ထွက်သွားသော်လည်း ကျွန်တော်တို့က မပြောသေးဘဲ ဆယ်ငါးမိနစ်ကြာအောင်ထားပြီးမှ အားလုံးကို အသိပေးပြီး လိုအပ်သည်များကို လုပ်ဆောင်ကြပါတော့သည်။

မိသားစုကို နဂိုကတည်းက မှာထားပြီး ဖြစ်သည်ကတစ်ကြောင်း၊ အကောင်းဆုံးပြန်လည်ပြုစုခဲ့ပြီးပြီဖြစ်သည်ကတစ်ကြောင်း၊ သေဆုံးတော့မည်ကို သိနေခြင်းကြောင့်တစ်ကြောင်း၊ အော်ဟစ်ငိုယိုခြင်း မပြုကြဘဲ တိတ်ဆိတ်စွာဖြင့် အသုဘကိစ္စကို ဆောင်ရွက်ကြပါသည်။ ရွာသူရွာသားများသည်လည်း အားလုံးတက်ညီလက်ညီ ကူညီဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆောင်ရွက်ပေးကြပါသည်။

တောဓလေ့အရ အသုဘအလောင်းကို ဒီအတိုင်း (၃)ရက်ထားပြီးမှ သင်္ဂြိုဟ်ရမည်ဖြစ်သည်။ မြို့မှာကဲ့သို့ အအေးခန်းမရှိ၊ အလောင်းကို မပုပ်သိုးအောင်အတွက် ပါးစပ်မှ အရက်ဆီ (၁)လုံးခွဲခန့် လောင်းထည့်ရသည်။ သူ့ဓလေ့နှင့် သူတော့ ဟုတ်နေသည်။ (၃)ရက်ကြာ မြေမြှုပ်သည် အထိ အလောင်းက မပုပ်၊ အနံ့မထွက်ပါ။

ပထမညတွင် အသုဘအလောင်းကို အိမ်ပေါ်တွင် ပြင်ထားကြသည်။ ညဘက် ရွာသူရွာသားများ၊ ဆွေမျိုးညီအစ်ကိုများ လာရောက်စောင့်အိပ်ကြသည်၊ အသုဘကို ခေါင်းရင်းဘုရား၊ ကျောင်းဆောင်ရှေ့တွင် ပြင်ထား၊ သခြင်းထိုအနီးတွင်ပင် အိပ်ကြသည်။ ညဦးပိုင်းတွင် စကားဝိုင်းဖွဲ့ပြောသော်လည်း ညဥ့်နက် သည်နှင့်တစ်ဦးပြီးတစ်ဦးအိပ်ပျော်ကုန်ကြသည်၊ ကျွန်တော်လည်း အိပ်ပျော်တော့မည့်အချိန်၌ ...

"ဟေ့လူ - ဟေ့လူ - ကိုဝင်းနိုင် - ထစမ်းပါဦးဗျ - ထစမ်းပါဦး"

"ဟင် - ကိုပြုံး - ဘာဖြစ်တာလဲ"

ဘေးမှ ကိုပြုံးက အတင်းလှုပ်နှိုး၍ ထထိုင်ပြီး မေးလိုက်သည်၊



"ခင်ဗျားတို့မခင်ဥသားမက်နစ်ယောက် ဟောက်လိုက်ကြတာကျွန်တော့်မပြောနဲ့ အလယ်က ဦးစံငြိမ်း(သေဆုံးသူ)တောင် ထထိုင်တော့မယ်"

"ခင်ဗျားကလဲ - မဟုတ်တာတွေ ပြောတော့မယ်"

"တကယ်ပြောတာ - ဟိုမှာကြည့်ပါလား"

ကျွန်တော် မယားညီအစ်ကိုတစ်ယောက်ကလည်း တခေါခေါ ကျယ်လောင်စွာ ဟောက်၍ အိပ်ပျော်နေသည်၊ ကျွန်တော်ကလည်း အိပ်လျှင်ဟောက်တတ်သည်၊ ဒါကို ကိုပြုံးက ကြဲကြဲဖန်ဖန်ပြော၍ မအိပ်ရန်လုပ်ခြင်းဖြစ်သည်။

နာရေးအိမ်ဖြစ်သော်လည်း ငိုသံ၊ ဆူညံမကြားရသဖြင့် အများက အံ့ဩနေကြသည်။ တောရွာရှိနာရေးအိမ်အများစုမှာ ဆွေမျိုးအသိုင်းအဝိုင်းများဖြင့် ငိုသံကို ဆူညံစွာ ကြားနေရတတ်သည်။ ရပ်ဝေးရပ်နီးမှ အမျိုးတစ်ယောက်လာလိုက်၊ တစ်ခါငိုလိုက်ဖြင့် စည်ကားနေတတ်ကြသည်၊ ကျွန်တော့်ဦးလေးနာရေးကတော့ ထိုသို့မဟုတ်ဘဲ အေးဆေးငြိမ်သက်နေသည်၊ ကာယကံရှင်မိသားစုက မငိုဘဲ ဆောင်ရွက်စရာရှိသည်ကို အေးချမ်းစွာ ဆောင်ရွက်နေ၍ ကျန်သူများကပါ အေးဆေးနေသည်၊

သို့မဟုတ်ပါက နာရေးကလည်း အများကဲ့သို့ ဆူနေပေမည်၊ တောရွာဓလေ့အရဝိုင်းဝန်းကူညီပိုပေးမည့်သူများက တစ်ပုံတစ်ခေါင်းရှိနေပေသည်၊ ဒုတိယညတွင် အသုဘကို ခြံဝင်းအပြင်သို့ထုတ်၍ စင်ဖြင့် ပြင်ဆင်ထားရသည်၊ သုံးရက်ရပြီးသောအခါ နေ့(၁၂)နာရီတွင် ရွာသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်ဆင်ကြတော့သည်၊

ကျေးရွာဓလေ့အရအသုဘကိုတစ်အိမ်တစ်ယောက်လိုက်လံပို့ဆောင်ကြသည်၊ ဘုန်းကြီးငါးပါးကိုလည်း ပင့်၍ သရဏဂုံတင်၊ တရားနာရသည်၊ အချိန်နီး၍ ဘုန်းကြီး သွားပင့်သူ ဖိုးတုတ်အား...

"ဟေ့ကောင် - ဖိုးတုတ်၊ ဘာဖြစ်လို့ နောက်ကျနေတာလဲကွ"

"ဘုန်းကြီးကျောင်းမှာ ဟင်းတွေကောင်းလို့ ထမင်းစားနေလို့ပါ"

"ကောင်းရောကွာ၊ ငါက ဘုန်းကြီးကို စောင့်နေရလို့ထင်တယ်"

"ဘယ်ဟုတ်မလဲ - ဒကာကြီးရယ်။ ကျုပ်က သူတို့ကိုပြန်စောင့်နေရတာ ပါ"

ဘေးမှ အတူပါလာသော ဆရာတော်က ဝင်ပြောလိုက်သည်၊ ထိုအခါ ဖိုးတုတ်တို့အုပ်စု တဟီးဟီးရယ်၍ ထွက်သွားကြသည်၊ ပရိသတ်ကလည်း အိမ်ဝိုင်းပြည့်နေ၍ ဆရာတော်က သရဏဂုဏ်တင်၊ ရေစက်ချ တရားဟော သည်၊ ဆရာတော်ကလည်း ဟောကောင်းကောင်းဖြင့် တစ်နာရီခန့် ဟော သွားသည်၊ ကျွန်တော်က စိတ်တိုနေသည်၊ ဒီကောင်တွေ သေသေချာချာ မှာလိုက်လျက်နဲ့ ဆရာတော်ကိုတရားတိုတိုဟောပါလို့ မလျှောက်ခဲ့ဘူးလား မသိ၊ တစ်နာရီခန့် တရားဟော၊ ရေစက်ချပြီးနောက် အသုဘကို သုသာန်သို့ ပို့ဆောင်ကြတော့သည်၊ လမ်းတွင် ကျွန်တော်က ဖိုးတုတ်အား ...

"ဟေ့ကောင် - ဖိုးတုတ်၊ ငါမင်းကို သေသေချာချာမှာထားရက်နဲ့၊ ဆရာ တော်ကို မလျှောက်ဘူးလား၊ တရားတိုတိုဟောပါလို့၊ အခုတော့ - နေပူနေ ပြီ"

"လျှောက်တာပေါ့ - အစ်ကိုရာ။ လျှောက်ခဲ့လို့အဲဒီလောက်ပဲဟောတာ၊ မလျှောက်တာ မလျှောက်ရင် အနည်းဆုံး သုံးနာရီလောက်ပဲ"

"ဟေ့ - အဲဒီလောက်တောင်လား"

"ဟုတ်ပ့ါဗျာ"

"ကောင်းရောကွာ"

ကျွန်တော်တို့ မိသားစုသည် ဦးလေးဖြစ်သူ၏ နောက်ဆုံးခရီးကို အေးချမ်းစွာဖြင့် ပို့ဆောင်ကြသည်၊ ညီအစ်ကို ဆွေမျိုးသားချင်းများကိုလည်း အသုဘကို ပို့ဆောင်ရာတွင် အလောင်းကို မကာစားကြရန် မေတ္တာရပ်ခံထား ရသည်၊ ရပ်ရွာ၏ဓလေ့အရ အလောင်းကို အလောင်းစင်ဖြင့်ပို့ရာတွင် အပြိုင် အဆိုင် တွန်းထိုး၍ ကစားကြသည်၊ သုသာန်သို့ မရောက်မချင်း ကြမ်းကြမ်း တမ်းတမ်းကစားရာ အလောင်းစင်ပါပြိုပျက်၍ အလောင်းကို ဒီအတိုင်း ထမ်းပို့ ရသည်အထိ ဖြစ်ခဲ့ဖူးသည်၊



"အစ်ကို - အစ်ကို"

"ဘာလဲကွ - ဖိုးတုတ်ရ"

"ဟိုကောင်မလေးသုံးယောက်ကို ကြည့်စမ်းပါ"

"အေး - တွေ့တယ်၊ မျက်နှာတွေကလည်း မဲ့လို့"

"ဟုတ်တယ် - အစ်ကို၊ သူတို့သုံးယောက်က အသုဘလိုက်ပို့တိုင်း အမျိုးတော်တော်၊ မတော်တော် အမြဲတမ်းပိုင်းငိုကြတာ"

"ဟုတ်လားကွ"

"ဟုတ်တယ် - အစ်ကိုရ၊ အခုလည်း သူတို့က ပိုင်းငိုချင်နေကြတာ၊ ကာယကံရှင်တွေက မငိုလို့ သူတို့ ဒုက္ခရောက်နေကြတာ"

"ဖြစ်ရမယ် - ဖြစ်ရမယ်"

အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးနောက် တောဓလေ့ထုံးစံအတိုင်း သစ် ခက်ဖြင့် မြေပုံကိုရိုက်၍ သေသူ၏ဝိညာဉ်ကိုပြန်ခေါ်လာခဲ့သည်၊ အိမ်ရှေ့တိုင် တစ်တိုင်တွင် ချည်ထားပြီး ရက်လည်အထိ ထားရသည်၊ အိမ်တွင်းရှိ ဆိုင်ရာ ပုဂ္ဂိုလ်များကိုလည်း လွတ်လပ်စွာ ရက်လည်အထိ သွားလာခွင့်ပြုရန် ခွင့်ပန် ရသည်၊ အိမ်တွင်း ဆွဲအုန်းဆွဲသောအိမ်များက ဆွဲအုန်းကို ဖြုတ်၍ မြေတိုင် တွင် ချိတ်ထားကြသည်၊ အိမ်တွင်းကို ယာယီနန်းချလိုက်ကြသည်၊

ဆွေမျိုးမိတ်သင်္ဂဟများ စုံလင်စွာရောက်လာကြသဖြင့် စကားပြောကြ၊ သတင်းမေးကြဖြင့် တရုန်းရုန်းဖြစ်နေကြသည်၊ ချက်ပြုတ်ရေးအဖွဲ့ကလည်း လက်မလည်နိုင်အောင် ချက်ပြုတ်ကျွေးမွေးနေကြသည်၊ အသုဘနာရေး ဆိုသော်လည်း အလှူတစ်ခုကဲ့သို့ ဖြစ်နေတော့သည်၊ သတင်းမေးကြသူ များကလည်း မပြတ်ဖြစ်နေကြသည်၊ ထိုစဉ် သားအမိနှစ်ဦး အိမ်ပေါ်တက် လာကြသည်၊ ကျွန်တော်ကပင် ...

"မူကြီးတို့ သားအမိပါလား၊ လာ - လာ - ထိုင် - မူကြီး - ဘယ်တုံးက ရောက်နေတာလဲ"

သူ့အမည်က မူမူ၊ ကျွန်တော်တို့က သူ့ကို မူကြီးဟုပဲ ခေါ်သည်၊ သူ့အဖေ ကလည်း သမဦးစီးမှ အငြိမ်းစားဝန်ထမ်းတစ်ဦး၊ ဆုံးသွားသည်မှာလည်း

ခြောက်လလောက်ပင် ရှိသေးသည်၊ သူ့အဖေနှင့် ကျွန်တော်တို့က အတော် ခင်သည်၊ မိသားစုနှင့်ပါ ခင်မင်နေကြသည်။

"မနေ့က ရောက်တယ် - အစ်ကို"

"ရန်ကုန်မှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ညီမလုပ်တဲ့ကုမ္ပဏီက လစာကောင်းပါတယ်"

သူက ကွန်ပျူတာပညာရှင်တစ်ဦး ဖြစ်သည်၊ ကုမ္ပဏီတွင် အလုပ်လုပ် ပြီး မိခင်နှင့် တူ၊ တူမများကို လုပ်ကျွေးနေသည့်အမျိုးကြီး ...



အဲဒီလိုပြုတ်ကျမယ်လို့ ဟန်ချက်ပျက်နေတုန်း တစ်စုံတစ်ယောက်က

လက်ကို ဆောင့်ဆွဲလိုက်သလို ဖြစ်သွားပြီး လူကလည်း ဖောဝါတား

အပေါ်ရွေ့ခနဲ ရောက်သွားတယ်။ ဘေးကလူတွေကိုယ်တိုင်ကပါ

'ဟာ' ခနဲ၊ 'ဟင်' ခနဲဖြစ်ပြီး အံ့သြနေကြတယ်။ ရှေ့ကို ကြည့်လိုက်

တော့လည်း ဆွဲမယ့်လူက တစ်ယောက်မှမရှိဘူး။

ဒါကလည်း အဖေ ကယ်လိုက်တာပဲလို့ သိလိုက်တယ်



"ညီမတို့ ထမင်းစားသွားကြ - ညနေစောင်းနေပြီ"

"စားပြီးပြီ - အစ်ကို - မစားတော့ဘူး"

"ဟောတော့ - မူကြီးပြောမှ သတိရတော့တယ်၊ အစ်ကိုကြီး - ကျွန်မ အဖေကို ထမင်းပြင်မကျွေးရသေးဘူး၊ ကျွေးဖို့လိုသေးလား"

အငယ်မဖြစ်သူ နင်းနွယ်အေးက ဝင်ပြောလိုက်သည်၊ မြေချပြီးပြီဖြစ်၍ ဦးလေးအတွက် မာတ်ပုံရှေ့တွင် ထမင်းဟင်းနှင့် သောက်ရေတို့ ပြင်မပေး ရဟုထင်ပြီး မေးလိုက်ခြင်းဖြစ်သည်၊

"သုံ့ဆုံးစံအတိုင်းဆိုရင်တော့ ရက်လည်တဲ့အထိ ကျွေးရမှာပေါ့"

"ဟုတ်ကဲ့ - အစ်ကိုကြီး၊ ကျွန်မ ပြင်ပေးလိုက်မယ်"

"အစ်ကို - ညီမတစ်ခုလောက် ပြောပြချင်တယ်"

"ဘာလဲ - မူကြီး - ပြောလေ"

"အဲဒီထမင်းကျွေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး အဖေတုန်းက ကြုံခဲ့တဲ့ကိစ္စ လေးကို ပြောပြချင်လို့ပါ"

"ကောင်းတာပေါ့ - ညီမရယ်၊ ပြော - ပြော"

"ညီမအဖေလည်း လွန်ခဲ့တဲ့ခြောက်လလောက်က ဆုံးသွားတာ၊ သူ့ တုန်းကလည်း အကောင်းကြီးကနေ လေဖြတ်ပြီးဆုံးတာ၊ ညီမတို့လည်း ဖြစ်ဖြစ်ချင်း ရန်ကုန်က အထူးကုဆေးရုံတင်ပြီးကုတယ်၊ ရောဂါအခြေအနေ က ဆိုးတာရယ်၊ သူကိုယ်တိုင်က မနေချင်တာရယ်ကြောင့် အိမ်ကို ပြန်ခေါ် လာတာ၊ အိမ်မှာ နှစ်ရက်လောက်နေပြီး ဆုံးသွားတယ်"

အခု - နင်းနွယ်အေးလိုပဲ အသုဘမချခင်အထိ အဖေ့ဓာတ်ပုံရှေ့မှာ အစာအစားတွေကိုပြင်ပြီး ကျွေးတယ်၊ အသုဘလည်း ချပြီးရော ညီမလည်း မကျွေးတော့ဘူး၊ ညနေ မိသားစုထမင်းစားကြတော့ ထမင်းဝိုင်းမှာ အစ်ကို ရယ် - အဖေ့အနံ့ကို ဗူးဗူးဝါးဝါး ရတော့တာပဲ၊ အဖေမသေခင် လိမ်းပေးတဲ့ ဦးသာရင်ဆေးအနံ့လည်း လှိုင်လို့ပေါ့၊ မိသားစုအားလုံး ရတာပေါ့၊ အဲဒီတော့ မှ ညီမလည်း အဖေ့ကို ထမင်းမကျွေးရသေးတာကို သတိရပြီး...

"အဖေ - သမီးမေ့သွားလို့ပါ၊ လာလာ - သမီးတို့နဲ့အတူ ဝင်စား"

ဆိုပြီး အဖေထိုင်တဲ့ စားပွဲဝိုင်းခေါင်းရင်းဘက်နေရာမှာ အဖေ့ကို မသေခင်ကအတိုင်း ထမင်းပွဲပြင်ပြီး ချထားပေးလိုက်တယ်၊ အဲဒီတော့မှပဲ အဖေ့အနံ့ကြီးက လုံးဝပျောက်သွားတော့တယ်၊

"ညကျတော့ ညီမကို အဖေ အိပ်မက်လာပေးတော့တာပဲ၊ ညီမတို့မိသားစုကို စိတ်မချလို့ သူ လွတ်ရာကျွတ်ရာကို မသွားနိုင်သေးဘူးတဲ့၊ အချိန်တန်ရင်တော့ သွားရမှာပဲတဲ့၊ ဒီအတောအတွင်း သူ စောင့်ရှောက်နေမယ်တဲ့"

"ဟုတ်တယ် - ဝါ့မောင်ရဲ့၊ မင်းအစ်ကိုဆုံးဆုံးချင်း လွတ်ရာကျွတ်ရာ မသွားနိုင်တာ အစ်မကြောင့် ပါကွယ်"

ဘေးမှ မူကြီး၏ မိခင်က ဝင်ပြောသည်၊

"ဗျာ - အစ်မကြောင့် - ဟုတ်တယ်"

"ဟုတ်တယ် - ဝါ့မောင်၊ မင်းအစ်ကို ဆုံးခါနီးမှာ အစ်မလည်း စိတ်မကောင်းလွန်းလို့ အမလေးကိုထွန်းအုပ်ရဲ့ ဒီကလေးတွေနဲ့ ကျွန်မကို ထားခဲ့တော့မှာလားဆိုပြီး အော်ငိုလိုက်တယ်၊ အစ်မငိုသံကို သူကြားတော့ မျက်လုံးတစ်ချက် ဖွင့်ကြည့်ပြီးမှ အသက်ကုန်သွားတယ်၊

အဲဒါကြောင့် - သူ မကျွတ်မလွတ်နိုင်ဘဲ မိသားစုအနားမှာ တဝဲလည်လည်ဖြစ်နေတာပေါ့"

"အဖေက ညီမတို့ကို တစ်လတိတိ စောင့်ရှောက်နေခဲ့တယ်၊ ကိစ္စအကြောင်းကြီးငယ်ရှိရင် ညဘက် ညီမကို အိပ်မက်ပေးပြီး လာပြောတော့တာပဲ၊ မိသားစုအရေး၊ သာရေး၊ နာရေးကိစ္စကအစ စီးပွားရေးကိစ္စအထိ အကုန်လာပြီး ဘာလုပ်၊ ဘာကိုင်ဆိုတာကိုပါ ပြောပြတယ်"

"ဟာ - အစ်ကိုက - တယ်ဟုတ်ပါလား"

"အဖေ - ညီမတို့ကို စောင့်ရှောက်တဲ့အထဲမှာ အထူးခြားဆုံးနှစ်ခုရှိတယ် - အစ်ကို"

"ပြောပါဦး - ညီမ"

"ပထမတစ်ခုက အဖေက ညီမတို့ မောင်နှမတွေရှေ့ရေးဆိုပြီး (၇)ဧကလောက်ရှိတဲ့ တောခြံတစ်ခြံကို အရင်ကတည်းကဝယ်ပြီး စိုက်ပျိုးထားခဲ့



တာ၊ အဖေဆုံးတော့ အဲဒီခြံကို စောင့်ရှောက်လုပ်ကိုင်မယ့်သူ **ဈေးကောင်းနဲ့** ရောင်းဖို့ လုပ်ကြတယ်၊

ဝယ်မယ့်လူနဲ့ စကားပြောတော့ သိန်း(၁၀၀)နဲ့ရောင်းဖို့ စီစဉ်ကြတယ်၊ ညကျတော့ အဖေက အိပ်မက်ပေးပြီး မရောင်းနဲ့ဦး၊ တစ်ပတ်လောက်စောင့်ဆိုလို့ အရောင်းကို ခေတ္တဆိုင်းထားလိုက်တယ်၊

တစ်ပတ်လောက်လည်းကြာရော ရန်ကုန်နဲ့ဒလ တံတားထိုးမယ်ဆိုတဲ့ သတင်းထွက်လာတော့ ရန်ကုန်ပေါ်က လူတွေ ဆင်းပြီး မြေကွက်တွေ၊ လယ်တွေ၊ ခြံတွေ ဆင်းပြီးဝယ်လိုက်ကြတာ၊ ဈေးနှုန်းတွေကလည်း ခေါက်ချိုးမကထိုးတက်ကုန်တယ်၊ ညီမတို့ သိန်း(၁၀၀)နဲ့ရောင်းဖို့လုပ်နေတဲ့ တောခြံက သိန်း(၂၅၀) ရလိုက်တယ် - အစ်ကို"

"ဟာ - တယ်ဟုတ်ပါလား"

"ဟုတ်တယ် - အစ်ကို၊ ညီမလည်း အဖေ့ကို ပိုယုံကြည်သွားတယ်"

"နောက်တစ်ခုကတော့ ညီမရဲ့အသက်အန္တရာယ်ကို ကာကွယ်ပေးခဲ့တာ၊ အဖေ စောင့်ရှောက်ခဲ့လို့၊ နို့မို့ဆို ညီမလည်း လူပြည်မှာ ရှိနေမှာမဟုတ်တော့ဘူး"

"ပြောပါဦး - ညီမ"

"အဖေ တစ်လပြည့်လပတ်လည်လုပ်ဖို့ ညီမ ရန်ကုန်ကနေ ရွာကို ပြန်လာတယ်၊ ပန်းဆိုးတန်းကနေ ဒလကို ကူးတို့သင်္ဘောစီးပြီး ကူးလာခဲ့တယ်၊ နေ့ခင်းဘက်ဆိုတော့ ရန်ကုန်အပြန်လူနဲ့ ကူးတို့သင်္ဘောက အပြည့်ဖြစ်နေတယ်၊ ဒလဆိပ်ကမ်းရောက်တော့ သင်္ဘောဆိုက်ဆိုက်ချင်း လူတွေက အတင်းတိုးတက်ကြတယ်၊ ဆိပ်ခံဗောကိုတောင် ကောင်းကောင်းမကပ်သေးဘူး၊ အလုအယက်တက်ကြတယ်"

ညီမလည်း အဖေ့လပတ်လည်ကို စိတ်စောနေတာနဲ့ သူတို့လိုပဲ သင်္ဘောဆိုက်ဆိုက်ချင်း တိုးဝှေ့တက်လိုက်တယ်၊ လူတွေနဲ့ တိုက်မိပြီး ခြေချော်ပြီး သင်္ဘောနဲ့ ဆိပ်ခံဘောကြားကို ခြေထောက်ထိုးကျသွားတယ်၊ ညီမ

လည်း မိုက်ခနဲဖြစ်ပြီး "ဟာ - သွားပြီ" လို့ ထင်လိုက်တယ်။ ပြုတ်ကျသွားလို့ကတော့ ရန်ကုန်မြစ်ထဲမှာ အလောင်းတောင် ရှာရမှာမဟုတ်ဘူး။

အဲဒီလိုပြုတ်ကျမယ်လို့ ဟန်ချက်ပျက်နေတုန်း တစ်စုံတစ်ယောက်က လက်ကို ဆောင့်ဆွဲလိုက်သလို ဖြစ်သွားပြီး လှေကလည်း ဇောတံတားအပေါ် ဖွေ့ခနဲ ရောက်သွားတယ်။ ဘေးကလူတွေကိုယ်တိုင်ကပါ "ဟာ" ခနဲ၊ "ဟင်" ခနဲဖြစ်ပြီး အံ့ဩနေကြတယ်။ ရှေ့ကို ကြည့်လိုက်တော့လည်း ဆွဲမယ့်လူက တစ်ယောက်မှမရှိဘူး။ ဒါကလည်း အဖေကယ်လိုက်တာပဲလို့ သိလိုက်တယ်။

ညကျတော့ အဖေက အိပ်မက်ထဲမှာ ပြုံးပြီး နောက်ကို ဘာကိစ္စကိုမှ အလျင်မလိုဖို့၊ မိသားစုကို သမီးကြီးအနေနဲ့ စောင့်ရှောက်ဖို့ မှာတယ်။ ပြီးတော့ - လပတ်လည်တရားနာရင် သူ သာဓုခေါ်ပြီး ကောင်းရာမွန်ရာဘဝကို သွားတော့မယ်လို့ပြောတယ်"

"ဟုတ်တယ် - မောင်လေး၊ အဲဒီညက အစ်မကိုလည်း အိပ်မက်လာပေးတယ်။ အဝတ်အစားအသစ်တွေနဲ့ လာနှုတ်ဆက်တာဆိုပြီး ပြောသွားတယ်"

"ဟုတ်တယ် - အစ်ကို၊ အဲဒီညက နှုတ်ဆက်ပြီး နောက်နေ့လပတ်လည်တရားနာပြီးတဲ့အချိန်ကစပြီး အိပ်မက်ထဲမှာရော၊ အပြင်မှာရော လုံးဝမတွေ့ရတော့ဘူး"

"အင်း - ညီမတို့အဖြစ်ကလည်း တော်တော်ထူးဆန်းတာပဲကိုး"

သူတို့သားအမိ ပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း စဉ်းစားနေမိသည်။ လူတစ်ယောက် ဘဝကူးခါနီး၊ တစ်နည်းအားဖြင့် သေခါနီးအချိန်သည် အလွန်အရေးကြီးသည်ဟု ဆိုကြသည်။ ဟုတ်လည်း ဟုတ်ပါသည်။ အချို့သူများသည် ပုံမှန်အားဖြင့် ကောင်းမွန်သောဘဝကို ကူးပြောင်းကြရမည်ဖြစ်သော်လည်း အသက်ထွက်ခါနီးအချိန်တွင် ကြုံလိုက်ရသော အာရုံငါးပါး၏ အထိအတွေ့ကြောင့် အပါယ်လေးဘုံတွင် ကျင်လည်ခဲ့ရသည့် သာဓကပေါင်းများစွာ ရှိခဲ့ပါသည်။

ထို့ကြောင့်လည်း အချို့က ဘဝကူးခါနီးအချိန်တွင် တရားဘာဝနာများ ရွတ်ဖတ်ပေးခြင်း၊ ကြေးစည်သံပေး၍ အသက်ရှင်စဉ်က ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို အမှတ်ရစေခြင်းတို့ဖြင့် ဘဝကူးကောင်းအောင် ပြုလုပ်ပေးကြသည်ကိုလည်း မြင်တွေ့သိရှိခဲ့ပါသည်။

ကျွန်တော်တို့လည်း ဦးလေး၏နာရေးကို ရက်လည်ကိစ္စရော၊ လပတ်လည်ကိစ္စရော ကောင်းမွန်စွာ ရပ်ရွာ၏ဓလေ့အတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ထူးခြားသည်မှာ ဦးလေးဖြစ်သူမှာ အသက်ကုန်သည့်အချိန်မှစ၍ ယခုအချိန်ထိ ရုပ်အားဖြင့်သော်လည်းကောင်း၊ အသံအနံ့တို့ဖြင့်သော်လည်းကောင်း၊ အိပ်မက်ဖြင့်သော်လည်းကောင်း လုံးဝပြသခြင်း မရှိခဲ့ပါ။ ဘဝကူးကောင်းသွားပြီဟု ထင်လိုက်ရပါသည်။

→➡ ဝင်းနိုင် (ရွှေပြည်သာ)

[illegible]

# မင်းတုန်းဆိပ်သူ

## ရှုသကောင်းစားသူ





မြူများသည် တစ်စတစ်စ သိပ်သည်းလာသည်နှင့်အမျှ ပေါင်းစည်း
များက မိုးစက်မိုးပေါက်ကြီးများအသွင်သို့ ကူးပြောင်းသွားသည်။
နောက် တပေါက်ပေါက်ဖြင့် မိုးရွာသကဲ့သို့ ရွာချလေတော့သည်။
အေးမြသော နှင်းစက်များသည် သစ်ရွက်သစ်ခက်များ၊ တောင်ကုန်း
ပေါ်သို့ ခပ်စိပ်စိပ် ကျနေပေသည်။ ထိုမှတစ်ဆင့် မြေပြင်ပေါ်သို့
နှင်းအဟုန်ပြင်းစွာ ကျလာသည်။

နင်းစက်များနှင့်အတူ အမှောင်သည် ရုတ်ခြည်းကျရောက်လာသော သည်။ အမှောင်ထုသိပ်သည်းစွာ ကျရောက်လာပုံမှာ အလွန်အမင်း ကြောက်စရာကောင်းလှသည်။ တစ်စတစ်စ သိပ်သည်းနက်ရှိုင်းလာသော အမှောင်ထု ဖြစ်သည်။ ဟိုးဝေးဝေးမှ တောင်ကမ္ဘာကို အမှောင်ထုလွှမ်းခြုံ လိုက်ပုံမှာ စုန်းမအိုကြီး ငြိမ်သက်စွာ ငုတ်တုတ်ထိုင်နေသည်နှင့်ပင် တူနေ သေးတော့။

မကြာမီ မိနစ်ပိုင်းအတွင်းကပင် ဘာသာဘာဝ ဆူညံနေသော ဇော် ငှက်များသည် အ,အများပမာ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားပေပြီ။ ယခုနေ အခါမှာ နေရောင်ခြည် တစ်စက်တစ်ပေါက်ကို မြင်ရလျှင်ဖြင့် ရွှေဒင်္ဂါးအပြား တစ်ရာ ပေးမည်ဆိုသည့်တိုင်အောင်ပင် နေခြည်ကို မြင်ရတော့မည် မဟုတ် ပေ။

ငှက်တစ်ကောင်သည် သူ့ဖရှေ့ရှိ သစ်ပင်ပေါ်မှ ခပ်ဝေးဝေး တောအုပ်ဆီ သို့ရုတ်တရက် အလျင်စလို ပျံသွားသည်။ သူ့ကိုမြင်၍ကြောက်လန့်သွားဟာ ထပျံသွားခြင်း ဖြစ်သည်။ သူ့ရင်ထဲတွင် လေးလံမှုတစ်ခုသည် တမြည့်မြည့် လောင်ကျွမ်းစပြုနေလေသည်။

အမှောင်သည် သူ၏ ပတ်ပတ်လည်သို့ ဝန်းရံပိတ်ဆို့စ ပြုလာသည် နှင့်အမျှ ရင်ထဲမှာ အမည်မသိ ဝေဒနာတစ်ခုက စွန်းပေလာခြင်း ဖြစ်သည်။ ထိုဝေဒနာသည် ထိတ်လန့်ကြောက်ရွံ့မှုကလွဲ၍ အခြားဘာမှမဖြစ်နိုင်။ နင်းစက်တွေက တဖြောက်ဖြောက် အသံမြည်နေကြသည်၊ အမည်မဲ့ နာကျင် မှုတစ်ခုကို ဖော်ပြနေသလို၊

သူသည် ပဝါကိုခေါင်းမှာ ပေါင်းထုပ်လိုက်ပြီး ဆိတ်သားရေအိတ်ကြီးကို တော့ စလွယ်သိုင်းမပျက်သေး။ ဆိတ်သားရေအိတ်ကြီးသည် သူ့အဖို့ရာ အဖိုးအနဂ္ဃထိုက်တန်သော ဣန္ဒြာသယလွယ်အိတ်ကြီးဟုဆိုက မမှားနိုင် ပေ၊ ယခုနေ ပြည်တန်ပစ္စည်းများတစ်လုံးနှင့် လဲလှယ်စေဦးတော့ သူက မလဲ လှယ်နိုင်ပေ၊ သူသည် လွယ်အိတ်ကြီး လွတ်ထွက်သွားတော့မည့်အလား ရင်ခွင်ထဲတွင် မြတ်မြတ်နိုးနိုး ပွေ့ပိုက်ထားမိလေသည်၊



သူသည် ရွာဦးကျောင်းဆရာတော်ကို ခွင့်ပန်ပြီး ဆေးမြစ်ဆေးဥ ရှာ ဖွေရန် ရွာ၏ အရှေ့မြောက်ဘက်သို့ စွန့်စားကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

"သူတော် - ရာသီဥတုက သိပ်ကောင်းတာ မဟုတ်ဘူးကွယ့်၊ နေမဝင်မီ ကျောင်းကို ရောက်အောင်ပြန်လာခဲ့၊ သူတော်သွားမယ်ဆိုတဲ့ နေရာက တောထူထပ်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ တောရိုင်းတိရစ္ဆာန်တွေ အများ သား၊ သတိဝီရိယနဲ့သာ သွားပေတော့ သူတော်၊ လမ်းလည်းမှားတတ်တယ်၊ ဟိုတစ်လောက ရွာသားတစ်ယောက် ဝက်ဝံအကုပ်ခံရတယ် ကြားတယ်၊ မိန်းမတစ်ယောက်လည်း ဟင်းရွက်သွားရှာတာ စပါးကြီးမြွေနဲ့တွေ့လို့ အမျိုး ခံရပါပကောလား။ သတိ သာ ထားသွားတော့ - သူတော်"

သူတော်သည် ဝတ်ပြုရင်း ...

"တင်ပါ့ဘုရား - ခုကိစ္စက တော်တော်အရေးကြီးနေလို့ပါ။ ရွာထဲမှာ သေလုမြောပါးဖြစ်နေတဲ့ သားသည် မိခင်တစ်ယောက်ကို အသက်ရှင်စေ ချင်တဲ့ ဆန္ဒနဲ့ပါဘုရား။ အနာပဆုပ်ဖြစ်နေလို့ ဆေးတစ်မည်တော့ရလျှင်ဖြင့် အသက်ရှင်နိုင်ဖွယ် ရှိပါတယ်။ ချင်းနက်ရရင်ဖြင့် အနာပေါက်သာမက မြစ် ဖွားနာတွေပါ ယူပစ်သလို ပျောက်နိုင်တာကြောင့် စွန့်စားပြီး တောထွက်ရ တာပါ - ဘုရား"

"ကောင်းပါပြီ - သူတော်၊ လူ့အသက်ဆိုတာ ရခဲတာပဲလေ၊ ကုသိုလ် လည်းရ၊ ဝမ်းလည်း ဝပေ့ါ။ အဲဒီ အရှေ့မြောက်ဘက် လူသူဝေးတဲ့ နေရာမှ ချင်းနက်တွေရှိတယ်လို့ ဘုန်းကြီးတို့ ငယ်ငယ်ဘဝကတည်းက ကြားဖူးနေ တာပဲ။ ချင်းနက်သာမကဘူး ကျောက်ချဉ်နက်၊ ကျောက်သွေးတွေတောင် ရတဲ့လူ ရကြတယ်။ ဒါပေမဲ့ - အန္တရာယ်တွေ များသကွဲ့"

"တင်ပါ့ဘုရား - တပည့်တော်ကို သွားရောက်ရှာဖွေခွင့်ပြုပါ။ အများ အတွက်မို့ပါ"

သူတော်သည် ဆရာတော်ကို ဝတ်ပြုကာ အရက်မတက်မီကပင် ထွက် လာခဲ့ခြင်း ဖြစ်သည်။ ရွာဦးကျောင်းဆရာတော်နှင့် သူတော်သည် ထုဝမ်း

တော်စပ်ပေသည်။ ငယ်စဉ်ကတည်းက သူ့မိခင် သေဆုံးသွားသဖြင့်

တော်၏ သားကို ဆရာတော်က မွေးစားခြင်းဖြစ်ရာ ငယ်စဉ်ကပင်

အတတ်၊ ဆေးဝါးအတတ်ကို တတ်ကျွမ်းခဲ့သူ တစ်ယောက်ဖြစ်သည်။

တော့ သူတော်သည် ကျောင်းနေရဟန်းသံဃာများသာမကဘဲ တစ်ရွာလုံး

ယုံကြည်အားကိုးရာ ဆရာတစ်ဆူ ဖြစ်နေပေသည်။



သူသည် မီးအလင်း ဖျတ်ခနဲပေါ်လာရာဆီသို့ အားကုန်သုတ်ကာ
လျင်မြန်စွာ ရွေ့လျားသွားလိုက်သည်။ မြင်လိုက်ရသော မီးအလင်းသည်
တဖြည်းဖြည်းထင်ရှားလာသည်။ သူ မြင်လိုက်ရသည့် မီးရောင်သည်
တဲကလေးတစ်လုံးထဲမှ ပြာထွက်ယိုဆင်းနေသော မီးအလင်းရောင်သာတည်း။
သေချာပြီ။ အထဲမှာ သက်ရှိလူသားတစ်ယောက်ရှိမည်မှာ သေချာပေပြီကော။
မီးကို လူသားသာလျှင် အကျိုးရှိစွာ စနစ်တကျ သုံးတတ်သည် မဟုတ်ပါလော။



ထိုအခါ သူတော်သည် ရဟန်းမဝတ်သည်မှလွဲ၍ ရဟန်းကိစ္စ၊ ရွတ်ဆိုသရဇ္ဈာယ်မှုတို့တွင်လည်း ရဟန်းသံဃာနှင့်မခြား ရွတ်ဖတ်နိုင်သူ တစ်ယောက် ဖြစ်သည်။ ဆေးဝါးကုသခြင်း၊ ဗေဒင်ဟောပြောခြင်းတို့သည် ရဟန်းဝိနည်းနှင့် မညီညွတ်သောကြောင့်သာ ဖိုးသူတော်ဘဝနှင့် နေထိုင်လှုပ်ရှားနေရခြင်း ဖြစ်ပေသည်။ ယခုတော့ နာမည်ရင်းဖြစ်သည့် ဖိုးစနေဆိုသော နာမည်ပျောက်ကာ ဆရာတော်အပါဝင် အားလုံးက သူတော်ဟုခေါ်ရလောက်အောင် နှုတ်ကျိုးနေပေပြီ။

သူတော်သည် တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ရခြင်း၏ အကျိုးကျေးဇူး၊ အများအတွက် စေတနာထားရခြင်း စေတနာအကျိုးသည် လက်တွေ့မျက်ဝါးထင်ထင် ကြုံတွေ့ရလေပြီ။ သူတော် လိုချင်နေသည့် နန္ဒင်းနက် (ခေါ်) ချင်းနက်သာမက ပိတ်ချင်းသီး၊ မုယားကြီးစသည့် အပင်များကို သက်ရင့်ကျောက်ဂူကြီးအနီးတွင် တွေ့လိုက်ရခြင်းပေတည်း။ ချင်းနက်ပင်ကို တွေ့လိုက်ရသည်နှင့် ပင်ပန်းသမျှ၊ ဒုက္ခဆင်းရဲမှန်သမျှ စန္ဒာဆီုယ်တွင်းမှ ရုတ်ခြည်းယူပစ်လိုက်သလို လျော့ကျသွားရခြင်းပင်။ ဆာလောင်မွတ်သိပ်မှုကိုပင် မေ့လျော့သွားမိသည်အထိ ပျော်ရွှင်သွားမိ၏။

သူသည် ရသမျှ ဆေးဝါးတို့ကို တူးဆွသည်။ ပါလာသော ကိုင်းခုတ်ဓားဖြင့် ခုတ်ထွင်ရှင်းလင်းကာ ဆိတ်သားရေအိတ်နှင့် အပြည့်ထည့်ပြီး နေရာကို မှတ်သားထားလိုက်သည်၊ ဆေးပင်တောအနီးရှိ ကျောက်ဂူကြီးထဲတွင် မျောက်အုပ်ကြီး နေထိုင်ကာ မျောက်အုပ်ကြီးသည် သူတော့်ကို တစ်ချိန်လုံး စောင့်ကြည့် အကဲခတ်နေပေသည်။ သူတော်၏ ရန်လိုဟန်မရှိသော အမူအရာကိုမြင်မှ ကျောက်ဂူထဲမှ စိတ်ချလက်ချ ထွက်လာကြကာ သွားလာလှုပ်ရှား အစာရှာဖွေကြပေသည်၊

"ငါ့စေတနာ - ငါ့ကို အကျိုးပေးတာပဲ၊ တိရစ္ဆာန်တွေကလည်း ရန်မမူဘူး။ ဒီနေရာမှာ ငါမမြင်ဘူးတဲ့ ဆေးဝါးဆေးပင်တွေတောင် အံ့မခန်းအောင် ပေါက်ရောက်နေတာပဲ၊ သူတော်ကောင်းတွေရဲ့ ကျေးဇူးပေါ့"

သူတော်သည် အပျော်လွန်ကာ ရသမျှဆေးမြစ်၊ ဆေးဥများကို တစ်နိုင်တစ်ပိုင် တူးဆွရာ အချိန်ပင် ကုန်မှန်းမသိကုန်ခဲ့ရသည်။ သည်လိုနှင့် ပါလာသော ကောက်ညှင်းထုပ်ကို ဖြေ၍စားတော့ ညနေစောင်းပေပြီ။ ပြန်ရန် သတိရတော့ သစ်ရိပ်ဝါးရိပ်ကြောင့် လမ်းစပျောက်သလိုဖြစ်ကာ မှောင်ရီသမ်းစအချိန်မို့ ရင်ထဲမှာ စိုးရိမ်စိတ်ဖြင့် ပြာဝေသွားရသည်။

"လမ်းစပျောက်ပြီ၊ နင်းတွေကလည်း ပိတ်နေတာကိုး"

☯

သူတော်သည် လာရာလမ်းကို မှန်းဆရှာဖွေသေးသည်။ သို့သော်-လမ်းစမတွေ့ရှိသာမက တောထဲ၌ တဝဲလည်လည်ဖြစ်ကာ နက်ရှိုင်းလှသောတောနက်ထဲသို့ တဖြည်းဖြည်း ဝင်လာမိခြင်းကိုသာ သတိပြုမိတော့သည်။ သူသည် ရှေ့ဆက်မတိုးဝံ့ပဲ ယောင်ချာချာဖြစ်နေသည်။ တဖြည်းဖြည်း လမ်းပျောက်လာသည်။

"ဒုက္ခပဲ - လမ်းစပျောက်ပြီ"

သူသည် အထိတ်တလန့် ရေရွတ်လိုက်မိသည်။ ထိုအချိန်တွင် နေရောင်ခြည်ကို လုံးဝမမြင်ရတော့ပေ။ ရင်ထဲသို့ လေးလံမှုတစ်ခုက ဝင်ရောက်လာသည်။ ပတ်ဝန်းကျင်ရှိ အုံ့ဆိုင်းနေသော သစ်ပင်ကြီးများပေါ်မှ နှင်းစက်များက တဖျောက်ဖျောက်ကြွေကျနေသည်။ သစ်ရွက်ကို လေတိုးသံသည် တရှဲရှဲမြည်နေသည်၊ အမှောင်ထုအောက်တွင် သစ်ပင်ကြီးများက နစ်ချိုဘီလူးကြီးတွေလို တိတ်ဆိတ်ငြိမ်သက်ဝေးငြိမ်လျက်၊ သစ်ရိပ်ဝါးရိပ်ကြောင့် စိမ့်၍အေးလှသည်၊ တစီစီမြည်နေသော ပိုးပုရစ်သံများက စိတ်အားငယ်မှု၊ စိတ်ချောက်ချားမှုကို ပို၍ဖြစ်စေသည်။

သူတော်သည် တောနက်ကြီးအလယ်တွင် လမ်းစပျောက်နေလေပြီ တကား။ သူတော်သည် စိတ်ကိုတင်းကာ ဦးပြည်း ခေါင်းတုံးကို အအေးဓာတ်လုံအောင် ပဝါဖြင့် ပတ်လိုက်ပြီး အန္တရာယ်ကင်းဝေးဂါထာတော်များကို ရွတ်



ရွတ်လေတော့သည်။ တောတောင်တွင်းရှိ သက်ရှိသတ္တဝါများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို မေတ္တာပို့သည်။ (၂၄)ပစ္စည်းကို စည်းချည်သစ်ပင်ပေါ် တက်အိပ်ရန် စဉ်းစားသည်။

လေသည် အရိုးကွဲအက်လုမတတ် တဝေါဝေါမြည်ကာ တသွင်သွင်တိုက်ခတ်လျက်ရှိသည်၊ အရေပြားတွေ ထုံကျင်လာသည်အထိ အဆက်မပြတ် တိုက်ခတ်လာသည့် တိုက်ခတ်မှုကြောင့် သူတော်သည် တောစောင့်နတ်တို့ကို တိုင်တည်ကာ နိုကိုးရာရပါစေကြောင်း လျှောက်ထားလျက်ရှိသည်။

သူသည် နောက်ဆုံးမျှော်လင့်ချက်အဖြစ် အမှောင်ထုထဲတွင်ပင် စမ်းတဝါးဝါးဖြင့် ရှေ့ကို ဆက်၍တိုးလာမိသည်၊ ဆင်ကန်းတောတိုးသည့် ပွန်းစားမှုမျိုးသာ ဖြစ်ပေလိမ့်မည်၊ ရုတ်တရက်ဆိုတော့ ယခုလို နှင်းထုထုနှင့် ပကာတိမှောင်မိုက်လှသည့် ညယံအောက်တွင် နေရသည်မှာ တစ်လောကလုံး၌ သူတစ်ယောက်တည်းသာ အထီးကျန်ရှင်သန်ရှုန်းကန် နေရသကဲ့သို့ ထင်မှတ်နေရပေသည်။

မြောက်ပြန်လေသည် ပြင်းထန်စွာ တိုက်ခတ်လျက်ပင် ရှိသေးသည်။ သည်ညအဖို့တော့ လုံးဝအရှိန်လျှော့လိုဟန်မတူပေ။ ချုံတောတိုးကာ လမ်းလျှောက်ရလွန်း သဖြင့် သူ့ခြေထောက်တွေ ကွဲအက်စပြုနေပေပြီ။ သူသည် ရှေ့ဆက်တိုး ရွေ့လာရာမှ နီးစပ်ရာသစ်ပင်အောက်မှတစ်ဆင့် သစ်ပင်ပေါ်တက်ရန် ပြင်ဆင်လိုက်စဉ်မှာပင် သူ၏ အမြင်အာရုံထဲသို့ ဖျတ်ခနဲ ဝင်လာသော အလင်း တစ်ခုကိုမြင်လိုက်ရလေသည်၊ မီးရောင်လက်လက်တစ်ခုသာဖြစ်သည်၊ သူ့အတွက် မျှော်လင့်ချက်အလင်းရောင်ပါ၊ အဘယ်သို့သော မီးရောင်ပေနည်း၊၊ ထူးဆန်းလှချေသည်တကား။

ထိုအလင်းသည် သူ့စိတ်က ယုံကြည်ကိုးစားစွာ မျှော်လင့်မိနေသော အလင်းမျိုး မဟုတ်ပေ။ သူ့ရင်ထဲမှာ အသိစိတ်တစ်မျိုး ဖြန်းခနဲ ပြိုကွဲသွားသည်၊ အလင်းသည် တောနက်ထဲတွင် တစ်ခါတစ်ရံ ဖြစ်ပေါ်တတ်သည့် မီးနန်းလော၊ ဒါမှမဟုတ် တောလည်သူတို့၏ မီးရောင်လော၊

သူသည် မီးအလင်း ဖျတ်ခနဲပေါ်လာရာဆီသို့ အားကုန်သုတ်ကာ လျင်မြန်စွာ ရွေ့လျားသွားလိုက်သည်။ မြင်လိုက်ရသော မီးအလင်းသည် တဖြည်းဖြည်းထင်ရှားလာသည်။ သူ မြင်လိုက်ရသည့် မီးရောင်သည် တဲကလေးတစ်လုံးထဲမှ ဖြာထွက်ယိုဆင်းနေသော မီးအလင်းရောင်သာတည်း။ သေချာပြီ၊ အထဲမှာ သက်ရှိလူသား တစ်ယောက်ရှိမည်မှာ သေချာပေပြီကော၊ မီးကိုလူသားသာလျှင် အကျိုးရှိစွာ စနစ်တကျ သုံးတတ်သည် မဟုတ်ပါလော၊

သူ့ရင်ထဲမှာ ဖော်ပြ၍ မစွမ်းသာသော ဝမ်းသာပီတိနှင့်အတူ တဲကလေးရှိရာသို့ တရွေ့ရွေ့တိုးဝင်မိလိုက်သည်၊ အလင်းရောင်သည် တဲကလေးအတွင်းမှ အမှောင်ထုတွင်းသို့ ကြိုးစားတိုးဝင်လျက် ရှိပေသည်၊ တဲကလေးသည် ဆယ်ပေပတ်လည်ခန့်ရှိသော သူတော်စင်တို့ကျောင်းသခမ်းနှင့် သဏ္ဌာန်တူလှသည်။ တဲကလေးက အိုလှပေပြီ၊ ယိုင်နဲ့နေသည်၊ စုတ်ချာလှ၏။

သူတော်သည် တဲရှေ့တွင် မတ်တတ်ရပ်ကာ အတွင်းသို့ စောင်းငဲ့ကြည့်လိုက်လေသည်၊ တဲအတွင်းဝယ် အညိုရောင်ဝတ်ယောဂီ သူတော်စင်တစ်ပါးသည် မှိန်ပျပျမြေခွက် ဆီမီးရှေ့တွင် မလှုပ်မရှက် ကျောက်ရုပ်ထုလို ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရပေသည်၊ တဲရှေ့တွင်ရပ်နေသော သူတော်ကို သူတော်စင်သည် ဆတ်ခနဲမော်ကြည့်လိုက်သည်၊ သူတော်စင်၏ မျက်ဝန်းထဲတွင် အံ့ဩမှုအရိပ်အရောင်များ ဖြတ်သန်းသွားသည်ကို မီးရောင်အောက်တွင် သူ မြင်လိုက်ရပေသည်၊ သို့သော် - သူတော်စင်သည် ထိုင်ရာမှ အထမပျက်ဘဲ သူတော်ကို လှမ်း၍မေးလိုက်သည်၊

"အို - ဗိုးသူတော်ပါကလား"

သူတော်သည် လွယ်ထားသော ဆိတ်သားရေလွယ်အိတ်ကြီးကို အသာချလိုက်ကာ ...

"မှန်ပါတယ် - အရှင်၊ တပည့်တော်ဟာ ဆေးဝါးဖော်စပ်ဖို့အတွက် တောထဲမှာ ဆေးမြစ်၊ ဆေးသစ်ရွက်၊ သစ်ဥသစ်ဖု လာရောက်ရှာဖွေရင်း မျက်စိလည်နေတာပါ ခင်ဗျား။ ဒုက္ခရောက်လာသူတစ်ယောက် ဖြစ်ပါတယ် အရှင်၊



ညတာလည်း မစားရသေးပါဘူး။ ပင်ပန်းရှိုနဲ့နေပါပြီ အရှင်။ တပည့်တော်ကို ကူညီနိုင်ရင် ကူညီပါအရှင်၊ တစ်ညတာ တည်းခိုခွင့်ပြုပြီး စားသောက်စရာ တစ်ခုခုတော့ဖြင့် ကူညီပါအရှင်"

ယောဂီဝတ်သူတော်စင်သည် သူတော့်ကို မိန်ဖျော့သော မျက်ဝန်းညိုများဖြင့် ငေးစိုက်ကြည့်နေလေသည်၊ ရုတ်တရက် စကားမဆိုသေး။ အတန်ကြာမှ ခေါင်းတစ်ချက် ယမ်းခါလိုက်ကာ ...

"ဗိုးသူတော် - ကျွန်ုပ်သည်လည်း သင့်ကို ကူညီနိုင်စွမ်းမရှိပါ၊ သင် ဒီမှာတည်းခိုနေလျှင်လည်း သင့်အတွက် နေစရာ၊ စားသောက်စရာ အဆင်ပြေမည်မထင်ပါ သူတော်၊ ကျွန်ုပ်သည်ပင် အိုမင်းမစွမ်းဖြစ်သည့်အလျောက် အစားအစာ ဆွမ်းကွမ်းစေ့်ခဲနေတာပါ။ သင် စားစရာနဲ့ တစ်ညတာ တည်းခိုဖို့တော့ ကျွန်ုပ် လမ်းညွှန်ပေးနိုင်ပါတယ်"

သူတော်စင်သည် တုန်တုန်ရိုက်ရိုက် ပြောလေသည်၊ ထိုအခါမှ သူတော်သည် ကျောင်းသခ်မ်းငယ်နှင့်တကွ ယောဂီဝတ်ကို သေသေချာချာ စူးစမ်းကြည့်မိပေသည်၊ မှန်ပေသည်၊ ကျောင်းသခ်မ်းကလေးကား စုတ်ချာနံ့နဲ့လွန်းလှသည့်အပြင် သူတော်စင်သည် အိုမင်းနွမ်းလှနေပေသည်။ သူတော်၏ ရင်ထဲသို့ အတွေးတစ်ခု ဝင်လာသည်၊ လူသူမနီး တောကြီးမျက်မည်းထဲတွင် သူတော်စင်သည် မည်ကဲ့သို့ တရားကျင့်ကြံ၊ ဆွမ်းကွမ်းမည်သို့ မျှတသီတင်းသုံးပါမည်လဲဟု တွေးတောကာ သနားစိတ်ဝင်လာသည်နှင့်အမျှ အကူအညီတောင်းရန် မဝံ့ရဲတော့ဘဲ ငြိမ်သက်နေလိုက်မိသည်၊ သူတော်စင်သည် အိုမင်းရင့်ရော် လှပေပြီ။ သူ၏ ကျောင်းသခ်မ်းသည်လည်း သူနှင့်လိုက်ဖက်စွာ ယိုင်ယဲ့စုတ်ချာလှသည်၊ အိုးတစ်လုံး ဖျာတစ်ချပ်မရှိ၊ ဆီမီးခွက် မီးအိမ်ကလေးသာ မမိန်တမှိန် လင်းလက်နေပေသည်၊ ဆီမီးခွက်မှ မီးညွန့်ဝါဝါကလေးပင် ဆောင်းလေကြမ်းအသွေးတွင် ရုတ်ခြည်းငြိမ်းတော့ မယောင်ယောင် ယိမ်းခါလျက်ရှိသည်၊

သူတော်သည် ငြိမ်းသေအံ့ဆဲဆဲ မီးညွန့်ကလေးကို စိုက်ကြည့်လိုက်သည်၊ မီးညွန့်ကလေးလိုပင် သူ၏ စိတ်သည် ယိမ်းယိုင်လှုပ်ရှားနေသည်။

"ကျွန်ုပ်အတွက် စားစရာနှင့် တစ်ညတည်းခိုနားနေခွင့်ကို လမ်းညွှန်ပြတော်မူပါအရှင်"

သူတော်စင်သည် ထိုင်ရာမှ မထဘဲ ...

"ဤကျောင်းသခ်မ်း၏ အနောက်ဘက်မှနေ၍ ဆင်းသွားပါက လျှိုတစ်ခုရှိပါတယ်၊ လျှိုအတိုင်း ဆက်ဆင်းသွားရင်တော့ မိနစ်အနည်းငယ် လျှောက်လိုက်တာနဲ့ ရွာတစ်ရွာကို သင် တွေ့ရပါလိမ့်မယ်၊ အဲဒီရွာက လူတွေက သဒ္ဓါတရားမြင့်မားကြပါတယ် သူတော်၊ သူတော့်ကို သူတို့ လျစ်လျူရှုမထားကြပါဘူး၊ ကူညီကြမှာပါ၊ အဲဒီကိုသာ သွားပါ - သူတော်"

သူတော်၏ မျက်နှာသည် ဝင်းပသွားသည်၊ လွယ်အိတ်ကို ကောက်ကိုင်သည်၊ သူတော်စင်တို့ ဦးညွှတ်အရိုအသေပြုကာ လက်အုပ်ချီမိုးသည်၊

"ကျေးဇူးတင်ပါတယ် - အရှင်၊ တပည့်တော်ကို ခွင့်ပြုတော်မူပါဦး"

သူတော်သည် ရာစနဲ့လှည့်ကာ တူထဲသိပ်သည်းကာ နိုက်နိုက်တုန်ချမ်းအေးလှသည့် အမှောင်ထုထဲသို့ နစ်ဝင်စီးမျော် ဝင်ရောက်ပျောက်ကွယ်သွားလေသည်၊

သူတော်သည် မှောင်မိုက်ကာ နိုက်နိုက်တုန်ချမ်းအေးလှသည့် ညယံထဲတွင် သူတော်စင် ညွှန်ပြသည့်လမ်းအတိုင်း ဆင်းသွားရာ မီးရောင်ကလေးများ တလက်လက်တောက်ပနေသော ရွာစုကလေးတစ်စုကို တွေ့လိုက်ရပေတော့သည်၊ ရွာကလေးသည် အိမ်ခြေနှစ်ဆယ်ခန့်သာရှိပြီး ခြံပိုင်းများနှင့် စပ်ကြဲကြဲရှိသည်၊ မီးအိမ်ကလေးများဖြင့် လင်းလင်းထင်းထင်း ရှိသည်၊

သူတော်သည် ဆိုက်ဆိုက်မြိုက်မြိုက် ဆိုသလိုပင် ရွာသူကြီးအိမ်ကိုမှ ဝင်ရောက်၍ အကူအညီ တောင်းမိလျက်သား ဖြစ်သွားပေသည်၊

"ကျွန်ုပ်ဟာ မျက်စိလည်လမ်းမှားရင်း ဒီကိုရောက်လာတဲ့ ဖိုးသူတော်ဖြစ်ပါတယ်၊ ဆေးဝါးဖော်စပ်ရန် ဆေးသစ်ရွက်၊ ဆေးသစ်ဥရှာဖွေရင်း ခုကွ ရောက်လာသူပါ သူကြီး၊ ကျွန်ုပ်အတွက် [illegible] တည်းခိုခွင့်ကို ကူညီပေးစေလိုပါတယ်၊ သူကြီးမင်း - သင်တို့ရွာ [illegible] ကျွန်ုပ် သေဖွယ်ရာသာ ရှိပါတော့တယ်"

သူကြီးမင်းသည် သဘောမနောကောင်းလှသည်၊ ချက်ချင်းဆိုသလိုပင် သူတော်ကို နွေးထွေးစွာကြိုဆိုကာ နေရာထိုင်ခင်း စားစရာပေးလေသည်၊

"ဦး၊ သူတော် စားပါသောက်ပါ၊ တစ်ညတာ မဟုတ်ပါဘူး ကြိုက်သလောက်သာ သီတင်းသုံးပါခင်ဗျား၊ ကျွန်တော်တို့ သူတော်စင်ကို လေးမြတ်ယုံကြည်မှု ရှိပါတယ် ခင်ဗျာ"

"ကျေးဇူးတင်လိုက်တာ - သူကြီး၊ ကျေးဇူး မမေ့ပါဘူး"

သူတော်သည် သူကြီးမင်း နေရာထိုင်ခင်းပေးသောနေရာတွင် လွတ်လပ်ပေ့ါပါးစွာ နေထိုင်ရပေသည်၊ သူကြီး၏မိန်းမ လာချပေးသော သစ်သီးနှင့် နို့တို့ကို မြိန်ယှက်စွာစားသုံးနေစဉ် ဆူညံဆူညံအသံတွေ မြုံဝမှကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်သောအခါ ခြံထဲသို့ဝင်လာသော လူအုပ်စုတစ်စုကို တွေ့လိုက်ရသည်၊ ယောကျ်ားတွေချည်း ဖြစ်သည်၊ သူတော်သည် ဝင်လာသောလူအုပ်စုကို ငေးကြည့်နေမိသည်၊ လူအုပ်စုသည် အရေးတကြီး နိုင်လှကာ မျက်နှာတွေ မကောင်းကြပေ၊

သူတို့သည် သူကြီးရှိရာ တစ်ဖက်ရှိအခန်းသို့ ဝင်ရောက်သွားကြသည်၊ ခဏကြာလျှင် မိန်းမတစ်ယောက်၏ စူးစူးဝါးဝါး ငိုသံထွက်ပေါ်လာသည်၊ ထို့နောက် - ရွှေလျားသံများ၊ မ,ရွှေ့သံများ ဆက်တိုက်ကြားရပြန်သည်၊ သူတော်သည် ဘာတွေဖြစ်နေပါလိမ့်ဟု တွေးနေမိသည်၊

သူတော်သည် စားလက်စကို အလျှင်အမြန်သိမ်းကာ လှုပ်ရှားမှုများကို နားစွင့်နေမိသည်၊ ခဏကြာလျှင် အသံတွေ တိတ်ဆိတ်သွားပြန်သည်၊

ညစ္စသည် တစ်စတစ်စ နက်ရှိုင်းထူထဲလာလေပြီ။

ထိုအချိန်တွင် သူကြီးသည် သူတော်၏ အခန်းတွင်းသို့ မီးအိမ်ကို ကိုင်ကာ တိတ်တဆိတ်ဝင်ရောက်လာလေသည်။ သူကြီး၏ မျက်နှာသည် ကြောက်ရွံ့ရိပ်ဖြင့် ညှိုးနွမ်းနေပေသည်။ ငိုယိုထားဟန်ဖြင့် မျက်လုံးများသည် နီရဲမို့မောက်နေသည်။

"သူကြီး - ဘာတွေ ဖြစ်နေတာတုံး"

"ဒီလိုပါ - ဦးသူတော်၊ ကျွန်တော့်ဖခင်ဟာ နာတာရှည်ရောဂါခံစားနေရတာ ကြာပါပြီ အရှင်။ စောစောကပဲ အဲဒီနာတာရှည်ရောဂါနဲ့ ကွယ်လွန်သွားပါပြီ။ ခုချိန်မှာ အသုဘအခမ်းအနားအတွက် ရွာသားတွေဟာ တက်ညီလက်ညီနဲ့ ဆောင်ရွက်နေကြပါပြီ - ဦးသူတော်"

"ပြောပါ - သူကြီး၊ ကျုပ် တတ်နိုင်တဲ့ဘက်က ကူညီပါရစေ"

"ဦးသူတော်က ကျွန်တော်တို့ရွာရဲ့ဓလေ့ထုံးစံကို သိရှိဟန်မတူပါဘူး။ ဦးသူတော်ဟာ ပင်ပန်းခြင်းကြီးစွာနဲ့ ဒီရွာကိုရောက်လာလို့ ဒုက္ခမပေးလိုပါဘူး ခင်ဗျား။ စောစော ရောက်လာတဲ့လူတွေက ကျွန်တော့်ရဲ့ဖခင်ကို နောက်ဆုံးဂါရဝပြုရင်း ရုပ်ကလာပ်ကို ပြုပြင်စီရင်ဖို့ ရောက်လာကြတာပါ ခင်ဗျား။ ကျွန်တော်၏ ဖခင်ဟာ သူကြီးဟောင်းပါ။ ဖခင် မကျန်းမမာဖြစ်လို့ ကျွန်တော်က သူကြီးနေရာကို ခေတ္တယူထားတာသာ ဖြစ်ပါတယ်။ အကြီးအကဲဟောင်းကို နောက်ဆုံးဂါရဝပြုဖို့ ရောက်ရှိလာသူများလည်း ဖြစ်ကြပါတယ် ဦးသူတော်၊ မကြာမီ နာရီပိုင်းအတွင်းမှာ တပည့်တော်တို့ဟာ ဒီရွာကနေ အခြားရွာကို ခေတ္တပြောင်းရွှေ့ကြရပါတော့မယ်ခင်ဗျာ။ တစ်ရက်တိတိ အခြားရွာမှာနေပြီးမှ ဒီကို ပြန်လာကြရမှာပေါ့"

"ဘာဖြစ်လို့လဲ - သူကြီး"

"ဒီလိုပါ - သူတော်၊ ကျွန်တော်တို့ရွာရဲ့ဓလေ့ထုံးစံက ရွာမှာ အသုဘရှိရင် ညအိပ်ညနေ မနေကြရပါဘူး။ ထုံးစံအတိုင်း ရွာသူရွာသားတွေဟာ လူ့ဒါန်းပြီး ပရိတ်ရွတ်ပြီးရင် အသုဘအလောင်းကို ရွာမှာထားခဲ့ပြီး မိမိတို့ကတော့ ရွာကို တစ်ရက်ကြာ ခေတ္တစွန့်ခွာသွားရရိုး ထုံးစံပါခင်ဗျား



ဦးသူတော် ကျွန်တော်တို့နဲ့ လိုက်လိုတဲ့ဆန္ဒရှိရင် လိုက်ခဲ့ပါ။ ဒါမှတော့မဟုတ် ဒီရွာမှာပဲနေလိုက နေခဲ့ပါ၊ ဦးသူတော်ကတော့ သရဲတစ္ဆေတွေကို ကြောက်တဲ့သူမှာတော့ မဟုတ်ပါဘူး။ ဒီမှာ နေမယ်ဆိုရင် အလောင်းစင်နဲ့ မနီးမဝေးမှာ ရှိပါလိမ့်မယ်၊ တစ်ခုတော့ ရှိပါတယ် - သူတော်"

"ပြောပါ - သူကြီး၊ ကျုပ်ကတော့ မလိုက်လိုပါဘူး။ ဒီမှာနေပြီး ရွာသူရွာသားတွေ ပြန်အလာကို စောင့်နေပါရစေ"

"ဒီလိုပါ - ဦးသူတော်၊ ဒီမှာ အသုဘရှိရင် ဘယ်ရွာသားမှ မနေဝံ့ပါဘူး။ ထွက်ခွာပြီး ရှောင်ထွက်သွားကြတာပါပဲ၊ သတ္တိရှိတဲ့လူတောင် မနေရဲတဲ့နေရာပါ - ခင်ဗျာ"

ထိုအခါ သူတော်သည် တည်ငြိမ်စွာ စကားဆိုလေသည်။

"သူကြီး - သင့်ရဲ့ ကူညီရိုင်းပင်းတတ်တဲ့စိတ်၊ သဒ္ဓါတရားကြောင့် ဒီညမှာ ကျွန်ုပ် ကောင်းစွာ ငြိမ်းချမ်းစွာနေရပါ၏။ ကျွန်ုပ် ခရီးပင်ပန်းနေပြီဖြစ်ပါသော်လည်း ဘုန်းကြီးရဟန်းကိစ္စကို ကျွမ်းကျင်ပါတယ်။ သင်၏ဖခင်အတွက် ကောင်းရာမွန်ရာကို ရောက်ရှိဖို့၊ ဘဝကူးကောင်းဖို့ရာ ကျွန်ုပ် တတ်နိုင်ပါတယ်၊ ရွတ်ဖတ်သရဇ္ဈာယ်မှုကို ပြုလုပ်ပေးမှာပါ၊ သရဏဂုံတင်တဲ့ ကိစ္စတွေကို ဆောင်ရွက်ပေးနိုင်ပါတယ်။ တစ်ခုတော့ရှိတယ် - သူကြီး၊ အသုဘရှိရင် ဘယ်ရွာသားမှ ဒီရွာမှာ မနေဝံ့ဘူး၊ ရှောင်ထွက်သွားကြတယ်ဆိုတာကတော့ အဓိပ္ပာယ်မဲ့လွန်းလှပါတယ်။ ကျွန်ုပ်ကတော့ ပရလောကသားများ ဖြစ်ကြသည့် သရဲတစ္ဆေ ဖုတ်၊ ပြိတ္တာများကိုရှိသည်ဟု ယုံကြည်သော်လည်း လုံးဝ တုန်လှုပ်ကြောက်ရွံ့လိမ့်မည် မဟုတ်ပါ - သူကြီး"

သူတော်၏စကားဆုံးသည်နှင့် သူကြီးသည် ကျေနပ်ဝမ်းသာစွာ လက်ခံထားလေသည်။

"ဒီလိုဆိုလည်း သင့်လျော်ပါတယ် - သူတော်၊ ကျွန်တော်တို့ကတော့ အသုဘကြီးကို ထားခဲ့ပြီး ထွက်ခွာသွားရပါတော့မယ်၊ သန်းခေါင်ထိနေလို့ ရပါဘူး ခင်ဗျာ၊ ဦးသူတော် သတိဝီရိယနဲ့နေပါ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာ နေနိုင်ပါစေ၊ ကျွန်တော်တို့မရှိချိန်မှာ တကယ်လို့များ ထူးခြားတာတွေ

မြင်ရတွေ့ရင် မနက်မိုးလင်းလို့ ကျွန်တော်တို့ ပြန်ရောက် လာတဲ့အခါ မခြွင်း မချန် ပြောပြပါ - ခင်ဗျာ"

သူတော်သည် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"စိတ်ချပါ - သူကြီး၊ ကျွန်ုပ် အသုဘကမ္မဋ္ဌာန်းရှုပြီး ဘာဝနာပွားများ နေပါ့မယ်။ သေသူအတွက်ပါ မေတ္တာပို့ အမျှဝေပါမယ်၊ ကုသိုလ်ကောင်းမှု ပြုနေပါ့မယ်"

သူကြီးသည် သူတော်၏ စကားအဆုံးတွင် ကျေနပ်စွာခေါင်းညိတ်ရင်း ရွာသူရွာသားတို့ကိုခေါ်ကာ ညဥ့်အမှောင်ကြီးအောက်တွင် အုပ်စုလိုက် ထွက်ခွာသွားလေသည်။ တစ်ရွာလုံးတွင် သူတော်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။ ညကား ကြောက်မက်ဖွယ် တိတ်ဆိတ်လျက် ...

☯

ညသည် တဖြည်းဖြည်း နက်ရှိုင်းလာသည်။ ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ် တိတ်ဆိတ်နေခြင်းက အထီးကျန်ခြင်းကို ပို၍တုန်လှုပ် ချောက်ချားစေသည်၊ အားငယ်စေသည်မှာ မုချပင်၊

တစီစီမြည်နေသော ချုံတွင်းအောင်းပိုးပုရစ်တွေ၏အသံသာ တစီစီ မြည်နေသည်၊ တစ်ခါတရံမှသာ ညဥ့်နက်တစ်ကောင်၏ ဂီးခနဲ ဂစ်ခနဲ အော် မြည်သံသာ တိတ်ဆိတ်သော ညဥ့်ယံကိုဖောက်ကာ ထွက်ပေါ်တတ်သည်။

သူတော်သည် ပရိတ်ရွတ်နေရာမှ တဲရှေ့သို့ လှမ်းကြည့်လိုက်မိသည်။ ခါးတစ်ဝက်သာသာမြင့်သည့် လေးတိုင်စင်ပေါ်တွင် ဝါးကပ်တစ်ခုရှိသည်။ ထိုဝါးကပ်ပေါ်တွင် မကြာခင် နာရီပိုင်းကမှ သေဆုံးသွားပြီဖြစ်သည့် အသိုးအို ၏ ရုပ်အလောင်းရှိသည်၊ အလောင်းစင်၏ ထောင့်လေးထောင့်တွင် ကညင် ဆီ ဝါကျင်ကျင်မီးတိုင်များသည် တဖျစ်ဖျစ်မြည်ကာ ထွန်းညှိထားသည့် မီး တိုင်လေးတိုင်မှ မီးညွန့်များသည် လေအသွေးတွင် တဟုပ်ဟုပ်မြည်တော ယိမ်းထိုးလျက်ရှိ၏။ အလောင်းကို ပိတ်ဖြူဖြင့်ပတ်၍ ထုပ်ပိုးစည်းနှောင်ထား ပေရာ အထင်းသားမြင်နေရသည်၊ အလောင်း၏ မျက်နှာသည် မော့ထားသော



ပါးစပ်သည် ခပ်ဟဟရှိသည်၊ ညအမှောင်အောက်မှာ ကြောက်စရာကောင်းလှစွာမြင်နေသည်၊

တစ်ချက်တစ်ချက် တိုက်ခတ်လိုက်သော ဆောင်းလေကြောင့် အလောင်းကိုယ်မှာ ပတ်ထားသောဖျင်စသည် တလှုပ်လှုပ်လှုပ်ရှားလာ အလောင်းကြီးက ရုတ်တရက် ထ၍များ ထိုင်လိုက်လေမလားဟု ယောင် ယောင်မှားမှား တွေးမိလောက်ပေသည်၊ သူတော်သည် ပင်ကိုကပင် သတ္တိ ကောင်းသူ ဖြစ်သည်။ သရဲတစ္ဆေကို ကြောက်တတ်သူမဟုတ်ပေ၊ ပရ လောကရှိသည်ဟု ယုံကြည်ငြားလည်း ဂရုစိုက်သူ မ...ပေ၊



သူ ငေးကြောင်ကြည့်နေဆဲမှာပင် အရိုပ်မည်းကြီး... ရောမသတ္တဝါကြီး သည် အလောင်းကောင်ကြီးကို လက်နှစ်ဖက်ဖြင့် အသာအရာပင် ကောက်ယူလိုက် ပြီးနောက် ကျားသစ်တစ်ကောင်သည် သေးငယ်သော တောကြက်ဖတစ်ကောင်ကို ကိုက်၍ဝါးလိုက်သကဲ့သို့ တကျွတ်ကျွတ် အသံမြည်အောင် ဝါးစားလေတော့သည်။ အလောင်းကောင်၏ ဦးခေါင်း၊ လည်ပင်းရိုး၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်း၊ တစ်ခုမှ လွှင့်ပစ်စရာမလိုလောက်အောင် မြိန်ရေရှက်ရေ စားသောက်ပစ်လိုက်သည်။

သို့သော် – သူတော် ယခုရောက်ရှိနေသောနေရာသည် လူသူမရှိသည့် ရွာပျက်ကြီးပမာဖြစ်နေသောနေရာတွင် တစ်ယောက်တည်း အထီးကျန်နေခြင်းပင် ဖြစ်သည်။ သူ၏အဖော်ဟုပြောရအောင်ဆို၍ မကြာခင်က သေဆုံးသွားသော အလောင်းတစ်လောင်းသာ ဖြစ်သည်။ ထိုအလောင်းသည်သာ သူ၏ တစ်ဦးတည်းသော သက်မဲ့လူသားအဖော် ဖြစ်ကောင်းဖြစ်နိုင်သည်။

လေသည် မြွေတွန်သံလို တစီစီမြည်လျက် ရှိသည်။

သူတော်သည် ပရိတ်ကို ဆက်၍ဆက်၍ ခပ်ကျယ်ကျယ်ရွတ်ဆိုနေမိသည်။ တဲရှေ့တံခါးကဲလားကို တိုးဖြတ်ကာ တိုက်ခတ်နေသောလေသည် အရိုးကွဲလုမျှ ချမ်းအေးလှသည်။ လေတိုက်တိုင်း လေတိုက်တိုင်း အလောင်း၏ခန္ဓာကိုယ်မှ အဝတ်စသည် တလွင့်လွင့်ရှိကာ အသက်ဝင်ကာ သူတော့်ကို လက်ရပ်ခေါ်နေသယောင်၊ ကဲလားကို လေတိုးသဖြင့် တဒေါက်ဒေါက်မြည်နေသေးသည်။

သူတော်သည် ရဲစိတ်ကို တင်းလိုက်ကာ မျက်စိကို စုံမှိတ်ထားလိုက်မိသည်။ ဆောင်းညသည် တိတ်ဆိတ်အေးစက်နေကာ သူတော်၏ ကျယ်လောင်လှသော ရင်ခုန်သံဖြင့် ပေကျံနေပေသည်။ လေတိုးသဖြင့် ရှဲခနဲ တစ်ချက်မြည်သွားသော ကညင်ဆီမီးတိုင်များကြောင့် သူတော်သည် မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ ထိုအချိန်တွင် သူတော်၏ရင်ထဲမှ ဆင်ခြင်တုံ့အသိတရားသည် ဘာကိုမှန်းမသိဘဲ သံသယဝင်နေသည်။ ငါ ဘာကို ကြောက်ရမှာလဲ။

ပတ်ဝန်းကျင်တွင် မြောက်ပြန်လေသည် ပြင်းထန်စွာတိုက်ခတ်လျက်ရှိသည်။ အလောင်း၏ ထောင့်လေးထောင့်မှ မီးတိုင်များသည် တဟုန်းဟုန်းတောက်လောင်ကာ ကောင်းကင်ဆီသို့ မီးခိုးများ အလိပ်လိုက်လွင့်တက်နေသည်။ မီးရောင်ထဲတွင် မီးညွန့် အဝါ၊ အပြာ၊ အစိမ်းများသည် အဝါရောင် ညှပ်ငှက်များ က,နေသလို၊ တောကြက်ဖများ ကခုန်မြူးထူးနေသလို ထင်မှတ်ရသည်။

သူတော်သည် စိတ်ကို စုစည်းကာ တည်ငြိမ်အောင်ထားရင်း ပရိတ်တို့ သံမှန်ဖြစ်အောင် ကြိုးစား၍ ရွတ်နေရသည်။ ထိုအချိန်တွင် ကညင်ဆီမီးတိုင်

ထဲတွင် ရေပါလာ၍လားမသိ တရှဲရှဲ တဖျစ်ဖျစ်မြည်ကာ မီးစိမ်းတို့ ထွေးထွက်လျက် လောင်နေသည်မှာ ဗိညာဉ်တွေ အံကြိတ်သံနှင့် တဖြည်းဖြည်းတူလာလေသည်။ ဒါမှမဟုတ် စိတ်ပေါ့သွပ်သော မိန်းကလေး၏ စည်းဝါးတေးသီချင်းဆိုသံနှင့် တူလာသည်။

ထိုစဉ် တဖျစ်ဖျစ်မြည်သော ကညင်ဆီလောင်မြိုက်သံနှင့်အတူ ပေါ့ဖွဖွလှမ်းလာသော ခြေသံတစ်စုံကို ကြားလိုက်ရသည်။ ခြေသံသည် အနီးရှိ တောအုပ်ထဲမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ခြေသံသည် ရပ်တန့်သွားခြင်း မရှိဘဲ တဲဆီသို့ တရွေ့ရွေ့တိုးကပ်လာသော ခြေသံဖြစ်ကာ တဖြည်းဖြည်း ကျယ်လောင်ပီသလာလေသည်။

သူတော်၏ ရင်ထဲတွင် ဖြန်းခနဲ တုန်လှုပ်သွားကာ မမြင်နိုင်သော အန္တရာယ်တစ်ခုက သူတော်ကို ကိုင်လှုပ်လိုက်သည်။

☯

သူတော်သည် ကြောက်စိတ်ကို ဖြေဖျောက်ကာ ဂါထာမန္တန်များတို့ တတ်သမျှမှတ်သမျှ ဆက်၍ ရွတ်လေတော့သည်။ ရွတ်သာရွတ်နေရသော်လည်း ဘာဂါထာပရိတ်ကို ရွတ်နေမှန်းမသိလောက်အောင် ရောက်ရှားစပြုလာသည်။

တိုးရွေ့လာသော ခြေသံသည် အလောင်းစင်ရှိရာသို့ တဖြည်းဖြည်း တိုးကပ်လာလေပြီ။ သူတော်သည် ဘာဆက်လုပ်ရမည်မသိရအောင် ချွေးပြန်စပြုလာသည်။ အလောင်းစင်နားသို့ တိုးကပ်လာသော အရာသည် တောတိရစ္ဆာန်ရိုင်းတစ်ကောင်ပင်လော၊ ဒါမှမဟုတ် သက်ရှိလူသတ္တဝါတစ်ယောက်ယောက်ပေလော။

အေးစက်သော ဆောင်းလေအောက်မှာပင် သူတော်သည် ချွေးတွေ စီးသီးစပြုလာလေပြီကော။ သူတော်သည် မှိတ်ထားသော မျက်စိတို့ အသာဖွင့်လိုက်သည်။

"ဟင်"

ရောမအရိပ်မည်းကြီးတစ်ခုသည် အလောင်းစင်ရှိရာသို့ တဖြည်းဖြည်း တိုးကပ်လာလေပြီ၊ အရိပ်မည်းကြီးသည် လူနှစ်ရပ်ကျော်မက မြင့်မားသော လက်သဏ္ဍာန်အရိပ်ကြီးကို ကားဖြန့်လျက် အလောင်းကြီးကို ဆီးမိုးထားသည်၊ လက်ကြီးနှစ်ဖက်သည် သစ်ကိုင်းခြောက်ကြီးနှစ်ဖက်လို ယိမ်းထိုးနေခြင်း ဖြစ်သည်၊

သူတော်သည် သူ၏ ရှေ့တူရူမြင်ကွင်းထဲသို့ ရောက်ရှိလာသော အသွင်သဏ္ဍာန်ကြီးကို ထင်ထင်ရှားရှား မြင်လိုက်ရသည်နှင့် တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ရပ်တန့်တုံ့ဆိုင်းသွားသလို ဖြစ်သွားသည်၊ ပြူးကျယ်သွားသော သူ၏ မျက်လုံးအစုံသည် မျက်တောင်ခတ်ရန် လုံးဝမေ့လျော့သွားပြီး ဂါထာမန္တန်များ ဆက်၍ မရွတ်ဆိုနိုင်တော့ဘဲ လည်ချောင်းထဲမှာ တစ်ဆို့နေသည်၊ သူသည် လေဖြတ်သွားသူလို ရုတ်တရက် မလှုပ်ရှားနိုင်တော့ပေ။

"ဘုရား - ဘုရား"

သူ ငေးကြောင်ကြည့်နေဆဲမှာပင် အရိပ်မည်းကြီးနှင့်တူသော ရောမသတ္တဝါကြီးသည် အလောင်းကောင်ကြီးကို လက်နှစ်ဖက်ဖြင့် အသာအရာပင် ကောက်ယူလိုက်ပြီးနောက် ကျားသစ်တစ်ကောင်သည် သေးငယ်သော တောကြက်တစ်ကောင်ကို ကိုက်၍ ဝါးလိုက်သကဲ့သို့ တကျွတ်ကျွတ်အသံမြည်အောင် ဝါးစားလေတော့သည်၊ အလောင်းကောင်၏ ဦးခေါင်း၊ လည်ပင်းရိုး၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်း၊ တစ်ခုမှ လွတ်ပစ်စရာ မလိုလောက်အောင် မြိန်ရေရှက်ရေ စားသောက်ပစ်လိုက်သည်၊ အကြွင်းအကျန် တစ်စက်မှမကျန်ရလေအောင် စားသောက်ပြီးသောအခါ အလောင်းစင်ဘေးတွင် ချထားသော အုန်း၊ ငှက်ပျောပွဲများကိုပါ ဆက်၍ စားပြန်လေသည်၊

"ကြောက်စရာကြီးပါလား"

သူတော်သည် တုပ်တုပ်မျှမလှုပ်ရဲပေ၊ အသံထွက်အောင်ပင် အသက်ကို ပြင်းပြင်းမရှူရဲလောက်အောင် တုန်လှုပ်ချောက်ချားနေမိသည်၊ အရိပ်မည်းကြီးဆီမှ ဂျိုးဂျိုးဂွျတ်ဂွျတ် အသံတွေမြည်လျက် ရှိ၏၊ အရိပ်မည်းကြီးသည် အလောင်းကောင်ကုံရော၊ အုန်းငှက်ပျောပွဲတွေကိုပါ မကြွင်းကျန်ရ



အောင် စားသောက်ပြီးသောအခါ သူတော်တို့ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်၊ ထို့နောက် - လာလမ်းအတိုင်း ပြန်ကွေ့ကာ အမှောင်ထုထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်၊

ထိုအခါမှပင် သူတော်သည် အသက်ကို ရဲရဲရှူနိုင်ကာ သက်ပြင်းတို့ ချနိုင်တော့သည်၊

ညသည် ပင်ကိုအတိုင်း လေထုမဲ့အသံမဲ့ အခန်းတစ်ခန်းလို ပြန်လည် ထိတ်ဆိတ်ငြိမ်သက်သွားလေသည်၊

☯

နံနက်လင်းလေပြီ၊ သူတော်သည် ထိုနေရာမှ မြန်မြန်ခွာချင်လှပေပြီ၊ လူသေအလောင်းနှင့် အုန်းငှက်ပျောပွဲများသည် ပျောက်ဆုံးနေပြီ ဖြစ်သည်၊

_ သူတော်သည် သူကြီး ရောက်လာပါက ၎င်းဖခင်၏ အလောင်းနှင့် ပတ်သတ်၍ ညက ကြုံတွေ့လိုက်ရသည့် ကြောက်မက်ထူးဆန်းဖွယ်ဖြစ်ရပ်ကြီးတို့ ပြောပြရန် စောင့်ဆိုင်းနေသည်၊ နံနက်ဆွမ်းခံကြွချိန်ရောက်မှ ညက ထွက်ခွာသွားသော လူအုပ်စုကြီး ပြန်ရောက်လာသည်၊

ရွာသားတို့သည် ညက သူတို့ပြင်ဆင်ထားသည့် အလောင်းနှင့် အုန်းငှက်ပျောပွဲများကို ရှာဖွေသောအခါ လုံးဝမတွေ့ကြတော့ချေ၊ သို့သော် အားလုံးက အေးအေးလူလူပင် ပုံမပျက်ရှိနေကြသဖြင့် သူတော်အဖို့ ထူးဆန်းနေပေသည်၊ ညက အဖြစ်အပျက်ကို ထိုရွာသားတွေ သိနေပြီလား၊

တကယ်ဆို သူတော့်ကို အကျိုးအကြောင်း စုံစမ်းမေးမြန်းသင့်သည် တော့ပါလော၊ ယခုတော့ မည်သည့်မေးခွန်းမှ မမေးဘဲ ဣန္ဒြေမပျက်ရှိနေသဖြင့် စဉ်းစားရကြပ်နေစဉ် သူကြီးသည် သူတော်ကို စတင်၍ စကားဆိုလေသည်၊

"ဦးသူတော် ခင်ဗျာ - ညက ဦးသူတော်သည် အံ့ဩကြောက်မက်ဖွယ်ကောင်းသည့် မြင်ကွင်းကြီးကို ကိုယ်တွေ့မျက်မြင် မြင်ပြီးလောက်ပါပြီ၊ တွန်

တော်ကတော့ ဦးသူတော်ကို တစ်ညလုံး တစ်ယောက်တည်းထားခဲ့ရတဲ့ အတွက် စိုးရိမ်နေခဲ့ရတာပါ။ ခုလို ရွှင်ရွှင်လန်းလန်း အသက်ရှင်လျက် ပြန် တွေ့ရတော့ တော်တော် ဝမ်းသာလှပါပြီခင်ဗျာ။

ကျွန်တော်တို့ရွာရဲ့မလေ့တွေကို ပြောပြခဲ့လို့ ဦးသူတော် သိလောက် ပါပြီ။ အသုဘခလေ့ရှိရင် ညဘက်သန်းခေါင်ယံမှာ ဒီလိုပဲ လူ့သေအလောင်း ဟာ ပျောက်သွားတတ်ပါတယ်။ ဒီလိုပဲ အလောင်းသေးက အုန်းငှက်ပျောပွဲ တွေကအစပေ့ါ ဦးသူတော်၊ ကျွန်တော့်ဖခင်ရဲ့ရုပ်အလောင်းလည်း ပျောက် သွားတာ ဦးသူတော် ကိုယ်တွေ့မြင်လောက်ပါပြီနော်"

သူတော်သည် ဦးခေါင်းကို ညင်သာစွာ ညိတ်လေသည်။

"ဟုတ်တယ် – သူကြီး၊ ကျွန်ုပ် ညက မအိပ်ဘဲ ပရိတ်ရွတ်၊ ဘာဝနာ ပွားများလျက်ရှိတာ ဖြစ်ပျက်သမျှတွေကို မြင်ရပြီးပါပြီကွယ်၊ တုန်လှုပ် ချောက်ချားစရာပါလား"

"ဦးသူတော် မြင်ခဲ့ကြားခဲ့ရတာတွေဟာ ခုမှ မဟုတ်ပါဘူး၊ ဟိုးရှေးလွန် ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဖြစ်ပျက်ခဲ့တာတွေပါပဲ – ခင်ဗျာ"

သူတော်သည် အနည်းငယ်တွေဝေစွာ စဉ်းစားလိုက်ပြီးလျှင် ...

"အသုဘနာရေး အခမ်းအနားဆိုတာ ရဟန်းသံဃာ ဦးစီးရွတ်ဖတ် သရဏ္ဍာယ်ရရိုး ထုံးစံပါ။ ကျုပ် တွေ့ခဲ့ရတဲ့ ယောဂီဝတ်သူတော်စင်က သင်တို့ရဲ့ အမှုကိစ္စတွေကို ဆောင်ရွက်မပေးဘူးလားဟင်"

သူကြီးသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။

"ဘယ်က သူတော်စင်ပါလိမ့် – ဦးသူတော်၊ ကျွန်တော် မသိရပါလား"

"ဒီလိုလေ – ကျွန်ုပ် တောထဲမှာ မျက်စိလည်လမ်းမှားပြီး ခြေဦးတည့်ရာ လျှောက်သွားနေတုန်းမှာ ကျောင်းသခမ်းကလေး တစ်ခုတွေ့တယ်။ အဲဒီမှာ သူတော်စင်တစ်ပါးတွေ့တော့ အကူအညီတောင်းတာနဲ့ သူက ဒီရွာကို လမ်း ညွှန်လိုက်တာပဲ သူကြီး။ သူက သူ့ကျောင်းမှာတဲဖို့ လက်မခံဘူးလေ၊ သူ့ဘာ ဘာအကူအညီမှမပေးနိုင်ဘူးတဲ့၊ လမ်းညွှန်တာက လွဲလို့ပေ့ါ"



သူတော့် စကားဆုံးသည်နှင့် ရွာသူကြီးနှင့်တကွ ရွာသားများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဇဝေဇဝါ ဖြစ်နေကြသည်။ သူကြီးသည် စိတ်ရှုပ်ထွေးဟန်ဖြင့် ...

"ဦးသူတော် – ကျွန်တော်တို့ ရွာပတ်ဝန်းကျင်မှာတော့ မည်သည့် သူ တော်စင်ပုဂ္ဂိုလ်မှ မရှိပါဘူး။ ရာသီဥတု ကြမ်းတမ်းပြီး သားရဲတိရစ္ဆာန်ပေါလို့ ဘယ်သူမှ သီတင်းမသုံးရဲပါဘူး – ဦးသူတော်၊ ရွာမှာလည်း ရဟန်း၊ သံဃာ တော်တွေ ကျောင်းမထိုင်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ ရွာထဲမှာတော ပတ်ဝန်းကျင်မှာပါ ကိုးကွယ်စရာ ရဟန်းသံဃာမရှိပါဘူး – ခင်ဗျာ"

သူတော်သည် ခေါင်းလည်းမခါ၊ ခေါင်းလည်း မညိတ်ဘဲ ငြိမ်သက်နေ လိုက်မိသည်။ ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိုလာသည်၊ တွေ့သမျှ မြင်သမျှ များသည် စိတ်ရှုပ်ထွေးဖွယ်ရာ ပဟေဋ္ဌိများနှင့်သာ ပြည့်နက်နေကြောင်း သတိပြုမိလာသည်။ အလောင်းစင်ဘေးရှိရာနေရာကို လှမ်းကြည့်လိုက် တော့ ဆီမီးတိုင်များသည် ငြိမ်သက်တိတ်ဆိတ်နေကြလေပြီ။ အလောင်း ခြေရင်းရှိ မီးတိုင်မှာ ခဲးလယ်မှ ထက်ပိုင်းကျိုးနေသည်၊ ညက အရိပ်မည်းကြီး ချိုးဖဲ့သွားခြင်းဖြစ်သည်၊ ထိုအရာများသည် မငြင်းနိုင်သော မျက်မြင်သက် သက်သေများသာ ဖြစ်သည်။

သူတော်သည် အောင့်အည်းမျိုသိပ်မှုတစ်ခုဖြင့် အလောင်းစင်ရှိရာသို့ ငေးကြည့်နေကာ ရင်ထဲမှာ မွန်းကြပ်လာသည်၊ အလောင်းစင်နေရာသည် ကျိုးပဲ့ပျက်စီးနေပေပြီ၊ ဖရိုဖရဲ ဖြစ်နေပေ၏။

ဆောင်းဟာ သူ့ရဲ့သွားတွေနဲ့ အရေပြား၏ နံရံများကို တစ်ညလုံး တိုက်ခိုက် ထားကာ ထူအမ်းအမ်း အမှောင်စက်တွေ စီးမျောနေတဲ့ ညမှာ အမှောင်ထု အမှောင်ကို မျိုရျနေရင်း ကြောက်မက်ဖွယ်နာရီလက်တံတွေကို ရင်ဆိုင်ခဲ့ရ သူမှာ သူတော်တစ်ယောက်တည်း ဖြစ်သည်၊ သက်သေမရှိ။

သူတော်သည် သက်ပြင်းကို ချလိုက်မိသည်။

နံနက်စာ စားသုံးပြီးသောအခါ သူတော်သည် ဆေးလွယ်အိတ်၊ ဆေးမြစ် ဆေးရွက်တို့ကို ထုပ်ပိုးကာ အားလုံးကို နှုတ်ဆက်ကျေးဇူးစကားဆိုရင်း ရွာမှ ထွက်လာသည်၊

နေမွန်းတည့်နေပြီ၊

☯

သူတော်သည် အပြန်ခရီးတွင် မိမိစိတ်ဓာတ် တွေဝေဖောက်ပြားမှု မဖြစ်ကြောင်း သက်သေပြုလိုသဖြင့် မနေ့ညပိုင်းက တွေ့ခဲ့သည့် သူတော်စင်နှင့် ကျောင်းသခမ်းကို မတွေ့တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်ကာ လာလမ်းအတိုင်း ဂရုစိုက်၍ သွားလေသည်၊

သူတော်ယုံကြည်ချက် မှန်သည့်အတိုင်း တောလမ်း၏ တစ်နေရာတွင် သူတော်စင်နှင့် ကျောင်းကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လေတော့သည်၊

သူတော်စင်သည် သူတော့်ကို ရင်းနှီးစွာ ခရီးဦးကြိုသည်၊ သူတော်သည် ခရီးတစ်ထောက်နားရင်း စကားပြောဆိုရန် အချိန်ရသွားသည်၊ သူတော်သည် ကျောင်းကလေးထဲသို့ဝင်ကာ ပစ္စည်းတွေကိုချ၊ ခြေဆန့်လက်ဆန့်အနားယူသည်၊ ထိုစဉ် သူတော်နှင့် မနီးမဝေးတွင် သူတော်စင်သည် ခပ်ရိုရို့ထိုင်ကာ ဦးခေါင်းကို ငုံ့ထားသည်၊ စကားမပြောဘဲ ငြိမ်သက်နေသည်၊ သစ်တုံးတစ်တုံးလို ငြိမ်သက်နေခြင်း ဖြစ်သည်၊

သူတော်သည် သူတော်စင်၏ ထူးခြားသော အမူအရာကို မြင်လိုက်ရသဖြင့် အနည်းငယ် ထူးဆန်းသွားမိသည်၊ သည်တစ်ခါ ပထမဦးဆုံး စကားဆိုသူမှာ သူတော် ဖြစ်သည်၊

"သူတော်စင် – အရှင် – ဒီတစ်ခေါက်တွေ့ရတာ ထူးခြားသလိုပဲ"

သူတော်စင်သည် ခေါင်းကို လေးပင်စွာ ညိတ်လေသည်၊

"မှန်ပါတယ် – ဖိုးသူတော်၊ ကျွန်ုပ်သည် ကြီးစွာသော ရာဇဝတ်မှုကြီး တစ်ခုကို ပြုကျင့်ကျူးလွန်ခဲ့ပြီးသကာလ၊ အရှက်ကြီးရှက်ခဲ့ရလေပြီကော ဖိုးသူတော်"



သူတော်စင်၏ စကားက ထူးဆန်းလွန်းနေသည်ဟု သူတော် [illegible] မေ့သည်၊

"မဟုတ်သေးပါဘူးလေ – အရှင် ကျွန်ုပ်ကို အစားအသောက် [illegible] နေရာထိုင်ခင်း တစ်ညတာ ခွင့်မပြုတာ ရှက်စရာမဟုတ်ပါဘူး၊ အရှင် – ကျွန်ုပ် လမ်းညွှန်လို့ ရွာကို ရောက်ခဲ့တယ်၊ ရွာသူကြီးနဲ့ တွေ့ခဲ့တယ်၊ စားစရာ သောက်စရာ နေစရာရခဲ့ပါတယ် – အရှင်၊ ရွာသူကြီးနဲ့ ရွာသားတွေက လွန်စွာပဲ စိတ်သဘောထားကောင်းကြပါတယ် – အရှင်"

သူတော်စင်သည် ခေါင်းကိုငုံ့ထားလျက်က ခေါင်းတစ်ချက်ယမ်းခါကာ ...

"ဖိုးသူတော် ပြောတာဆိုတာတွေ အမှန်ပါ၊ ကျွန်ုပ် ရှက်မိတာက ကျွန်ုပ်ကို ဖိုးသူတော်ကိုယ်တိုင် မြင်တွေ့ခဲ့လို့ပဲပေါ့"

သူတော်သည် အနည်းငယ် တွေဝေသွားသည်၊

"အရှင့်ကို ကျွန်ုပ် မတွေ့ရပါဘူး"

သူတော်စင်သည် ဦးခေါင်းကို မော့လိုက်သည်၊ သူ၏ မျက်နှာရိပ်တွင် ရှက်ရွံ့ခြင်း၊ အားငယ်ခြင်း၊ သိမ်ငယ်ခြင်းတို့ဖြင့် ပြည့်လျှမ်းနေကာ နှုတ်ခမ်းများတွင်လည်းကောင်း၊ မျက်လုံးများတွင်လည်းကောင်း မျိုသိပ်မှုဖြင့် တင်းကြပ်နေပုံရသည်၊

"ဖိုးသူတော်ရဲ့မျက်မှောက်ရှေ့မှ အသုဘအလောင်းကြီးကို မြိန်ရေရှက်ရေ စားသောက်နေတာ ဘယ်သူလဲ"

သူတော်၏ ရင်ထဲမှာ ဖြန်းခနဲ တုန်ခါသွားသည်၊ မှတ်ဉာဏ်ကို အလျင်အမြန် တူးဆွသည်၊ တစ်ခုခု ...၊ တစ်ခုခု ...လွဲမှားမှုတစ်ခု ...ရောမ အရိပ်မည်းကြီး၊ ရုပ်ပျက်ဆင်းပျက် လူသေကောင်၊

"မသိပါအရှင် – အရိပ်မည်းကြီးတစ်ခုတော့ တွေ့နေရပါတယ်"

သူတော်စင်သည် တစ်ချက်စိုက်ငေးတာ ခေါင်းကို ငုံ့လိုက်သည်၊

"အဲဒီအရိပ်မည်းကြီးက ကျွန်ုပ်ပါ – ဖိုးသူတော်"

သူတော်၏ ရင်ထဲမှာ လျှောင်ငယ်တစ်ခု တုန်ခါသွားသည်။ ခြေဖျား လက်ဖျားတွေ အေးစက်သွားသည်။

"ဘုရားရေ"

"ဟုတ်ပါတယ်"

"ဖြစ်ရလေ - အရှင်"

"သံသရာဝဋ်ကြွေးပေပဲလေ"

သူတော်သည် တုန်လှုပ်ချောက်ချားမှုကို တည်ငြိမ်အောင် ကြိုးစား လိုက်ရသည်။

"စိတ်မကောင်းပါဘူး - အရှင်"

"ကျွန်ုပ်ဟာ ပြိတ္တာမျိုးနွယ်ဝင် လူသေကောင်ကို စားရတဲ့ "ကုဏပါသ ပြိတ္တာ" မျိုးနွယ်ဝင် လူသေကောင်စား ပြိတ္တာသာ ဖြစ်ပါတယ်။ ကျွန်ုပ်ကို သနားကရုဏာ ပြုတော်မူပါတော့ ဖိုးသူတော်။ ကျွန်ုပ်သည် သက်ရှိထင်ရှား ရှိစဉ်က မှားယွင်းခဲ့ဖူးသော အကုသိုလ်ကံကြောင့် ဒီဘဝမှာ ဒီလိုဖြစ်နေရ တာပါ။ မိမိရဲ့ သီလပျက်ယွင်းမှု အကျိုးဆက်တွေပေါ့ - ဖိုးသူတော်"

သူတော်သည် ကရုဏာဖြင့် ငြိမ်သက်နေပေသည်။ သူတော်စင် တစ် ဖြစ်လဲ ပြိတ္တာက ဆက်၍ စကားဆိုသည်။ သူတော်၏အသံသည် တိုးတိမ်ကာ ကြေကွဲစရာ ကောင်းလှသည်။

"ဟိုးလွန်ခဲ့တဲ့ ဘဝက ကျွန်ုပ်ဟာ ဒီဒေသမှာ လူအများကိုးကွယ် ယုံကြည်ခြင်းခံရတဲ့ သူတော်စင်တစ်ပါးပါ။ ကျေးရွာတွေက အသုဘ အခမ်း အနား၊ သာရေးနာရေးရှိရင် ကျွန်ုပ်ကို ဦးတိုက်လျှောက်ထားလို့ သရဏဂုံ တင်ခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်းတို့ကို ကူညီဆောင်ရွက်ပေးရပါတယ်။ သူတို့ လှူဒါန်းတဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ပစ္စည်းဥစ္စာတွေကို အာရုံပြုလွန်းပြီး မိမိ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်တဲ့အတွက် သေလွန်ပြီးတဲ့နောက်ဘဝမှာ လူသေကောင်စား ပြိတ္တာဖြစ်ရတာပါ။ ဖိုးသူတော် - ဖိုးသူတော်ညက မြင်တွေ့ ရတဲ့အတိုင်း အသုဘအလောင်းကောင်မှန်သမျှကို ကျွန်ုပ်ကချည်း စား သောက်ပစ်တာပါ။ အရိုးအရွတ်မကျန်အောင် စားခဲ့တာပါ။



ဖိုးသူတော် - သင်ကား သူတော်စင် သူတော်မြတ်တစ်ဦးပါ [illegible] ဤဘဝဆိုးကြီးမှ ကျွတ်လွတ်ရန် ဆုတောင်းမေတ္တာပို့ တောင်းပန်မှု[illegible] ပြုလုပ်ပေးတော်မူပါ။ ကျွန်ုပ် သင်၏ ဆုတောင်းမေတ္တာပို့ အလှူအတန်းပြု လျှင် ဤဘဝဆိုးကြီးမှ ကောန်မုချ ကျွတ်လွတ်ပါတော့မည်။ ကောင်းမှုတို့အဖို့ ယူလျှင် ဤဘဝမှ ကျွတ်လွတ်ပါမည်။ ကျွန်ုပ်အား သနားကရုဏာထားပါရန် မေတ္တာရပ်ခံပါသည် ဦးသူတော်"

သူတော်သည် သူတော်စင် တစ်ဖြစ်လဲ ကုဏပါသပြိတ္တာကို ကရုဏာ မျက်ဝန်းများဖြင့်ကြည့်ကာ လေးနက်စွာ စကားဆိုသည်။

"စိတ်ချပါ - သူတော်စင်၊ ကျွန်ုပ်နေရပ်သို့ပြန်ရောက်သည့်အခါ သံဃာ တော်များကို ပင့်ဆောင်ပြီး အသင့်အတွက် လှူဖွယ်ပစ္စည်းများနှင့် အတူ ကောင်းမှုကုသိုလ်ကို ကြိမ်ဖန်များစွာ ပြုလုပ်ပေးပါမယ်။ စိတ်ချစွာ နေရစ်ပါ ခင်ဗျာ။ ကျွန်ုပ် ကတိပြုပါတယ်"

သူတော်စင်သည် သူတော့်ကို ကျေးဇူးတင်သောမျက်ဝန်းတွင် ပြည့်လျှံ လာသော မျက်ရည်များဖြင့် စိုက်ငေးကြည့်ကာ ဦးခေါင်းကို လေးပင်စွာ ညိတ်လိုက်လေသည်။ သူတော်သည် လေးမြတ်သောအကြည့်ဖြင့် ကြည့်လိုက်စဉ်မှာပင် သူတော်စင်တစ်ဖြစ်လဲပြိတ္တာသည် ရုတ်တရက် ကွယ် ပျောက်သွားတော့၏။ ပြိတ္တာကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက်တည်း မှာပင် တဲကျောင်းအိုကလေးလည်း ရုတ်ခြည်းပျောက်ကွယ်သွားပြန်သည်။

သူတော်သည် မျက်စိကိုမှိတ်ကာ တရားကို ရှုမှတ်ခြင်း၊ မေတ္တာပို့ခြင်းကို ငြိမ်းချမ်းစွာ ပြုလုပ်လေသည်။ နေသည် တဖြည်းဖြည်းဖြင့် အရှေ့ဘက်မှ ထွန်းလင်းတောက်ပလာသည်။ သည်းသိပ်သော နှင်းလွှာသည် ပါးလျားစ ပြုလာပြီ။ ကျေးငှက်ကလေးများ၏ သာယာသော တေးသီသံတိရစ္ဆာန် ကလေးများ၏ ဘာသာဘာဝဟိန်းဟောက်သံ၊ ပြေးလွှားခုန်ပေါက်သံများကို စတင်ကြားလာရလေပြီ။ သစ်ရွက်များကို လေပြည်က တနွဲ့နွဲ့ဆော့ကစား နေသည်။

ရှည်လျားယိမ်းနွဲ့နေသော ကိုင်းမြက်ရှည်များ၏ အနားတွင် နှင်းစက်များက တွဲလွဲခိုကာ လေအသွဲ့တွင် ယိမ်းနွဲ့ကိုင်းညွှတ်နေကြသည်။ သူတော်သည် ကိုင်းမြက်ကြားတွင် ငြိမ်သက်စွာ၊ တည်ငြိမ်စွာ မလှုပ်မယှက်ထိုင်နေသည်။

သူ၏ ရှေ့တည့်တည့်တွင် မြက်ရိုင်းပင်များ နွယ်ပင်များဖြင့် ဖုံးအုပ်ပိတ်ဆို့နေသော၊ ဟောင်းနွမ်းဆွေးမြည့်စ ပြုနေသော အုတ်ဂူတစ်လုံးရှိသည်။ ထိုဂူပျက်သည် လောလောလတ်လတ် ထိုးထွက်လာဟန်တူသော လက္ခဏာတွေ့ရသည်။ အတွင်းဘက်မှ ထိုးခွဲထွက်လာသော သွင်ပြင်ဖြစ်သည်။ အုတ်ချပ်အသားသစ်တွေ နီနီရဲနေသည်။ အလွှာလိုက် ကွာကျနေကြသည်။

သူတော်၏ မျက်ဝန်းများသည် အုတ်ဂူရှိရာသို့ ငေးစိုက်ကြည့်မိသွားသည်။ ထို့နောက် - လေးနက်တည်ငြိမ်စွာ ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပေသည်။

→ ➡ မင်းတုန်းသိမ်သူ